ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ

သုတ္တန္တပိဋက

သံယုတ္တနိကာယ်

# သံဂါယနာအမေးအဖြေ

## ပဉ္စမအုပ်

သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်
အမေးအဖြေများ ပါဝင်သည်။

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၅၀၁ ကောဇာနှစ် ၁၃၁၉

၁၉၉၀

## ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ

## သုတ္တန္တပိဋက

## သံယုတ္တနိကာယ်

# သံဂါယနာအမေးအဖြေ

## ပဉ္စမအုပ်

သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်
အမေးအဖြေများ ပါဝင်သည်

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၅၀၁ ကောဇာနှစ် ၁၃၁၉

န·ပ·သ စ—၇၃၃—၁၈·၁၂·၅၇—၃,၀၀၀



ဆဋ္ဌသံဂီတိ သံဃနာယက အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီး၏ပုံတော်



ဆဋ္ဌသံဂီတိပုစ္ဆက
အဂ္ဂမဟာပဏ္ဍိတ ဘဒန္တသောဘန (မဟာစည်) ဆရာတော်၏ပုံ



ဆဋ္ဌသံဂီတိဝိဿဇ္ဇက
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်၏ပုံ

# ဆဋ္ဌသံဂါယနာ အမေးအဖြေ

## နိဒါန်း

ဤမည်သော ဆဋ္ဌသံဂါယနာ အမေးအဖြေ ကျမ်းတဆူ ထွက်ပြူလာခြင်း၏ အကြောင်းရင်း နိဒါန်းမှာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူ ထိုက်သော သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ပေးတော်မူနိုင်သည့် သုတ်,အဘိဓမ္မာ,ဝိနည်း ဒေသနာတော်တို့ကို အနှစ်ငါးထောင်မက ကြာမြင့်သည်တိုင်အောင် တည်ရစ်ရန် အလို့ငှါ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးကို အမှူးထား၍ ပြည်ထောင်စု မြန်မာနိုင်ငံ, ယိုးဒယားနိုင်ငံ, သီဟိုဠ်နိုင်ငံ, ကမ္ဗောဒီးယားနိုင်ငံနှင့် လောနိုင်ငံ အပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော သံဃနာယက, သံဃရာဇာ, သံဃုက္ကဋ္ဌ မထေရ်မြတ်ကြီးတို့ ဦးစီးရှေ့ဆောင်သော သံဂီတိကာရကမထေရ် ၂၅၀၀ ကျော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကို သာသနာ့ဒါယကာ အဖြစ် အမှီပြု၍ရင်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်ထောင်စု နိုင်ငံတော်သူ နိုင်ငံတော်သားများကို စတုပစ္စယဒါယကာအဖြစ် အမှီပြု၍ရင်း ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ ဆဋ္ဌသံဂီတိမဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီး အတွင်းဝယ် သာသနာနှစ် ၂၄၉၇-ခုနှစ် ကောဇာနှစ် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ခြောက်ကြိမ်မြောက် သံဂါယနာသဘင်ကို စတင်တော်မူခဲ့ကြလေသည်။

ဤသို့ ခြောက်ကြိမ်မြောက် သံဂါယနာ တင်တော်မူကြရာဝယ် ·ရှေးပဌမ သံဂါယနာ တင်တော်မူစဉ် အခါကာလက သံဃမဟာနာယက အရှင်မဟာကဿပ မထေရ်မြတ်ကြီးက တခုတခုသော သိက္ခာပုဒ်, တခုတခုသော တရားဒေသနာတော်ကို "ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း အကြောင်းရင်း ဝတ္ထုကြောင့် ပညတ်ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်" စသည်ဖြင့် မေးမြန်းတော်မူသောအခါ ဝိနည်းဆိုင်ရာ၌ အရှင်ဥပါလိ မထေရ်မြတ်က ပညတ်ရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြား၍ သုတ်,အဘိဓမ္မာဆိုင်ရာ၌ အရှင်အာနန္ဒာ မထေရ်မြတ်က ဟောရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြားတော်မူကြသကဲ့သို့ ဆိုင်ရာဆိုင်ရာ သုတ်, အဘိဓမ္မာ, ဝိနည်း ဒေသနာတို့ကို မေးရန်, ဖြေရန် ကိစ္စအတွက်လည်း ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃ အဖွဲ့ကြီးက ကြိုတင်၍ စီစဉ်ခဲ့လေသည်။

သံဂါယနာတင်ရာ၌ သုတ်, အဘိဓမ္မာ, ဝိနည်းတို့ကို အမေးအဖြေ ပြုလုပ်ရန် တာဝန်ကား လွယ်ကူလှသည် မဟုတ်ချေ။ ပိဋကတ် ကျမ်းဂန်အရပ်ရပ်တို့၌

နှံ့စပ် ကျေပြွန် မွှေနှောက် ချောက်ချားနိုင်သော တိက္ခဉာဏ်, ဇဝနဉာဏ်, ဂမ္ဘီရ ဉာဏ် ထက်သန်အားကောင်း၍ သံဃပရိသတ် လူပရိသတ် အလည်တွင် နှုတ်တက် ရွရွ တိကျပြတ်သားစွာ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောစိတ်ဖြင့် မေးစွမ်းနိုင်, ဖြေစွမ်းနိုင်သော ဗျတ္တ, ပဋိဘာလဂုဏ် ကုံလုံကြွယ်ဝသည့် ပုဂ္ဂလဝိသေသ တို့၏ အရာသာ ဖြစ်ချေသည်။

ထို့ကြောင့်ပင် ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ကြီးက သံယုတ္တနိကာယ် ကြီးကိုမေးတော်မူရန် ပုစ္ဆကပုဂ္ဂိုလ်အဖြစ် ရန်ကုန်မြို့ သာသနရိပ်သာ အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တသောဘနထေရ် (မဟာစည်)ကို၎င်း သံယုတ္တနိကာယ်ကြီးကို ဖြေကြားတော်မူရန် ဝိဿဇ္ဇကပုဂ္ဂိုလ်အဖြစ် စစ်ကိုင်းမြို့ မင်းကွန်းမွေနာဒတိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသထေရ် ကို၎င်း ရွေးကောက် တင်မြှောက်တော်မူခဲ့ကြလေသည်။

ဤသို့ ရွေးကောက် တင်မြှောက်ခဲ့သည့်အတိုင်း ဆဋ္ဌသံဂီတိ မဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြွရောက် လာကြကုန်သော သံဂီတိကာရက သံဃပရိသတ် လူပရိသတ်တို့၏ အလည်တွင် သံဃမဟာနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ ရေဝတာဘိဓဇမဟာရဋ္ဌဂုရု မထေရ် မြတ်ကြီးက ဩကာသဒါနကထာ မြွက်ကြားတော်မူ၍ ပုစ္ဆကထေရ်က ပုစ္ဆန ဉာတ်ကိုထားပြီးလျှင် ရွှေပလ္လင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ ၍၎င်း ဝိဿဇ္ဇကထေရ်က ဝိဿဇ္ဇနဉာတ်ကိုထားပြီးလျှင် ဆင်စွယ်ဖြင့်စီအပ်သော ယပ်ဝန်းကို ကိုင်လျက် ရွှေပလ္လင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ ၍၎င်း ရွှံ့ရှားခြင်းကင်း ရဲတင်းသော စိတ်ဖြင့် ရှေးရှေးသော သံဂါယနာ အစဉ် အလာနှင့် အညီ မြတ်စွာဘုရား၏ **အာဟစ္စဘာသိတ** ဒေသနာတော်တို့ကို ပါဠိ မြန်မာ နှစ်ဘာသာတို့ဖြင့် တိကျပြတ်သား ရှင်းလင်းစွာ နှုတ်တက်ရွရွ မေးဖြေတော် မူခဲ့ကြလေပြီ၊ မေးဖြေတိုင်းသော ဒေသနာ အစဉ်တို့ကိုလည်း နိုင်ငံတော်အသံလွှင့် ဌာနမှ အသံသွင်းစက်ဖြင့် အသံသွင်းယူပြီးလျှင် မြန်မာ့အသံမှ တဆင့် အသံလွှင့် ခဲ့လေသည်၊ ထိုသို့ အသံလွှင့်ခဲ့သည်ကို ကြားနာကြရသော ရဟန်းရှင်လူ အပေါင်း တို့သည် အားရတင်းတိမ်ခြင်း မရှိကြသဖြင့် ကျမ်းစာအုပ်တဆူအနေ စက်တင် ပုံနှိပ် ထုတ်ဝေပါရန် တောင်းပန်ကြလေသည်။

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကလည်း ပိဋကတ်တော်၏ အဆီအနှစ် သဖွယ် ဖြစ်သော ဤ သံဂါယနာ အမေးအဖြေတို့ကို မပျောက်မပျက်ရန် အလို့ငှါ၎င်း လေ့လာကျင့်သုံး ပွါးများလိုကြသူတို့အဘို့ လွယ်လင့်တကူ ကြည့်ရှု နိုင်ရန် အလို့ ငှါ၎င်း——

၁။ ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန်

၂။ ဓာတ်ပြားသွင်းရန်

အစီအစဉ် ရှိခဲ့သည့်အတိုင်း အမေးအဖြေ ဒေသနာတော် အသံတို့ကို အသံသွင်းဓာတ်ကြိုးမှ ကူးယူ၍ စက်တင်ပုံနှိပ်ခဲ့သောကြောင့် သံဂါယနာ အမေးအဖြေဟူသော ဤကျမ်းစာတဆူ ထွက်ပြူလာခဲ့ခြင်း ဖြစ်ပါသည်၊

အထူးအားဖြင့် ဤသံဂါယနာ အမေးအဖြေကျမ်း၌ ဆရာတော်နှစ်ပါးမေးဖြေတော်မူကြသော အချက်အလက် များမှာ နာရီပိုင်းမျှ အခွင့်ရသော အချိန်ကာလအတွင်း၌ "အမြတ်ရတနာ အစုအပုံထည်းမှ သင့်ရာသင့်ရာ ရတနာတို့ကို ထုတ်ဆောင်ပြသကဲ့သို့" ဆိုင်ရာဆိုင်ရာ ပိဋကတို့မှ အရေးကြီးသော အချက်အလက်များကိုသာ အချိန်ကာလနှင့် နှိုင်းချိန်၍ မေးဖြေတော် မူကြခြင်း ဖြစ်ပါသောကြောင့် ထို့ထက် ကျယ်ဝန်းပြည့်စုံသော အနက်အဓိပ္ပါယ် မြတ်စွာဘုရား၏ စကားတော်များကို သိလိုကြပါသော သူတော်စင် အပေါင်းတို့သည် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ပုံနှိပ် ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိပြီဖြစ်ပါသော ပိဋကမြန်မာပြန် ကျမ်းကြီးများ၌ ဘတ်ရှုကြည်ညိုနိုင်ကြပါသည်၊

သို့ဖြစ်၍ အံ့ဘွယ် ရှစ်ပါးနှင့် ပြည့်စုံသော မဟာသမုဒ္ဒရာအတွင်း၌ နစ်မြုပ်၍ နေကြကုန်သော ရတနာ ခုနစ်ပါးတို့ကို ယူဆောင်၍ ပြလိုက်သကဲ့သို့ အံ့ဘွယ် ရှစ်ဖြာ သာသနာမှ ဝိမုတ္တိရသ အမတမြိုက် ချမ်းသာတည်းဟူသော အဆီအနှစ် ဒေသနာတို့ကို ထုတ်ဆောင်၍ ပြရာဖြစ်သော ဤ **သံဂါယနာ အမေးအဖြေ** ကျမ်းကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ဘတ်ရှုလေ့လာ ကျင့်သုံးနိုင်ကြ ပါစေကုန်သတည်း။

[ပုံ] အသျှင်နာဂဝံသာဘိဝံသ

[ပုံ] အသျှင်ဝိသုဒ္ဓါဘိဝံသ

**အကျိုးတော်ဆောင်ဆရာတော်များ**

**ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့**

**၁၃၁၈-ခု၊ နယုန်လဆန်း ၆-ရက် ကြာသပတေး**

## သဂါထာဝဂ္ဂပါဠိတော် အမေးအဖြေ

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာအမှတ် |
|---|---|


သံယုတ္တနိကာယ် အမေးအဖြေ စကားချီး .... .... ၁

**ဒေဝတာသံယုတ်**

ဩဃတရဏသုတ် .... .... .... .... ၄
အစ္စေန္တိသုတ် .... .... .... .... ၈
သတ္တိသုတ် .... .... .... .... ၁၀
ဇဋာသုတ် .... .... .... .... ၁၂
အစ္ဆရာသုတ် .... .... .... .... ၁၅
ဇရာသုတ် .... .... .... .... ၁၉

**ဒေဝပုတ္တသံယုတ်**

သုဗြဟ္မသုတ် .... .... .... .... ၂၀
ရောဟိတဿသုတ် .... .... .... .... ၂၄

**ကောသလသံယုတ်**

ဒဟရသုတ် .... .... .... .... ၂၆
အတ္တရက္ခိတသုတ် .... .... .... .... ၂၉
အပ္ပကသုတ် .... .... .... .... ၃၂
မလ္လိကာသုတ် .... .... .... .... ၃၄
သတ္တဇဋိလသုတ် .... .... .... .... ၃၆
ပဉ္စရာဇသုတ် .... .... .... .... ၄၁
ဒုတိယ အပုတ္တကသုတ် .... .... .... .... ၄၄

**မာရသံယုတ်**

တပေါကမ္မသုတ် .... .... .... .... ၄၈
ဟတ္ထိရာဇဝဏ္ဏသုတ် .... .... .... .... ၅၁

| အကြောင်းအရာ | စာမျက်နှာအမှတ် |
| --- | --- |
| **ဘိက္ခုနီသံယုတ်** | |
| အာဠဝိကာသုတ် .... .... .... .... | ၅၂ |
| သောမာသုတ် .... .... .... .... | ၅၆ |
| ကိသာဂေါတမီသုတ် .... .... .... .... | ၅၉ |
| ဥပ္ပလဝဏ္ဏာသုတ် .... .... .... .... | ၆၁ |
| စာလာသုတ် .... .... .... .... | ၆၄ |
| သေလာသုတ် .... .... .... .... | ၆၇ |
| ဝဇိရာသုတ် .... .... .... .... | ၆၉ |
| **ဗြဟ္မသံယုတ်** | |
| ဂါရဝသုတ် .... .... .... .... | ၇၂ |
| အညတရဗြဟ္မသုတ် .... .... .... .... | ၇၆ |
| အရုဏဝတီသုတ် .... .... .... .... | ၈၀ |
| **ဗြာဟ္မဏသံယုတ်** | |
| ဓနဉ္စာနီသုတ် .... .... .... .... | ၈၄ |
| အက္ကောသသုတ် .... .... .... .... | ၈၈ |
| ဗဟုဓီတရသုတ် .... .... .... .... | ၉၅ |
| ကသိဘာရဒွါဇသုတ် .... .... .... .... | ၁၀၄ |
| ဥဒယသုတ် .... .... .... .... | ၁၁၀ |
| မာတုပေါသကသုတ် .... .... .... .... | ၁၁၃ |
| ခေါမဒုဿသုတ် .... .... .... .... | ၁၁၅ |
| **ဝင်္ဂီသသံယုတ်** | |
| အာနန္ဒသုတ် .... .... .... .... | ၁၁၇ |
| ဝင်္ဂီသသုတ် .... .... .... .... | ၁၂ |
| **ဝနသံယုတ်** | |
| အာနန္ဒသုတ် .... .... .... .... | ၁၂၆ |

| အကြောင်းအရာ | စာမျက်နှာအမှတ် |
|---|---|
| **ယက္ခသံယုတ်** | |
| ဣန္ဒကသုတ် .... .... .... .... | ၁၂၉ |
| အာဠဝကသုတ် .... .... .... .... | ၁၃၂ |
| **သက္ကသံယုတ်** | |
| ဝတပဒသုတ် .... .... .... .... | ၁၃၉ |
| ဒလိဒ္ဒသုတ် .... .... .... .... | ၁၄၁ |
| ယဇမာနသုတ် .... .... .... .... | ၁၄၄ |
| ဂဟဋ္ဌဝန္ဒနာသုတ် .... .... .... .... | ၁၄၇ |


သဂါထာဝဂ္ဂပါဠိတော် မာတိကာ ပြီးပြီ

## နိဒါနဝဂ္ဂပါဠိတော် အမေးအဖြေ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာအမှတ် |
|---|---|
| **နိဒါနသံယုတ်** | |
| ပဋိစ္စသမုပ္ပါဒသုတ် | ၁၅၁ |
| ဝိဘင်္ဂသုတ် | ၁၅၄ |
| ပဉ္စဝေရဘယသုတ် | ၁၅၆ |
| ဒုက္ခသုတ် | ၁၆၃ |
| ပုတ္တမံသူပမသုတ် | ၁၆၆ |
| သုသိမပရိဗ္ဗာဇကသုတ် | ၁၇၉ |
| **အဘိသမယသံယုတ်** | |
| နခသိခါသုတ် | ၁၈၇ |
| **ဓာတုသံယုတ်** | |
| စင်္ကမသုတ် | ၁၈၉ |
| အဿဒ္ဓသံသန္ဒနသုတ် | ၁၉၂ |
| **အနမတဂ္ဂသံယုတ်** | |
| ပထဝီသုတ် | ၁၉၄ |
| အဿုသုတ် | ၁၉၆ |
| သာသပသုတ် | ၁၉၈ |
| ဂင်္ဂါသုတ် | ၂၀၀ |
| ပုဂ္ဂလသုတ် | ၂၀၃ |
| ဒုဂ္ဂတနှင့် သုခိတသုတ် | ၂၀၄ |
| တိံသမတ္တသုတ် | ၂၀၆ |
| မာတုသုတ်စသော ၆-သုတ် | ၂၀၉ |

အကြောင်းအရာ — စာမျက်နှာအမှတ်

**ကဿပသံယုတ်**

စန္ဒူပမသုတ် .... .... .... .... ၂၁၁
ကုလူပကသုတ် .... .... .... .... ၂၁၈
ဒုတိယဩဝါဒသုတ် .... .... .... .... ၂၂၄
တတိယဩဝါဒသုတ် .... .... .... .... ၂၂၇
သဒ္ဓမ္မပ္ပတိရူပကသုတ် .... .... .... .... ၂၃၁

**လာဘသက္ကာရသံယုတ်**

မီဠှကသုတ် .... .... .... .... ၂၃၅
ဧကပုတ္တကသုတ် .... .... .... .... ၂၃၈
ဧကဓီတုသုတ် .... .... .... .... ၂၄၂

**ရာဟုလသံယုတ်**

သုတ်တော်များကိုပေါင်း၍ မေးဖြေသည် .... .... ၂၄၅

**လက္ခဏသံယုတ်**

အဋ္ဌိသုတ် .... .... .... .... ၂၄၇
ပိဏ္ဍသုတ် .... .... .... .... ၂၅၁
အသိလောမသုတ် .... .... .... .... ၂၅၅
သူစိလောမသုတ် .... .... .... .... ၂၅၈
ပါပဘိက္ခုစသောငါးသုတ် .... .... .... .... ၂၆၁

**ဩပမ္မသံယုတ်**

နခသိခသုတ် .... .... .... .... ၂၆၄
အာဏိသုတ် .... .... .... .... ၂၆၆

**ဘိက္ခုသံယုတ်**

နဝသုတ် .... .... .... .... ၂၆၉


**နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မာတိကာ ပြီးပြီ**

## သုတ္တန္တပိဋက

## သံယုတ္တနိကာယ်, သဂါထာဝဂ္ဂပါဠိတော်

# သံဂါယနာအမေးအဖြေ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### သံယုတ္တနိကာယ်အမေးအဖြေ စကားချီး

ပုစ္ဆာ။ ။ပဌမမဟာသံဂီတိကာလေ အာဝုသော ဓမ္မသံဂါဟကာ မဟာကဿပါဒယော မဟာထေရဝရာ ပေါရာဏသံဂီတိကာရာ ပဌမံ ဝိနယပိဋကံ သံဂါယိတွာ တဒနန္တရံ သုတ္တန္တပိဋကံ သံဂါယန္တာ ဒီဃနိကာယဉ္စ မဇ္ဈိမနိကာယဉ္စ သံဂါယိတွာ တဒနန္တရံ ကိံ နာမ ပါဝစနံ သံဂါယိံသု။

ဝိဿဇ္ဇနာ။ ။ပဌမမဟာသံဂီတိကာလေ ဘန္တေ ဓမ္မသံဂါဟကာ မဟာကဿပါဒယော ပေါရာဏထေရဝရာ ပဌမံ ဝိနယပိဋကံ သံဂါယိတွာ တဒနန္တရံ သုတ္တန္တပိဋကံ သံဂါယန္တာ ဒီဃနိကာယဉ္စ မဇ္ဈိမနိကာယဉ္စ သံဂါယိတွာ တဒနန္တရံ သတ္တဟိ စ သုတ္တသဟဿေဟိ သတ္တဟိ စ သုတ္တသတေဟိ ဒွါသဋ္ဌိယာ စ သုတ္တေဟိ ပဋိမဏ္ဍိတံ ဘာဏဝါရသတပရိမာဏံ သံယုတ္တနိကာယံ နာမ ပါဝစနံ သံဂါယိံသု။

အမေး။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည်နောက် သုံးလကျော် လေးလအတွင်းသို့ ရောက်သောအခါ ကာလဝယ် ရာဇဂြိုဟ်ပြည် အနီး ဝေဘာရတောင်ဝှမ်း စရည်းပင်ရောက်ရာ လိုဏ်ဂူဝ၌ အဇာတသတ် မင်းတရားသည် ဆောက်လုပ်လှူဒါန်းအပ်သော ဓမ္မသံဂီတိမဏ္ဍပ် အတွင်းဝယ်

ရှင်မဟာကဿပ အစရှိသော ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် မြတ်စွာဘုရား သာသနာတော် အရှည်တည်တံ့ရန် အလို့ငှါ မြတ်စွာဘုရား၏ တရားတော် စကားတော်များကို သံဂါယနာ တင်ကြရာဝယ် ရှေးဦးစွာ ဝိနည်း ပိဋကတော်ကို သံဂါယနာတင်ပြီးသည့်နောက် သုတ္တန်ပိဋကကို သံဂါယနာ တင်သောအခါ ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ် ဟူသော နိကာယ်ကြီး နှစ်ရပ် တို့ကို သံဂါယနာ တင်ပြီးသည်မှ နောက်ကာလ၌ အဘယ်မည်သော ဘုရား စကားတော်ကို သံဂါယနာတင်တော်မူခဲ့ကြပါကုန်သနည်းငါ့ရှင်။

အဖြေ။ ။ပဌမသံဂါယနာ တင်တော်မူရာ ကာလဝယ် ရှင်မဟာ ကဿပ အစရှိသော ငါးရာ အတိုင်းအရှည်ရှိသော ရှေးသံဂါယနာတင် မဟာ ထေရ်မြတ်တို့သည် ဝိနယခေါ်မှတ် ပိဋကတော်မြတ်ကို ရှေးဦးစွာ သံဂါ ယနာတင်တော်မူကြပြီး၍၊ ထို၏အခြားမဲ့၌ သုတ္တန္တပိဋကကို သံဂါယနာတင် တော်မူကြကုန်သည်ရှိသော် ရှေးဦးစွာ ဒီဃနိကာယ် မဇ္ဈိမနိကာယ် တည်းဟူ သော နိကာယ်နှစ်ရပ် မြတ်စွာဘုရား၏ စကားတော်မြတ်ကို သံဂါယနာ တင် တော်မူကြပြီး၍၊ မဇ္ဈိမနိကာယ်ကို သံဂါယနာ တင်တော်မူကြ ပြီးသည်၏ အခြားမဲ့၌ သုတ်အရေအတွက်အားဖြင့် ခုနစ်ထောင် ခုနစ်ရာ ခြောက်ဆယ့် နှစ်သုတ် (၇၇၆၂)တို့ဖြင့် တန်းဆာဆင်အပ်သော ဘာဏဝါရ အရေအတွက် အားဖြင့် တရာအတိုင်း အရှည်ရှိသော ဘာဏဝါရတို့ဖြင့် တန်းဆာဆင်အပ် သော သံယုတ္တနိကာယအမည်ရသော ဘုရားစကားတော်ကို နှုတ်လွတ်ပိုင် သံဂါယနာ တင်တော်မူကြပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။သံယုတ္တနိကာယေ ၎ အာဂုသော သဂါထာဝဂ္ဂေါ နိဒါနဝဂ္ဂေါ ခန္ဓဝဂ္ဂေါ သဠာယတနဝဂ္ဂေါ မဟာဝဂ္ဂေါတိ ပဉ္စသံယုတ္တပ္ပကရဏာနိ၊ တေသု ပဌမံ ကတရံ သံယုတ္တပ္ပကရဏံ တေ သံဂါယိံသု။

ဝိဿဇ္ဇနာ။ ။ပဉ္စသု ဘန္တေ သံယုတ္တပ္ပကရဏေသု ပဌမံ သဂါထာဝဂ္ဂ-သံယုတ္တပ္ပကရဏံ သံဂါယိံသု။

အမေး။ ။သံယုတ္တနိကာယ်၌လည်း သံဂါထာဝဂ္ဂသံယုတ် နိဒါနဝဂ္ဂ သံယုတ် ခန္ဓဝဂ္ဂသံယုတ် သဠာယတနဝဂ္ဂသံယုတ် မဟာဝဂ္ဂသံယုတ် ဟူ၍ သံယုတ် ငါးကျမ်း တို့ ရှိရာတွင် ထိုပဌမသံဂါယနာတင် မထေရ်မြတ်တို့

သည် အဘယ်မည်သော သံယုတ်ကျမ်းကို ရှေးဦးစွာ သံဂါယနာတင်တော်မူခဲ့ကြပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။သံယုတ်ကျမ်း ငါးပါးတို့ အနက် သဂါထာဝဂ္ဂ အမည်ရသော သံယုတ္တနိကာယ်ကျမ်းကို ထို ပဥ္စမသံဂါယနာတင် မထေရ်မြတ်တို့သည် ရှေးဦးစွာ နှုတ်လွတ်ပီပင် သံဂါယနာတင်တော်မူခဲ့ကြပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။သဂါထာဝဂ္ဂေပိ အာဝုသော ဒေဝတာသံယုတ္တာဒိဝသေန ဧကာဒသသံယုတ္တာနိ၊ တေသု ပဌမံ ကတရံ သံယုတ္တံ တေ သံဂါယိံသု။

ဝိဿဇ္ဇနာ။ ။ဧကာဒသသု ဘန္တေ သံယုတ္တေသု ပဌမံ ဒေဝတာသံယုတ္တံ သံဂါယိံသု။

အမေး။ ။ထို သဂါထာဝဂ္ဂသံယုတ်၌လည်း ဒေဝတာသံယုတ် ဒေဝပုတ္တသံယုတ် စသည်တို့၏ အလိုအားဖြင့် တဆယ့်တပါးသော သံယုတ်တို့ရှိရာတွင် ထို ပဥ္စမသံဂါယနာတင် မဟာထေရ်မြတ်တို့သည် အဘယ်မည်သော သံယုတ်ကို ရှေးဦးစွာ စတင်၍ သံဂါယနာ တင်တော်မူကြပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။သဂါထာဝဂ္ဂသံယုတ်၌ အဝင်အပါ ဒေဝတာသံယုတ် အစရှိသော တဆယ့်တပါးသော သံယုတ်တို့တွင် ပဥ္စမသံဂါယနာတင် မထေရ်သူမြတ်တို့သည် ရှေးဦးစွာ ဒေဝတာသံယုတ်ကို နှုတ်လွတ်ဖီပင် သံဂါယနာတင်တော်မူခဲ့ကြပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဒေဝတာသံယုတ္တေပိ အာဝုသော နဠဝဂ္ဂါဒယော အဋ္ဌ ဝဂ္ဂါ၊ ဩဃတရဏသုတ္တာဒီနိ စ ဧကာသီတိ သုတ္တာနိ၊ တေသု ပဌမံ ကတရံ ဝဂ္ဂံ ကတရဉ္စ သုတ္တံ သံဂါယိံသု။

ဝိဿဇ္ဇနာ။ ။အဋ္ဌသု ဘန္တေ ဝဂ္ဂေသု ပဌမံ နဠဝဂ္ဂံ ဧကာသီတိယာ စ သုတ္တေသု ပဌမံ ဩဃတရဏသုတ္တံ သံဂါယိံသု။

အမေး။ ။ဒေဝတာသံယုတ်၌လည်း နဠဝဂ် အစရှိသော ဝဂ်အားဖြင့် ရှစ်ဝဂ်၊ ဩဃကရဏသုတ် အစရှိသော သုတ်အလိုအားဖြင့် ရှစ်ဆယ့်တသုတ်

ရှိရာတွင် အဘယ်မည်သောဝဂ် အဘယ်မည်သောသုတ်ကို ထို ပဌမသံဂါယနာတင် မထေရ်မြတ်တို့သည် ရှေးဦးစွာ သံဂါယနာတင်တော်မူခဲ့ကြပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ဒေဝတာသံယုတ် အဝင်အပါ ရှစ်ဖြာသော ဝဂ်အစုတို့တွင် ရှေးဦးစွာ နဠဝဂ်ကို သံဂါယနာ တင်တော်မူကြပါကုန်သည်။ ထို ဒေဝတာသံယုတ် အဝင်အပါ ရှစ်ဆယ့်တပါးသော သုတ္တန်တို့တွင် ဩဃလေးပါးမှ ထွက်မြောက်ပုံကို ဖော်ပြရာ ဖြစ်သော ဩဃတရဏသုတ္တန် ဒေသနာတော်မြတ်ကို ပဌမသံဂါယနာတင် ထိုအရှင်သူမြတ်တို့သည် ရှေးဦးစွာ နှုတ်လွတ်ပီပင် သံဂါယနာတင်တော်မူခဲ့ကြပါကုန်သည် အရှင်ဘုရား။

သာဓု သာဓု အာဝုသော၊ မယမ္ပိ ဒါနိ တတောယေဝ ပဌာယ သံဂီတိ-ပုဗ္ဗင်္ဂမာနိ ပုစ္ဆနဝိဿဇ္ဇနကိစ္စာနိ အာဝဟိတုံ သမာရဘာမ။

ကောင်းပါပေစွ....ကောင်းပါပေစွ ငါ့ရှင်... ငါတို့သည်လည်း ယခုအခါကာလ၌ ထို ဒေဝတာသံယုတ် နဠဝဂ် ဩဃတရဏသုတ်မှပင် အစပြု၍ သံဂါယနာ၏ ရှေ့သွားဖြစ်သော အမေးအဖြေတို့ကို ဆောင်ရွက်ရန် အားထုတ်ကြပါစို့။

သံယုတ္တနိကာယ်အမေးအဖြေ စကားချီး ပြီး၏

---

## ဒေဝတာသံယုတ်

### ဩဃတရဏသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဩဃတရဏသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထံ ဥဒ္ဓ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဒေဝတံ အာရဗ္ဘ ဘာသိတံ၊ အညတရာ ဘန္တေ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိ-ဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဧတဒဝေါစ "ကထံ နု တွံ မာရိသ ဩဃမတရီ"တိ၊

> တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “အပတိဋ္ဌံ ခွါဟံ အာဝုသော အနာယူဟံ ဩဃမတရိ”တိ၊ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥဒေယျခံငါးပါး တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင်သည် ဩဃတရဏမည်သော သုတ္တန်ဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ရူပါဝစရဘုံသား တဦးသော ဗြဟ္မာကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

ရူပါဝစရဘုံသား တဦးသောဗြဟ္မာသည် “ငါတမူကား သဗ္ဗညုမြတ်စွာဘုရား၏ ဩဃလေးပါးမှ လွတ်မြောက်တော်မူသည်ကို လင်းလင်းထင်ထင် သိမြင်ပြီး ဖြစ်ချေသည်၊ ဘုရားရှင်ကိုလည်း သိမြင်ပြီး ဖြစ်ခဲ့ပြီ၊ ဘယ်ပုံဘယ်ပန်း အခြင်းအရာဖြင့် သဗ္ဗညုမြတ်စွာဘုရား၏ ဩဃလေးပါးမှ လွတ်မြောက်တော်မူပုံကိုသာ မသိဘဲ ရှိခဲ့သည်။ ဤတခုကိုသာလျှင် ငါသည် မသိဘဲ ရှိချေသည်” ဟု မိမိမသိသော အခြင်းအရာကို သမ္မာသမ္ဗုဒ္ဓသဗ္ဗညုမြတ်စွာဘုရား ထံမှောက်သို့ လာရောက်၍ မေးလျှောက်အံ့သောငှါ ကထံ နု တွံ မာရိသ ဩဃမတရိ- ဟု——

> ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော သဗ္ဗညုမြတ်စွာဘုရား.... ရှင်တော်ဘုရားသည် ဘယ်ပုံ ဘယ်ပန်း အခြင်းအရာဖြင့် ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ တည်းဟူသော ဩဃလေးသွယ် မြစ်ပင်လယ်ကို လွန်မြောက် ကူးမြောက်တော်မူခဲ့ပါသနည်း ဟု မိမိ သံသယဖြစ်သော အချက်ကို မေးလျှောက်ခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဤဗြဟ္မာသည် ငါဘုရား၏ အပေါ်၌ ဩဃလေးပါးမှ လွတ်မြောက်ပုံ တစိတ်တဒေသကိုသာ မသိသည်၊ ကြွင်းကျန်

သော အလုံးစုံ အခြင်းအရာကို အကုန်သိသည် ဟူ၍ မိမိကိုယ်ကို အလွန့် အလွန် အထင်ကြီးသော ပြဟ္မာ ဖြစ်ချေသည်။

ထိုပြဟ္မာ၏ သန္တာန်ဝယ် ကိန်းဝပ် တည်ရှိသော မာန်မာန တည်းဟူသော တံခွန်ကို မချိုးမဖွဲ့ မဖျက်မဆီးဘဲ ထိုပြဟ္မာသည် မင်္ဂဖိုလ်ကို ရခြင်းငှါ မထိုက်တန် ဟု ဆင်ခြင် စဉ်းစားတော်မူပြီးကာ နက်နဲစွာသော လျှို့ဝှက်စွာသော အဖြေ စကားဖြင့်——

"အပတိဋ္ဌံ အနာယူဟံ အာဝုသော ဩဃမတရိ" ဟု ဒါယကာ ပြဟ္မာ.... ငါဘုရားသည်ကား ငြိမ်ငြိမ်လည်း တည်မနေဘဲ လွန်စွာ့ လွန်စွာလည်း အား မထုတ်ပါဘဲ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ——တည်းဟူသော ဩဃလေးသွယ် ပင်လယ်မြစ်ကမ်းကို ကူးသန်းထုတ်ချောက် တဘက်ကမ်းသို့ ရောက်ခဲ့ပေသည် ဟု ဖြေကြားတော်မူပါသည်။

ထိုအခါ ထို ရူပါဝစရပြဟ္မာ၏ စိတ်သန္တာန်ဝယ် ပကတိမြစ်သမုဒ္ဒရာကို ကူးသန်းသော ယောကျ်ားသည် ရပ်တည်သော်မူ ရပ်တည်ရာပါ၏၊ သို့မဟုတ်မူ အားထုတ်ရာပါသည်၊ တည်ငြိမ်၍သော်လည်း ကူးရပါမည်၊ အားထုတ်၍သော်လည်း ကူးရပါသည်။

ယခု သဗ္ဗညုမြတ်စွာဘုရား ဖြေကြားတော်မူချက်မှာ တည်ငြိမ်၍လည်း ဩဃလေးသွယ် ပင်လယ်မြစ်ကြမ်းကို ကူးသန်းခဲ့သည် မဟုတ်၊ အပင်တပန်း ကြိုးပမ်း အားထုတ်၍ လည်း ဩဃလေးသွယ် ပင်လယ်မြစ်ကြမ်းကို ကူးသန်း ခဲ့သည် မဟုတ် ဟု ဖြေကြားတော်မူသည်၊ ဘယ်ပုံ ဘယ်ပန်း အကြောင်းထူး ရှိပါသနည်း၊ ထိုအခြင်းအရာကို ငါသည် သဗ္ဗညုမြတ်စွာဘုရားအား တဖန် လျှောက်ထားအံ့ ဟု အကြံဖြစ်၍ မိမိရှုံရင်းစွဲ ဖြစ်သော မာန်မာနကို နှိမ်ချ ပြီးလျှင်——

ယထာ ကထံ ပန တွံ မာရိသ အပတိဋ္ဌံ အနာယူဟံ ဩဃမတရိ-ဟု——

ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော သဗ္ဗညုမြတ်စွာဘုရား....ရှင်တော် ဘုရားသည် ပကတိလူတို့၏ ပကတိသမုဒ္ဒရာ မြစ်ပင်လယ်ကို ကူးသန်းသည့် နည်းနှင့် လုံးဝမတူ ဘယ်ပုံ ဘယ်ပန်း အခြင်းအရာဖြင့် ရပ်တည်ငြိမ်တော်မူ၍ လည်း မဟုတ်ဘဲ အားလည်း အားထုတ်တော်မမူဘဲ ဩဃလေးသွယ် ပင်လယ်

မြစ်ကြမ်း ကူးသန်းထုတ်ချောက် တဘက်ကမ်းသို့ရောက်တော်မူခဲ့ပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ယဒါ သွာဟံ အာဝုသော သန္တိဋ္ဌာမိ၊ တဒါသ္သု သံသီဒါမိ။ ယဒါ သွာဟံ အာဝုသော အာယူဟာမိ၊ တဒါဿု နိဗ္ဗု-ယှာမိ၊ ဧဝံ ခွါဟံ အာဝုသော အပတိဋ္ဌံ အနာယူဟံ သြဃမတရိံ-ဟု—

ဒါယကာ ဗြဟ္မာ....ငါဘုရားသည် အကြင်အခါ၌ ကာမသုခလ္လိကာနု ယောဂ တရားသို့ လိုက်စားသော အနေဖြင့် တည်ငြိမ်၍ နေခဲ့အံ့၊ ထိုသို့ ကာမ သုခလ္လိကာနုယောဂတရားကို လိုက်စားသောအား တည်ငြိမ်၍ နေသည်ရှိ သော် သြဃလေးသွယ် ပင်လယ်မြစ်ကြမ်းဝယ် နစ်မွန်းခဲ့ရပါပေသည်။

အကြင် အခါ၌ အတ္တကိလမထာနုယောဂ တည်းဟူသော မိမိကိုယ်ကို ပင်ပန်း နွမ်းနယ်အောင် အားထုတ်သော အားဖြင့် လုံ့လကြိုးကုတ် အားထုတ် ပါအံ့၊ ထိုအခါဝယ် သြဃလေးသွယ် ပင်လယ်မြစ်ကြမ်း၌ အမျောကြီးမျော ခဲ့ပေသည်။

ဤသို့ ကာမသုခလ္လိကာနုယောဂကို လိုက်စားသောအားဖြင့် တည်ငြိမ် လျှင်လည်း သြဃလေးသွယ် ပင်လယ်မြစ်ကြမ်း၌ နစ်မွန်းကြခြင်း၊ အတ္တကိလ မထာနုယောဂ အလုပ်ကို အားထုတ်သောအားဖြင့် အားထုတ်လျှင်လည်း သြဃလေးသွယ် ပင်လယ်မြစ်ကြမ်း၌ မျောပါးရခြင်း တည်းဟူသော အချက် ကို မြင်သဖြင့် ထိုကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂတည်း ဟူသော အယုတ်နှစ်ပါး အစွန်းနှစ်ပါးသို့ မလိုက်ဘဲ မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါး လမ်းမှန်ကိုထား၍ ငါဘုရားသည် တည်လည်း မတည်ငြိမ်ဘဲ လှုပ်လည်းမလှုပ် ရှားဘဲ သြဃလေးသွယ် ပင်လယ်မြစ်ကြမ်းကို ကူးသန်းထုတ်ချောက် တဘက် ကမ်းရောက်ခဲ့ပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် သြဃလေးသွယ် ပင်လယ် မြစ်ကြမ်းမှ ကူးသန်းတော်မူခဲ့ပုံ အလုံးစုံကို စိတ်ဖြာခွဲခြား ဟော ကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သြဃတရဏသုတ် ပြီး၏

## အစ္စေန္တိသုတ်

ပုစ္ဆာ။ ။အစ္စေန္တိသုတ္တံ ပန ာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထိတ္ထ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဒေဝတံ အာရဗ္ဘ ဘာသိတံ။

အညတရာ ဘန္တေ ဒေဝတာ ဘဂဝန္တံ ဧတဒဝေါစ—

"အစ္စေန္တိ ကာလာ တရယန္တိ ရတ္တိယော၊
ဝယောဂုဏာ အနုပုဗ္ဗံ ဇဟန္တိ၊
ဧတံ ဘယံ မရဏေ ပေက္ခမာနော၊
ပုညာနိ ကယိရာထ သုခါဝဟာနီ"တိ—

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

"အစ္စေန္တိ ကာလာ တရယန္တိ ရတ္တိယော၊
ဝယောဂုဏာ အနုပုဗ္ဗံ ဇဟန္တိ၊
ဧတံ ဘယံ မရဏေ ပေက္ခမာနော၊
လောကာမိသံ ပဇဟေ သန္တိပေက္ခော"တိ—

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။အစ္စေန္တိမည်သော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ရူပါဝစရဘုံသား တဦးသော ဖြဟ္မာကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

ရူပါဝစရဘုံသား တဦးသောဗြဟ္မာ၏ စိတ်သန္တာန်ဝယ် အောက်ဖြစ်သော ကာမာဝစရနတ်ပြည် လူ့ပြည်၌ သတ္တဝါတို့၏ တိုတောင်းလှသော အချိန်အတွင်းဝယ် စုတိပြတ်ကျေ သေလွန်သည့် အခြင်းအရာကို သိမြင်သဖြင့် လူ့လောက ဥပမာအားဖြင့် ပကတိ လူတို့၏ အာယုကပ်ပတ်လုံး

အသက်ရှည်နေသော ပုဂ္ဂိုလ်သည် တရက် နှစ်ရက် အတွင်းဝယ် ပိုးပရုံငယ်တို့၏ အချိန်တိုတောင်းသော ကာလအတွင်း၌ ပျက်စီးခြင်းမလှ ပျက်စီးကြသည်ကို မြင်ရသည့်ပမာ ထိုရူပါဝစရပြဟ္မာသည်လည်း အောက်ဖြစ်သော ကာမာဝစရနတ် လူ့ပြည်လောက၌ လူနတ်တို့၏ အသက်တိုတောင်းပုံကို တွေ့မြင်ရသဖြင့် ရူပါဝစရဘုံသို့ရောက်ကြောင်း မဟာကပ်များစွာ အသက်ရှည်ကြောင်း ဈာန်ကောင်းမှုကို တိုက်တွန်းပေအံ့ ဟု ကြံစည်ပြီးလျှင် သဗ္ဗညုမြတ်စွာဘုရား ကိန်းအောင်းတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ဘုရားထံမှောက်သို့ လာရောက်၍ အစ္စေန္တိ ကာလာ တရယန္တိ ရတ္တိယော—အစရှိသည်ဖြင့်—

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသောသဗ္ဗညုမြတ်စွာဘုရား၊ ဤလူ့ပြည်လောကနှင့် နတ်ပြည်လောကငယ် နံနက်အခါ နေ့အခါ ညအခါ အစရှိသော အချိန်ကာလတို့သည်ကား တခဏအတွင်းဝယ် တဖြုတ်ဖြုတ်ကုန်ဆုံး လွန်မြောက်၍ သွားကြပါကုန်သည်၊ ညဥ့်တို့သည်လည်း သေမင်းဘက်သို့ သာ တဖြေးဖြေးဆွဲဆောင်၍ လွန်မြောက်ကြပါကုန်သည်။

ထို နတ်လူတို့၏ သန္တာန်ဝယ် ပဌမအရွယ် ဒုတိယအရွယ် တတိယအရွယ် တည်းဟူသော အရွယ်သုံးပါးတို့သည်လည်း ဒုတိယအရွယ်သို့ ရောက်သော သတ္တဝါကို ပဌမအရွယ်သည် အလိုလိုစွန့်ပယ်၍ သွားပါသည်၊ တတိယအရွယ်သို့ရောက်သော လူနတ်ကို ဒုတိယအရွယ်သည် အလိုလိုစွန့်ပယ်၍ သွားပါတော့သည်၊ စုတိပြတ်ကျွေ သေလွန်ခါကာလသို့ ရောက်သောသတ္တဝါ ရောက်သောလူနတ်ကို ပစ္ဆိမအရွယ်သည် အလိုလိုပင် စွန့်ပယ်၍ သွားပါတော့သည်။

ဤသို့လျှင် နံနက်အခါ အစရှိသော အချိန်အခါကာလတို့၏ လွန်၍လွန်၍ သွားခြင်း ညဥ့်ပေါင်းများစွာတို့၏ စုတိကာလသို့ ဆွဲငင်ကာ လွန်၍လွန်၍ သွားခြင်း အရွယ်တို့က နတ်လူတို့ကို စွန့်ပယ်၍ သွားခြင်း တည်းဟူသော ကြောက်လန့်ဘွယ် ဘေးသုံးမျိုးကို ရှုမြင်ကြပြီးလျှင် ဤနတ်လူသတ္တဝါတို့သည် ရူပါဝစရပြဟ္မာ့ပြည်သို့ ရောက်ကြောင်း မဟာကပ်များစွာ အသက်ရှည်ကြာ နေနိုင်ကြောင်း ဖြစ်သော ဈာန်ကောင်းမှု ကုသိုလ်တရားကို ကြိုးစားအားထုတ် သင့်ပါသည်ဘုရား ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အစ္စေန္တိ ကာလာ တရယန္တိ ရတ္တိယော-အစရှိသည်ဖြင့်—

ဒါယကာ ရူပါဝစရပြဟ္မာ....သင်လျှောက်ထားသည့်အတိုင်း နံနက်အခါ နေ့အခါ ညဉ့်အခါ တည်းဟူသော အခါတို့သည် လူ နတ် သတ္တဝါတို့ကို တဖြုတ်ဖြုတ် လွန်မြောက်၍ သွားကြပါပေကုန်သည်၊ ညဉ့်ပေါင်းများစွာတို့သည်လည်း သတ္တဝါတို့ကို စုတိဘက်သို့သာ ပို့ဆောင်၍ လွန်မြောက်သွားကြပါကုန်သည်၊ ပဌမ, ဒုတိယ, တတိယခေါ်သော အရွယ်သုံးမျိုးတို့သည်လည်း ဤလူနတ် သတ္တဝါတို့ကို အစဉ်သဖြင့် စွန့်ပယ်၍ သွားကြပါကုန်သည်။

သို့စေကာမူ အသင်ဒါယကာ ပြဟ္မာလျှောက်ထားသည့်အတိုင်း ရူပါဝစရဘုံသို့ရောက်အောင် ဈာန်ကောင်းမှု ပွါးများ အားထုတ်ခြင်းဖြင့် ထိုသို့ သဘောရှိသော စုတိနယ်သို့ပင် တဖန်ပြန်၍ ကျရောက်ဖွယ်ရှိသည်။ အမှန်စင်စစ်အားဖြင့်ကား ထိုသို့ အရွယ်သုံးပါးတို့၏ အစဉ်သဖြင့် စွန့်ပယ်၍ သွားပုံကို သိမြင်သော ပုဂ္ဂိုလ်သည် သေခြင်းတရားဥ ဤဆိုအပ်ပြီးသော ဘေးသုံးပါးကို ရှုမျှော်ပြီးလျှင် **ပရိယာယလောကာမိသ** အမည်ရသော တေဘူမကဝဋ္ဋဒုက္ခကိုရင်း **နိပ္ပရိယာယလောကာမိသ** အမည်ရသော ပစ္စည်းလေးဖြာကိုရင်း စွန့်ပယ်ရန် နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်ကို အာသာတောင့်တ မြော်မှန်းဆပြီးလျှင် သမ္မပ္ပဓာန်လုံ့လ ဝီရိယလေးပါးဖြင့် မနေမနား ပွါးများအားထုတ် သင့်ပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် သံသရာဝဋ္ဋမှ လွတ်ရာလွတ်ကြောင်း ဤအစ္စေန္တိသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အစ္စေန္တိသုတ် ပြီး၏

---

## သတ္တိသုတ်

ပုစ္ဆာ။ ။သတ္တိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဒေဝတံ အာရဗ္ဘ ဘာသိတံ၊ အညတရာ ဘန္တေ ဒေဝတာ ဘဂဝန္တံ ဧတဒဝေါစ—

“သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနေဝ မတ္ထကေ။
ကာမရာဂပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ”တိ—

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေတိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။သတ္တိသုတ် မည်သော ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ရူပါဝစရဘုံသား တဦးသောဗြဟ္မာကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ထိုရူပါဝစရဘုံသား တဦးသော ဗြဟ္မာ၏ စိတ်သန္တာန်ဝယ် ကာမစ္ဆန္ဒ အစရှိသော နီဝရဏတို့ကို ဝိက္ခမ္ဘနပဟာန်အားဖြင့် မိမိပယ်ပြီးဖြစ်၍ ရူပဗြဟ္မာ့ပြည်၌ ဈာန်ချမ်းသာဖြင့် ချမ်းသာစွာနေရသည်ကို နှစ်လိုအားရမ်းဝမ်းသာလှသဖြင့် အောက်ကာမာဝစရနတ်ပြည် လူ့ပြည်၌ရှိသော သတ္တဝါတို့အားလည်း ကာမစ္ဆန္ဒအစရှိသော နီဝရဏတရားတို့ကို ပယ်ရှားဘို့ရန် တိုက်တွန်း တောင်းပန်လိုသဖြင့် သဗ္ဗညုမြတ်စွာဘုရား ထံမှောက် လာရောက်ပြီးလျှင်——

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
ကာမရာဂပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ-ဟု——

ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော မြတ်စွာဘုရား....အသွားနှစ်ဘက်မြမြထက်သော လှံမကြီးဖြင့် ထိပ်မှ တအားကုန် စိုက်ဆောက်အပ်သော ပုဂ္ဂိုလ်ကဲ့သို့ရင်း မိမိဦးထိပ်ဝယ် မီးစွဲသော ပုဂ္ဂိုလ်ကဲ့သို့ရင်း အခြားတပါးသော ဗာဟိရကိစ္စကို ဖယ်ထား၍ အလုံးစုံသောလူ အလုံးစုံသော နတ်တို့သည် ကာမရာဂတရား ကာမစ္ဆန္ဒ နီဝရဏတရားကို ပယ်ရှားဘို့ရန် ကျင့်ကြံကြိုးကုတ်အားထုတ်ထိုက်ပါသည် မဟုတ်ပါလော ဟု သဗ္ဗညုမြတ်စွာဘုရားအား မေးလျှောက်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရား၏ စိတ်သန္တာန်ဝယ် ဤရူပါဝစရဗြဟ္မာသည်ကား ကြီးစွာသော ဥပမာကို အခြေခံ၍ ဝိက္ခမ္ဘနပဟာန်မျှ ကာမစ္ဆန္ဒ နီဝရဏကို ပယ်ဘို့ရန် ဥပမေယျကိုကား အနည်းငယ်မျှသာ လျှောက်ထား

ပြောဆိုမိချေသည်၊ ဤဥပမာနှင့် ညီလျော်သော သက္ကာယဒိဋ္ဌိကို သမုစ္ဆေဒပဟာန်အားဖြင့် မဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်သည်တိုင်အောင် အားထုတ်ပုံကို ငါဘုရားသည် ဟောကြားအံ့ ဟု ဆင်ခြင်တော်မူပြီးလျှင်—

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ၊
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ–ဟု—

ဒါယကာ ဗြဟ္မာ....အသွားနှစ်ဖက် မြမြထက်သော လှံမကြီးဖြင့် ထိပ်မှ ထိုးစိုက်အပ်သော ပုဂ္ဂိုလ်ကဲ့သို့ရင်း မီးဦးခေါင်းဝယ် မီးစွဲလောင်သော ပုဂ္ဂိုလ်ကဲ့သို့ရင်း ခပ်သိမ်းသောလူ ခပ်သိမ်းသော နတ်တို့သည် ခပ်သိမ်းသောဗြဟ္မာတို့သည် သက္ကာယဒိဋ္ဌိ တည်းဟူသော အတ္တဒိဋ္ဌိကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ဘို့ရန် ကျင့်ကြံကြိုးကုတ် အားထုတ်ထိုက်လှပါပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဤသတ္တိသုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သတ္တိသုတ် ပြီး၏

---

## ဇင္ဃာသုတ်

ပုစ္ဆာ။ ။ဇင္ဃာသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကတာစ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဒေဝတံ အာရဗ္ဘ ဘာသိတံ၊ အညတရာ ဘန္တေ ဒေဝတာ ဘဂဝန္တံ ဧတဒဝေါစ—
“အန္တော ဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋ”န္တိ—

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။ ။

ယေသံ ရာဂေါ စ ဒေါသော စ၊ အဝိဇ္ဇာ စ ဝိရာဇိတာ။
ခီဏာသဝါ အရဟန္တော၊ တေသံ ဝိဇဋိတာ ဇဋာတိ။
ဇဋာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။ ။

အမေး။ ။ဇဋာ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်း ပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် အညတရ ဗြဟ္မာကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

တဦးသော ရှုပါဝစရဘုံသား ဗြဟ္မာသည် သဗ္ဗညုမြတ်စွာဘုရား ထံမှောက်သို့ လာရောက်၍ အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ–အစ ရှိသည်ဖြင့်——

ဒုက္ခပ်သိမ်း ငြိမ်းတော်မူ ပြီးသောမြတ်စွာဘုရား.... ဤ နတ် လူ ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည်ကား အဇ္ဈတ္တိကာယတန ခြောက်ပါး စက္ခု သောတ ဃာန ဇိဝှါ ကာယ မနော တည်းဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၌ တွယ်တာ တပ်မက်ခြင်း တဏှာ တည်းဟူသော အတွင်းအရှုပ်ဖြင့်လည်း အမြဲတမ်း ရှုပ်ထွေး၍ နေပါပေသည်။ ရှုပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ တည်းဟူသော အာရုံခြောက်ပါး ရှုပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန တည်းဟူသော ဗာဟိရာယတန ခြောက်ပါးတို့၌ တွယ်တာခြင်း တပ်မက်ခြင်း တည်းဟူသော အပ အရှုပ်တို့ဖြင့်လည်း အမြဲတစေ ရှုပ်ထွေး၍ နေပါပေသည်။

ထိုသို့ နတ် လူ ဗြဟ္မာ သတ္တဝါတို့သည် အတွင်း အရှုတ်အထွေး အပ အရှုပ်အထွေးတို့ဖြင့် ဖြေ၍ မလွယ်ကူအောင် ရှုပ်ထွေး၍ နေပါပေသော ကြောင့် ဒုက္ခပ်သိမ်း ငြိမ်းတော်မူသော ရှင်တော်ဘုရားကို တပည့်တော် မေးလျှောက်လိုသည်မှာ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် ဘယ်ပုံ ဘယ်ပန်း ကျင့်ကြံ ပွါးများ အားထုတ်သဖြင့် ဤအတွင်းအပ အဇ္ဈတ္တဗဟိဒ္ဓ

အငှုပ်အထွေးကို ဖြေလည် သန့်ရှင်းအောင် ရှင်းလင်းနိုင်ပါအံ့နည်းဘုရားဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရှေးဦးစွာ သေက္ခပဋိပဒါကို ပြတော်မူသောအားဖြင့်——

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ-ဟု——

ဒါယကာပြဟ္မာ....ပဋိသန္ဓေကပင် ပညာယှဉ်သည့် ဇာတိပညာ ပါရှိလာသော ပုဂ္ဂိုလ်သည် စတုပါရိသုဒ္ဓိသီလ၌ တည်ပြီးလျှင် အဓိစိတ္တ အမည်ရသော သမထဘာဝနာကို ပွါးများ၍၎င်း ပညာအမည်ရသော ဝိပဿနာဘာဝနာကို ပွါးများ၍၎င်း ကိလေသာတို့ကို ပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လ ဝီရိယ လေးပါးနှင့် ပြည့်စုံသည် ဖြစ်၍ ပါရိဟာရိကပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤဆိုအပ်ပြီးသော အဇ္ဈတ္တ ဗဟိဒ္ဓ အရှုပ်အထွေး နှစ်ပါးလုံးကိုပင် ဖြေရှင်းနိုင်ပေသည် ဟု သေက္ခပဋိပဒါကို ဟောကြားတော်မူခဲ့ပါသည်။

ထို၏ အခြားမဲ့၌——

ယေသံ ရာဂေါ စ ဒေါသော စ၊ အဝိဇ္ဇာ စ ဝိရာဇိတာ။
ခီဏာသဝါ အရဟန္တော၊ တေသံ ဝိဇဋိတာ ဇဋာ-ဟု——

အကြင် ရဟန္တာ သခင်အရှင်သူမြတ်တို့အား ရာဂ ဒေါသ အဝိဇ္ဇာတို့ကို ပယ်အပ်ပြီး ရာဂ ဒေါသ မောဟ အဝိဇ္ဇာ တည်းဟူသော အရှုပ်အထွေးတို့သည် အကြွင်းမဲ့ ကင်းစင်ကြပြီး ဖြစ်ပါကုန်၏၊ အာသဝေါလေးတန် ကုန်ခန်းပြီး ဖြစ်တော်မူကြပါပေ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်ကြပါပေ၏၊ ထို ရဟန္တာအရှင် သူမြတ်တို့မှာကား ထိုအဇ္ဈတ္တဗဟိဒ္ဓ အရှုပ်အထွေး နှစ်ပါးလုံး ပင်လျှင် ဖြေပြီး ရှင်းပြီး လင်းပြီးပင် ဖြစ်ပါပေတော့သည် ဟု——

မိန့်ကြားတော်မူပြီးလျှင် ထိုအဇ္ဈတ္တ ဗဟိဒ္ဓ အရှုပ်အထွေး နှစ်ပါးကို ဖြေရှင်းရာဌာနကို ပြတော်မူလို၍——

ယတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ပဋိဃံ ရူပသညာ စ၊ ဧတ္ထေသာ ဆိဇ္ဇတေ ဇဋာ။ ဟု—

အကြင် အရပ်၌ နာမ်ခဓာတ် ရုပ်ခဓာတ် ဤနှစ်ရပ်တို့သည် အကြွင်းမဲ့ ချုပ်ကြကုန်၏၊ ပဋိဃသညာ အမည်ရသော ပဋိဃသညာဟူသော အမည်ဖြင့် ခေါ်ဆိုရသော ကာမဘဝ, ရူပသညာ ဟူသော အမည်ဖြင့် ခေါ်ဆိုရသော ရူပဘဝ, ထိုနှင့် တစပ်တည်း တည်ရှိသော အရူပဘဝ, ဤဘဝသုံးမျိုးသည် အကြွင်းမဲ့ အကြင်နိရောဓဓာတ်၌ ချုပ်ငြိမ်းရကုန်၏၊ ထိုဘဝသုံးပါး၏ ချုပ်ရာဖြစ်သော နိရောဓနိဗ္ဗာန်၌ အဇ္ဈတ္တ ဗဟိဒ္ဓ အရှုပ်အထွေး နှစ်ရပ်လုံးပင် ချုပ်ကြပါသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် အတွင်းအရှုပ်အထွေး အပအရှုပ်အထွေး နှစ်ပါးတို့ကို ပြေအောင် ရှင်းအောင် လင်းအောင် ကျင့်ကြံနေဆဲဖြစ်သော သေက္ခ ပုဂ္ဂိုလ်၏အကျင့် ပဋိပဒါကိုရင်း အပြေ အရှင်း အလင်း သုတ်သင်ပြီးတော်မူသော ရဟန္တာအရှင် သခင်သူမြတ်တို့ကိုရင်း ထိုအဇ္ဈတ္တ ဗဟိဒ္ဓ အရှုပ်အထွေး နှစ်ပါးတို့ကို အကြွင်းမဲ့ပြေရာ ရှင်းရာ လင်းရာ ဖြစ်သော နိရောဓဓာတ် နိဗ္ဗာန်တရားတော်မြတ်ကိုရင်း စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဇဋာသုတ် ပြီး၏

---

## အစ္ဆရာသုတ်

ပုစ္ဆာ။ ။အစ္ဆရာသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဒေဝပုတ္တံ အာရဗ္ဘ ဘာသိတံ။ အညတရော ဘန္တေ ဒေဝပုတ္တော ဘဂဝန္တံ ဧတဒဝေါစ—

“အစ္ဆရာဂဏသံဃုဋ္ဌံ၊ ပိသာစ ဂဏသေဝိတံ။
ဝနန္တံ မောဟနံ နာမ၊ ကထံ ယာတြာ ဘဝိဿတီ”တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

“ဥဇုကော နာမ သော မဂ္ဂေါ၊ အဘယာ နာမ သာ ဒိသာ၊
ရထော အကူဇနော နာမ၊ ဓမ္မစက္ကေဟိ သံယုတော။

ဟိရီ တဿ အပါလမ္ဗော၊ သတျဿ ပရိဝါရဏံ။
ဓမ္မာဟံ သာရထိံ ဗြူမိ၊ သမ္မာဒိဋ္ဌိ ပုရေဇဝံ။ ။

ယဿ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
သ ဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ”တိ။

ဇဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

သမေး။ ။အစ္ဆရာသုတ္တန် မည်သော တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် သမဏနတ်သားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား လက်ထက်တော်အခါဝယ် အမျိုးကောင်းသားတဦးသည် သာသနာဝန်ထမ်း ရဟန်းပြု၍ ငါးဝါရရှိသောအခါ ဒွေမာတိကာကို လေ့လာ၍ သံဃကံကြီး ကံငယ်တို့ကို သင်ယူပြီးလျှင် မိမိနှင့် သပ္ပါယဖြစ်သော ကမ္မဋ္ဌာန်းတခုကိုယူ၍ ကမ္မဋ္ဌာန်းအလုပ်ကို မအိပ်မနေ ကြိုးပမ်းအားထုတ်ခဲ့ပါပေသည်။

ထိုသို့ အစာကိုပင် မစားဘဲ ရဟန်းတရားကို မအိပ်မနေ အားထုတ်ခြင်းဖြင့် စင်္ကြံသွားရင်းပင် အလုပ်ခွင်၌ စုတိပြတ်ကျွေ သေလွန်တော်မူပြီး၍ တာဝတိံသာ နတ်ပြည်ဝယ် နတ်သားအဖြစ်ဖြင့် အိပ်သည့်ယောကျ်ား နိုးသော်လားကဲ့သို့ ဘဝပဋိသန္ဓေ တည်နေခဲ့ပါပေသည်။

ထိုအခါဝယ် များစွာသော နတ်သမီးအပေါင်းတို့က ထိုနတ်သား၏ အခြင်းအရာကို ထောက်ထား၍ ဤနတ်သားသည် လူ့ပြည်လောကဝယ် သမဏခေါ် မှန်း ရဟန်းဘဝမှ လာခဲ့သော နတ်သားပေတည်း၊ ယခုတိုင်ပင် နတ်ပြည်သို့ ရောက်သည်ကို မသိရှာသေး ဟု တွေးတောဆင်ခြင်ကြပြီးလျှင် ဝိုင်းဝန်း၍ နတ်၌ဖြစ်သော တူရိယာတို့ကို တီးမှုတ်ပါသော်လည်း ထိုနတ်သား၏ စိတ်သန္တာန်ဝယ် မိမိသည် နဂိုရ်နေရင်း ကမ္မဋ္ဌာန်းကျောင်း၌ပင် နေသည် ဟု မှတ်ထင်၍ မိမိ၏အနီးအပါး၌ ရောက်ရှိနေသော အခြွေအရံ နတ်သမီးတို့ကို

လည်း ကျောင်းလှည့်ကြည့်ရှုကြသော မာတုဂါမအမျိုးသမီးများ ဟုသာ မှတ်ထင်လျက် စက္ခုန္ဒြေမျက်လွှာကို ချတော်မူကာ နေပါသည်။

ထိုအခါ များစွာသော နတ်သမီးတို့က အရှင်နတ်သား....ဤနေရာသည် ကား ရဟန်းတရားကို အားထုတ်ရာမဟုတ်ပါ၊ အာရုံငါးပါး ကာမတရား နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကို ခံစားရာဌာနဖြစ်ပါသည် ဟု ပြောဆိုပါ သော်လည်း ထိုသမဏနတ်သားသည် ထိုနတ်သမီးအပေါင်းတို့ ပြောဆိုသော စကားကို မကြားနိုင်ဘဲ မိမိနှလုံးသွင်းမြဲ ရဟန်းတရားကိုပင် ဆင်ခြင်စဉ်းစား၍ နေပါသည်။

ထိုအခါ အခြေအရံ နတ်သမီးတို့က ကိုယ်လုံးပေါ်မှန်ကို ပြမှသာလျှင် မိမိသည် နတ်ဘဝသို့ရောက်ရှိကြောင်း သိမြင်ပြီးလျှင် "ငါသည် ဤတာဝတိံ သာ နတ်ဘဝကို ရယူလို၍ သာသနာဝန်ထမ်း ရဟန်းပြုခဲ့သည် မဟုတ်ပါ၊ စင်စစ်မှာမူ အရဟတ္တဖိုလ်ကို ရယူလို၍ သာသနာဝန်ထမ်း ရဟန်းပြု၍ ရဟန်း တရား အားထုတ်ခဲ့ခြင်း ဖြစ်ပေသည်။ ယခုပင် ငါသည် ဘုရားထံမှောက် သွားရောက်၍ အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းကို ကြားနာအံ့" ဟု ဆင်ခြင် စဉ်းစားပြီးလျှင် မိမိရရှိသော နတ်စည်းစိမ်ကို မသုံးဆောင် မခံစားသေးဘဲ များစွာသော နတ်သမီးအပေါင်း ခြံရံလျက် သဗ္ဗညုမြတ်စွာဘုရားထံမှောက် လာရောက်ပြီးလျှင်——

အဠ္ဌရာဂဏာသင်္ဃုဋ္ဌံ၊ ပိသာစဂဏာသေဝိတံ။
ဝနန္တံ မောဟနံ နာမ၊ ကထံ ယာတြာ ဘဝိဿတိ- ဟု——

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား.... နတ်သမီး အပေါင်းတို့၏ သီချင်းဆိုသံ တီးသံ မှုတ်သံတို့ဖြင့် တညံညံ ဆူညံ၍ နေပါပေသော မြေဘုတ်ဘီလူးမအပေါင်းတို့သည် မှီဝဲရာဖြစ်သော ခပ်သိမ်း သော သူတို့၏ တွေဝေမိန်းမောရာ ဖြစ်သော ဤနန္ဒဝန်တောအုပ်အရပ်ကို တပည့်တော်သည် ဘယ်ပုံ ဘယ်ပန်း ကျင့်ကြံပွါးများ အားထုတ်သဖြင့် လွန် မြောက်မှု ဖြစ်နိုင်ပါမည်နည်း ဟု မေးလျှောက်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဥဇုကော နာမ သော မဂ္ဂေါ၊ အဘယာ နာမ သာဒိသာ-အစရှိသည်ဖြင့်——

ဒါယကာနတ်သား....မဂ္ဂင်ရှစ်ပါး တည်းဟူသော နိဗ္ဗာန်လမ်းကြီးသည် ကား မကွေ့မကောက် ဖြောင့်မတ်သော လမ်းကြီးပင် ဖြစ်တော့သည်၊နိဗ္ဗာန် တည်းဟူသော အရပ်သည်ကား ဘေးရန်ခပ်သိမ်း အေးငြိမ်းရာ အရပ်ပင် ဖြစ်တော့သည်။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါး ယာဉ်ရထားသည်ကား နတ်လူပြဟ္မာ သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်မက အရာအထောင် အသောင်း အသိန်း အသန်း အကုဋေပင် စီးသော်လည်း တညိုးညိုးတညံညံ အသံပြုသည့် ရထားမျိုး မဟုတ်ပေ၊ မည်မျှပင် စီးသော်လည်း အသံမပြည် သော ရထားမျိုးပင် ဖြစ်ပေသည်၊ ထို မဂ္ဂင် ရှစ်ပါး တည်းဟူသော ယာဉ် ရထားဝယ် ကာယိကလှုံ့လ စေတသိကလှုံ့လတည်းဟူသော ဝီရိယနှစ်ပါး မြှစက်ဘီး အစုံတပ်လျက် ထားပေသည်။

ထိုမဂ္ဂင်ရှစ်ပါးဘည်းဟူသော နိဗ္ဗာန်ရောက်ကြောင်း ယာဉ်ရထားဝယ် ဟိရိဩတ္တပ္ပ တည်းဟူသော ယောဂါဝစရ အမျိုးကောင်းသား မှီ၍ ထိုင်နေဘို့ ရန် မှီရာ တံကဲပျဉ်လည်း ပါရှိပေသည်။

ထိုမဂ္ဂင်ရှစ်ပါး ယာဉ်ရထားဝယ် သတိ တည်းဟူသော ဘေးရန် ကာဆီး နိုင်သည့် အမိုးအကာနှင့်လည်း ပြည့်စုံလှပါပေသည်။

ချစ်သား ဒါယကာ နတ်သား....ထိုမဂ္ဂင်ရှစ်ပါး ယာဉ်ရထားဝယ် သမ္မာ-ဒိဋ္ဌိမဂ္ဂင် ခေါင်းဆောင်သော အရိယာမဂ် တည်းဟူသော ရထားမှူးရှိပေသည်။

ဤလောကဝယ် အကြင် ယောကျာ်း အကြင် မိန်းမအား ဤဆိုအပ် ပြီးသော မဂ္ဂင်ရှစ်ပါး ယာဉ်ရထားသည် ထင်ရှားရှိပါပေ၏၊ ထိုမဂ္ဂင်ရှစ်ပါး ယာဉ်ရထားကို တက်စီး၍ သွားသော အမျိုးကောင်းသား အမျိုးကောင်း သမီးသည် နိဗ္ဗာန်ရွှေပြည်မြတ်သို့ အစဉ်သဖြင့် နီးကပ်ရောက်နိုင်ပါသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဤအစ္ဆရာသုတ္တန်ဒေသနာတော်မြတ်ကို အရဟတ္တ ဖိုလ်ဘိုင်ရောက်အောင် ညွှန်ကြား၍ ဟောကြားပြသတော်မူအပ်ပါသည် အရှင်ဘုရား။

အစ္ဆရာသုတ် ပြီး၏

## ဇရာသုတ်

ပုစ္ဆာ။ ။ဇရာသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဋ္ဌ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဒေဝတံ အာရဗ္ဘ ဘာသိတံ။

အညတရာ ဘန္တေ ဒေဝတာ ဘဂဝန္တံ ဧတဒဝေါစ—

"ကိံသု ယာဝ ဇရာ သာဓု၊ ကိံသု သာဓု ပတိဋ္ဌိတံ။
ကိံသု နရာနံ ရတနံ၊ ကိံသု စောရေဟိ ဒူဟရ"န္တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

"သီလံ ယာဝ ဇရာ သာဓု၊ သဒ္ဓါ သာဓု ပတိဋ္ဌိတာ။
ပညာ နရာနံ ရတနံ၊ ပုညံ စောရေဟိ ဒူဟရ"န္တိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ဇရာမည်သော သုတ္တန်တရားဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် အညတရနတ်သားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်း စံနေတော်မူသောအခါ အညတရ နတ်သားသည် ဘုရားထံမှောက်လာရောက်၍—

ကိံသု ယာဝ ဇရာ သာဓု။

ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော မြတ်စွာဘုရား .... သတ္တဝါတို့သန္တာန်ဝယ် အိုသည်ကာလတိုင်အောင် ကောင်းမြတ်သော တရားကား အဘယ်တရား ဖြစ်ပါသနည်း။

ကိံသု သာဓု ပတိဋ္ဌိတံ။

သတ္တဝါတို့ သန္တာန်ဝယ် အသီးအသီး တည်စေလျှင် ကောင်းမြတ်တဲ့ တရားကား အဘယ်တရား ဖြစ်ပါသနည်း ။

ကိံသု နရာနံ ရတနံ။

ခပ်သိမ်းသော သတ္တဝါတို့ဝယ် တကယ်စင်စစ် ရတနာအနှစ်ကား အဘယ်တရား ဖြစ်ပါသနည်း။

ကိံသု စောရေဟိ ဒူဟရံ။

ခိုးသူတို့ မခိုးဆောင်နိုင်သော ဥစ္စာကား အဘယ်ဥစ္စာ ဖြစ်ပါသနည်းဟု မေးလျှောက်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက သီလံ ယာဝ ဇရာ သာဓု-အစရှိသည်ဖြင့် ဒါယကာ နတ်သား.... ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ စတုပါရိသုဒ္ဓိသီလ တည်းဟူသော ဆိုင်ရာ ဆိုင်ရာ လူ ရှင်တို့ ကျင့်သုံးအပ်သော သီလတရားသည် အိုသည်တိုင်အောင် အပြစ်ကင်း၍ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသောတရား ဖြစ်ပါပေသည်။

သဒ္ဓါ သာဓု ပတိဋ္ဌိတာ-မိမိသန္တာန်ဝယ် ဖြစ်ပွါးစေခဲ့လျှင် သဒ္ဓါတရားသည် အကောင်းဆုံးသော တရား ဖြစ်ပါပေသည်။

ပညာတရားသည် နတ်လူ ဗြဟ္မာ သတ္တဝါ ခပ်သိမ်းတို့၏ ရတနာစင်စစ် အနှစ်ပင် ဖြစ်ပေတော့သည်။

ကောင်းမှုကုသိုလ်တရားသည် ခိုးသူတို့ မခိုးဆောင်နိုင်သော ဥစ္စာစင်စစ် ဖြစ်ပါပေသည် ဟု ဤဇရာသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဇရာသုတ် ပြီး၏

ဒေဝတာသံယုတ် ပြီး၏။

---

## ဒေဝပုတ္တသံယုတ်

### သုဗြဟ္မသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန သုဗြဟ္မသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။ ကီဒိသော စ တတ္ထ ဓမ္မပဋိဂ္ဂါဟကာသ ဓမ္မသာဝနာနိသံသော အဓိဂတော။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သုပြဟ္မဒေဝပုတ္တံ အာရဗ္ဘ ဘာသိတံ။ သုပြဟ္မာ ဘန္တေ ဒေဝပုတ္တော မရဏဘယဘီတော ဘဂဝန္တံ ဥပသင်္ကမိတွာ တေဒဝေါစ—

"နိစ္စံ ဥတြဿမိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂမိဒံ မနော။
အနုပ္ပန္နေသု ကိစ္စေသု၊ အထော ဥပ္ပတိတေသု စ။
သစေ အတ္ထိ အနုတြဿံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော"တိ—

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ။

"နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိန"န္တိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။ ဒေသနာပရိယော-သာနေ စ ဘန္တေ သုပြဟ္မဿ ဒေဝပုတ္တဿ တသ္မိံယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ၊ "ယံကိဉ္စိ သမုဒယ-ဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥဒယျခင်ဒါးပါး တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင်သည် သုပြဟ္မမည်သော သုတ္တန်တရား ဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း။ ထိုသို့ဟောကြားတော်မူသော အခါကာလ၌ တရားနာသော ပုဂ္ဂိုလ်အား တရားနာရသည့်အတွက် အဘယ်သို့သော အကျိုးအာနိသင်ကို ရရှိသွားပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် သုပြဟ္မနတ်သားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သုပြဟ္မနတ်သားသည် တထောင်အတိုင်းအရှည်ရှိသော နတ်သမီးအပေါင်း ခြံရံလျက် နတ်ဥယျာဉ်အတွင်းဝယ် နတ်သဘင် ကျင်းပ၍နေခဲ့ပါသည်။

ထိုအခါ ငါးရာအတိုင်းအရှည်ရှိသော နတ်သမီးတို့သည် နတ်ပန်းပင်အထက်သို့ တက်ရောက်၍ နတ်ပန်းတို့ကို ကြွေစေ ကျစေပါကုန်သည်၊ ငါးရာ

အဘိုင်းအရှည်ရှိသော နတ်သမီးတို့သည် အောက်မြေအပြင်မှ ကြွေသမျှ ကျ သမျှသော ပန်းတို့ကို တဖက်အညှာဆိုင် နှစ်ဖက်အညှာဆိုင် စသည် အမျိုး မျိုးသော ပန်းကုံးတို့ကို သီကုံးကြ၍ သုပြဟ္မနတ်သားအား ဆက်နှင်းပေးကမ်း ကြရပါသည်၊

တခဏမျှအကြာတွင် နတ်သစ်ပင်အထက်၌ တည်ရှိသော ငါးရာသော နတ်သမီးတို့သည် စုတိပြတ်ကြွေ သေလွန်ကြ၍ နိရယဂတိသို့ ရောက်ရှိသဖြင့် နတ်သစ်ပင်ထက်ဝယ် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်တွင် သုပြဟ္မနတ်သား သည် ထိုငါးရာသော နတ်သမီးတို့၏ အသံကို မကြားသဖြင့် ထိုငါးရာသော နတ်သမီးတို့၏ ဂတိကို စူးစမ်းဆင်ခြင်လတ်သည်ရှိသော် ယခုပင် စုတိပြတ် ကြွေ သေလွန်၍ ငရဲပဋိသန္ဓေ ကျရောက်ရကြောင်း မြင်သည်တွင် မိမိ၏ အာယုသင်္ခါရကိုလည်း တဖန် စဉ်းစားပြန်သည်ရှိသော် အနာဂတ် ခုနစ်ရက် တွင် စုတိပြတ်ကြွေ သေလွန်၍ ထိုနတ်သမီးငါးရာတို့နှင့် အတူတကွ နိရယဘုံ၌ ကျရောက်ရမည့်အရေးကို သိမြင်လတ်သဖြင့် သေခြင်းဘေးမှ ပြင်းထန်စွာ ကြောက်လန့်လတ်ရကား သဗ္ဗညုမြတ်စွာဘုရားရှိရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းအရပ်သို့ ချဉ်းကပ်ပြီးလျှင်——

နိစ္စံ ဥတြသ္တမိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂမိဒံ မနော။
အနုပ္ပန္နေသု ကိစ္ဆေသု၊ အထော ဥပ္ပတိတေသု စ။
သစေ အတ္ထိ အနုတြသ္တံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော·ဟု——

ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော မြတ်စွာဘုရား.... ဘုရားတပည့် တော်၏ ဤစိတ်အစဉ်သည် အနာဂတ်ရောက်လတ္တံ့သော ခုနစ်ရက်အတွင်း ဝယ် ဖြစ်ပေါ်လတ္တံ့သော နိရယဒုက္ခကို တွေး၍ တွေး၍ရင်း မကြာမီခဏ အဘွင်းက ဖြစ်ခဲ့ကြပြီးသော ငါးရာသော နတ်သမီးတို့၏ နိရယဒုက္ခကို တွေး တောဆင်ခြင်၍ရင်း အမြဲတစေ ထိတ်လန့်တုန်လှုပ်၍ နေပါပေသည်။

ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော မြတ်စွာဘုရား.... စိတ်သန္တာန်အစဉ် ၏ မည်သည့်အခါမျှ မလန့်ရာ မထိတ်ရာဖြစ်သော မထိတ်စေနိုင် မလန့်စေနိုင် သည့် အကျင့်ပဋိပတ်တရား ရှိပါမူကား ထို အကျင့်ပဋိပတ်တရားကို တပည့် တော်အား ကရုဏာရှေ့ထား၍ ဟောကြားတော်မူပါဘုရား ဟု တောင်းပန် လျှောက်ထားခဲ့ပါသည်။

ထိုသို့သော အကြောင်းအင်္ဂါပွတ်တို့ကြောင့် သဗ္ဗညုမြတ်စွာဘုရားသည်

နာသုတ္တာ ဗောဇ္ဈာ တပသာ၊ နာသုတ္တာဣန္ဒြိယသံဝရာ။

နာသုတ္တာ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ-ဟု—

ဒါယကာ သုပြဟ္မနတ်သား.... ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားကို ပယ်ရှား၍ ခပ်သိမ်းသော သတ္တဝါတို့၏ ငြိမ်းချမ်းရာ လမ်းစဉ်ကိုငါဘုရားမမြင်ပေ၊ ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်ကို အကုသိုလ်ခိုးသားတို့ မဝင်ရောက်အောင် သတိဖြင့် စောင့်ရှောက်ခြင်းကို ပယ်ရှား အလွှတ်ထား၍ ခပ်သိမ်းသော သတ္တဝါတို့၏ ချမ်းသာရာ ချမ်းသာကြောင်း အကျင့်တရားကို ငါဘုရားမမြင်ပေ၊ ခပ်သိမ်းသောဒုက္ခတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို ပယ်ရှား အလွှတ်ထား၍ သတ္တဝါတို့၏ ချမ်းသာရာကို ငါဘုရားမမြင်ပေ ဟု ရှေးဦးစွာ ဣန္ဒြိယသံဝရသီလ အမှူးပြုသော စတုပါရိသုဒ္ဓိသီလ တည်းဟူသော အစ၏ ကောင်းခြင်းဂုဏ် ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရား တည်းဟူသော အလယ်၏ ကောင်းခြင်းဂုဏ် နိဗ္ဗာန်တည်းဟူသော အဆုံး၏ ကောင်းခြင်းဂုဏ် သုံးပါးစုံနှင့် ပြည့်စုံသော ဤသုပြဟ္မသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည်။

အာဒိကလျာဏ, မဇ္ဈေကလျာဏ, ပရိယောသာနကလျာဏ ဂုဏ်သုံးပါးစုံနှင့် ပြည့်စုံသော ဤသုပြဟ္မသုတ္တန် ဒေသနာတော်မြတ်ကို ကြားနာရသည်၏ အဆုံး၌ ဓမ္မပဋိဂ္ဂါဟက ဖြစ်ပါသော သုပြဟ္မနတ်သားအား ဖြစ်သမျှ ဉာဏ်သုံး အလုံးစုံသော တေဘူမက တရားအစုသည် ချုပ်ခြင်းသာလျှင် အဆုံးရှိချေ၏ ဟု ပြဟ္မာနတ်လူ မည်သူ တဦးတယောက်မျှ ဖျက်ဆီး၍ မရနိုင်သော လင်းလင်းထင်ထင် သိမြင်နိုင်သော ဓမ္မစက္ခုခေါ်သော သောတာပတ္တိမဂ်ဉာဏ်ကို ရရှိပါသည်။

ဤသို့လျှင် ဤသုပြဟ္မမည်သော သုတ္တန်ဒေသနာတော်မြတ်ကို ရာဇဂြိုဟ်ပြည် အရပ်ဝယ် သုပြဟ္မနတ်သား တောင်းပန်လျှောက်ထား၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်၊ ဒေသနာတော် အဆုံးဝယ် ဓမ္မပဋိဂ္ဂါဟကဖြစ်သော သုပြဟ္မနတ်သားအားလည်း ဤလျှောက်ဆိုအပ်ပြီးသော နည်းအတိုင်း သောတာပတ္တိဖိုလ်သို့ ရ၍ အပါယ်တံခါးပိတ်ခြင်း တည်းဟူသော တရားနာရသည့် အကျိုးအာနိသင်ကို ရရှိခဲ့ပါသည် အရှင်ဘုရား။

သုပြဟ္မသုတ် ပြီး၏

## ရောဟိတဿသုတ်

ပုစ္ဆာ။ ။ရောဟိတဿသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ရောဟိတဿံ ဒေဝပုတ္တံ အာရဗ္ဘ ဘာသိတံ။ ရောဟိတဿော ဘန္တေ ဒေဝပုတ္တော ဘဂဝန္တံ ဧတဒဝေါစ "ယတ္ထ နု ခေါ ဘန္တေ န ဇာယတိ န ဇီယတိ န မီယတိ န စဝတိ န ဥပပဇ္ဇတိ၊ သက္ကာ နု ခေါ သော ဘန္တေ ဂမနေန လောကဿ အန္တော ဉာတုံ ဝါ ဒဋ္ဌုံ ဝါ ပါပုဏိတုံ ဝါ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယတ္ထ ခေါ အာဝုသော န ဇာယတိ န ဇီယတိ န မီယတိ န စဝတိ န ဥပပဇ္ဇတိ၊ နာဟံ တံ ဂမနေန လောကဿ အန္တံ ဉာတေယျံ ဒဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမီ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ရောဟိတဿ မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ရောဟိတဿ အမည်ရှိသော နတ်သားကို အကြောင်းပြု၍ ဟောကြားအပ်ပါသည်။

ရောဟိတဿ နတ်သားသည် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ ယတ္ထ နု ခေါ ဘန္တေ န ဇာယတိ န ဇီယတိ န မီယတိ-အစရှိသည် ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... လောက၏ အဆုံးဖြစ်သော အကြင် နိဗ္ဗာန်အရပ်၌ ဇာတိခေါ်သော ပဋိသန္ဓေ တည်နေခြင်းလည်း မရှိပါ၊ ဇရာခေါ်သော အိုမင်းခြင်းလည်း မရှိပါ၊ မရဏခေါ်သော စုတိပြတ်ကျွေ သေလွန်ခြင်းလည်း မရှိပါ၊ ဤဘဝမှ ထိုဘဝ-ထိုဘဝမှ ဤဘဝသို့ ပဋိသန္ဓေ ပြောင်းရွှေ့၍ နေခြင်း စုတေခြင်း အလျှဉ်းမရှိပါ၊ ထိုသို့ လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်အရပ်ကို ပကတိခြေဖြင့် သွားရောက်ခြင်းဖြင့်

သိခြင်းငှါ မြင်ခြင်းငှါ ရောက်ခြင်းငှါ စွမ်းနိုင်ရာပါသလော ဟု မေးလျှောက်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်အရပ်သို့ ပကတိခြေဖြင့် သွားရောက်၍ သိခြင်း မြင်ခြင်း ရောက်ခြင်းငှါ မစွမ်းနိုင်ပေ၊ ဤသို့ မိန့်ကြားသည်တွင် အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ ယာဝ သုဘာသိတမိဒံ ဘန္တေ ဘဂဝတာ-အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အံ့ဘွယ်ရှိပါပေစွ၊ မဖြစ်စဘူး အထူး ဖြစ်ပါပေစွ၊ လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်အရပ်သို့ ပကတိခြေလျှင်ခရီးဖြင့် သွားရောက်၍ မြင်ခြင်း သိခြင်း ရောက်ခြင်းငှါ မစွမ်းနိုင် ဟူသော ရှင်တော်ဘုရားစကားသည် ကောင်းစွာ ဆိုအပ်သော စကားဖြစ်ပါပေစွ။

ဘုရား့တပည့်တော်သည် တခုသော ဘဝက လိမ္မာလှသော လေးသမားသည် ထန်းရိပ်ကို ကန့်လန့်ဖြတ် မြှားပစ်လိုက်သော အချိန်အတွင်း၌ ပင်လျှင် စကြာဝဠာတတိုက်ကို နှံ့အောင် လှည့်ပတ်နိုင်သော အဟုန်နှင့် ပြည့်စုံသည့် ရောဟိတဿ အမည်ရှိသော အဘိညာဉ်ရ ရသေ့တဦး ဖြစ်ခဲ့ဘူးပါသည်။

ဘုရားတပည့်တော်သည် ခြေတလှမ်းဖြင့် အရှေ့သမုဒ္ဒရာမှ အနောက်သမုဒ္ဒရာသို့ ရောက်အောင်လှမ်းနိုင်ခဲ့ပါသည်၊ သို့စဉ် တန်ခိုးရှင် ဖြစ်သော ဘုရားတပည့်တော်သည် စားသောအခါ သောက်သောအခါ အစရှိသော ကိုယ်၏ စပ်ဘွယ်ရာ ဝေယျာဝစ္စကိစ္စကို ဖယ်ရှား ကြွင်းကျန်သောအခါ ကာလများ၌ သို့စဉ် လျှင်မြန်သော အဟုန်ဖြင့် စကြာဝဠာတတိုက်မှသည် တတိုက်သို့ ကူးကာ သန်းကာဖြင့် လောက၏ အဆုံးကို ရှာမှီးခဲ့ဘူးပါသည်၊ အနှစ်တရာပင် ရှာပါသော်လည်း လောက၏ အဆုံးကို မတွေ့ဘဲ စုတေပြတ်ကျွေ သေလွန်ခဲ့ပါသည်။

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... လောက၏အဆုံးကို ပကတိခြေလျှင်ဖြင့် သွား၍ သိခြင်း မြင်ခြင်း ရောက်ခြင်းငှါ မတတ်နိုင် ဟူသော ရှင်တော်ဘုရား စကားသည် အံ့ဘွယ်ရှိပါပေစွ

မဖြစ်စဘူး အထူးဖြစ်ပါပေစွ ကောင်းစွာ မိန့်ကြားအပ်သော သုဘာသိတ စကား ပီသပါပေစွ ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက န ခေါ ပနာဟံ အာဝုသော အပ္ပတွာ လောကဿ အန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ-အစရှိသည်ဖြင့်——

ဒါယကာ ရောဟိတဿ နတ်သား....လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်သို့ မရောက်ဘဲ ဤနတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့အား ဒုက္ခ၏ အဆုံးသို့ ရောက်ပြီ ဟူ၍ ငါဘုရား မဟောပေ၊ စင်စစ်သော်မူ ရောဟိတဿနတ်သား ငါဘုရားသည် ဤတလံမျှလောက်သော သညာဝိညာဉ်တို့နှင့် တကွ ပြီးသော ဤကိုယ်ကာယဥ်ပင်လျှင် လောက၏ ဖြစ်ခြင်းကိုရင်း လောကဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကိုရင်း လောက၏ ချုပ်ငြိမ်းခြင်းကိုရင်း လောက၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ပဋိပတ်ကိုရင်း ဟောကြားပေသည် ဟု သစ္စာလေးရပ် အဆုံးသတ်၍ ဤရောဟိတဿ သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ရောဟိတဿသုတ် ပြီး၏

ဒေဝပုတ္တသံယုတ် ပြီး၏။

---

## ကောသလသံယုတ်

### ဒဟရသုတ်

ပုစ္ဆာ။ ။ဒဟရသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ရာဇာနံ ပသေနဒိံ ကောသလံ အာရဗ္ဘ ဘာသိတံ။ ရာဇာ ဘန္တေ ပသေနဒိ ကောသလော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝတာ သဒ္ဓိံ သမ္မောဒိ၊ ဧကမန္တံ နိသိန္နော ခေါ ဘန္တေ ရာဇာ ပသေနဒိ ကောသလော ဘဂဝန္တံ ဧတဒဝေါစ "ဘဝမ္ပိ နော ဂေါတမော 'အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ'တိ ပဋိဇာနာတီ"-တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယံ ဟိ တံ မဟာရာဇ သမ္မာ ဝဒမာနော ဝဒေယျ 'အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ'

တိ၊ မမေဝ တံ သမ္မာ ဝဒမာနော ဝဒေယျ”တိ ဧဝမာဒိနာ ဘဂ္ဂေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ဒဟရမည်သော သုတ္တန်တရား ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ပသေနဒိ ကောသလမင်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ပသေနဒိ ကောသလမင်းသည် သဗ္ဗညုမြတ်စွာဘုရား၏ဥပါသကာ မဖြစ်မီ သရဏဂုံ မတည်မီ ရှေးဦးစွာ ဘုရားထံမှောက် သွားရောက်၍ ဝမ်းမြောက်ဝမ်းသာ စကားနှီးနှော ပြောဆိုပြီးလျှင် လျောက်ပတ်သောအရပ်၌ ထိုင်နေ၍ ဘဝမ္ပိ နော ဂေါတမော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပဋိဇာနာတိ-ဟု——

အို အရှင်ကြီးဂေါတမ.... အရှင်ဂေါတမသည်လည်း အတုမရှိ လွန်မြတ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်သော ပုဂ္ဂိုလ် ဟူ၍ မိမိကိုယ်ကို ဝန်ခံပါသလော ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညု မြတ်စွာဘုရားက ယံ ဟိ တံ မဟာရာဇ သမ္မာ ဝဒမာနော ဝဒေယျ “အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ”တိ-အစရှိသည်ဖြင့်——

ကောသလမဟာရာဇာ.... အကြင် ပုဂ္ဂိုလ်ကို ဤသူကား အလွန့်အလွန်မြတ်မွန်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်၍ သမ္မာသမ္ဗုဒ္ဓဖြစ်ပါပေသည် ဟု မှန်ကန်သော စကားကို ပြောမည်ဆိုလျှင် ငါဘုရားကို သာလျှင် ပြောဆိုဘွယ်ရှိကြောင်း မိန့်ကြားတော်မူပါသည်။

ထိုအခါ ပသေနဒိ ကောသလမင်းသည် အို အရှင်ကြီးဂေါတမ....ဤလောကဝယ် ဘုရား ဟူ၍ ဝန်ခံကြသည့် ပူရဏကဿပ မက္ခလိဂေါသာလ အစရှိသော ဂိုဏ်း၏ အရှင် ဖြစ်သော အရွယ်အားဖြင့် ကြီးမားကြလှသည်လည်း ဖြစ်သော မင်းနှစ်ဆက် သုံးဆက် လွန်မြောက်ကြသည်လည်း ဖြစ်သော ဆရာကြီးခြောက်ဦးတို့ ထင်ရှားရှိပါသည်၊ ထိုဆရာကြီး ခြောက်ဦးတို့

ပင်သော်မှ "အတုမရှိ မွန်မြတ်သော သဗ္ဗညုတဉာဏ်သို့ ရောက်သည် ဟု ဝန်ခံပါသလော" ဟု မေးမြန်းသောအခါ သဗ္ဗညုတဉာဏ်သို့ရောက်ပြီ ဟု ဝန်မခံကြပါဘဲလျက် အဘယ့်ကြောင့် အရှင်ဂေါတမသည် အသက်အရွယ်အားဖြင့်လည်း ငယ်ရွယ်သူ ဖြစ်ပါလျက်၊ ရဟန်းပြုသည်မှာလည်း မကြာမြင့်သေးသည် ဖြစ်ပါလျက် သဗ္ဗညုဘုရား ဟု ဝန်ခံပါဘိသနည်း ဟု လွှမ်းမိုးစကား ပြောကြားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက စတ္တာရော ခေါ မေ မဟာရာဇ "ဒဟ-ရာ"တိ န ဥညာတဗ္ဗာ၊ "ဒဟရာ"တိ န ပရိဘောတဗ္ဗာ-အစရှိသည်ဖြင့်——

ကောသလမဟာရာဇာ....ဤလောကဝယ် လေးမျိုးသော အရာတို့ကို ငယ်ကုန်သည် ဟူ၍ မထီမဲ့မြင် မပြုအပ်ကုန်၊ ငယ်သောသူ ငယ်သောဝတ္ထုပစ္စည်းတို့ ဟူ၍ လွှမ်းမိုးစကား မပြောကြားထိုက်ကုန်။

၁။ ကောသလမင်းကြီး....ဤလောကဝယ် မင်းသားငယ်ကို ငယ်သည်ကော ယူ၍ မထီမဲ့မြင်မှု မပြုအပ် မပြုထိုက်ပေ၊ လွှမ်းမိုးစကား မပြောကြားသင့်ပေ။ အကယ်၍ မင်းသားကို ငယ်သေ ၁ ဟု မထီမဲ့မြင်မှု ပြုခဲ့သည်ရှိသော် နောက်အခါ မင်းအဖြစ်သို့ရောက်၍ ကြီးစွာသော ဘေးဒုက္ခကို ပေးနိုင်သည်။

၂။ ကောသလမင်းကြီး....ထို့မှတပါး မီးကို ငယ်သော ဟူ၍ မထီမဲ့မြင်မှု မပြုအပ်ပေ၊ မီးကို ငယ်သော ဟူ၍ မထီမဲ့မြင်မှု ပြုခဲ့သည်ရှိသော် လောင်စာကို ရရှိသဖြင့် ဝန်းကျင်ဥဿုံ အလုံးစုံကိုပင်လျှင် ပြာဘဝသို့ရောက်စေနိုင်ပေသည်။

၃။ ကောသလမင်းကြီး....မြွေကိုလည်း ငယ်သောဟူ၍ မထီမဲ့မြင်မှု မပြုအပ် မပြုထိုက်ပါ၊ မြွေကို ငယ်သော ဟူ၍ မထီမဲ့မြင်မှု ပြုခဲ့သည်ရှိသော် ဤလောကဝယ် နဂါးတို့သည် အမျိုးမျိုးသော အဆင်းကို ဖန်ဆင်းလျက် ထိုထို့ဤဤ မြို့အရပ် တောအရပ်တို့၌ လှည့်လည်ကျက်စားကြပေသည်၊ ငယ်သော မြွေဟူ၍ မထီမဲ့မြင်မှု ပြုခဲ့သည်ရှိသော် မြွေကိုက်၍ပင် အကျိုးမဲ့ပျက်စီးရာပေသည်။

၄။ ပသေနဒိ ကောသလမင်းကြီး....ဤလောကဝယ် ရဟန်းသူမြတ်ကိုလည်း ငယ်ရွယ်သူ ဟူ၍ မထီမဲ့မြင်မှု မပြုအပ်ပေ၊ လွှမ်းမိုးစကား မပြောကြားအပ်ပေ၊ ရဟန်းကို ငယ်သော ဟူ၍ မထီမဲ့မြင် ပြုခဲ့သည်ရှိသော် လွှမ်းမိုးစကား

ပြောကြားခဲ့သည်ရှိသော် စီးပွါး ဥစ္စာ ပျက်ပြုန်းတတ်ပေသည်၊ အမွေဆက် အမွေခံ ပြတ်မတတ် အကျိုးယုတ် အနတ္ထ ဖြစ်တတ်ပေသည်၊ ဤသို့ မိန့်ကြား ပြီးလျှင် အဆုံးဝယ်——

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ဘုဇင်္ဂမံ ပါဝကဉ္စ၊ ခတ္တိယဉ္စ ယသဿိနံ။
ဘိက္ခုဉ္စ သီလသမ္ပန္နံ၊ သမ္မဒေဝ သမာစရေ-ဟု——

သို့ဖြစ်ရကား ဤလောကဝယ် မိမိအကျိုးကို မြှော်ကိုးတောင့်တသော ပညာရှိပုဂ္ဂိုလ်မှန်သမျှသည် မြွေကိုင်း မီးကိုင်း အခြွေအရံ ပရိသတ်နှင့် ပြည့်စုံသည့် မင်းကိုင်း သီလနှင့် ပြည့်စုံသော ရဟန်းတော် အရှင်သူမြတ်ကို ငင်း ငယ်သည် ဟူ၍ မထိမဲ့မြင်မှု မပြုရာ၊ လွှမ်းမိုးစကား မပြောကြားရာ၊ ဤလေးပါးသော အရာဝတ္ထုတို့ကို ကောင်းစွာသာလျှင် ကျင့်ကြံရာသည် ဟု မိန့်ကြားတော်မူပါသည်။

ဒေသနာတော် အဆုံးဝယ် ပသေနဒီ ကောသလမင်းသည် သရဏဂုံ ခံယူသော ဥပါသကာ ဖြစ်ပါသည်။

ဤသို့လျှင် ဒဟရသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် ပသေနဒီ ကောသလမင်းကို အကြောင်းပြု၍ လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒဟရသုတ် ပြီး၏

---

## အတ္တရက္ခိတသုတ်

ပုစ္ဆာ။ ။အတ္တရက္ခိတသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ရာဇာနံယေဝ ပသေနဒိံ ကောသလံ အာရဗ္ဘ ဘာသိတံ။ ရာဇာ ဘန္တေ ပသေနဒိ ကောသလော ဘဂဝန္တံ ဥပသင်္ကမိတွာ "ဣဓ မယှံ ဘန္တေ ရဟောဂတဿ

ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ”တိ ဧဝ-
မာဒိကံ ဝစနံ အဝေါစ။ ဘဂဝါ စ ဘန္တေ ဧဝမေတံ
မဟာရာဇ ဧဝမေတံ မဟာရာဇာတိ ဧဝမာဒိနာ ဝိဘဇိတွာ
ဘာသိတံ။

အမေး။ ။မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရန် ညွှန်ပြသော သုတ္တန်တရား ဖြစ်ခြင်းကြောင့် အတ္တရက္ခိတမည်သော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ပသေနဒိ ကောသလမင်းကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ပသေနဒိ ကောသလမင်းသည် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ ရှိသေစွာ ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေ၍ ဣဓ မယှံ ဘန္တေ ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိ-ဝိတက္ကော ဥဒပါဒိ-အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်အား ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်၍ တကိုယ်တည်း ကိန်းအောင်းစဉ် ဤသို့သော စိတ်အကြံအစည် ဖြစ်ခဲ့ပါသည်။

ဤလောက၌ အဘယ်ပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို မိမိစောင့်ရှောက်အပ်သည် မည်ပါသနည်း၊ အဘယ်ပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို မိမိမစောင့်ရှောက်အပ်သည် မည်ပါသနည်း ဟု အကြံအစည် ဖြစ်ပါသည်။

ထိုအခါ တပည့်တော်အား တဖန် ဤသို့ စိတ်အကြံအစည် ဖြစ်ပါသည်၊ ဤလောကဝယ် အမှတ်မထင် အကြင်သူတို့သည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့ကို ပြုမှား ပြောမှား ကြံမှားကြပါကုန်သည်၊ ထိုသူတို့သည် မိမိကိုယ်ကို မိမိမစောင့်ရှောက်အပ်သည် မည်ကုန်၏။

ထိုသူတို့ကို အကယ်၍ပင် ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ်တို့ အထပ်ထပ် စောင့်ကြပ်အပ်စေကာမူ ထိုသူတို့ကို စောင့်ရှောက်အပ်သည်

မမည်ပါ၊ အကြောင်းသော်ကား ထိုဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင် တပ် တည်းဟူသော အစောင့်အရှောက်သည် ဗဟိဒ္ဓအစောင့်အရှောက်မျှသာ ဖြစ်သည် အဇ္ဈတ္တ အစောင့်အရှောက် မဟုတ်ပါ။

ထိုမှတပါး ဤလောကဝယ် အမှတ်မထင် အကြင်သူတို့သည် ကာယ ဝစီ မနောသုစရိုက်တရားတို့ကို ကျင့် ကြံ ပွါးများ အားထုတ်ကြပါပေကုန် သည်၊ ထိုသူတို့သည် မိမိကိုယ်ကို မိမိစောင့်ရှောက်အပ်သည် မည်ပါပေသည်။

ထိုသူတို့ကို ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ်တို့ မစောင့် ရှောက်အပ်သည် ဖြစ်စေကာမူ ထိုသူတို့သည် မိမိကိုယ်ကိုမိမိ စောင့်ရှောက်အပ် ပြီးဖြစ်ပါတော့သည်၊ အကြောင်းသော်ကား ထို ကာယ ဝစီ မနော သုစရိုက် တရားတို့ကို ပြုကျင့်ပွါးများ အားထုတ်ခြင်းသည် အတွင်း အစောင့်အရှောက် ပင် ဖြစ်ပါတော့သည်။ ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ် တည်းဟူ သော အစောင့်အရှောက်ပင် မရှိသော်လည်း အဇ္ဈတ္တ အစောင့်အနေ ချထား ပြီး ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို မိမိစောင့်ရှောက်အပ် သည် မည်ပါတော့သည် ဟု ဘုရားတပည့်တော် အကြံဖြစ်ပါကြောင်း ပြန် ပြောင်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဧဝမေတံ မဟာရာဇ ဧဝမေတံ မဟာ- ရာဇ-အစရှိသည်ဖြင့်——

ပသေနဒိ ကောသလမင်း....ဤသင်ပြောသည့်အတိုင်း မှန်လှသည်သာ တည်း။ပသေနဒိ ကောသလမင်း သင်ပြောသည့် ဤစကားသည် ဤအတိုင်း ပင် မှန်လှပါပေ၏၊ ဤလောကဝယ် ကာယ ဝစီ မနော တည်းဟူသော ဒုစရိုက် တရားကို လိုက်စားပြုမှားကြသော ပုဂ္ဂိုလ်တို့သည် ဆင်တပ် မြင်းတပ် ရထား တပ် ခြေလျင်တပ်တို့ အထပ်ထပ် စောင့်ကြပ်အပ်သော်လည်း အဇ္ဈတ္တိက အစောင့်အရှောက်မှ ကင်းဝေးကြသဖြင့် မိမိကိုယ်ကို မိမိစောင့်ရှောက်အပ် သည် မမည်ပေ။

ထိုမှတပါး ဤလောကဝယ် အချို့သော ပညာရှိသူတော်ကောင်းပုဂ္ဂိုလ် တို့သည် ကာယသုစရိုက် ဝစီ မနော သုစရိုက်တရားတို့ကို ကျင့်ကြံ ပွါးများ အားထုတ်ကြပါကုန်သည်၊ ထိုပုဂ္ဂိုလ်တို့သည် ဆင်တပ် မြင်းတပ် ရထား တပ် ခြေလျင်တပ်တို့ မစောင့်ရှောက်အပ်စေကာမူ ကိုယ်တွင်း အဇ္ဈတ္တိက

အစောင့်အရှောက်နှင့် ပြည့်စုံပြီးဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို မိမိစောင့်ရှောက်အပ်သည် မည်ပါပေသည် ဟု မိန့်ကြားပြီးလျှင် ဒေသနာတော်၏ အထွဋ် နိဂုံး ကမွတ် သတ်သောအားဖြင့်——

ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော လဇ္ဇီ၊ ရက္ခိတောတိ ပဝုစ္စတိ ။

ဟု သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် ဤအတ္တရက္ခိတ သုတ္တန်ဒေသနာတော်မြတ်ကို ပညတ်ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

အတ္တရက္ခိတသုတ် ပြီး၏

---

## အပ္ပကသုတ်

ပုစ္ဆာ။ ။အပ္ပကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ရာဇာနံပသေနဒိံ ကောသလံ အာရဗ္ဘ ဘာသိတံ။ ရာဇာ ဘန္တေ ပသေနဒိ ကောသလော ဘဂဝန္တံ ဥပသင်္ကမိတွာ “ဣဓ မယှံ ဘန္တေ ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ အပ္ပကာ တေ သတ္တာ လောကသ္မိံ၊ ယေ ဥဠာရေ ဥဠာရေ ဘောဂေ လဘိတွာ န စေဝ မဇ္ဇန္တိ န စ ပမဇ္ဇန္တိ၊ န စ ကာမေသု ဂေဓံ အာပဇ္ဇန္တိ”တိ ဧဝမာဒိကံ ဝစနံ အဝေါစ။ ဘဂဝါ စ ဘန္တေ “ဧဝမေတံ မဟာရာဇ ဧဝမေတံ မဟာရာဇာ”တိ ဧဝမာဒိနာ အပ္ပကသုတ္တံ ဘာသိတံ။

အမေး။ ။အပ္ပကသုတ္တန် မည်သော တရားဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ပသေနဒီ ကောသလမင်းကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ပသေနဒီ ကောသလမင်းသည် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်အား ဆိတ်ငြိမ်ရာသို့ ကပ်ရောက်၍ တယောက်တည်း ကိန်းအောင်းစဉ် ဤသို့ အကြံအစည် ဖြစ်ပါသည်။

"ဤလောကဝယ် အလွန့်အလွန် မွန်မြတ်သော စည်းစိမ်ချမ်းသာတို့ကို ရရှိပြီးလျှင် မမေ့လျော့သော ပုဂ္ဂိုလ်, မာန်မယစ်သောပုဂ္ဂိုလ်, အာရုံငါးပါး ကာမဂုဏ်တရားတို့၌ တပ်မက်ခြင်း ကင်းသော ပုဂ္ဂိုလ်,တပါးသော သတ္တဝါတို့ အပေါ်မှာ ဖောက်ဖောက်ပြန်ပြန် မကျင့်ကြံသော ပုဂ္ဂိုလ်တို့သည်ကား လွန်စွာ လွန်စွာ နည်းပါးလှကုန်၏၊ စင်စစ်သော်မူ ဤလောက၌ မြတ်ကုန် မြတ်ကုန်သော စည်းစိမ်ချမ်းသာတို့ကို ရရှိကြကုန်သည်ရှိသော် ထိုစည်းစိမ်တရားတို့ မြှောက်စားချက်ကြောင့် ထိုစည်းစိမ်ရှင် ဖြစ်သော ပုဂ္ဂိုလ်တို့သည် မာန်မာန ယစ်ကြကုန်သည် မေ့လျော့ကြပေကုန်သည်၊အာရုံငါးပါး ကာမဂုဏ်တရားတို့၌ သာလျှင် လိုက်စားတွယ်တာကြပေကုန်သည်၊ တပါးသော သတ္တဝါတို့အပေါ် မထီမဲ့မြင် ပြုခြင်း အစရှိသည်ဖြင့် ဖောက်ပြန်စွာ ကျင့်ကြံကြကုန်သည်၊ ထိုသို့သော သတ္တဝါတို့သာလျှင် များလှကုန်ချေ၏" ဟု တပည့်တော် အကြံ ဖြစ်ပါကြောင်း ပြန်ပြောင်း လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဧဝမေတံ မဟာရာဇ ဧဝမေတံ မဟာရာဇ-အစရှိသည်ဖြင့် ပသေနဒီ ကောသလမင်းကြီး .... ဤသင်မင်းတရား လျှောက်သည့်အတိုင်း မှန်လှသည်သာတည်း၊ ဤလောက၌ မြတ်ကုန် မြတ်ကုန်သော စည်းစိမ်ချမ်းသာတို့ကို ရကုန်သည်ရှိသော် ထိုရရှိသော သတ္တဝါတို့အနက်မှ မာန်မာန မကြီးသော မမေ့မလျော့သော အာရုံငါးပါး ကာမဂုဏ်တရားတို့၌ လိုက်စားမှုမှ ကင်းမဲ့သော တဘက်သားသတ္တဝါတို့ကို ဖောက်ဖောက်ပြန်ပြန် မပြုကျင့်သော ပုဂ္ဂိုလ်တို့သည်ကား နည်းပါးလှကုန်၏။

စင်စစ်သော်မူ မြတ်ကုန်မြတ်ကုန်သော စီးပွါးဥစ္စာတို့ကို ရရှိသည်ရှိသော် ထိုစည်းစိမ်ဥစ္စာတို့၏ မြှောက်ပင့်ချက်ကြောင့် မေ့လျော့သော ပုဂ္ဂိုလ်, မာန်မာနကြီးသောပုဂ္ဂိုလ်, ထိုအာရုံငါးပါး ကာမဂုဏ်တရားတို့၌ တပ်မက်ခြင်း

မကောင်းသော ပုဂ္ဂိုလ် ထိုအာရုံငါးပါး ကာမဂုဏ်တရားတို့၏ မြောက်ပင့်ချက်ကြောင့် လူတဘက်သားတို့အား မထီမဲ့မြင်ပြုခြင်း အစရှိသည်ဖြင့် ဖောက်ပြန်မှားယွင်းစွာ ကျင့်ကြသော ပုဂ္ဂိုလ်တို့သည်သာလျှင် ဤလောက၌ များလှကုန်၏ ဟု—

ဤအပွကမည်သော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် ပသေနဒိ ကောသလမင်းကိုပင် အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အပွကသုတ် ပြီး၏

---

## မလ္လိကာသုတ်

ပုစ္ဆာ။ ။မလ္လိကာသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ရာဇာနံယေဝ ပသေနဒိံ ကောသလံ အာရဗ္ဘ ဘာသိတံ။ ရာဇာ ဘန္တေ ပသေနဒိ ကောသလော မလ္လိကံ ဒေဝိံ ဧတဒဝေါစ "အတ္ထိ နု ခေါ တေ မလ္လိကေ ကောစညော အတ္တနာ ပိယတရော"တိ။ တသ္မိံ ဝတ္ထုသ္မိံ သဗ္ဗာဒိသာ အနုပရိဂမ္မ စေတသာတိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။မလ္လိကာသုတ္တန် မည်သော တရားဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ပသေနဒိ ကောသလမင်းကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။ ပသေနဒိ ကောသလမင်းသည် မလ္လိကာမိဖုရားကို အတ္ထိ နု ခေါ တေ မလ္လိကေ ကောစညော အတ္တနာ ပိယတရော-ဟု—

အို မလ္လိကာ မိဖုရား....သင့်အား မိမိထက် ပိုလွန်၍ ချစ်ခင်နှစ်သက် အပ်သော ပုဂ္ဂိုလ် တစုံတယောက် ရှိပါသလော ဟု မေးမြန်းပါသည်။

ထိုအခါ မလ္လိကာမိဖုရားသည်လည်း ယထာဘူတ ဟုတ်မှန်သော သဘာဝကို မလွန်ဆန်ဘဲ နတ္ထိ ခေါ မေ မဟာရာဇ ကောစညော အတ္တနာ ပိယတရော ဟု—

မြတ်သောမင်းကြီး....အကျွန်ုပ်အား မိမိထက်ပိုလွန်၍ ချစ်ခင်နှစ်သက် အပ်သော ပုဂ္ဂိုလ်ဟူ၍ တစုံတယောက်မျှ မရှိပါကြောင်း ပြန်ပြောင်းလျှောက် ထားပြီးလျှင်—

တုယှံ့ ပန မဟာရာဇ အတ္တညော ကောစိ အတ္တနာ ပိယတရော-မြတ်သောမင်းကြီး....အရှင်မင်းကြီးအားမူ မိမိထက် ပိုလွန်၍ ချစ်ခင်အပ်သော တစုံတယောက်သောသူ လောက၌ ရှိပါသလော ဟု မေးမြန်းသောအခါ—

မယှမ္ပိ ခေါ မလ္လိကေ နတ္ထညော ကောစိ အတ္တနာ ပိယတရော-ဟု အို မလ္လိကာ မိဖုရား....ငါ့အားလည်း မိမိထက် ပိုလွန်၍ ချစ်ခင်အပ်သူ တစုံတယောက်မျှ ဤလောကဝယ် မရှိကြောင်း ပြန်ပြောင်းမိန့်ကြားပါသည်။

ထိုအခါ ပသေနဒီ ကောသလမင်းသည် ဤအမေးအဖြေစကားကို ယူဆောင်၍ သဗ္ဗညုမြတ်စွာဘုရားထံမှောက် သွားရောက်ပြီးလျှင် ဤသို့ မိမိက မေးကြောင်း၊ မလ္လိကာမိဖုရားက ဤသို့ ဤသို့ ဖြေကြားကြောင်း၊ တဖန် မလ္လိကာ မိဖုရား ဤသို့မေး၍ မိမိက ဤပုံ ဤပန်း ဖြေကြားကြောင်း လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသခင်သည်၊

သဗ္ဗာ ဒိသာ အနုပရိဂမ္မ စေတသာ၊ နေဝဇ္ဈဂါ ပိယတရမတ္တနာ ကွစိ။
ဧဝံ ပိယော ပုထု အတ္တာ ပရေသံ၊ တသ္မာ န ဟိံသေ ပရမတ္တကာမော-ဟု

ပသေနဒီ ကောသလမင်းကြီး....အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို စိတ်ဖြင့် လှည့်လည်ကျက်စား ရှာဖွေပါသော်လည်း တစုံတခုသော အရပ်မှာ ပင်လျှင် မိမိထက် ပိုလွန် ချစ်ခင်နှစ်သက်အပ်သောသူ မရှိသလို၊ ထို့အတူ

ပင်လျှင် တပါးသော သတ္တဝါတို့အားလည်း အသီးအသီးပင် မိမိထက် ပိုလွန်သော ချစ်ခင်သော သူဟူ၍ မရှိနိုင်ပေ၊ မရနိုင်ပေ၊ ထို့ကြောင့် မိမိနှင့် ကိုယ်ချင်းစာတရားထားသော ပုဂ္ဂိုလ်သည် မိမိ၏အကျိုးကို မြော်ကိုးသောအားဖြင့် သူတပါးတို့ကို မညှဉ်းဆဲရာ ဟူ၍ သဗ္ဗညုမြတ်စွာဘုရားသည် ဤမလ္လိကာသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်သော အဌုပ္ပတ္တိကြောင့် ပသေနဒိ ကောသလမင်းကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မလ္လိကာသုတ် ပြီး၏

---

## သတ္တဇဋိလသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန သတ္တဇဋိလသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ရာဇာနံ ပသေနဒိံ ကောသလံ အာရဗ္ဘ ဘာသိတံ။ ရာဇာ ဘန္တေ ပသေနဒိ ကောသလော အစိရပက္ကန္တေသု သတ္တသု စ ဇဋိလေသု သတ္တသု စ နိဂဏ္ဌေသု သတ္တသု စ အစေလကေသု သတ္တသု စ ဧကသာဋကေသု သတ္တသု စ ပရိဗ္ဗာဇကေသု ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ ဘန္တေ ရာဇာ ပသေနဒိ ကောသလော ဘဂဝန္တံ ဧတဒဝေါစ “ယေ တေ ဘန္တေ လောကေ အရဟန္တော ဝါ အရဟတ္တမဂ္ဂံ ဝါ သမာပန္နာ၊ ဧတေ တေသံ အညတရာ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “ဒုဇ္ဇာနံ ခေါ ဧတံ မဟာရာဇ တယာ ဂိဟိနာ ကာမဘောဂိနာ ပုတ္တသမ္ဗာဓသယနံ အဇ္ဈာဝသန္တေန ကာသိကစန္ဒနံ ပစ္စနုဘောန္တေန မာလာဂန္ဓဝိလေပနံ ဓာရယန္တေန ဇာတရူပရဇတံ သာဒိယန္တေန “ဣမေ ဝါ အရဟန္တော၊ ဣမေ ဝါ အရဟတ္တမဂ္ဂံ သမာပန္နာ”တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော။ပ။ ထိုဘုရားရှင်သည် သတ္တဇဋိလ ဟု ခေါ် ဆိုအပ်သော ဒေသနာတော်မြတ်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် ပုဗ္ဗာရုံ ကျောင်းအရပ်ဝယ် ပသေနဒိကောသလမင်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးစံနေတော်မူသောအခါ ညနေချမ်းအချိန်၌ တပါးတည်း ကိန်းအောင်းရာမှ ထတော်မူ၍ ပုဗ္ဗာရုံကျောင်းတိုက် ပရိဝုဏ်၏ အရှေ့ဘက်ဌာနဝယ် ခင်းအပ်သော နေရာ၌ နေတော်မူလျက် ရှိပါသည်။

ထိုအခါ ပသေနဒိ ကောသလမင်းသည် ဘုရားထံမှောက် သွားရောက်ဆည်းကပ်လျက် ရှိနေပါသည်၊ ထိုအချိန်မှာပင် ခုနစ်ဦးသော ဆံကျစ်ဆောင်းသော ရသေ့တို့သည်၎င်း၊ ခုနစ်ဦးသော နိဂဏ္ဌတက္ကဒ္ဒန်းတို့သည်၎င်း၊ ခုနစ်ဦးသော အစေလကတက္ကဒ္ဒန်းတို့သည်၎င်း၊ ခုနစ်ဦးသော ဧကသာဋကတက္ကဒ္ဒန်းတို့သည်၎င်း၊ ခုနစ်ဦးသော ပရိဗိုဇ်တို့သည်၎င်း၊ မြတ်စွာဘုရား၏ မနီးမဝေးသောအရပ်မှ သွားနေကြဆဲ ဖြစ်ကြပါသည်။

ထိုအခါ ပသေနဒိ ကောသလမင်းသည် ဘုရားထံပါးမှ ထသွား၍ ထိုခုနစ်ဦးသော ရသေ့တို့ရှိရာအရပ်သို့ သွားရောက်ပြီးလျှင် မြေပြင်၌ လက်ျာဒူးဝန်းကို ညွတ်၍ ထိုခုနစ်ဦးသော ရသေ့တို့ ရှိရာသို့ လက်အုပ်ချီမိုး ရှိခိုးပြီးလျှင် ရာဇာဟံ ဘန္တေ ပသေနဒိ ကောသလော ရာဇာဟံ ဘန္တေ ပသေနဒိ ကောသလော-ဟု "အရှင်ဘုရားတို့....တပည့်တော်ကား ပသေနဒိ ကောသလမင်း ဖြစ်ပါသည်" ဟု နှစ်ကြိမ်တိုင်တိုင် မိမိအမည်ကို ထုတ်ဖော်ပြောကြားခဲ့ပါသည်—

သို့ ထုတ်ဖော်ပြောကြားပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားထံမှောက် လာရောက်၍ ယေ တေ ဘန္တေ လောကေ အရဟန္တော ဝါ အရဟတ္တမဂ္ဂံ ဝါ သမာပန္နာ၊ ဧတေ တေသံ အညတရာ- ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဤလောက၌ အကြင်သို့ သဘောရှိကုန်သော ရဟန္တာအရှင်သူမြတ်တို့သည်၎င်း အရဟတ္တမဂ်သို့ ရောက်ထိုက်သော ပုဂ္ဂိုလ်တို့သည်၎င်း ထင်ရှားရှိကြပါကုန်သည်၊ ထို ခုနစ်ဦးသော ရသေ့, ခုနစ်ဦးသော နိဂဏ္ဌ တက္ကဒွန်း, ခုနစ်ဦးသော အစေလက တက္ကဒွန်း, ခုနစ်ဦးသော ကေသာဋ္ဌကတက္ကဒွန်း, ခုနစ်ဦးသော ပရိဗိုဇ်တို့သည် လည်း ရဟန္တာဂိုဏ်းဝင်,စာရင်းဝင် ဖြစ်ပါကုန်သည် ဘုရား ဟု လျှောက်ထား ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဒုဇ္ဇာနံ ခေါ ဧတံ မဟာရာဇ တယာ-ဂိဟိနာ ကာမဘောဂိနာ-အစရှိသည်ဖြင့်——

**ကောသလ မဟာရာဇာ....ကာမစည်းစိမ်ကို ခံစား၍နေသော သား သမီးတို့ဖြင့် သားမယားတို့ဖြင့် ကြပ်တည်း ကျဉ်းမြောင်းစွာ နေထိုင်ရသော ကာသိတိုင်းဖြစ် စန္ဒကူးတို့ကို သုံးဆောင်လေ့ရှိသော ပန်းနံ့သာ နံ့သာပျောင်း တို့ကို ဆောင်ယူသုံးစွဲလေ့ရှိသော ရွှေ ငွေတို့ကို ကိုင်ခံ သာယာလေ့ရှိသော သင်ကဲ့သို့သော လူဝတ်ကြောင် ပုဂ္ဂိုလ်မျိုးသည်ကား"ဤပုဂ္ဂိုလ်တို့သည်ကား ရဟန္တာတို့ ပါပေတည်း၊ ဤပုဂ္ဂိုလ်တို့သည်ကား အရဟတ္တမဂ်သို့ ရောက်ဆိုက် သော ပုဂ္ဂိုလ်တို့ပါပေတည်း" ဟု သိဘို့ရန် လွန်စွာ လွန်စွာ ခဲယဉ်းလှပါ ပေကုန်သည်။**

သံဝါသေန ခေါ မဟာရာဇ သီလံ ဝေဒိတဗ္ဗံ။ ကောသလမဟာရာဇာ.... ဤလောကဝယ် ရှည်စွာပေါင်းလင့် မိတ်ဖက်သင့်မှ ကောင်းကျင့်,မကောင်း ကျင့်ကို သိနိုင်သည်၊ ထိုသို့ ကောင်းကျင့်, မကောင်းကျင့်ကိုလည်း နှလုံးသွင်း ပါမှ, ပညာရှိသူဖြစ်ပါမှ သိနိုင်သည်။ တိုတောင်းသော အချိန်ကာလအတွင်း၌ သော်၎င်း နှလုံးမသွင်း မဆင်ခြင်ခဲ့သော်၎င်း ပညာမရှိလျှင်သော်၎င်း မသိ နိုင်။

သံဝေါဟာရေန ခေါ မဟာရာဇ သောစေယျံ ဝေဒိတဗ္ဗံ၊ မြတ်သော မင်းကြီး....စကားနိုးနှော တာရှည်ပြောမှ သဘောစင်,မစင်ကို သိနိုင်သည်၊ ထိုသို့ သဘောစင်, မစင်ကိုလည်း ရှည်ကြာသော ကာလမှ,နှလုံးလည်း သွင်းပါ မှ,ပညာလည်း ရှိပါမှ သိမြင်နိုင်သည်။ တိုတောင်းသော အချိန်ကာလအတွင်း ဝယ် နှလုံးလည်း မသွင်းဘဲ ပညာလည်း မရှိပါမူ သိနိုင်ဘို့ရန် အကြောင်းမရှိ။

အာပဒါသု ခေါ မဟာရာဇ ထာမော ဝေဒိတဗ္ဗော၊ ကိုယ်တွင်ဘေးဘျမ်း စိုးအုပ်လွှမ်းကာမှ အစွမ်းသတ္တိ ရှိ-မရှိကို သိနိုင်ရာသည်၊ ထိုသို့ အစွမ်းသတ္တိ ရှိ-မရှိကိုလည်း ရှည်စွာသော ကာလမှ, နှလုံးသွင်း ဆင်ခြင် စဉ်းစားပါမှ ပညာရှိသူ မှန်ပါမှ သိနိုင်သည်။ တိုတောင်းသော အချိန်ကာလအတွင်း ဝယ် နှလုံးသွင်း မရှိခဲ့သော်ငြား ပညာရှိသူ မဟုတ်ခဲ့သော်ငြား မသိနိုင်ရာ။

ဆွေးနွေးထောက်လှမ်း ကြာရှည်စွာ စုံစမ်းမှ ဉာဏ်စွမ်း ရှိ-မရှိကိုလည်း သိနိုင်သည်၊ ထိုသို့ ပညာဉာဏ်စွမ်းရှိမရှိ သိဘို့ရန် အရေးမှာလည်း ရှည်စွာ သော ကာလမှ, နှလုံးလည်း သွင်းပါမှ, ပညာရှိသူလည်း ဖြစ်ပါမှ, သိနိုင်သည်။ တိုတောင်းသော အချိန်ကာလ အတွင်းဝယ် နှလုံးမသွင်းသူ ပညာမရှိသူ ဖြစ်ပါမူကား မသိနိုင်ရာ ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ ပသေနဒိ ကောသလမင်းတရားသည် အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ ယာဝ သုဘာသိတမိဒံ ဘန္တေ ဘဂဝတာ-အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....သင်မင်းတရား တို့ကဲ့သို့ ပကတိ လူဝတ်ကြောင် ပုဂ္ဂိုလ်တို့သည် ဤသူတို့သည်ကား ရဟန္တာတို့ တည်း၊ ဤသူတို့သည်ကား အရဟတ္တမဂ်သို့ ရောက်ထိုက်သော ပုဂ္ဂိုလ်တို့တည်း ဟု သိဘို့ရန် လွန်စွာ့ လွန်စွာ ခဲယဉ်းလှပါပေသည်။

ရှည်ကြာ ပေါင်းလင့် မိတ်ဖက်သင့်မှ ကောင်းကျင့်, မကောင်းကျင့်ကို သိနိုင်သည်။

စကားနှီးနှော တာရှည်ပြောမှ သဘော စင်, မစင်ကိုလည်း သိနိုင် ရာသည်။

ကိုယ်တွင် ဘေးဘျမ်း ဆိုက်ရောက်လွှမ်းမှ အစွမ်းသတ္တိ ရှိ, မရှိကိုလည်း သိနိုင်သည်။

ဆွေးနွေးစုံစမ်း ကြာမြင့်စွာ ထောက်လှမ်းမှ ဉာဏ် ပညာ အစွမ်း ရှိ,မရှိ ကို သိနိုင်သည် ဟူသော ရှင်တော်ဘုရား၏ စကားတော်သည် လက်ဖျစ်တီး၍ အံ့ခြီးထိုက်ပါပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပါပေစွ၊ ဤစကားသည် သုဘာသိတ အင်္ဂါ လုံလောက်စွာသော စကားတော်မြတ် ဖြစ်ပါပေသည်။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤသူတို့သည် ကား အခြားသူတို့ မဟုတ်ပါ၊ တပည့်တော်၏ သူလျှိုများဖြစ်ကြပါသည်၊

ဇနပုဒ် နယ်ပယ်အတွင်းဝယ် ရသေ့ယောင်ဆောင်၍ နိဂဏ္ဌ တက္ကဒွန်းယောင် ဆောင်၍ အစေလက တက္ကဒွန်းယောင်ဆောင်၍ ကေသာဋ္ဌက တက္ကဒွန်း ယောင်ဆောင်၍ ပရိဗိုဇ်ယောင်ဆောင်၍ ဇနပုဒ်အတွင်း လှည့်လည်၍စုံစမ်းခဲ့ ကြပါသည်။

ထိုသူတို့ စုံစမ်းပြီးမှ ဘုရားတပည့်တော်သည် အမှုခပ်သိမ်းကို ပြီးဆုံး စေပါသည်၊ ထိုသူတို့သည်ကား ယခုပင်လျှင် မိမိတို့ အိမ်သို့ရောက်ပြီးလျှင် မိမိတို့ ကိုယ်၌ ကပ်ငြိသော မှုအညစ်အကြေးတို့ကို ဆေးကြောသုတ်သင်၍ အာရုံငါးပါး ကာမဂုဏ်ဘသားတို့ဖြင့် တင့်တယ်စွာ ခံစား သုံးဆောင်ကြပါလိမ့် မည် ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဤအကြောင်းအနက် အဓိပ္ပါယ်ကို စိတ်ဖြာခွဲခြမ်း သိမြင်တော်မူလတ်သဖြင့်——

န ဝဏ္ဏရူပေန နရော သုဇာနော၊ န ဝိဿသေ ဣတ္တရဒဿနေန။
သုသညတာနံ ဟိ ဝိယဉ္ဇနေန၊ အသညတာ လောကမိမံ စရန္တိ။

ပတိရူပကော မတ္တိကာကုဏ္ဍလောဝ၊ လောဟဍ္ဎမာသောဝ သုဝဏ္ဏဆန္နော။
စရန္တိ လောကေ ပရိဝါရဆန္နာ၊ အန္တော အသုဒ္ဓါ ဗဟိသောဘမာနာ-ဟူ၍

ဤလောက၌ အဆင်းအရောင် အပေါ်ရုံဘမ်းကို မြင်ကာမျှဖြင့် ပုဂ္ဂိုလ် တဦးတယောက်ကို သိလွယ်သည် မဟုတ်၊ မြင်ရတာ မကြာသေးမီ အတွင်း ဝယ် ချစ်ကျွမ်းဝင်မှုကို မပြုရာ၊ အကြောင်းသော်ကား ဤလောကဝယ် ကိုယ် နှုတ် နှလုံး သုံးပါးလုံး စောင့်သုံးတော်မူကြသော တကယ့်စင်စစ် ရဟန်းတော် သူတော်ကောင်းတို့၏ အသွင် အပြင် အမူအရာဖြင့် ကိုယ်နှုတ်နှလုံး သုံးပါး လုံးကို မစောင့်သုံးကြသော သူတို့သည် လှည့်လည်ကျက်စား သွားလာလျက် ရှိကြပေသည်။

ပကတိရွှေနားဒောင်း၏ အသွင်ဖြင့် မြေနားဒောင်းကဲ့သို့ရင်း အပေါ်ရုံ ရွှေရည်ဆန်းသည့် ပဲခြမ်းမျှ အဘိုးထိုက်တန်သော ကြေးပိုက်ဆန်ကဲ့သို့ရင်း

ဤလောကဌ် အတွင်းမှ မစင်ကြယ်ကြကုန်ဘဲ အပဝယ် စင်ကြယ်ဟန်ဆောင် ကြသည့် များစွာသော အပေါ်ရံ အဝတ်အရုံမျှ ရဟန်းအမည်ခံ ပုဂ္ဂိုလ် တို့သည် ဤလောကဌ် လှည့်လည်ကျက်စား သွားလာလျက် ရှိပေကုန်သည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဤသတ္တဇဋိလသုတ္တန် ဒေသနာတော်မြတ်ကို ပသေနဒိ ကောသလမင်းကို အကြောင်းပြု၍ စိတ်ဖြာခွဲခြား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

သတ္တဇဋိလသုတ် ပြီး၏

---

## ပဉ္စရာဇသုတ်

ပုစ္ဆာ။ ။ပဉ္စရာဇသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ရာဇာနံယေဝ ပသေနဒိံ ကောသလံ အာရဗ္ဘ ဘာသိတံ။ ရာဇာ ဘန္တေ ပသေနဒိ ကောသလော ဘဂဝန္တံ ဧတဒဝေါစ "ကိံ နု ခေါ ဘန္တေ ကာမာနံ အဂ္ဂ"န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "မနာပပရိယန္တံ ခွါဟံ မဟာရာဇ ပဉ္စသု ကာမဂုဏေသု အဂ္ဂန္တိ ဝဒါမီ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ပဉ္စရာဇသုတ် ဟု ခေါ်ဆို ပညတ်အပ်သော တရားဒေသနာ တော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာ ဘုရားသခင်သည် အဘယ်အရပ်ဒေသဌ် အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သိသော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ပသေနဒိ ကောသလမင်းကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံး နေတော်မူသောအခါ ပသေနဒိ ကောသလမင်း အမှူးပြုသော ငါးဦးသော မင်းတရားတို့အား ဤသို့ အကြားစကားသည် ဖြစ်ခဲ့ပါသည်၊ "အာရုံငါးပါး

ကာမဂုဏ်တရားတိတွင် အဘယ်တရားသည် အမြတ်ဆုံးဖြစ်သနည်း” ဟု မင်းကိုးတို့မှ အကြား နှီးနှောသောစကား တခုဖြစ်ခဲ့ပါသည်။

ထို အစည်းအဝေးဝယ် အချို့သော မင်းတို့က ရူပါရုံကို အလေးအမြတ် ပြုသူတို့ ပီပီ အာရုံငါးပါးတို့တွင် ရူပါရုံသည် အမြတ်ဆုံးဖြစ်သည် ဟူ၍ ပြောဆို ကြပါသည်၊ အချို့သော မင်းတို့သည် မူကား သဒ္ဒါရုံကို၊ အချို့သော မင်းတို့ သည်ကား ဂန္ဓာရုံ၊ ရသာရုံ၊ အချို့သော မင်းတို့သည်ကား ဖောဋ္ဌဗ္ဗာရုံသည် အာရုံငါးပါးတို့တွင် အမြတ်ဆုံးဖြစ်သည် ဟု ပြောဆိုကြပါသည်။

ထိုအခါ ပသေနဒီ ကောသလမင်းတရားသည် ထိုမင်းတို့ကို ဘုရားထံ မှောက် ခေါ်ဆောင်လာ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေပြီး လျှင် သဗ္ဗညုမြတ်စွာဘုရားကို—

ဣဓ ဘန္တေ အမှာကံ ပဉ္စန္နံ ရာဇူနံ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတာနံ သမင်္ဂီဘူတာနံ ပရိစာရယမာနာနံ အယမန္တရာကထာ ဥဒပါဒိ ‘ကိံ နု ခေါ ကာမာနံ အဂ္ဂ’န္တိ-အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဤလောကဝယ် အာရုံငါးပါး ကာမဂုဏ်တရားတို့နှင့် ပြည့်စုံတင့်တယ် စံပယ်၍ နေကြကုန်သော တပည့်တော်တို့ မင်းငါးဦးတို့အား မင်းကိစ္စကို စီရင်သည်မှ အကြားဝယ် အာရုံငါးပါးတို့ဘွင် အဘယ်ကာမတရားတို့သည် အမြတ်ဆုံးဖြစ်သနည်း ဟု စကားနှီးနှော ပြောဆိုခဲ့ခြင်း ဖြစ်ကြပါသည်။

အချို့က ရူပါရုံ၊ အချို့က သဒ္ဒါရုံ၊ အချို့က ဂန္ဓာရုံ၊ အချို့က ရသာရုံ၊ အချို့က ဖောဋ္ဌဗ္ဗာရုံသည် အာရုံငါးပါး ကာမတရားတို့တွင် အမြတ်ဆုံးဖြစ် သည် ဟု ပြောဆိုကြပါသည်။

ကိံ နု ခေါ ဘန္တေ ကာမာနံ အဂ္ဂံ။ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အာရုံငါးပါး ကာမတရားတို့ဘွင် အဘယ်တရားသည် အမြတ် ဆုံး ဖြစ်ပါသနည်း ဟု မေးလျှောက်ခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် မနာပပရိယန္တံ ခွါဟံ မဟာရာဇ ပဉ္စသု ကာမဂုဏေသု အဂ္ဂန္တိ ဝဒါမိ-အစရှိသည်ဖြင့်—

ကောသလမဟာရာဇာ....ငါဘုရားသည် အာရုံငါးပါး ကာမဂုဏ်တရားတို့တွင် နှစ်သက်ခြင်းလျှင် လွန်သော၊နှစ်သက်အပ်သော အာရုံလျှင်လွန်သော အပိုင်းအခြား, အမြတ်ဆုံးအပိုင်းအခြား ရှိ၏ ဟူ၍ ငါဘုရား ဟောဆိုသည်။

တေဝ မဟာရာဇ ရူပါ ဧကစ္စဿ မနာပါ ဟောန္တိ၊ တေဝ ရူပါ ဧကစ္စဿ အမနာပါ ဟောန္တိ-အစရှိသည်ဖြင့် မြတ်သောမင်းကြီး ထိုရူပါရုံ တမျိုးတည်းမှာပင်လျှင် အချို့သော ပုဂ္ဂိုလ်အား နှစ်သက်ဘွယ် ဖြစ်သည်၊ အချို့သော ပုဂ္ဂိုလ်အား မနှစ်သက်ဘွယ် ဖြစ်ရသည်။

ထို့အတူ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အာရုံတမျိုး တမျိုးတည်းမှာပင် အချို့သော ပုဂ္ဂိုလ်အား နှစ်သက်မှု အချို့သောပုဂ္ဂိုလ်အား မနှစ်သက်မှု ဖြစ်ရပါသည်။

စင်စစ်သော်မူ ငါဘုရားသည် အကြင် အကြင် အာရုံ ဝတ္ထုသည် သတ္တဝါတို့သည် နှစ်သက်အပ် စိတ်နှလုံးကို ပွါးများစေတတ်ပါ၏၊ ထိုထိုအာရုံကိုပင်လျှင် ထိုသတ္တဝါတို့အဘို့ အမြတ်ဆုံး အကောင်းဆုံး ဟူ၍ သာလျှင် လောက ပညတ်အားဖြင့် ငါဘုရားဟောကြားတော်မူအပ်သည် ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ အနီး၌ စန္ဒနင်္ဂလိက အမည်ရှိသော ဥပါသကာ ဒါယကာ တယောက်သည် ထင်ရှားရှိ၍ ပဋိဘာတိ မံ ဘဂဝါ၊ပဋိဘာတိ မံ သုဂတ-ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်၏ ဉာဏ်ဝယ် ချီးမွမ်းသော ဂါထာတပိုဒ် ထင်၍လာပါသည် ဟု လျှောက်ထားသော အခါ "ပဋိဘာတု တံ စန္ဒနင်္ဂလိက " ဟု—

ဒါယကာ စန္ဒနင်္ဂလိက....သင်၏ ဉာဏ်ဝယ် လွတ်လွတ်ရှင်းရှင်း ထင်နိုင်ခွင့်ရှိသည် ဟု သဗ္ဗညုမြတ်စွာဘုရား ခွင့်ပေးတော်မူခဲ့ပါသည်။

ထိုအခါ စန္ဒနင်္ဂလိက အမည်ရှိသော ဥပါသကာ ဒါယကာသည်—

ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ-ဟု—

ဤသို့ပင် ချီးကျူးစကား လျှောက်ထားယူရလောက်အောင် ပဋ္ဌာန အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော

အဋ္ဌုပ္ပတ္တိကြောင့် ပသေနဒိ ကောသလမင်းကို အကြောင်းပြု၍ သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပဥ္စမသုတ် ပြီး၏

---

## ဒုတိယအပုတ္တကသုတ်

ပုစ္ဆာ။ ။ဒုတိယအပုတ္တကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ရာဇာနံယေဝ ပသေနဒိံ ကောသလံ အာရဗ္ဘ ဘာသိတံ။ ရာဇာ ဘန္တေ ပသေနဒိ ကောသလော ဘဂဝန္တံ ဥပသင်္ကမိတွာ "ဣဓ ဘန္တေ သာဝတ္ထိယံ သေဋ္ဌိ ဂဟပတိ ကာလင်္ကတော၊ တမဟံ အပုတ္တကံ သာပတေယျံ ရာဇန္တေပုရံ အတိဟရိတွာ အာဂစ္ဆာမိ"တိ ဝေမာဒိကံ ဝစနံ အဝေါစ။ ဘဂဝါ စ ဘန္တေ "ဝေမေတံ မဟာရာဇ၊ ဝေမေတံ မဟာရာဇ၊ ဘူတပုဗ္ဗံ သော မဟာရာဇ သေဋ္ဌိ ဂဟပတိ တဂ္ဂရသိခိံ နာမ ပစ္စေကသမ္ဗုဒ္ဓံ ပိဏ္ဍပါတေန ပဋိပါဒေသီ"တိ ဝေမာဒိနာ တဿ သေဋ္ဌိဿ ဂဟပတိဿ အတီတံ ဝတ္ထုံ အာဟရိတွာ ပရိယောသာနေ စတူဟိ ဂါထာဟိ ဘာသိတံ။

အမေး။ ။အပုတ္တကသုတ် နှစ်ခုတို့တွင် နှစ်ခုမြောက်ဖြစ်သော ဒုတိယ အပုတ္တက သုတ္တန်တရားတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်ဒေရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ပသေနဒိ ကောသလမင်းကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူသော တနေ့အခါ ပသေနဒိ ကောသလမင်းတရားသည် နေမွန်းတည့်ချိန်ဝယ် သဗ္ဗညုဘုရားထံမှောက်သို့ ရောက်လာပါသည်။

သဗ္ဗညုမြတ်စွာဘုရားက အဘယ်ကြောင့် နေမွန်းတည့် ရှိန်ရှိန်ကြီး အချိန်မှာ မြတ်သောမင်းကြီး ကျောင်းတော်သို့ လာရောက်ရသနည်း ဟု မေးမြန်းတော်မူသည်တွင် "ဣဓ ဘန္တေ သာဝတ္ထိယံ သေဋ္ဌိ ဂဟပတိ ကာလင်္ကတော" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤသာဝတ္ထိပြည်မှာ သူဌေးတဦး စုတိပြတ်ကျွေ သေလွန်ခဲ့ပါသည်၊ ထိုသူဌေး၏ စီးပွါးဥစ္စာတို့သည်ကား ရွှေအသပြာတို့သည်ပင်လျှင် သိန်းပေါင်းတရာမျှ ရှိပါသည်။ ငွေအသပြာမှာမူ ဆိုဘွယ်မရှိ ဖြစ်ပါတော့သည်။ ထိုသူဌေး၏ သားမရှိသော ဥစ္စာနှစ်အစုကို တပည့်တော်သည် မင်းဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးသော် ယခုအခါ ရှင်တော်ဘုရားထံမှောက် လာရောက်ခြင်း ဖြစ်ပါပေသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ထို သူဌေးအား အဝတ်အရာဝယ် သုံးနံစပ် ဖြစ်သော ရှုံချည်ပုဆိုးကိုပင်လျှင် ဝတ်ဆင်ပါသည်။ ထိုသူဌေးသည် စားသောအရာ၌လည်း ပုန်းရည်လျှင် နှစ်ခွက်မြောက် ဆန်ကွဲထမင်းကိုသာလျှင် စားလေ့ရှိပါသည်၊ ယာဉ်အသုံးအဆောင်နေရာမှာလည်း သစ်ရွက်ထီးကို မိုးလျက် လွန်စွာ လွန်စွာ ဟောင်းမြင်းလှသော ယာဉ်ငယ်ဖြင့် သွားလာလေ့ရှိပါသည် ဟု သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဧဝမေတံ မဟာရာဇ၊ ဧဝမေတံ မဟာရာဇ-အစရှိသည်ဖြင့်—

မြတ်သော မင်းကြီး....သင်ပြောသည့်အတိုင်း မှန်လှသည်သာတည်း သင်ပြောသည့်အတိုင်း မှန်လှသည်သာတည်း။

မြတ်သော မင်းကြီး....ရှေး၌ ဖြစ်ဘူး အကြောင်းထူးကား ထိုသူဌေးသည် ရှေးတခုသော ဘဝဝယ် ပဒုမာဒေဝီ၏ သားဖြစ်သော ပစ္စေကဗုဒ္ဓါငါးရာတို့အနက် သုံးဆူမြောက်ဖြစ်သော တဂ္ဂရသိခီ အမည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်သူမြတ် ဆွမ်းခံကြွလာသည်ကို မိမိအိမ်သားတို့အား ဆွမ်းလှူစေဘိုရန် ခွင့်ပြုခဲ့ပါသည်။

ဆွမ်းလှူဘို့ရန် တိုက်တွန်းခွင့်ပြုပြီးလျှင် မင်းကိစ္စဖြင့် နေရာမှထ၍ သွားခဲ့ပါသည်၊ အိမ်မှာရှိသော သူဌေးကတော်သည်လည်း အခွင့်ရသဖြင့် လွန်စွာမွန်မြတ်သော ပဏီတ ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ပစ္စေကဗုဒ္ဓါအရှင်သူမြတ်အား လှူဒါန်းဆက်ကပ်ခဲ့ပါသည်။

ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်သည် ထိုဆွမ်းကို ဆောင်ယူ၍ ပြန်အကြွတွင် ထိုသူဌေးနှင့် လမ်းဝယ်တွေ့၍ အရှင်ဘုရား တပည့်တော်အိမ်မှ ဆွမ်းရပါ၏လော ဟု မေးလျှောက်သောအခါ ရခဲ့ကြောင်းပြန်ပြောင်းမိန့်ကြားသည်တွင် ပစ္စေကဗုဒ္ဓါအရှင်၏ သပိတ်ကို လှမ်း၍ ကြည့်လိုက်ပါသည်။

ထိုအခါ ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်သည် သပိတ်ကို ဖွင့်၍ ပြသောအခိုက် လွန်စွာမွှေးကြိုင်သော ဆွမ်းအနံ့ကို နမ်းရှုပ်မိသောအခါ ထိုသူဌေးသည် နှလုံးမသာမယာ ဖြစ်မိသည်မှာ——

ဤမွှေးကြိုင်လှသော ကောင်းမွန်လှသော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ငါ၏အိမ်မှာရှိသော ကျွန်ယောကျ်ား အစေအပါးတို့ကို ကျွေးရပါမူကောင်းလေစွ ဟူ၍ နှလုံးမသာမယာ ဖြစ်ခဲ့ပါသည်။

ထိုမှတပါး ထိုသူဌေးသည် မိမိနောင်ရင်း၏သား တူရင်း ခေါက်ခေါက် ဖြစ်သော သူငယ်တယောက်ကို စီးပွါး ဟူသော အကြောင်းကြောင့် ဇီဝိတိန္ဒြေမှ ထိုဘဝဝယ် ချခဲ့ဘူးပါသည်။

မြတ်သော ပသေနဒီ ကောသလမင်းကြီး....ထိုသူဌေးသည် ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်အား ဆွမ်းကို လှူဒါန်းခဲ့ဘူးခြင်း ဆွမ်းလှူဒါန်းဘို့ရန် ခွင့်ပြုခဲ့ခြင်း တည်းဟူသော အကြောင်းကြောင့် ခုနစ်ဘဝတိုင်တိုင် နတ်ပြည်၌ နတ်ချမ်းသာကို ခံစားခဲ့ရသည်။ ခုနစ်ဘဝတိုင်တိုင် ဤသာဝတ္ထိပြည်မှာပင်လျှင် သူဌေးအဖြစ်ဖြင့် လူ့ပြည်သို့ သက်ရောက်ခဲ့ရသည်။

မြတ်သော မင်းကြီး....ထိုသူဌေးမှာ ဤမွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဘောဇဉ်ကို ငါ၏ အိမ်မှာရှိသော ကျွန်ယောကျ်ား အမှုလုပ်များ စားရမူကောင်းလေစွ ဟူ၍ နှလုံးမသာမယာ ဖြစ်ခဲ့သော မကောင်းမှု အကုသိုလ်ကံကြောင့် ဖြစ်လေရာရာ သူဌေးဘဝ ခုနစ်ဘဝလုံးမှာပင်လျှင် မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို သုံးဆောင်ရန်လည်း စိတ်မညွတ်နိုင်၊ မွန်မြတ်သော

အဝတ် အစား မွန်မြတ်သော ယာဉ်ရထား မွန်မြတ်သော အာရုံငါးပါးတို့ကို သုံးစွဲဘို့ရန်လည်း စိတ်မညွတ်နိုင်ဘဲ ရှိပေသည်။

စီးပွါးဥစ္စာ ဟူသော အကြောင်းကြောင့် မိမိနောင်ရင်း၏သား တူရင်း ခေါက်ခေါက် ဖြစ်သော သူငယ်ကို ဇီဝိတိန္ဒြေမှ ချခဲ့ခြင်း သတ်ခဲ့ခြင်း တည်းဟူသော မကောင်းမှု အကုသိုလ်ကံကြောင့် များစွာသော နှစ်အရာ များစွာသော နှစ်အထောင် များစွာသော နှစ်အသောင်း အသိန်းအသန်းတို့ ကာလပတ်လုံး ငရဲ၌ ကျက်ခဲ့၍ စုတိပြတ်ကျွေ သေလွန်ခဲ့ရုံမျှမက ထိုအကုသိုလ်ကံ၏ ဝိပါက်အာနိသင် အကြွင်းအကျန်ကြောင့် ဤသာဝတ္ထိပြည်ဝယ် သူဌေးဘဝ ခုနစ်ဘဝ ရရှိပါသော်လည်း သားသမီး မဖြစ်ထွန်းဘဲ သားမရှိသော စည်းစိမ်ဥစ္စာကို မင်းအိမ်သို့ပင်လျှင် ခုနစ်ဘဝဆက်၍ သွင်းခဲ့ရပေသည်။

မြတ်သော ပသေနဒိ ကောသလမင်းကြီး....ယခုမူ ကား ထိုသူကြွယ်အား ကုသိုလ်ဟောင်းလည်း ကုန်ခန်းခဲ့လေပြီ၊ ကုသိုလ်အသစ်ကိုလည်း တဖန်ထပ်၍ မပွါးများ အားမထုတ်ခဲ့ချေ။ ယခုမူ ထိုသူကြွယ်သည်ကား စုတိပြတ်ကျွေ သေလွန်သည်မှ နောက်ကာလဝယ် မဟာရောရုဝငရဲသို့ ကပ်ရောက်ခဲ့ပြီ ဟု မိန့်ကြားတော်မူပြီးလျှင်——

ဓညံ ဓနံ ရဇတံ ဇာတရူပံ၊ ပရိဂ္ဂဟံ ဝါပိ ယဒတ္ထိ ကိဉ္စိ၊
ဒါသာ ကမ္မကရာ ပေဿာ၊ ယေ စဿ အနုဇီဝိနော။
သဗ္ဗံ နာဒါယ ဂန္တဗ္ဗံ၊ သဗ္ဗံ နိက္ခိပ္ပဂါမိနံ။
ယဉ္စ ကရောတိ ကာယေန၊ ဝါစာယ ဥဒစေတသာ။
တံ ဟိ တဿ သကံ ဟောတိ၊ တံဝ အာဒါယ ဂစ္ဆတိ။
တံဝဿ အနုဂံ ဟောတိ၊ ဆာယာဝ အနပါယိနီ။
တသ္မာ ကရေယျ ကလျာဏံ၊ နိစယံ သမ္ပရာယိကံ။
ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ ဟု——

ဤလောကဝယ် တွေ့ရသမျှ ရှိသမျှ ရသမျှ အလုံးစုံကုန်သော သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်း ဥစ္စာတို့ကို တမလွန်ဘဝသို့ ယူဆောင်၍ သွားနိုင်သော သဘောမရှိချေ။ ဤဘဝမှာပင် ပစ်စွန့်ခဲ့ရသော သဘောရှိချေ၏။

အကြင် ကာယသုစရိုက် ကာယဒုစရိုက် ဝစီသုစရိုက် ဝစီဒုစရိုက် မနောသုစရိုက် မနောဒုစရိုက်ကို ပြုစုကြိုးစား ပွါးများအားထုတ်ခဲ့၏၊ ထို မိမိပြုစု

ကြိုးစားအားထုတ်ခဲ့သော သုစရိုက်ဆယ်ပါး ဒုစရိုက်ဆယ်ပါး ကုသိုလ် အကုသိုလ်ကံ တရားသည်သာလျှင် မိမိ၏ နောက်သို့ အရိပ်ပမာ လိုက်ပါခဲ့ချေ၏။

သို့ဖြစ်သောကြောင့် တမလွန်လောကဝယ် ကောင်းကျိုးကို မြော်ကိုးသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် သုစရိုက် ဆယ်ပါး ကုသိုလ်တရားကို ပွါးများအားထုတ်ရမည်၊ ကောင်းမှုကုသိုလ်ဆယ်ပါး သုစရိုက်တရားတို့သည် တမလွန်လောကဝယ် သတ္တဝါတို့၏ ထောက်ရာ တည်ရာ ကိုးစားရာ ဖြစ်ပေသည် ဟု ဤဒုတိယအပုတ္တက သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်သော အဋ္ဌုပ္ပတ္တိကြောင့် ပသေနဒီ ကောသလမင်းကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒုတိယအပုတ္တကသုတ် ပြီး၏

ကောသလသံယုတ် ပြီး၏။

---

## မာရသံယုတ်

### တပေါကမ္မသုတ်

ပုစ္ဆာ။ ။တပေါကမ္မသုတ္တံ ပနာဝုသော ဘဂဝတာ ဇိနေန ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဥရုဝေလာယံ ဘန္တေ မာရံ ပါပိမန္တံ အာရဗ္ဘ ဘာသိတံ။ မာရော ဘန္တေ ပါပိမာ ဘဂဝန္တံ ဥပသင်္ကမိတွာ ဂါထာယ အဇ္ဈဘာသိ။

“တပေါကမ္မာ အပက္ကမ္မ၊ ယေန သုဇ္ဈန္တိ မာဏဝါ။
အသုဒ္ဓေါ မညသိ သုဒ္ဓေါ၊ သုဒ္ဓိမဂ္ဂါ အပရဒ္ဓေါ”တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

“အနတ္ထသံဟိတံ ဉတွာ၊ ယံ ကိဉ္စိ အမရံ တပံ။
သဗ္ဗံ နတ္ထာဝဟံ ဟောတိ၊ ဖိယာရိတ္တံဝ ဓမ္မနိ။
သီလံ သမာဓိ ပညဉ္စ၊ မဂ္ဂံ ဗောဓာယ ဘာဝယံ။
ပတ္တောသ္မိ ပရမံ သုဒ္ဓိံ၊ နိဟတော တွမသိ အန္တကာ”တိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဇိနေန ဘာသိတံ။

အမေး။ ။ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် တည်းဟူသော မာရ်ငါးပါးတို့ကို ပယ်ရှားသုတ်သင် အောင်မြင်တော်မူပြီးသောကြောင့် ဇိန ဟူသော အမည်နာမဖြင့် လောကသုံးပါး၌ ထင်ရှားကျော်စောတော်မူသော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင်သည် တပေါကမ္မ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဥရုဝေလ တောအရပ် အဇပါလညောင်ပင်ရင်းဝယ် သီတင်းသုံး နေတော်မူသောအခါ မာရ်နတ်သားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဥရုဝေလ တောအရပ် အဇပါလညောင်ပင်ရင်း သီတင်းသုံးနေတော်မူသောအခါ ရှင်တော်ဘုရား၏ စိတ်သန္တာန်ဝယ်——

မုတ္တော ဝတမှိ တာယ ဒုက္ကရကာရိကာယ၊ ခဲယဉ်းပင်ပန်းစွာသော အကျင့်မှ လွတ်မြောက်ခဲ့လေပြီ။

သာဓု မုတ္တော ဝတမှိ တာယ အနတ္ထသံဟိတာယ ဒုက္ကရကာရိကာယ၊ ငါသည် အကျိုးမဲ့နှင့်စပ်သော ထိုပင်ပန်းဆင်းရဲလှစွာသော ဒုက္ကရစရိယာ အကျင့် ပဋိပတ်မှ လွတ်မြောက်ခဲ့လေပြီ။

ငါသည်ကား ယခုအခါ ကောင်းစွာ လွတ်မြောက်၍ အရဟတ္တမဂ် အရဟတ္တဖိုလ် သဗ္ဗညုတဉာဏ်တော်သို့ ဆိုက်ရောက်ခဲ့လေပြီ ဟု အကြံအစည် ဖြစ်တော်မူပါသည်။

ထိုအခါ မာရ်နတ်သားသည် သဗ္ဗညုဘုရားထံမှောက်သို့ ချဉ်းကပ်ပြီးလျှင်——

တပေါကမ္မာ အပက္ကမ္မ၊ ယေ န သုဇ္ဈန္တိ မာဏဝါ။
အသုဒ္ဓေါ မညသိ သုဒ္ဓေါ၊ သုဒ္ဓိမဂ္ဂါ အပရဒ္ဓေါ-ဟု——

အကြင် သတ္တဝါတို့သည် မိမိတို့ကိုယ်ကို မိမိတို့ မစင်ကြယ်ကြသည် ဖြစ်ပါလျက် စင်ကြယ်၏ ဟု အမှတ်ရှိကြပါပေကုန်၏၊ ဒုက္ကရစရိယာ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ် အတ္တကိလမထာနုယောဂ အကျင့်မှ ဖယ်ရှား

တိမ်းရှောင်ကြပြီးလျှင် မိမိတို့သည် မစင်ကြယ်သူ ဖြစ်ကြပါကုန်လျက် မိမိတို့ကိုယ်ကို စင်ကြယ်သောသူဟူ၍ မှတ်ထင်ကြပါပေကုန်သည်၊ ထိုပုဂ္ဂိုလ်တို့သည်ကား တကယ်စင်ကြယ်ကြောင်းဖြစ်သော ခရီးလမ်းအကျင့်စဉ်မှ ဝေးခြားလှကုန်၏ ဟု သဗ္ဗညုမြတ်စွာဘုရားအား ထိပါးပြောဆိုခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

အနုတ္ထသံဟိတံ ဥတ္တာ၊ ယံကိဉ္စိ အမရံ တပံ။
သဗ္ဗံ နတ္ထာဝဟံ ဟောတိ၊ ဖိယာရိတ္တံဝ ဓမ္မနိ။

အစရှိသော နှစ်ဂါထာဖြင့်—

ဟယ် မာရ်နတ်သား....ကုန်းခေါင်ခေါင် တောအရပ်ဝယ် ပစ္စည်းဘဏ္ဍာအပြည့်တင်၍ လှေကြီးကို ထိုးဝါး တက်မတို့ဖြင့် များစွာသော ယောကျ်ားတို့သည် လှော်ကုန်ခတ်ကုန်ပါသော်လည်း ပင်ပန်းရုံ နွမ်းနယ်ရုံသာ အကျိုးရ၍ တစုံတခု အကျိုးမရှိသကဲ့သို့ ထို့အတူ သင်ပြောဆိုသော အတ္တကိလမထာနုယောဂ အကျင့်ခပ်သိမ်းတို့သည်ပင်လျှင် အကျိုးမရ အကျိုးမဲ့နှင့် စပ်သည်ကို ကြွင်းမဲ့ကုန်စင် ငါဘုရားသည် သိမြင်ခဲ့ပြီး ဖြစ်ပေသည်။

သို့ အကျိုးမဲ့နှင့် စပ်သည်ကို ကြွင်းမဲ့ကုန်စင် သိမြင်ခဲ့ပြီးဖြစ်သောကြောင့် မဇ္ဈိမပဋိပဒါ လမ်းမှန်ဖြစ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ-အာဇီဝ မဂ္ဂင် တည်းဟူသော သီလက္ခန္ဓာ, သမ္မာဝါယာမ သမ္မာသတိ သမ္မာ-သမာဓိ တည်းဟူသော သမာဓိက္ခန္ဓာ, သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင် တည်းဟူသော ပညာက္ခန္ဓာ ဤခန္ဓာသုံးပါးတို့ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော အရိယ-အဋ္ဌင်္ဂိကမဂ္ဂင်တရားကို ပွါးများအားထုတ်ခဲ့ပြီ ဖြစ်သောကြောင့် ယခုအခါ ငါဘုရားသည် သူမတူတန် ကဲလွန်ထူးမြတ်လှစွာသော အစင်ကြယ်ဆုံးဖြစ်သည့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လျက် ရှိချေပြီ၊ သင် မာရ်နတ်သားသည်ကား အဆုံးကြီးဆုံး၍ အရှုံးကြီး ရှုံးခဲ့လေပြီ ဟု သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ဆိုအပ်သော အဋ္ဌုပ္ပတ္တိကြောင့် ဤတပေါကမ္မသုတ္တန် ဒေသနာတော်မြတ်ကို ပညတ်ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

တပေါကမ္မသုတ် ပြီး၏

## ဟတ္ထိရာဇဝဏ္ဏသုတ်

ပုစ္ဆာ။ ။ဟတ္ထိရာဇဝဏ္ဏသုတ္တံ ပနာဝုသော ဘဂဝတာ ဇိနေန ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထိတံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဥရုဝေလာယံ ဘန္တေ မာရကံယေဝ ပါပိမန္တံ အာရဗ္ဘ ဘာသိတံ။ မာရော ဘန္တေ ပါပိမာ ဘဂဝတော ဘယံ ဆမ္ဘိတတ္တံ လောမဟံသံ ဥပ္ပါဒေတုကာမော မဟန္တံ ဟတ္ထိရာဇဝဏ္ဏံ အဘိနိမ္မိနိတွာ ယေန ဘဂဝါ တေနုပသင်္ကမိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

"သံသရံ ဒီဃမဒ္ဓါနံ၊ ဝဏ္ဏံ ကတွာ သုဘာသုဘံ။
အလံ တေ တေန ပါပိမ၊ နိဟတော တွမသိ အန္တကာ"တိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဇိနေန ဘာသိတံ။

အမေး။ ။ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် တည်းဟူသော ငါးပါးသော မာရ်တို့ကို ပယ်ရှား သုတ်သင် အောင်မြင်တော်မူပြီးသောကြောင့် **ဇိန** ဟူသော အမည်တော်နာမဖြင့် လောကသုံးပါး၌ ထင်ရှားတော်မူသော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင်သည် ဟတ္ထိရာဇဝဏ္ဏမည်သော သုတ္တန်ဒေသနာတော်မြတ်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဥရုဝေလ တောအရပ် အဇပါလညောင်ပင်ရင်း သီတင်းသုံးနေတော်မူသောအခါ မာရ်နတ်သားကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဥရုဝေလတောအုပ် အဇပါလညောင်ပင်ရင်း သီတင်းသုံးနေတော်မူသောအခါ တနေ့သောအချိန်၌ အကာလညအချိန်ဝယ် ဟင်းလင်းအပြင် လွင်တီးခေါင်သို့ ထွက်၍ သီတင်းသုံးစံနေတော်မူဆဲဖြစ်လတ်ပါသည်၊ မိုးသည်လည်း တပေါက် တပေါက် ပြိုးပြိုးပြောက်ပြောက် ရွာလျက် ရှိပါသည်။

ထိုအခါ မာရ်နတ်သားသည် မြတ်စွာဘုရားအား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းကို ဖြစ်စေလိုသည်ဖြစ်၍ တောင်ထွဋ်ပမာဏ ကြီးကျယ်လှစွာသော ဆင်မင်း၏အယောင် ဖန်ဆင်းပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ ချဉ်းကပ်ရောက်ခဲ့ပါသည်။

ဤသို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် သဗ္ဗညုမြတ်စွာဘုရားသည်—

သံသရံ ဒီဃမဒ္ဓါနံ ၊ဝဏ္ဏံ ကတွာ သုဘာသုဘံ၊

အလံ တေ တေန ပါပိမ၊ နိဟတော တွမသိ အန္တက ဟု—

ရှည်လျားစွာသော အခါကာလကပင်လျှင် သင်မပြုဘူး မဖန်ဆင်းဘူး မခြောက်လှန့်ဘူးသော အဆင်းအာရုံ ရူပါရုံ ဟူ၍ မရှိခဲ့ဘူး၊ ရှည်လျားစွာသော အချိန်ကာလကပင် အစပြု၍ သင်သည် အဆင်း အာရုံ ရူပါရုံ အမျိုးမျိုး တင့်တယ် မတင့်တယ်သော ရူပါရုံ အမျိုးမျိုးကို ဖန်ဆင်း၍ ငါဘုရားထံမှောက် အကြိမ်ကြိမ် ရောက်ခဲ့လှပြီ။

ယုတ်မာညစ်ညမ်းသော ဟယ်မာရ်နတ်.... မည်မျှပင် သင်သည် အား ထုတ်စေကာမူ ငါဘုရားအား ကြောက်ခြင်း ထိတ်လန့်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်း ထစေခြင်းငှါ စွမ်းနိုင်မည် မဟုတ်ချေ။

ဟယ် မာရ်နတ်....သင်ကား ရှုံးခဲ့လေပြီတကား ဟု ငါးပါးမာရ်ညွန့်ရန်အဘုန့်ကို မရှုံမထိတ် ခြသေ့်စိတ်သို့ နိတ်နိတ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အောင်တော်မူ မြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် ထိုမာရ်နတ်သားကိုပင် အကြောင်းပြု၍ ဟတ္ထိရာဇဝဏ္ဏသုတ္တန်ဒေသနာတော်မြတ်ကို ပညတ်ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဟတ္ထိရာဇဝဏ္ဏသုတ် ပြီး၏
မာရသံယုတ် ပြီး၏

---

## ဘိက္ခုနီသံယုတ်

### အာဠဝိကာသုတ်

ပုစ္ဆာ။ ။ဣဒါနိ အာဝုသော ဘိက္ခုနီ သံယုတ္တံ ပုစ္ဆာမိ၊ ယံ တေသ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သာဝတ္ထိကာယံ ထေရီယိ အတ္တနော

စ ဗုဒ္ဓသာသနဿ စ ယထာဘူတံ ဂုဏံ ပကာသေတွာ ဘာသိတံ။ တတ္ထာဝုသော ပဉ္စမံ ပေါရာဏကေဟိ မဟာကဿပါဒီဟိ ဓမ္မသံဂါဟကေဟိ ထေရဝရေဟိ သံဂီတံ အာဠဝိကာသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန [၁] ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ မာရံ ပါပိမန္တံ အာရဗ္ဘ အာဠဝိကာယ ဘိက္ခုနိယာ ဘာသိတံ။ မာရော ဘန္တေ ပါပိမာ အာဠဝိကာယ ဘိက္ခုနိယာ ဘယံ ဆမ္ဘိတတ္တံ လောမဟံသံ ဥပ္ပါဒေတုကာမော ဝိဝေကမှာ စာဝေတုကာမော အာဠဝိကံ ဘိက္ခုနိံ ဂါထာယ အဇ္ဈဘာသိ—

“နတ္ထိ နိဿရဏံ လောကေ၊ ကိံ ဝိဝေကေန ကာဟသိ။
ဘုဉ္ဇဿု ကာမရတိယော၊ မာဟု ပစ္ဆာနုတာပိနီ”တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

“အတ္ထိ နိဿရဏံ လောကေ၊ ပညာယ မေ သုဖုဿိတံ။
ပမတ္တဗန္ဓု ပါပိမ၊ န တွံ ဇာနာသိ တံ ပဒံ။
သတ္တိသူလူပမာ ကာမာ၊ ခန္ဓာသံ အဓိကုဋ္ဋနာ။
ယံ တွံ ကာမရတိံ ဗြူသိ၊ အရတိ မယှ သာ အဟူ”တိ။

ဧဝံ ခေါ ဘန္တေ အာဠဝိကာယ ဘိက္ခုနိယာ ဘာသိတံ။

အမေး။ ။ပူဇော်အထူးကို ခံတော်မူထိုက်သော ဥဩယျာမ် ငါးပါး တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါး သခင် ထိုဘုရားရှင်၏ တပည့် သာဝိကာမ ဖြစ်ကုန်သော ရဟန္တာထေရီမတို့ သည် မိမိ၏ ဂုဏ်ကိုရင်း ဗုဒ္ဓသာသနာတော်မြတ်၏ ဂုဏ်ကိုရင်း ဟုတ်မှန် သည့်အတိုင်း ထင်ရှားဖော်ပြ၍ ဟောကြားထားသော ဘိက္ခုနီသံယုတ် ဟု ခေါ်ဆိုအပ်သော သံယုတ်ကို ယခုအခါ ကာလ၌ မေးမြန်းပေအံ့။

ထိုဘိက္ခုနီသံယုတ်၌ အရှင်မဟာကဿပ အစရှိသော ရှေးသံဂါယနာ တင် မဟာထေရ်မြတ်တို့သည် ရှေးဦးစွာ သံဂါယနာတင်၍ ထားခဲ့သော အာဠဝိကာသုတ် မည်သော တရားဒေသနာကို အဘယ်အရပ်ဒေသ၌ အဘယ်

၁။ အမေးပုစ္ဆာဖြစ်သောကြောင့် သာမညအားဖြင့် ပုဂ္ဂလေနကိုင်၍ ကေန--ဟု ပုလ္လိန်ဖြင့် ထားသည်။

ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် မာရ်နတ်ကို အကြောင်းပြု၍ အာဠဝီပြည်သူ ဇာတိ ဖြစ်သော အာဠဝိကာ အမည်ရှိသော ထေရီဘိက္ခုနီမ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ အာဠဝီပြည်လျှင် ဘွားရာဇာတိ ရှိသောကြောင့် အာဠဝိကာ ဟူ၍ ခေါ်တွင်သော အရိယာသာဝိကာ ရဟန္တာထေရီမသည် နံနက်အခါ သာဝတ္ထိပြည်တွင်း၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် သာဝတ္ထိပြည်၏အနီး ကဿပမြတ်စွာဘုရား၏ စေတီတော်၌ နဝကမ္မအလို့ငှါ အသပြာဥစ္စာတို့ကို ဆောက်တည် စီမံစေ၍ ကြွလာတော်မူသော ယသောဓရေ အမည်ရှိသော အရိယာမထေရ်သူမြတ်အား ငါးရာသော ခိုးသားတို့သည် စီးပွါးဥစ္စာဟူသော အကြောင်းကြောင့် မျက်စိကို ထိုးဖောက်ကြခြင်း တည်းဟူသော အကုသိုလ်ကံကြောင့် ဒိဋ္ဌဓမ္မအကျိုးရကြ၍ ငါးရာသော ခိုးသားတို့သည် ထိုဘဝ၌ပင်လျှင် မျက်စိကွယ်ခြင်းသို့ ရောက်ခဲ့ကြရပါသည်။ ထိုငါးရာသော မျက်မမြင် ခိုးသားတို့ နေရာဌာန တောအုပ်ဖြစ်ခြင်းကြောင့် **အန္ဓဝန** ဟူ၍ ခေါ်ယူပညတ် သမုတ်အပ်သော တောအုပ်အတွင်းသို့ သက်ဝင်ပြီးလျှင် တခုသော သစ်ပင်ရင်း၌ ဝိဝေကကို အလိုရှိသည်ဖြစ်၍ ချဉ်းကပ်နေထိုင်ပါသည်။

ထိုအခါ မာရ်နတ်သားသည် အာဠဝိကာ ထေရီဘိက္ခုနီမ၏ ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းကို ဖြစ်စေလိုသဖြင့်၎င်း ဝိဝေကမှ ထစေလိုသဖြင့်၎င်း အာဠဝိကာ ထေရီဘိက္ခုနီမကို—

နတ္ထိ နိဿရဏံ လောကေ၊ ကိံ ဝိဝေကေန ကာဟသိ။

ဘုဉ္ဇဿု ကာမရတိယော၊ မာဟု ပစ္ဆာနုတာပိနီ-ဟု—

အို ဘိက္ခုနီထေရီမ....ဤလောက၌ တေဘူမက ဝဋ်ဒုက္ခမှ ထွက်မြောက်ရာ နိဗ္ဗာန်ဟူ၍ လုံးဝမရှိပါ၊ ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေကတရားကို ပွါးများခြင်းဖြင့် အကျိုးမရှိပါ။

အို ဘိက္ခုနီထေရီမ....အာရုံငါးပါး ကာမဂုဏ်တရားတို့၌ ပျော်ပါး မွေ့လျော်ခြင်းတည်းဟူသော ကာမရတိကို သုံးဆောင်ခံစားပါလော့၊ နောက်အခါမှာမှ နောင်တတဖန် ဖူပန်ခြင်း မဖြစ်ပါစေလင့် ဟု မသင့်သောစကားကို ပြောကြားခဲ့ပါသည်။

ထိုအခါ အာဠဝိကာ ထေရီဘိက္ခုနီမသည်——

အတ္ထိ နိဿရဏံ လောကေ၊ ပညာယ မေ သုဖုဿိတံ။
ပမတ္တဗန္ဓု ပါပိမ၊ န တွံ ဇာနာသိ တံ ပဒံ။

ယုတ်မာလှသော ဟယ် မာရ်နတ်....ဤလောကဝယ် တေဘူမက ဝဋ္ဋဒုက္ခမှ ထွက်မြောက်ရာဖြစ်သော ပရမတ္ထနိဗ္ဗာန်သည် ကေန်စင်စစ် အလွန်ပင်ရှိခဲ့ပါပေသည်၊ ထိုပရမတ္ထနိဗ္ဗာန်ကို ငါသည်ကား မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် ကိုယ်တိုင် ဆိုက်ရောက် မျက်မှောက်ပြုအပ်ပြီး ဖြစ်ပါပေသည်။

ဟယ် ယုတ်မာသော မာရ်နတ်....ထိုနိဗ္ဗာန်တရားအစုကိုင်း ထိုနိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သော အဋ္ဌင်္ဂိက မဂ္ဂင်တရားကိုင်း သင်နတ် သားသည်ကား လားလားမျှမသိ ဖြစ်ချေသည်။

သတ္တိသူလူပမာ ကာမာ၊ ခန္ဓာသံ အဓိကုဋ္ဋနာ။
ယံ တွံ ကာမရတိံ ဗြူသိ၊ အရတိ မယှ သာ အဟု——

ယုတ်မာလှသော ဟယ် မာရ်နတ်....ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါး ကာမတရားတို့သည်ကား လှံသွားလျှင် တူသော ဥပမာရှိကြပေကုန်၏၊ ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တည်းဟူသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား ထိုအာရုံငါးပါး ကာမဂုဏ်တရား တည်းဟူသော လှံသွားတို့ဖြင့် ထိုး ဆွရာ ခုတ်ရာ ထစ်ရာ ဖြစ်သော စဉ်းတီတုံးသဖွယ် ဖြစ်ပေကုန်၏။

ယုတ်မာလှစွာသော ဟယ် မာရ်နတ်....သင်သည် အကြင် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါး၌မွေ့လျော်ခြင်း မွေ့လျော်ဘို့ရန် ကာမရတိကို ပြောကြား၏၊ သင်ပြောဆိုအပ်သော အာရုံငါးပါး ကာမဂုဏ်တရားအစုသည် ငါ့အဘို့ဝယ် မွေ့လျော်ရာ စင်စစ် မဖြစ်၍

သာ နေတော်မူသည် ဟု အာဠဝိကာ ထေရီမသည် လျှောက်ဆိုအပ်ပြီးသော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် ဤအာဠဝိကာ အမည်ရသော ဘိက္ခုနီ သံယုတ္တသုတ္တန် ဒေသနာတော်မြတ်ကို မာရ်နတ်သားကို အကြောင်းပြု၍ ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

အာဠဝိကာသုတ် ပြီး၏

---

## သောမာသုတ်

ပုစ္ဆာ။ ။သောမာသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံယေဝ ဘန္တေ အန္ဓဝနေ မာရံ ပါပိမန္တံ အာရဗ္ဘ သောမာယ ဘိက္ခုနိယာ ဘာသိတံ။ မာရော ဘန္တေ ပါပိမာ သောမာယ ဘိက္ခုနိယာ ဘယံ ဆမ္ဘိတတ္တံ လောမဟံသံ ဥပ္ပါဒေတုကာမော သမာဓိမှာ စာဝေတုကာမော သောမံ ဘိက္ခုနိံ ဂါထာယ အဇ္ဈဘာသိ။

"ယံ တံ ဣသီဟိ ပတ္တဗ္ဗံ၊ ဌာနံ ဒုရဘိသမ္ဘဝံ။
န တံ ဒွင်္ဂုလပညာယ၊ သက္ကာ ပပ္ပေါတုမိတ္ထိယာ"တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

"ဣတ္ထိဘာဝေါ ကိံ ကယိရာ၊ စိတ္တမှိ သုသမာဟိတေ။
ဉာဏမှိ ဝတ္တမာနမှိ၊ သမ္မာ ဓမ္မံ ဝိပဿတော။
ယဿ နူန သိယာ ဧဝံ၊ ဣတ္ထာဟံ ပုရိသောတိ ဝါ။
ကိဉ္စိ ဝါ ပန အညသ္မိ၊ တံ မာရော ဝတ္တုမရဟတီ"တိ။

ဧဝံ ခေါ ဘန္တေ သောမာယ ဘိက္ခုနိယာ အရိယသာဝိကာယ ဘာသိတံ။

အမေး။ ။ထိုဘိက္ခုနီသံယုတ်၌ ရှေးရှေးသော သံဂါယနာတင် မဟာထေရ်မြတ်တို့သည် ဒုတိယသုတ်အဖြစ်ဖြင့် သံဂါယနာတင်၍ ထားသော သောမာသုတ္တန် မည်သော တရားဒေသနာကို အဘယ်အရပ်ဒေသ၌ အဘယ်

သူကို အကြောင်းပြု၍ ဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အန္ဓဝန်တောအရပ်ဝယ် မာရ်နတ်သားကို အကြောင်းပြု၍ သောမာထေရီဘိက္ခုနီဟောကြားအပ်ပါသည်။

သောမာထေရီဘိက္ခုနီသည် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းခံရာမှ ဖဲခဲ့သည်ရှိသော် သာဝတ္ထိပြည်အနီး အန္ဓဝန်တောအုပ်အတွင်းသို့ သက်ရောက်၍ တခုသော သစ်ပင်ရင်းဝယ် သမာဓိချမ်းသာဖြင့် နေ့သန့်စင်၍ နေခဲ့ပါသည်။

ထိုအခါ မာရ်နတ်သားသည် သောမာထေရီဘိက္ခုနီမ၏ ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်း ထခြင်းကို ဖြစ်စေလိုသဖြင့်၎င်း ထိုဖလ သမာဓိမှ ထစေလိုသဖြင့်၎င်း သောမာထေရီဘိက္ခုနီရှိရာ အရပ်သို့ ချဉ်းကပ် ပြီးလျှင်——

ယံ တံ ဣသီဟိ ပတ္တဗ္ဗံ၊ ဌာနံ ဒုရဘိသမ္ဘဝံ။
န တံ ဒွင်္ဂုလပညာယ၊ သက္ကာ ပပ္ပေါတုမိတ္ထိယာ-ဟု——

အို သောမာထေရီ ဘိက္ခုနီ.... အကြင် အရဟတ္တဖိုလ် မည်သော အထွဋ်အထိပ်ဖြစ်သော လောကုတ္တရာ တရားတော်မြတ်ကို ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ တည်းဟူသော အဓိပတိ လေးခဏ်း, ရှေးရှုပြဋ္ဌာန်း၍ အားထုတ်ကြိုးပမ်းနိုင် ကြပါမှ အဓိပတိ လေးတန် ပြဋ္ဌာန်းတော်မူကြသည့် ရသေ့ရဟန်း တကယ့် ယောကျ်ားသားတို့မှ ရောက်အပ် ရအပ်သော တရားမျိုး ဖြစ်ပါပေသည်။

ထို အရဟတ္တဖိုလ် မည်သော လောကုတ္တရာတရား၏ အထွဋ်အထိပ် ဖြစ်သော တရားကို အနည်းငယ်မျှ ပညာရှိသော လက်ချောင်းကလေး နှစ်ခု ဖြင့် ဝါဂွမ်းလိပ်ကို ကိုင်ယူကာ ချည်ကို ငင်ရုံ ငင်ရုံမျှ တတ်နိုင်သော ဉာဏ် ပညာရှိသည့် ဣတ္ထိဂိုဏ်းဝင် သင်တို့ကဲ့သို့သော အမျိုးသမီးများသည် အဘယ် မှာလျှင် ထိုအရဟတ္တဖိုလ်ပေါက်ရောက် နိုင်ပါအံ့နည်း၊ မရောက်နိုင်သည်သာ တည်း ဟု မသင့်တင့် မလျောက်ပတ်သော စကားကို ပြောကြားခဲ့ပါသည်။

ထိုအခါ သောမာထေရီ ဘိက္ခုနီမသည်—

ဣတ္ထိ ဘာဝေါ ကိံ ကယိရာ၊ စိတ္တမှိ သုသမာဟိတေ။
ဉာဏမှိ ဝတ္တ မာနမှိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

ဟယ် ယုတ်မာလှစွာသော မာရ်နတ်....သမာဓိကို အဦးထားသည့် စိတ်ဆိုသော တရားသည် ဥပစာရ အပ္ပနာသမာဓိ အနေဖြင့် အာရုံတခုဝယ် လေငြိမ်ရာ၌ ညီထွန်းအပ်သော ဆီမီးပမာ တည်ငြိမ်ခဲ့သည် ရှိသော်ငြား ဝိပဿနာ ဉာဏ်ပညာ မိမိသန္တာန်ဝယ် ဖြစ်လတ်သော်ငြား ဤသမာဓိဝိပဿနာ ဉာဏ်ပညာ ၂-ပါးကို အကြောင်းပြု၍ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ တည်းဟူသော သစ္စာလေးပါး တရားနက်ကို ထိုးထွင်းသိမြင်သော မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား သဂ္ဂန္တရာယ်လည်း မဟုတ် မဂ္ဂန္တရာယ်လည်း မဟုတ်သည့် ဣတ္ထိဘာဝရုပ် အဘယ်မှုစအံ့နည်း၊ ဣတ္ထိဘာဝရုပ်သည် သဂ္ဂန္တရာယ် မဂ္ဂန္တရာယ်တို့ကို မပြုနိုင် မကာကွယ် မပယ်ရှားနိုင်တော့သည်သာတည်း။

ယဿ နူန သိယာ ဧဝံ၊ ဣတ္ထာဟံ ပုရိသောတိ ဝါ။
ကိဉ္စိ ဝါ ပန အညသ္မိ၊ တံ မာရော ဝတ္တုမရဟတိ။

ယောကျ်ားဖြစ်စေ, မိန်းမ ဖြစ်စေ,အမှတ်မထင် အကြင်သူအား ငါကား ယောကျ်ားတည်း ငါကား မိန်းမတည်း ဤကား ငါတည်း ဤကား ငါ့ဥစ္စာတည်း ဤကား ငါ၏ အတ္တလိပ်ပြာတည်း ဟူ၍ တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ ဤအစွဲသုံးပါးတို့တွင် တပါးပါးသောအစွဲ ထင်လင်းရှိပါပေ၏၊ ထိုကဲ့သို့ တဏှာ, မာန, ဒိဋ္ဌိ တည်းဟူသော အစွဲသုံးပါး မလွတ်သေးသော ပုဂ္ဂိုလ်ကိုသာလျှင် အသင်မာရ်နတ်သားသည် ယံ တံ ဣသိဟိ ပတ္တဗ္ဗံ-အစရှိသည်ဖြင့် ပြောဆိုသင့်ပေသည်။

တဏှာ, မာန, ဒိဋ္ဌိ တည်းဟူသော အစွဲသုံးပါး ပယ်ရှားပြီးသော ငါတို့ကဲ့သို့သော ပုဂ္ဂိုလ်ကိုမူ ဣတ္ထိဘာဝရုပ်ကို ကိုင်ကာ နှိမ့်ချသောအားဖြင့် ဤသို့ မပြောကြားသင့်ပါ ဟု သောမာထေရီ အရိယာသာဝိကာ ဘိက္ခုနီမသည် လျှောက်ဆိုအပ်သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် သာဝတ္ထိပြည် အန္ဓဝန် တောအရပ်ဝယ် သောမာသုတ္တ အမည်ရသော ဤဘိက္ခုနီသံယုတ္တဒေသနာ မြတ်ကို မာရ်နတ်သားကို အကြောင်းပြု၍ စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

သောမာသုတ် ပြီး၏

# ကိသာဂေါတမီသုတ်

ပုစ္ဆာ။ ။တတ္ထာဝုသော ကိသာဂေါတမီသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံယေဝ ဘဂဝတာ အန္ဓဝနေ မာရံ ပါပိမန္တံ အာရဗ္ဘ ကိသာဂေါတမိယာ ဘိက္ခုနိယာ ထေရိယာ ဘာသိတံ။မာရော ဘဂဝတာ ပါပိမာ ကိသာဂေါတမိယာ ဘိက္ခုနိယာ ဘယံ ဆမ္ဘိ-တတ္တံ လောမဟံသံ ဥပ္ပါဒေတုကာမော သမာဓိမှာ စာဝေတု-ကာမော ကိသာဂေါတမိံ ဘိက္ခုနိံ ဂါထာယ အဇ္ဈ-ဘာသိ——

"ကိံ နု တွံ မတပုတ္တာဝ၊ ဧကမာသိ ရုဒမ္မုခီ။
ဝနမဇ္ဈဂတာ ဧကာ၊ ပုရိသံ နု ဂဝေသသီ"တိ။

တသ္မိံ ဘဂဝတာ ဝတ္ထုသ္မိံ——

အစ္စန္တံ မတပုတ္တာမှိ၊ ပုရိသာ ဧတဒန္တိကာ။
န သောစာမိ န ရောဒါမိ၊ န တံ ဘာယာမိ အာဝုသော။

သဗ္ဗတ္ထ ဝိဟတာ နန္ဒီ၊ တမောက္ခန္ဓော ပဒါလိတော။
ဇေတွာန မစ္စုနော သေနံ၊ ဝိဟရာမိ အနာသဝါ"တိ။

ဧဝံ ခေါ ဘဂဝတာ ကိသာဂေါတမိယာ ဘိက္ခုနိယာ ဘာသိတံ။

အမေး။ ။ထို ဘိက္ခုနီသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော ကိသာဂေါတမီသုတ် မည်သော တရားဒေသနာကို အဘယ်အရပ်ဒေသ၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်မည်သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အန္ဓဝန်တောအရပ်ဝယ် မာရ်နတ်သားကိုပင် အကြောင်းပြု၍ ကိသာဂေါတမီထေရီမ ဟောကြားအပ်ပါသည်။

ကိသာဂေါတမီ ထေရီမသည် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် အန္ဓဝန်တောအုပ်အတွင်း တခုသော သစ်ပင်ရင်းဝယ် စျာနသမာဓိ ဖလသမာဓိဖြင့် နေ့သန့်စင်၍ နေခဲ့ပါသည်။

ထိုအခါ မာရ်နတ်သားသည် ကိသာဂေါတမီထေရီမအား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်းကို ဖြစ်စေလို၍၎င်း ဈာနသမာဓိ, ဖလသမာဓိမှ ထစေလို၍၎င်း ကိသာဂေါတမီ ဘိက္ခုနီထေရီမကို—

ကိံ နု တွံ မတပုတ္တာဝ၊ ဧကမာသိ ရုဒမ္မုခီ။
ဝနမဇ္ဈဂတာ ဧကာ၊ ပုရိသံ နု ဂဝေသသီ- ဟု—

အို ကိသာဂေါတမီ ထေရီမ....အသင်သည် ကား သားသေပြီးသော မိခင်ပမာ ငိုမဲ့သော မျက်နှာဖြင့် ဤအန္ဓဝန်တောအုပ်အတွင်း တယောက် ထီးထီး ရောက်၍နေပါပေသည်။ ဤအန္ဓဝန်တောအုပ်အတွင်း တ တယောက်ထီးထီး ရောက်၍လာခြင်းမှာ အဖော်ကိုများ ရှာလေရော့ သလားဟု မသင့်တင့် မလျောက်ပတ်သော စကားကို ပြောကြားခဲ့ပါသည်။

ထိုအခါ ကိသာဂေါတမီထေရီမသည်—

အစ္စန္တံ မတပုတ္တာမှိ၊ ပုရိသာ ဧတဒန္တိကာ။
န သောစာမိ န ရောဒါမိ၊ န တံ ဘာယာမိ အာဝုသော။

ဒါယကာ မာရ်နတ်....သင်ပြောကြားသည့်အတိုင်း ငါသည်ကား သား သေ၍ ငိုရခြင်း တည်းဟူသော ဒုက္ခသည် ယခုဘဝမှာ အပြီးအဆုံးသို့ တိုင် ရောက်ခဲ့လေပြီ၊ နောင်အနာဂတ် သံသရာဝယ် သားသေ၍ ငိုကြွေးရခြင်း တည်းဟူသော ပရိဒေဝဒုက္ခ ဤဘဝမှာပင်လျှင် အကြွင်းမဲ့ ပျက်စီးခဲ့လေပြီ၊ အကြွင်းမဲ့ ဖြတ်တောက်အပ်လေပြီ။

ထို့အတူပင် အဖော်ယောကျ်ားကို ရှာမှီးခြင်း တည်းဟူသော ဒုက္ခ ထိုအဖော်နှင့်ကွေကွင်းရခြင်း တည်းဟူသော ဒုက္ခကိုလည်း ဤဘဝမှာပင် လျှင် အကြွင်းမဲ့ ဖြတ်တောက်အပ်လေပြီ၊ ထိုသို့ အဖော်နှင့် ကွေကွင်းရခြင်း တည်းဟူသော ဒုက္ခကား ဤဘဝမှာပင်လျှင် အကြွင်းမဲ့ ဆုံးခဲ့လေပြီ။

ငါသည်ကား ယခုဘဝမှစ၍ စိုးရိမ်ခြင်းသောကတရား ငိုကြွေးခြင်းပရိ ဒေဝတရားတို့ဖြင့် တွေ့ရတော့ ကြိမ်ရတော့မည် မဟုတ်ချေ၊ ထိုစိုးရိမ်ငိုကြွေး ခြင်း အစရှိသော အကုသိုလ်တရားအစုကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်အပ်ပြီး ဖြစ်လေသည်၊ ထိုသို့ စိုးရိမ်ခြင်း ငိုကြွေးခြင်း အစရှိသော

အကုသိုလ်တရား ကိလေသာတရားတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်သော ကြောင့် ပင်လျှင် သင့်ကိုလည်း ငါသည် လားလားမျှ မကြောက်တော့ပြီ—

သဗ္ဗတ္ထ ဝိဟတာ နန္ဒီ၊ တမောက္ခန္ဓော ပဒါလိတော။
ဧဝံ ဇာနာဟိ ပါပိမ၊ နိဟတော တွမသိ အန္တက။ 

ဟယ် မာရ်နတ်သား....ငါတမူကား အလုံးစုံသော တေဘူမကတရားတို့၌ နှစ်သက်တတ်သော နန္ဒီရာဂ အမည်ရသော ဘဝဝဋ်မြစ်ကိုလည်း အကြွင်းမဲ့ ပယ်သတ်အပ်လေပြီ၊ အဝိဇ္ဇာ တည်းဟူသော မှောင်တုံးကိုလည်း အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ အကြွင်းမထား အလုံးစုံအကုန်ပင် ဖောက်ထွင်း အပ်ခဲ့လေပြီ၊ မစ္စုမာရ်၏ စစ်သည်ဖြစ်သော တထောင့်ငါးရာ ကိလေသာ အပေါင်းကိုလည်း အောင်ပြီး နိုင်ပြီး အောင်နိုင်ပြီး ဖြစ်၍ လေးဖြာအာသဝေါ ကွာလျှော့ကုန်ခန်း ရဟန္တာစင်စစ် ဖြစ်၍ နေရပြီ ဟု ကိသာဂေါတမီထေရီမ သည် လျှောက်ဆိုအပ်ပြီးသော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် သာဝတ္ထိပြည် အရပ်ဝယ် မာရ်နတ်ကိုပင် အကြောင်းပြု၍ ဤကိသာဂေါတမီသုတ္တန် ဒေသနာ တော်မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ကိသာဂေါတမီသုတ် ပြီး၏

---

## ဥပ္ပလဝဏ္ဏာသုတ်

ပုစ္ဆာ။ ။တတ္ထာဝုသော ပေါရာဏောဟိ သံဂီတိကာရမဟာထေရဝရေဟိ သံဂီတံ ဥပ္ပလဝဏ္ဏာသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံဝိဟရတော ဘန္တေ အန္ဓဝနေ မာရံ ပါပိမန္တံ အာရဗ္ဘ ဥပ္ပလဝဏ္ဏာယ ဘိက္ခုနိယာ ဘာသိတံ။ မာရော ဘန္တေ ပါပိမာ ဥပ္ပလဝဏ္ဏာယ ဘိက္ခုနိယာ ဘယံ ဆမ္ဘိတတ္တံ လောမဟံသံ ဥပ္ပါဒေတုကာမော သမာဓိမှာ စာဝေတုကာမော ဥပ္ပလဝဏ္ဏံ ဘိက္ခုနိံ ဂါထာယ အဇ္ဈဘာသိ—

"သုပုပ္ဖိတဂ္ဂံ ဥပဂမ္မ ဘိက္ခုနိ၊ ဧကာ တုဝံ တိဋ္ဌသိ သာလမူလေ။
န စတ္ထိ တေ ဒုတိယာ ဝဏ္ဏဓာတု၊ ဗာလေ န တွံ ဘာယသိ ဓုတ္တကာန"န္တိ။

တဿာ ဘန္တေ ဝတ္ထုသ္မိံ—

"သတံ သဟဿာနိပိ ဓုတ္တကာနံ၊
ဣဓာဂတာ တာဒိသကာ ဘဝေယျုံ။
လောမံ န ဣဉ္ဇာမိ န သန္တသာမိ၊
န မာရ ဘာယာမိ တမေကိကာပိ။

ဧသာ အန္တရဓာယာမိ၊ ကုစ္ဆိံ ဝါ ပဝိသာမိ တေ။
ပခုမန္တရိကာယမ္ပိ၊ တိဋ္ဌန္တိံ မံ န ဒက္ခသိ။

စိတ္တသ္မိံ ဝသီဘူတာမှိ၊ ဣဒ္ဓိပါဒါ သုဘာဝိတာ။
သဗ္ဗဗန္ဓနမုတ္တာမှိ၊ န တံ ဘာယာမိ အာဝုသော"တိ။

ဧဝံ ခေါ ဘန္တေ ဥပ္ပလဝဏ္ဏာယ ဘိက္ခုနိယာ ဘာသိတံ။

အမေး။ ။ထို ဘိက္ခုနီသံယုတ်၌ ရှင်မဟာကဿပ အစရှိသော ရှေးရှေးသော သံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော ဥပ္ပလဝဏ္ဏာသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အန္ဓဝန်တောအရပ်၌ မာရ်နတ်သားကိုပင် အကြောင်းပြု၍ ဥပ္ပလဝဏ္ဏာထေရီမ ဟောကြားအပ်ခဲ့ပါသည်။

ရှေးနည်း အတူပင် ဥပ္ပလဝဏ္ဏာ ထေရီမသည် အန္ဓဝန်တောအုပ်အတွင်း တခုသော သစ်ပင်ရင်း၌ သမာပတ် ချမ်းသာဖြင့် နေ့သန့်စင်၍ နေသော အခါ မာရ်နတ်သားသည် ဥပ္ပလဝဏ္ဏာ ထေရီမ၏ ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီး မွေးညှင်း ထခြင်းကို ဖြစ်စေလိုသဖြင့်ရင်း ထိုစျာနသမာဓိ, ဖလ သမာဓိမှ ထစေလိုသဖြင့်ရင်း ဥပ္ပလဝဏ္ဏာ ဘိက္ခုနီမကို သုပုပ္ဖိတဂ္ဂံ ဥပဂမ္မ ဘိက္ခုနိ-အစရှိသည်ဖြင့်—

ဥပ္ပလဝဏ္ဏာ ထေရီဘိက္ခုနီမ....အသင်သည် ကောင်းစွာပွင့်သော အဖျား ရှိသော အင်ကြင်းပင် တခု၏ အရင်းသို့ ချဉ်းကပ်ပြီးလျှင် အဖော်မမှီး တကိုယ် တည်း ဖြစ်၍ အင်ကြင်းပင် အရင်း၌ ထိုင်နေတည်နေခဲ့ပါပေသည်၊ ဤ လောကဝယ် သင်ထေရီမ၏ အဆင်းနှင့်တူသော နှစ်ခုမြောက်သော အဆင်း မည်သည်ကား မရှိပါပေ၊ အသင် ဥပ္ပလဝဏ္ဏာထေရီမသည် အဆင်းအရာဝယ် ပြိုင်ဘက်မပြု တဦးတည်းသော အဆင်းဂုဏ်နှင့် ပြည့်စုံသူ ဖြစ်ပါပေသည်။

အို ဥပ္ပလဝဏ္ဏာ ထေရီမ....သင်သည် ဤလောကဝယ် များပြားလှသော သေသောက်ကြူးတို့ကို ကြောက်ရမည် ထိတ်လန့်ရမည်ကို နားမလည်၍သာ လျှင် ဤတောအုပ်အရပ်သို့ တယောက်ထည်း ချဉ်းကပ်၍ လာပါပေသည် ဟု မသင့်သော စကားကို ပြောကြားခဲ့ပါပေသည်။

ထိုအခါ ဥပ္ပလဝဏ္ဏာထေရီမသည် သတံ သဟဿာနိပိ ဓုတ္တကာနံ-အစ ရှိသည်ဖြင့်——

ဟယ် မာရ်နတ်....သေသောက်ကြူးအရာပင် ဖြစ်စေ သေသောက်ကြူး အထောင်ပင် ဖြစ်စေ အကယ်၍ ဤအရပ်သို့ လာစေကာမူ ယခု ငါ၏ အနီး အပါးသို့ လာသော အသင်သည် သက်သာရာ မရဘိသကဲ့သို့ မျက်နှာသာရေး အခွင့်ပေးသည်ကို မရဘိသကဲ့သို့ ထိုသေသောက်ကြူး အရာအထောင်တို့ သည်လည်း မျက်နှာသာ အခွင့်အရေး လုံးဝရလိမ့်မည် မဟုတ်ပါ။

ငါသည် ထိုသေသောက်ကြူး အရာ အထောင် ဟူသော အကြောင်း ကြောင့် မိမိ၏ မွေးညှင်းကလေး တပင်ကိုမျှ လှုပ်စေလိမ့်မည် မဟုတ်ပါ၊ မွေး ညှင်းကလေးကိုမျှ လှုပ်ရုံ ကြောက်လန့်လိမ့်မည် ထိတ်လန့်လိမ့်မည် မဟုတ်ပါ၊ စင်စစ်သော်မူ ငါသည် ထိုအရာ အထောင်သော သေသောက်ကြူးအပေါင်းတို့ လာစေကာမူ တန်ခိုးဣဒ္ဓိပါဒ် အဘိညာဉ်ဖြင့်လည်း ကွယ်၍ နေနိုင်ပါပေ၏၊ သို့မဟုတ် သင်တို့၏ ဝမ်းတိုက်အတွင်းသို့လည်း ဝင်ရောက်၍ နေနိုင်ပါပေ၏၊ သင်၏မျက်မှောင်နှစ်ခုအကြား နှာခေါင်းအလျှင်ပေါ်ဝယ် လူးလာတုံခေါက် စကြံလျှောက်၍နေသော ငါ့ကိုလည်း သင်သည် မြင်နိုင်လိမ့်မည် မဟုတ်။

အို မာရ်နတ်....ငါတမူကား သမာဓိကို အရင်းထားသည့် အဘိညာဉ် စိတ်တရား၌ ဝသီဘော် ငါးတန် စိုးပိုင် နိုင်နင်း၍ နေပေသည်၊ ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်,စိတ္တိဒ္ဓိပါဒ်,ဝီမံသိဒ္ဓိပါဒ် တည်းဟူသော ဣဒ္ဓိပါဒ်လေးပါးကို အထွ၌

အဖျား တိုင်ရောက် ပွါးများပြီး ဖြစ်ပေသည်၊ အလုံးစုံ ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီး ဖြစ်သဖြင့် ငါသည် သင့်ကိုရင်း သင်ကဲ့သို့ သဘောရှိသော အရာအထောင်မကသော သေသောက်ကြူးအပေါင်းကိုရင်း ဆံချည် တစိပ်မျှ ကြောက်စိတ်မရှိသည်သာတည်း ဟု ဥပ္ပလဝဏ္ဏာ ထေရီမသည် လျှောက်ဆိုအပ်ပြီးသော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် မာရ်နတ်သားကိုပင် အကြောင်းပြု၍ ဤဥပ္ပလဝဏ္ဏာသုတ္တန် ဒေသနာတော်မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ဥပ္ပလဝဏ္ဏာသုတ် ပြီး၏

---

## စာလာသုတ်

ပုစ္ဆာ။ ။တတ္ထာဝုသော စာလာသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အန္ဓဝနေ မာရံယေဝ ပါပိမန္တံ အာရဗ္ဘ စာလာယ ဘိက္ခုနိယာ အရိယသာဝိကာယ ဘာသိတံ။ မာရော ဘန္တေ ပါပိမာ စာလံ ဘိက္ခုနိံ ဥပသင်္ကမိတွာ ဧတဒဝေါစ "ကိံ နု တွံ ဘိက္ခုနိ န ရောစေသီ"တိ။ ဇာတိံ ခွါဟံ အာဝုသော န ရောစေမီ"တိ။

ကိံ နု ဇာတိံ န ရောစေသိ၊ ဇာတော ကာမာနိ ဘုဉ္ဇတိ။
ကော နု တံ ဣဒမာဒပယိ၊ ဇာတိံ မာ ရောစ ဘိက္ခုနီတိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

ဇာတဿ မရဏံ ဟောတိ၊ ဇာတော ဒုက္ခာနိ ဖုဿတိ။
ဗန္ဓံ ဝဓံ ပရိက္လေသံ၊ တသ္မာ ဇာတိံ န ရောစယေ။
ဗုဒ္ဓေါ ဓမ္မမဒေသေသိ၊ ဇာတိယာ သမတိက္ကမံ။
သဗ္ဗဒုက္ခပ္ပဟာနာယ၊ သော မံ သစ္စေ နိဝေသယိ။
ယေ စ ရူပူပဂါ သတ္တာ၊ ယေ စ အရူပဋ္ဌာယိနော။
နိရောဓံ အပ္ပဇာနန္တာ၊ အာဂန္တာရော ပုနဗ္ဘဝန္တိ။

ဧဝံ ခေါ ဘန္တေ စာလာယ ဘိက္ခုနိယာ ဘာသိတံ။

အမေး။ ။ထိုဘိက္ခုနီသံယုတ်၌ ရှေးရှေးသော သံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော စာလာသုတ္တန်မည်သော တရားဒေသနာကို အဘယ်အရပ်ဒေသ၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အန္ဓဝန်တောအရပ်၌ပင်လျှင် မာရ်နတ်ကို အကြောင်းပြု၍ စာလာအမည်ရှိသော ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာမထေရ်သူမြတ်၏ ညီမငယ်ဖြစ်သော ထေရီမသည် ဟောကြားအပ်ခဲ့ပါသည်။

စာလာမည်သော ထေရီမသည် ရှေးနည်းအတူပင် အန္ဓဝန်တောအုပ်အတွင်း တခုသောသစ်ပင်ရင်း၌ ဖလသမာပတ်ချမ်းသာဖြင့် နေဆဲအခါ မာရ်နတ်သား ရောက်လာ၍ ကိံ နု တွံ ဘိက္ခုနီ န ရောစေသိ—

အို စာလာဘိက္ခုနီ....အသင်သည်ကား အဘယ်တရားကို မနှစ်သက်ပါသနည်း၊ အဘယ်တရားကို မနှစ်သက်သဖြင့် ဤသာသနာတော်အတွင်း ဝင်ရောက်၍ နေပါသနည်း ဟု မေးမြန်းခဲ့ပါသည်။

ထိုအခါ စာလာထေရီ ဘိက္ခုနီမသည် ဇာတိံ ခွါဟံ အာဝုသော န ရောစေမိ—

ဒါယကာ မာရ်နတ်....ငါတမူကား ဘဝပဋိသန္ဓေ တည်နေရခြင်းတည်းဟူသော ဇာတိကို မနှစ်သက်နိုင်ဘဲရှိပါသည်၊ သို့ဇာတိကို စက်ဆုပ်ရွံရှာသောကြောင့်ပင်လျှင် ဇာတိမှ လွတ်ရာလွတ်ကြောင်း သူတော်ကောင်းတရားကို ပွါးများအားထုတ်ဘို့ရန် ဤသာသနာဝန်ထမ်း ရဟန်းပြုခဲ့ပါသည် ဟု ပြန်ကြားပါသည်။

ထိုအခါ မာရ်နတ်သားသည်—

ကိံ နု ဇာတိံ န ရောစေသိ၊ ဇာတော ကာမာနိ ဘုဥ္ဇတိ။

ကော နု တံ ဣဒမာဒပယိ၊ ဇာတိံ မာ ရောစ ဘိက္ခုနီ။

အဘယ် အကြောင်းကြောင့် အသင်စာလာထေရီ ဘိက္ခုနီသည် ဇာတိကို မနှစ်သက်ဘဲ ရှိပါသနည်း၊ ဇာတိကား လွန်စွာ့ လွန်စွာ နှစ်သက်ဘွယ်ရာ

ရှိလှပါပေ၏၊ အကြောင်းသော်ကား ဇာတိရှိမှပင်လျှင် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစားသုံးဆောင်နိုင်ပါပေသည်၊ အကယ်၍ ဇာတိမရှိလျှင် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစားသုံးဆောင်နိုင်ဘွယ်ရာ မရှိပါ၊ အဘယ်သို့ သဘောရှိသော ဉာဏ်ပညာ နှံ့သော သူက"စာလထေရီ ဘိက္ခုနီမ....ဇာတိကို မနှစ်သက်လင့် ဇာတိကို တပ်မက်သော တဏှာကို ပယ်ရှားလော့" ဟူ၍အသင့်ကို ဟောကြားဆောက်တည်စေခဲ့ပါဘိသနည်း ဟု ဘုရားကိုပင် လှမ်းမိုးစကား ထိပါးပြောဆိုခဲ့ပါသည်။

ထိုအခါ စာလာထေရီဘိက္ခုနီမက——

ဇာတဿ မရဏံ ဟောတိ၊ ဇာတော ဒုက္ခာနိ ဖုဿတိ။
ဗန္ဓံ ဝဓံ ပရိက္လေသံ၊ တသ္မာ ဇာတိံ န ရောစယေ။

ယုတ်မာလှစွာသော ဟယ်မာရ်နတ်....ဇာတိဒုက္ခမကင်းသဖြင့် ဘဝပဋိသန္ဓေ တည်နေရသော ပုဂ္ဂိုလ်အား မြေလက်ခတ်မလွဲ သေရခြင်း တည်းဟူသော မရဏဒုက္ခနှင့် တွေ့ကြုံရသည်သာတည်း၊ ဘဝပဋိသန္ဓေ တည်နေရခြင်း ဇာတိဒုက္ခမကင်းသော ပုဂ္ဂိုလ်အား နှောင်ဖွဲ့ခြင်း အသတ်ခံရခြင်း ထိုမှတပါး များပြားလှစွာသော ဘေးရန်အပေါင်းတို့ဖြင့် ညစ်နွမ်းခြင်း တည်းဟူသော ဆင်းရဲအမျိုးမျိုးသို့ ရောက်ရသည်မှာ မျက်မှောက်ပင် မဟုတ်ပါလော၊ ထို့ကြောင့်ပင် ငါတမူကား ဘဝပဋိသန္ဓေ တည်နေရခြင်း ဇာတိကို မနှစ်သက်နိုင်ဘဲ ရှိလှသည်၊ ဇာတိကို စက်ဆုပ်ရွံရှာလှပါပေသည်။

ဗုဒ္ဓေါ ဓမ္မမဒေသေသိ၊ ဇာတိယာ သမတိက္ကမံ၊
သဗ္ဗဒုက္ခပ္ပဟာနာယ၊ သော မံ သစ္စေ နိဝေသယိ။

ဟယ် ယုတ်မာလှစွာသော မာရ်နတ်....သစ္စာလေးဝ ဥဒေယျငါးတန် တရားမှန်တို့ကို မကျန် ထိုးထွင်း အလင်းကုန်စင် သိမြင်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဇာတိဒုက္ခကို လွန်မြောက်ရာ လွန်မြောက်ကြောင်းကောင်းမြတ်သော တရားစကားကိုရင်း အလုံးစုံသော ခန္ဓာဒုက္ခကို ပယ်စွန့်ဘို့ရန် ရှစ်တန်သော အဋ္ဌင်္ဂိက မဂ္ဂင် တည်းဟူသော မြတ်သောတရားစကားကိုရင်း ဟောကြားတော်မူခဲ့ပါပေသည်။

ထို သမ္မာသမ္ဗုဒ္ဓ အမည်ရသည့် သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာ ဘုရားသည် ငါ့ကို ပရမတ္ထသစ္စာ ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်တရား၌ရောက် အောင် ပို့ဆောင်၍ ထားအပ်ပြီး ဖြစ်ချေသည်။

အမှတ်မထင် အကြင်ပုဂ္ဂိုလ်တို့သည် ဈာန်အဟုန်ထောက်ပံ့သဖြင့် ရူပဗြဟ္မာ့ဘုံသို့ ကပ်ရောက် အရူပဗြဟ္မာ့ဘုံသို့ ကပ်ရောက်ကြပါကုန်သည်၊ ထိုပုဂ္ဂိုလ်တို့သည်ပင်သော်လည်း ဇာတိ၏ချုပ်ရာ နိရောဓသစ္စာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ပိုင်နိုင်စွာ မသိရခြင်း တည်းဟူသော အကြောင်းကြောင့် နောက်တဖန် ကာမဘုံသို့ပြန်၍ ဘဝပဋိသန္ဓေ တည်နေပြီးလျှင် ဆင်းရဲ အမျိုးမျိုးနှင့် တွေ့ကြုံကြရပါသည် ဟု စာလာထေရီ ဘိက္ခုနီမသည် လျှောက်ဆိုအပ်ပြီးသော အဖွင့်ပွတ်ကြောင့် ဤစာလာမည်သော သုတ္တန် ဒေသနာတော်မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

စာလာသုတ် ပြီး၏

---

## သေလာသုတ်

ပုစ္ဆာ။ ။တတ္ထာဝုသော သေလာသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ မာရံယေဝ ပါပိမန္တံ အာရဗ္ဘ သေလာယ ဘိက္ခုနိယာ အရိယသာဝိကာယ ဘာသိတံ။ မာရော ဘန္တေ ပါပိမာ သေလာယ ဘိက္ခုနိယာ ဘယံ ဆမ္ဘိတတ္တံ လောမဟံသံ ဥပ္ပါဒေတုကာမော သမာဓိမှာ စာဝေတုကာမော သေလံ ဘိက္ခုနိံ ဂါထာယ အဇ္ဈဘာသိ—

ကေနိဒံ ပကတံ ဗိမ္ဗံ၊ ကွနု ဗိမ္ဗဿ ကာရကော။
ကွနု ဗိမ္ဗံ သမုပ္ပန္နံ၊ ကွနု ဗိမ္ဗံ နိရုဇ္ဈတီတိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

နယိဒံ အတ္တကတံ ဗိမ္ဗံ၊ နယိဒံ ပရကတံ အဃံ။
ဟေတုံ ပဋိစ္စ သမ္ဘူတံ၊ ဟေတုဘင်္ဂါ နိရုဇ္ဈတီတိ။

ဧဝမာဒိနာ ဘန္တေ သေလာယ ဘိက္ခုနိယာ ဘာသိတံ။

အမေး။ ။ထိုဘိက္ခုနီသံယုတ်၌ ရှေးရှေးသော သံဂါယနာတင် မဟာ ထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော သေလာသုတ္တန် မည်သော တရား ဒေသနာကို ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အန္ဓဝန်တောအရပ်၌ပင်လျှင် မာရ်နတ်သား ကို အကြောင်းပြု၍ သေလာထေရီ ဘိက္ခုနီမ ဟောကြား အပ်ခဲ့ပါသည်။

ရှေးနည်းအတူ သေလာထေရီ ဘိက္ခုနီမသည် အန္ဓဝန်တောအုပ် အ တွင်း တခုသော သစ်ပင်ရင်းဝယ် နေ့သန့်စင်၍ နေသောအခိုက် မာရ်နတ်သား သည် သေလာထေရီ ဘိက္ခုနီမ၏ ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီး မွေးညှင်းထခြင်းကို ဖြစ်စေလိုသဖြင့်၎င်း ထိုသမာဓိမှ ထစေလိုသဖြင့်၎င်း သေလာထေရီ ဘိက္ခုနီမထံသို့ သွားရောက်ပြီးလျှင်—

ကေနိဒံ ပကတံ ဗိမ္ဗံ၊ ကွန္ဒ ဗိမ္ဗဿ ကာရကော။
ကွန္ဒ ဗိမ္ဗံ သမုပ္ပန္နံ၊ ကွန္ဒ ဗိမ္ဗံ နိရုဇ္ဈတိ - ဟု—

အိုသေလာထေရီ ဘိက္ခုနီမ....ဤခန္ဓာကိုယ် အတ္တဘောကြီးကို အဘယ် ပုဂ္ဂိုလ်သည် ပြုပြင်ဖန်တီးအပ်ပါသနည်း၊ ဤခန္ဓာကိုယ်ကိုပြုပြင်ဖန်ဆင်းတတ် သော ပုဂ္ဂိုလ်ကား အဘယ်အရပ်၌ တည်ရှိပါသနည်း၊ ဤခန္ဓာကိုယ်သည် အဘယ်အရပ်၌ဖြစ်၍ အဘယ်အရပ်၌ ချုပ်ပျောက်ပါသနည်း ဟု အတ္တဝါဒ နှင့် မလွတ်ကင်းသော အမေးပုစ္ဆာ ပြဿနာကို မေးခဲ့ပါသည်။

ထိုအခါ သေလာထေရီ ဘိက္ခုနီမသည်—
နယိဒံ အတ္တကတံ ဗိမ္ဗံ၊ နယိဒံ ပရကတံ အဃံ။
ဟေတုံ ပဋိစ္စ သမ္ဘူတံ၊ ဟေတုဘင်္ဂါ နိရုဇ္ဈတိ။

ပညာနည်းပါးလှစွာသော ဟယ်မာရ်နတ်....ခန္ဓာပဥ္စက ဤကိုယ်ကာယ ကို အတ္တလိပ်ပြာ တည်းဟူသော မိမိကလည်း ပြုပြင်ဖန်တီးအပ်သည်လည်း မဟုတ်ပါ၊ မိမိမှ တပါး ဣဿရဗြဟ္မာ အစရှိသော သူတပါးတို့ ပြုပြင်ဖန်တီး အပ်သည်လည်း မဟုတ်ပါ၊ စင်စစ်မှာမူ အဝိဇ္ဇာ တဏှာ ကံ သင်္ခါရ အစရှိသော ဆိုင်ရာ ဆိုင်ရာ အကြောင်းတို့ကို စွဲ၍ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်

ဖြစ်ပွါး၍ လာခဲ့ပါသည်၊ ထို အဝိဇ္ဇာ တဏှာ ကံ သင်္ခါရ အစရှိသော ဆိုင်ရာ ဆိုင်ရာ အကြောင်းတို့ ချုပ်ခြင်း ဟူသော အကြောင်းကြောင့် ဆီမီးနှင့် မီးစာတို့ကုန်လျှင် ဆီမီးသည် ငြိမ်းသကဲ့သို့ ထိုအတူ အဝိဇ္ဇာ တဏှာ ကံ သင်္ခါရ အစရှိသော အကြောင်းတို့ ချုပ်ခြင်း ကုန်ခြင်း ဟူသော အကြောင်းကြောင့် ဤခန္ဓာပဉ္စက အတ္တဘောသည် ချုပ်ငြိမ်းခဲ့ပါသည် ။

လောကဥပမာအားဖြင့် အနှုတ်မထင် တစုံတခုသော မျိုးစေ့သည် လယ်အတွင်း၌ စိုက်အပ် ပျိုးအပ် ကြဲချအပ်သည်ရှိသော် မြေ၏အဆီသြဇာ ရေ၏အထောက်အပံ့ ဤနှစ်ပါးရရှိသည်ရှိသော် ပေါက်ရောက်စည်ကား ပွါးများဘိသကဲ့သို့ ထိုအတူ ခန္ဓာငါးပါး အာယတန ခြောက်ပါး ဓာတ် တဆယ့်ရှစ်ပါး တည်းဟူသော ရုပ်နာမ် နှစ်ဖြာ ဤကိုယ်ကာယသည်လည်း အဝိဇ္ဇာ တဏှာ ကံ သင်္ခါရ အစရှိသော အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ကြပါပေသည်၊ ထိုအကြောင်းတရားတို့၏ ပျက်စီးခြင်း ဟူသော အကြောင်းကြောင့် မီးစာနှင့်ဆီ ကုန်ခန်းခြင်း ဟူသော အကြောင်းကြောင့် ဆီမီးသည် ငြိမ်းသကဲ့သို့ ထို အတူ အဝိဇ္ဇာ တဏှာ ကံ သင်္ခါရ တည်းဟူသော အကြောင်းတရားတို့ ပျက်ပြားခြင်း ကုန်ဆုံးခြင်း ဟူသော အကြောင်းကြောင့် ခန္ဓာငါးတန် ဟူသော ဤရုပ်နာမ်တရားတို့သည်လည်း ကုန်ဆုံးပျက်ပြားကြရသည် ဟု သေလာ ထေရီ ဘိက္ခုနီမသည် မာရ်နတ်သားကို အကြောင်းပြု၍ ဤသေလာသုတ္တန် ဒေသနာတော်မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

သေလာသုတ် ပြီး၏

---

## ဝဇိရာသုတ်

ပုစ္ဆာ။ ။တတ္ထာဝုသော ပေါရာဏကေဟိ မဟာကဿပါဒီဟိ ဓမ္မသံဂါဟကထေရဝရေဟိ သံဂီတံ ဝဇိရာသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကေန ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ မာရံ ပါပိမန္တံ အာရဗ္ဘ ဝဇိရာယ ထေရိယာ ဘိက္ခုနိယာ ဘာသိတံ။ မာရော ဘန္တေ ပါပိမာ ပုရိမနယေနေဝ ဝဇိရံ ဘိက္ခုနိံ ဂါထာယ အဇ္ဈဘာသိ—

ကေနာယံ ပကတော သတ္တော၊ ကုဝံ သတ္တဿ ကာရကော၊
ကုဝံ သတ္တော သမုပ္ပန္နော၊ ကုဝံ သတ္တော နိရုဇ္ဈတီတိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

ကိံ နု သတ္တောတိ ပစ္စေသိ၊ မာရဒိဋ္ဌိဂတံ နု တေ။
သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။
ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။
ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ၊
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတီတိ။

ဧဝံ ခေါ ဘန္တေ ဝဇိရာယ ဘိက္ခုနိယာ ဘာသိတံ။

အမေး။ ။ထိုဘိက္ခုနီသံယုတ်၌ အရှင်မဟာကဿပ အစရှိသော ရှေးရှေးသော သံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော ဝဇိရာသုတ္တန် မည်သော တရားဒေသနာကို အဘယ်အရပ်ဒေသ၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား၍ ထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အန္ဓဝန်တောအရပ်၌ ပင်လျှင် မာရ်နတ်သားကို အကြောင်းပြု၍ ခုနစ်နှစ်အရွယ်ကပင်လျှင် ကိလေသာကုန်ခန်း ရဟန္တာဖြစ်ခဲ့သော ဝဇိရာထေရီ ဘိက္ခုနီမ ဟောကြားအပ်ပါသည်။

ဝဇိရာထေရီ ဘိက္ခုနီမသည် ရှေးနည်းအတိုင်း အန္ဓဝန်တောအုပ်အတွင်း တခုသော သစ်ပင်ရင်းဝယ် ဖလသမာပတ် ချမ်းသာဖြင့် နေ့သန့်စင်၍ နေခဲ့ပါသည်။

ထိုအခါ မာရ်နတ်သားသည် ဝဇိရာထေရီ ဘိက္ခုနီမအား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလိုသဖြင့် ထိုသမာဓိမှ ထစေလိုသဖြင့် ဝဇိရာထေရီ ဘိက္ခုနီမရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင်—

ကေနာယံ ပကတော သတ္တော၊ ကုဝံ သတ္တဿကာရကော။
ကုဝံ သတ္တော သမုပ္ပန္နော၊ ကုဝံ သတ္တော နိရုဇ္ဈတိ-ဟု—

ဝဇိရာထေရီ ဘိက္ခုနီ....ဤသတ္တဝါကို အဘယ်မည်သော ပုဂ္ဂိုလ်သည် ပြုပြင် ဖန်ဆင်းအပ်ပါသနည်း၊ ဤသတ္တဝါကို ပြုပြင်ဖန်ဆင်းတတ်သော ပုဂ္ဂိုလ်ကား အဘယ်အရပ်၌ တည်ရှိပါသနည်း၊ ဤသတ္တဝါသည် အဘယ် အရပ်၌ ဖြစ်၍ အဘယ်အရပ် ၌ ချုပ်သနည်း ဟု အတ္တဒိဋ္ဌိနှင့် မကင်းသော သတ္တဒိဋ္ဌိစကား ဣဿရနိမ္မာနဒိဋ္ဌိစကား ကို ပြောကြားခဲ့ပါသည်။

ထိုအခါ ဝဇိရာထေရီ ဘိက္ခုနီမသည်——

ကိံ နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံ နု တေ။

သုဒ္ဓသင်္ခါရပုဉ္စောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။

ဟယ် မာရ်နတ်....ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တည်းဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့တွင် အဘယ် တရားကို သင်သည် သတ္တဝါ ဟူ၍ယုံကြည်စွဲမှတ်၍နေဘိသနည်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရားကို သတ္တဝါ ဟူ၍ စွဲမှု မှတ်မှု ယုံကြည်မှုသည် သင်၏ဖောက်ပြန် မှားယွင်းသော မိစ္ဆာအယူသာလျှင် စင်စစ် ဖြစ်ချေ၏တကား။

ဤခန္ဓာကိုယ်သည်ကားသက်သက်ရုပ်နာမ် ဓမ္မ သင်္ခါရတို့၏ အစုအပုံမျှ သာလျှင် ဖြစ်ချေ၏၊ ဤတလံမျှလောက်သော ခန္ဓာကိုယ်အတွင်း၌ ပုဂ္ဂိုလ် သတ္တဝါ ဟူ၍ ပရမတ္ထ အနေအားဖြင့် ရလည်း မရအပ်, ရှိလည်းမရှိ,သိလည်း မသိထိုက်ပါ။

လောကဥပမာအားဖြင့် ဘီး ဝင်ရိုး ရထားသံ ရထားအိမ် အစရှိသော ထိုထိုအဆောက်အအုံ အပေါင်းတို့ စုဆုံပေါင်းစည်းမိခြင်းဟူသော အကြောင်း ကြောင့် ရထား ဟူသော သမုတိဝေါဟာရစကား အသံသည် ဖြစ်ပေါ်လာ သကဲ့သို့ ထို့အတူပင်လျှင် ရူပက္ခန္ဓာ ဝေဒနာခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တည်းဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ထင်ရှားဖြစ်ပေါ် လာခြင်းကြောင့်ပင်လျှင် သမ္မုတိသစ္စာ အနေအားဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါ ဟူ၍ ခေါ်ဆိုရပေသည်၊ ပရမတ္ထအားဖြင့် သတ္တဝါ ဟူ၍ လုံးလုံးလျား လျား မရှိဖြစ်ပေသည်။

ဟယ် မာရ်နတ်....ဤကိုယ်ကာယ တလံမျှ၌ ဒုက္ခနာမ်ရုပ် ဤတရား နှစ်ပါးသာလျှင် ဖြစ်၍ ဖြစ်၍ ချုပ်၍ ချုပ်၍ နေပါပေသည်၊ ဒုက္ခဖြစ်သော နာမ်ရုပ်တရား နှစ်ပါးမှတပါး ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါး,ယောကျာ်း,မိန်းမ,

လိပ်ပြာ, အတ္တ, ဇီဝ အစရှိသော တစုံတခုသော တရားမှ ဖြစ်သည် မဟုတ်၊ တစုံတခုသော တရားမှ ချုပ်သည် မဟုတ်၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အတ္တ, လိပ်ပြာ, ဇီဝ တည်းဟူသော အရာသည် ထင်ရှား ရှိသည်း မရှိ ဟု ဝဇိရာထေရီ ဘိက္ခုနီမသည် လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ခကြောင့် မာရ်နတ်သားကို အကြောင်းပြု၍ ဝဇိရာသုတ္တန် အမည် ရသော ဤဘိက္ခုနီသံယုတ်ပါဠိတော် မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားအပ် ခဲ့ပါသည် အရှင်ဘုရား။

ဝဇိရာသုတ် ပြီး၏၊
ဘိက္ခုနီသံယုတ် ပြီး၏။

---

## ဗြဟ္မသံယုတ်

### ဂါရဝသုတ်

ပုစ္ဆာ။ ။ဗြဟ္မသံယုတ္တေ အာဝုသော ပေါရာဏေဟိ မဟာကဿပထေရာဒီဟိ ဓမ္မသံဂါဟကထေရဝရေဟိ ဒုတိယံ သံဂီတံ ဂါရဝသုတ္တံ ကတ္ထ ကထဉ္စ သင်္ဂုပ္ပန္နံ။

ဝိဿဇ္ဇနာ။ ။ဥရုဝေလာယံ ဘန္တေ သင်္ဂုပ္ပန္နံ။ ဘဂဝါ ဘန္တေ ဥရုဝေလာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ အဇပါလနိဂြောဓမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။ အထ ခေါ ဘဂဝတော ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ "ဒုက္ခံ ခေါ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ ကံ နု ခွါဟံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျ"န္တိ။

အထ ခေါ ဘန္တေ ဘဂဝတော ဧတဒဟောသိ "အပရိပုဏ္ဏဿ ခေါ သီလက္ခန္ဓဿ ပါရိပူရိယာ အညံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျံ၊ န ခေါ ပနာဟံ ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အတ္တနာ သီလသမ္ပန္နတရံ အညံ သမဏံ ဝါ

ဗြဟ္မဏံ ဝါ၊ ယမဟံ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျံ။

အပရိပုဏ္ဏဿ ခေါ သမာဓိက္ခန္ဓဿ။
အပရိပုဏ္ဏဿ ခေါ ပညာက္ခန္ဓဿ။
အပရိပုဏ္ဏဿ ခေါ ဝိမုတ္တိက္ခန္ဓဿ။

အပရိပုဏ္ဏဿ ခေါ ဝိမုတ္တိဉာဏဒဿနက္ခန္ဓဿ ပါရိပူရိယာ အညံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ သက္ကတွာ ဂရုံ ကတွာ ဥပနိ-နိဿာယ ဝိဟရေယျံ။ န ခေါ ပနာဟံ ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အတ္တနာ ဝိမုတ္တိဉာဏဒဿနသမ္ပန္န-တရံ အညံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ၊ ယမဟံ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျံ။ ယံနူနာဟံ ယွာယံ ဓမ္မော မယာ အဘိသမ္ဗုဒ္ဓေါ၊ တမေဝ ဓမ္မံ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျ” န္တိ။ ဧဝံ ခေါ ဘန္တေ ဘဂဝတော စေတသော ပရိဝိတက္ကဝသေန ဥပ္ပန္နံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် နောက်အခါ ကာလဘပါး၌ ရဟန္တာတို့အား ပြန်လည်၍ ဟောကြားတော်မူအပ်သော ပဥ္စမသံဂါယနာတင်သော အခါကာလ၌ ရှင်မဟာကဿပ အစ ရှိသော ရှေးရှေးသော သံဂါယနာတင် မဟာထေရ်မြတ်တို့သည် ဗြဟ္မသံယုတ်၌ ဒုတိယသုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားသော ဂါရဝသုတ္တန်မည်သော တရားဒေသနာတော်သည် အဘယ်အခါကာလ အဘယ်အရပ်ဒေသ၌ အဘယ်သို့သော အခြင်းအရာအားဖြင့် စ၍ ဖြစ်ပေါ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဥရုဝေလတောအရပ်ဝယ် သတ္တသတ္တာဟ ရှိရာတွင် ပဥ္စမ သတ္တာဟ ဖြစ်သော အဇပါလ သတ္တာဟ၌ ဖြစ်ခဲ့ပါသည်။

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဥရုဝေလတောအုပ်အဝင်အပေါ် နေရဥ္စရာမြစ်ကမ်းထိပ် အဇပါလညောင်ပင်ရင်းဝယ် ပဥ္စမသတ္တာဟ သီတင်းသုံးစံနေတော်မူဆဲအခါ ဒုက္ခံ ခေါ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော-အစရှိသည်ဖြင့်——

ရှိသေခြင်းကင်းမဲ့ ကြိုးနွံခြင်းကင်းမဲ့၍ ဤလောက၌နေရခြင်းသည် ဆင်းရဲလှပေ၏တကား၊ အဘယ်မည်သော မိမိထက် သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန ကျေးဇူးဂုဏ်အားဖြင့် သာလွန်ကဲမြတ်သော ရဟန်း ပုဏ္ဏားကို အရိုအသေပြု အလေးအမြတ်ပြု မှီခို၍ နေရပါအံ့နည်း ဟု တပါးတည်း ကိန်းအောင်းစဉ် ဤသို့ အကြံအစည် ဖြစ်တော်မူခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားအား ဆက်လက်၍ ဤသို့ အကြံအစည် ဖြစ်ပြန်ပါသည်၊ မပြည့်မစုံသေးသော သီလက္ခန္ဓကျေးဇူး မပြည့်စုံသေးသော သမာဓိက္ခန္ဓကျေးဇူး မပြည့်စုံသေးသော ပညာကျေးဇူး မပြည့်စုံသေးသော ဝိမုတ္တိကျေးဇူး မပြည့်စုံသေးသော ဝိမုတ္တိဉာဏဒဿန အမည်ရသော ပစ္စဝေက္ခနာ ကျေးဇူးတို့၏ ပြည့်စုံလုံလောက်ခြင်းငှါ အမှတ်မထင် အကြင်သို့ သဘောရှိသော ရဟန်းပုဏ္ဏားကို အရိုအသေပြု အလေးအမြတ်ပြု မှီတွယ်၍ နေရာ၏၊ နတ်နှင့်တကွသော ဤသတ္တလောကဝယ် မိမိထက် သီလအားဖြင့်ငင်း သမာဓိအားဖြင့်ငင်း ပညာအားဖြင့်ငင်း ဝိမုတ္တိဂုဏ်အားဖြင့်ငင်း ဝိမုတ္တိ ဉာဏဒဿန ကျေးဇူးဂုဏ်အားဖြင့်ငင်း အထူးသဖြင့် သာလွန်မြင့်မြတ်သော ရဟန်းပုဏ္ဏားကို သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ကြည့်တော်မူသော်လည်း မြင်တော်မမူခဲ့ချေ။

အကြင်သို့သဘောရှိသော ရဟန်းပုဏ္ဏားကို အရိုအသေပြု အလေးအမြတ်ပြု၍ မှီတင်းပြီးလျှင် နေရာ၏၊ ထိုသို့သဘောရှိသော ရဟန်း ပုဏ္ဏားကို သဗ္ဗညုတဉာဏ်တော်ဖြင့် ရှုမြှော်တော်မူပါသော်လည်း လုံးဝမြင်တော် မမူခဲ့ချေ။

ငါသည် တမူကား အကြင်သို့ သဘောရှိသော လောကုတ္တရာမဂ်ဖိုလ် နိဗ္ဗာန်တရားကို ကိုယ်တိုင်ပင် သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်ပေပြီ၊ ထိုငါသိအပ်ပြီးသော တရားကိုပင် အလေးအမြတ်ပြုကာ နေရပါမူ ကောင်းလေစွ ဟူ၍ အကြံအစည် ဖြစ်ခဲ့ပါသည်။

ထိုအခါ သဟမ္ပတိ ဗြဟ္မာကြီးသည် မြတ်စွာဘုရား၏ စိတ်အကြံကို သိသဖြင့် ခဏအတွင်း ဘုရားထံမှောက် လာရောက်ပြီးလျှင် ဝေမေတံ ဘဂဝါ၊ ဝေမေတံ သုဂတ-အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တရားတော်ကို အရိုအသေပြု၍ နေတော်မူမှုသည် မှန်ကန်လှပါသည် ဘုရား၊ လွန်တော်မူပြီး ပွင့်တော်မူပြီးကြကုန်သော အတိတ်ဘုရားရှင်တို့သည်လည်း တရားတော်ကိုပင် အရိုအသေ အလေးအမြတ်ပြု၍ နေတော်မူခဲ့ကြပါကုန်ပြီ၊ ပွင့်တော်မူလတ္တံ့ ဖြစ်ကြကုန်သော အနာဂတ်ဘုရားရှင်တို့သည်လည်း တရားတော်ကိုပင် အလေးအမြတ်ပြု အရိုအသေပြု၍ နေတော်မူကြလတ္တံ့ ဖြစ်ပါပေသည်၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားရှင်သည်လည်း တရားတော်ကိုပင် အရိုအသေ အလေးအမြတ်ပြု၍ နေတော်မူပါ ဟု——

ယေ စ အတီတာ သမ္ဗုဒ္ဓါ၊ ယေ စ ဗုဒ္ဓါ အနာဂတာ။
ယော စေတရဟိ သမ္ဗုဒ္ဓေါ၊ ဗဟူနံ သောကနာသနော။
သဗ္ဗေ သဒ္ဓမ္မဂရုနော၊ ဝိဟံသု ဝိဟရန္တိ စ။
တထာပိ ဝိဟရိဿန္တိ၊ ဧသာ ဗုဒ္ဓါန ဓမ္မတာ။

ပွင့်တော်မူကြပြီးသော အတိတ်ဘုရားရှင် ပွင့်တော်မူကြလတ္တံ့သော အနာဂတ်ဘုရားရှင် ယခု ပွင့်တော်မူဆဲဖြစ်သော များစွာသော နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ စိုးရိမ်သောကမီးကို ပယ်ဖျောက် ငြိမ်းသတ်တော်မူတတ်သော အကြင်ဘုရားတို့သည် ရှိတော်မူကြပါပေ၏၊ ထိုကာလ သုံးပါး၌ ပွင့်တော်မူပြီး ပွင့်တော်မူဆဲ ပွင့်တော်မူလတ္တံ့ ဖြစ်တော်မူကြသော ဘုရားရှင်တကာတို့သည် တရားတော်ကိုပင် အရိုအသေအလေးအမြတ်ပြု၍ နေတော်မူကြပြီး နေတော်မူကြဆဲ နေတော်မူကြလတ္တံ့ဖြစ်တော် မူပါပေသည်။

တသ္မာ ဟိ အတ္တကာမေန၊ မဟတ္တမဘိကင်္ခတာ။
သဒ္ဓမ္မော ဂရုကာတဗ္ဗော၊ သရံ ဗုဒ္ဓါန သာသနံ။

သို့ရကား မြတ်သော အကျိုးကျေးဇူးတရားကို အလိုရှိသော အမျိုးကောင်းသားသည် ရှေးဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒ ဖြစ်သော ဓမ္မကို အလေးအမြတ် ပြုအပ်မည် ဟူသော စကားတော်ကို အဖန်တလဲလဲ လိုက်နာ အောက်မေ့သောအားဖြင့် မြတ်သော သူတော်ကောင်းတို့၏ တရားကို အရို အသေ အလေးအမြတ် ပြုအပ်လှတော့သည်သာတည်း ဟု သဟမ္ပတိ ဗြဟ္မာကြီး ထောက်ခံလျှောက်ထားခဲ့ပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသောအတိုင်း ဤဂါရဝမည်သော သုတ္တန် ဒေသနာတော်မြတ်ကို ဘုရားဖြစ်ပြီးစ အဇပါလသတ္တာဟဝယ် သီတင်းသုံး စံနေတော်မူစဉ်အခါ ဥရုဝေလတောအုပ်အရပ်၌ ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း သမ္ဗုဒ္ဓမြတ်စွာဘုရား၏ စိတ်တော်ကြံစည်ခြင်း၏ အစွမ်း အားဖြင့် ဖြစ်ပွါးတည်ရှိခဲ့ပါသည် အရှင်ဘုရား။

ဂါရဝသုတ် ပြီး၏

---

## အညရတဗြဟ္မသုတ်

ပုစ္ဆာ။ ။တတ္ထာဝုသော ပေါရာဏကေဟိ မဟာကဿပါဒီဟိ မဟာသံဂါဟက-ထေရဝရေဟိ ပဌမံ သံဂီတံ အညတရဗြဟ္မသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဗြဟ္မလောကေ ဘန္တေ အညတရံ ဗြဟ္မာနံ အာရဗ္ဘ အာယသ္မတာ မဟာမောဂ္ဂလ္လာနတ္ထေရေန ဘာသိတံ။ အညတရဿ ဘန္တေ ဗြဟ္မုနော ဧဝရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ "နတ္ထိ သော သမဏော ဝါ ဗြာဟ္မဏော ဝါ၊ ယော ဣဓ အာဂစ္ဆေယျာ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ——

အဇ္ဇာပိ တေ အာဝုသော သာ ဒိဋ္ဌိ၊ ယာ တေ ဒိဋ္ဌိ ပုရေ အဟု။
ပဿသိ ဝီတိဝတ္တန္တံ၊ ဗြဟ္မလောကေ ပဘဿရန္တိ။
ဧဝံ ခေါ ဘန္တေ အာယသ္မတာ မဟာမောဂ္ဂလ္လာနတ္ထေရေန ဘာသိတံ။

အမေး။ ။ထိုဗြဟ္မသံယုတ်၌ ရှင်မဟာကဿပ အစရှိသော ရှေးရှေး သံဂါယနာတင် မဟာထေရ်မြတ်ဘို့သည် ငါးခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားသော အညတရဗြဟ္မသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရူပါဝစရ ပဌမဈာန် ဗြဟ္မာ့ဘုံဝယ် မထင်ရှားသော တယောက်သော ဗြဟ္မာကို အကြောင်းပြု၍ ဣဒ္ဓိမန္တအရာ ဧတဒဂ် ရရှိတော်မူသော အရှင်မောဂ္ဂလ္လာန် မဟာထေရ်မြတ် ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူသောအခါ တဦးသော ရူပါဝစရပြဟ္မာ၏ စိတ်သန္တာန်ဝယ် "ဤငါတို့၏ ပြဟ္မာ့ပြည်သို့ လာရောက်နိုင်သော တစုံတယောက်သောရဟန်းပုဏ္ဏားသည် ထိုလောက၌ မရှိ"ဟူ၍ အထင်မှား အမြင်မှား အယူမှား ဖြစ်ခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုပြဟ္မာ၏စိတ်အကြံကို ကိုယ်တော်မြတ်၏ စိတ်တော်ဖြင့် ပိုင်းခြားဝေဘန်သိမြင်၍ ခဏအတွင်းဝယ် ထိုပြဟ္မာ၏ ပြဟ္မာ့ပြည်သို့ ကြွရောက်တော်မူပြီး၍ တေဇောကသိဏစျာန်ကို ဝင်စားပြီးလျှင် ထိုပြဟ္မာ၏ အထက်ကောင်းကင်အရပ်ဝယ် သီတင်းသုံးစံနေတော်မူဆဲ ဖြစ်ပါသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်အား ယခုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်၌ ကြွတော်မူပါသနည်း ဟု အကြံအစည် ဖြစ်ပြန်ပါသည်။

အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာဘုရားကို ပြဟ္မာ့ပြည်သို့ ကြွရောက်၍ ထိုပြဟ္မာ၏ ဦးထိပ်ကောင်းကင်အရပ်ဝယ် တေဇောကသိဏစျာန်ကို ဝင်စားတော်မူ၍ အလျှံတပြောင်ပြောင် ထွန်းတောက်ပတော်မူလျက် သီတင်းသုံးစံနေတော်မူသည်ကို မြင်၍ မိမိလည်း ထိုအတူပင်လျှင် ခဏအတွင်းဝယ် ထိုရူပါဝစရပြဟ္မာ့ပြည်သို့ ကြွရောက်တော်မူပြီး၍ ထိုပြဟ္မာ၏ကောင်းကင်အရပ်ဝယ် မြတ်စွာဘုရား၏ အရှေ့မျက်နှာမှ စဉ်းငယ်နိမ့်၍ တေဇောကသိဏစျာန်ကို ဝင်စားပြီးလျှင် အခိုးအလျှံ တပြောင်ပြောင် တောက်ပစေလျက် သီတင်းသုံး စံနေတော်မူဆဲ ဖြစ်ပါသည်။

ထိုအခါ အရှင်မဟာကဿပသည်လည်း ထို့အတူ အကြံဖြစ်၍ ထိုနည်းအတူပင်လျှင် ပြဟ္မာ့ပြည်သို့ ကြွရောက်တော်မူ၍ မြတ်စွာဘုရား၏ တောင်မျက်နှာအရပ်မှ ထိုပြဟ္မာ၏ ကောင်းကင်အရပ်ဝယ် မြတ်စွာဘုရားအောက် စဉ်းငယ်နိမ့်၍ တေဇောကသိဏစျာန်ကို ဝင်စားတော်မူပြီးလျှင် အလျှံ တပြောင်ပြောင် တောက်ပစေ၍ သီတင်းသုံး စံနေတော်မူဆဲဖြစ်ပါသည်။

ထို့အတူ အရှင်မဟာကပ္ပိန မထေရ်သူမြတ်သည်လည်း ရှေးနည်းအတူပင် အကြံဖြစ်၍ ထိုပြဟ္မာ့ပြည်သို့ ကြွရောက်တော်မူပြီးလျှင် မြတ်စွာဘုရား၏

အနောက်မျက်နှာအရပ်မှ စဉ်းငယ်နိမ့်၍ ထိုဗြဟ္မာ၏ ကောင်းကင်ဦးထိပ် အရပ်ဝယ် တေဇောကသိဏ စျာန်ကို ဝင်စား၍ အလျှံတပြောင်ပြောင် တောက်ပစေလျက် သီတင်းသုံး စံနေတော်မူပါသည်။

အရှင်အနုရုဒ္ဓါ တမူကား မြောက်အရပ်မှာပင် ရှေးနည်းအတူ သီတင်းသုံး စံနေတော်မူပါသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန် မဟာထေရ်သူမြတ်သည် ထိုဗြဟ္မာ၏ မိစ္ဆာအယူကို နှိပ်နင်းတော်မူအံ့သောငှါ—

အဇ္ဇာပိ တေ အာဝုသော သာ ဒိဋ္ဌိ၊ ယာ တေ ဒိဋ္ဌိ ပုရေ အဟု။
ပဿသိ ဝီတိဝတ္တန္တံ၊ ဗြဟ္မလောကေ ပဘဿရံ-ဟု—

ဒါယကာဗြဟ္မာ....အကြင် အမြင်မှား အယူမှား ဤလောကဝယ် ငါတို့၏ ဗြဟ္မာ့ပြည်သို့လာရောက်နိုင်သော ရဟန်း ပုဏ္ဏားသည် မရှိ ဟူ၍ မှားယွင်းသော အယူသည် ဖြစ်ပွါးခဲ့လေပြီ၊ ထိုမှားယွင်းသော အယူသည် သင့်သန္တာန်ဝယ် ယခုအခါ ဖြစ်ပါသေးသလော ဤဗြဟ္မာ့ပြည်၌ အလျှံတပြောင်ပြောင် တောက်ပနေသည်ကို အသင်သည် မြင်ပြီးမဟုတ်လော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ထိုဗြဟ္မာသည်—

န မေ မာရိသ သာ ဒိဋ္ဌိ၊ ယာ မေ ဒိဋ္ဌိ ပုရေ အဟု။
ပဿာမိ ဝီတိဝတ္တန္တံ၊ ဗြဟ္မလောကေ ပဘဿရံ။
သွာဟံ အဇ္ဇ ကထံ ဝဇ္ဇံ၊ အဟံ နိစ္စောမှိ သဿတော ဟု—

ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော အရှင်မောဂ္ဂလ္လာန် မထေရ်သူမြတ်ဘုရား.... အကြင် ဖောက်ပြန် မှားယွင်းသော အယူသည် တပည့်တော်အား ရှေးအခါက ဖြစ်ခဲ့ပါပြီ၊ ထိုအယူသည် ယခု အခါ တပည့်တော်သန္တာန်ဝယ် မဖြစ်ပွါးတော့ပါ၊ ဗြဟ္မာ့ပြည်ဝယ် ပြိုးပြိုးပြက် အရောင် တပြောင်ပြောင် တောက်ပလျက်နေသည်ကို ဘုရားတပည့်တော် ဒိဋ္ဌကိုယ်တွေ့ဖြစ်ပါတော့သည်။

ထို တပည့်တော်သည် ငါကားမြဲ၏ ငါကား အခါခပ်သိမ်း ထင်ရှားရှိ၏ ဟူ၍ အဘယ်မှာလျှင် ပြောဆိုဝံ့ပါတော့အံ့နည်းဘုရား ဟု လျှောက်ထား ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုပြဟ္မာအား များစွာသော အ ကြောင်းအရာဖြင့် ဓမ္မကထာကို ဟောကြားထိတ်လန့်စေပြီးလျှင် သာဝကကြီး လေးပါးနှင့်တကွ လူ့ပြည်သို့ ကြွတော်မူခဲ့ပါသည်။

ထိုအခါ ထိုပြဟ္မာသည် သောတာပန် တည်ပြီးသည့်နောက် တယောက် သော အစေအပါး ပြဟ္မာကို စေလွှတ်၍ အရှင်မဟာမောဂ္ဂလ္လာန်၏ အထံသို့ သွားရောက်စေပြီးလျှင်

အိုအရှင်ဘုရား မောဂ္ဂလ္လာန်.... ဤလောကဝယ် အရှင်တို့လေးပါး ကဲ့သို့ တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူကြသည့် မြတ်စွာဘုရား၏တပည့် သား သာဝကတို့သည်လည်း အခြားတပါး ရှိကြပါကုန်သေးသလော ဟု မေးမြန်း လျှောက်ထားစေပါသည်။

ထိုအခွေအရံ အစေအပါး ဖြစ်သော ပြဟ္မာသည်လည်း ထိုပြဟ္မာကြီး မှာကြားသည့်အတိုင်းအရှင်မောဂ္ဂလ္လာန်ထံမှောက်သို့ သွားရောက်၍ လျှောက် ထားသောအခါ——

တေဝိဇ္ဇာ ဣဒ္ဓိပတ္တာ စ၊ စေတောပရိယာယ ကောဝိဒါ။
ခီဏာသဝါ အရဟန္တော၊ ဗဟူ ဗုဒ္ဓဿ သာဝကာ-ဟု——

ဝိဇ္ဇာသုံးပါးဂုဏ်နှင့် ပြည့်စုံတော်မူကြကုန်သော ဣဒ္ဓိဝိဓ အဘိညာဉ်တန်ခိုး အမျိုးမျိုးနှင့်ပြည့်စုံတော်မူကြကုန်သော သူတပါးတို့၏ စိတ်အကြံကို ဝေဘန် ပိုင်းခြား တဆဲ့ခြောက်ပါးသော အခြင်းအရာအားဖြင့် သိခြင်းငှါ လိမ်မာ တော်မူကြကုန်သော လေးဖြာအာသဝေါ ကွာလျှောကုန်ခန်း ရဟန္တာစင်စစ် ဖြစ်တော်မူကြကုန်သော မြတ်စွာဘုရား၏ တပည့်သား သာဝက ရဟန္တာ တို့သည်ကား တပါးသာမဟုတ် နှစ်ပါးသာမဟုတ် များလှစွာကုန်၏ ဟူ၍ မိန့်ကြားတော်မူပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော ရူပါဝစရပြဟ္မာ၏ အယူမှား အထင်မှား အမြင်မှား ဟူသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် ဤအညတရ

ပြဟ္မသုတ္တန် ဒေသနာတော်မြတ်ကို တန်ခိုးအရာဝယ် ဧကဒဂ်ရရှိတော်မူသော အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ် စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

အညရတြပြဟ္မသုတ် ပြီး၏

---

## အရုဏဝတီသုတ်

ပုစ္ဆာ။ ။တတ္ထာဝုသော အရုဏဝတီသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထေ္တ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ အာရဗ္ဘ "ဘူတပုဗ္ဗံ ဘိက္ခဝေ ရာဇာ အဟောသိ အရုဏဝါ နာမ။ ရညော ခေါ ပန ဘိက္ခဝေ အရုဏဝတော အရုဏဝတီ နာမ ရာဇဓာနီ အဟောသိ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ အရုဏဝတီ သုတ္တံ ဘာသိတံ။

အမေး။ ။ထို ပြဟ္မသံယုတ်၌ ရှေးရှေးသော သံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားအပ်သော အရုဏဝတီသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် ဇေတဝန်ကျောင်းအရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော် မူအပ်ပါသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားသခင် ကိန်းအောင်းခမ္မလျော်စံနေတော်မူသောအခါ မြတ်စွာဘုရားသခင်သည် ဘူတပုဗ္ဗံ ဘိက္ခဝေ ရာဇာ အဟောသိ အရုဏဝါ နာမ- အစရှိသည်ဖြင့်——

ချစ်သားရဟန်းတို့...ရှေး၌ဖြစ်ဘူး အကြောင်းထူးသည်ကား"အရုဏဝါ" အမည်ရှိသော မင်းသည် ဖြစ်ဘူးခဲ့ပြီ၊ အရုဏဝန္တမင်း၏ ရာဇဓာနီ မင်းနေပြည်သည်ကား အရုဏဝတီ အမည်ရှိသည်။

ထိုအခါ သိခီမြတ်စွာဘုရားသခင်သည် အရုဏဝတီနေပြည်တော်ကို အမှီပြု၍ သီတင်းသုံးနေတော်မူပေသည်၊ သိခီမြတ်စွာဘုရားသခင်အား အဘိဘူ မထေရ်မြတ် သမ္ဘဝ မထေရ်မြတ် ဟူ၍ အဂ္ဂသာဝက မထေရ်နှစ်ပါးရှိခဲ့သည်။

ချစ်သားရဟန်းတို့....ထိုအခါ သိခီမြတ်စွာဘုရားသခင်သည် အဘိဘူ မထေရ်နှင့် တကွ ဗြဟ္မာ့ပြည်သို့ တခဏအတွင်း ကြွရောက်တော်မူခဲ့သည်၊ ဗြဟ္မာ့ပြည်သို့ ရောက်ရှိလတ်သောအခါ သိခီမြတ်စွာဘုရားသခင်သည် အဘိဘူအမည်ရှိသော လက်ျာရံ အဂ္ဂသာဝကမထေရ်သူမြတ်ကို—

မကောင်းမှုမှ အပြုပြီးသော ချစ်သား.... ဗြဟ္မာမင်းအပေါင်းကိုငှါး ဗြဟ္မာ့ပရိသတ်အပေါင်းကိုငှါး ဗြဟ္မာ၏အစေအပါး ဗြဟ္မာအပေါင်းကိုငှါး သင်ချစ်သား၏ ဉာဏ်ဝဝယ် ဓမ္မကထာကို ထင်စေလိုသည် ဟောကြားစေလိုသည် ဟု ခွင့်ပြုတော်မူသောအခါ အဘိဘူမထေရ်သူမြတ်သည် များစွာသော အကြောင်းဖြင့် ဗြဟ္မာမင်းအပေါင်းကိုငှါး ဗြဟ္မာပရိသတ်အပေါင်းကိုငှါး ဗြဟ္မာ၏အခြွေအရံ အစေအပါး ဖြစ်သော ဗြဟ္မာအပေါင်းကိုငှါး တရားဓမ္မ ဟောပြတော်မူခဲ့ပါသည်၊

ထိုအခါ များစွာသော ဗြဟ္မာတို့သည် အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊ကထံ ဟိ နာမ သတ္ထရိ သမ္မုခီဘူတေ သာဝကော ဓမ္မံ ဒေသေဿတိ ဟု—

အိုအချင်းတို့....ဆရာဘုရား ထင်ရှား မျက်မှောက် ရှိပါလျက်ကနဲ့ တပည့်သား သာဝကဖြစ်သော ရဟန်းသည် တရားဟောပါဘိ၏၊ လက်ဖျစ်တီး၍ အံ့ခြီးဘွယ်ထိုက်ပေစွ ဟု ကဲ့ရဲ့ရှုတ်ချစကား ပြောကြားကြပါသည်။

ထိုအခါ သိခီမြတ်စွာဘုရားက—

ချစ်သား....များစွာသော ဗြဟ္မာအပေါင်းတို့သည် သင်ချစ်သားကို ကဲ့ရဲ့ရှုတ်ချစကား ပြောကြား၍ နေကြသည်၊ သို့တပြီးကား သင်ချစ်သားသည် ဤဗြဟ္မာအပေါင်းကို အတိုင်းထက်အလွန် သံဝေဂရအောင် ဓမ္မကထာ ဟောကြား လော့ ဟု တိုက်တွန်းတော်မူခဲ့ပါသည်။

ထိုအခါ အဘိဘူမထေရ်မြတ်သည် ဧဝံ ဘန္တေ-ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ကောင်းပါပြီဘုရားဟု လျှောက်ထား ဝန်ခံပြီးလျှင်

မိမိ၏ကိုယ်ကို မထင်ရှားစေမူ၍လည်း တရားဓမ္မကို ဟောကြတော် မူခဲ့ပါသည်၊ မိမိ၏ကိုယ်ကို ထင်ရှားစွာ ဖော်ပြ၍လည်း တရားဓမ္မကို ဟောပြတော်မူခဲ့ပါပေသည်၊ အထက်ပိုင်းဖြစ်သော ကိုယ်ခန္ဓာကိုသာလျှင် ဖော်ပြ၍လည်း တရားဓမ္မကို ဟောပြတော်မူခဲ့ပါပေသည်၊ အောက်ပိုင်းဖြစ်သော ကိုယ်ခန္ဓာကိုသာ ဖော်ပြ၍ လည်း တရားဓမ္မကို ဟောပြတော်မူခဲ့ပါပေသည်။

ဤသို့စသည် အဘိညာဉ်မျိုး တန်ခိုးအရပ်ရပ်ဖြင့် ဗြဟ္မာပရိသတ်အား တရားဓမ္မ ဟောပြခဲ့ပါပေသည်၊

ထိုအခါဝယ် များစွာသော ဗြဟ္မာပရိသတ် အပေါင်းသည် အစ္ဆရိယံ ဝတ ဘော၊အဗ္ဘုတံ ဝတ ဘော သမဏဿ မဟိဒ္ဓိကတာ မဟာနုဘာဝတာ——

ရဟန်းတော်၏ တန်းခိုးအာနုဘော် ကြီးမြတ်သည်၏ အဖြစ်သည်ကား အံ့ခြီးဘွယ်ထိုက်ပါပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပါပေစွ ဟု ကောင်းချီးနုမော်ခေါ်ကြပါသည်။

ထိုအခါ အဘိဘူမထေရ်မြတ်သည် သိခီမြတ်စွာဘုရားသခင်အား——

ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....ဘုရားတပည့်တော်သည် တခါက ရဟန်းပရိသတ်တို့၏ အလယ်ဝယ် ငါ့ရှင်တို့ ငါသည်ဗြဟ္မာ့ပြည်၌တည်ပြီးလျှင် စကြာဝဠာတိုက်တသောင်းကို အသံဖြင့် ကြားစေခြင်းငှါ စွမ်းနိုင်ပါသည် ဟု ပြောဘူးသောစကားကို ဘုရားတပည့်တော် သတိထား အမှတ်ရမိပါသည် ဟု လျှောက်ထားပါသည်။

ထိုအခါ သိခီမြတ်စွာဘုရားသခင်က တေဿ ဗြာဟ္မဏ ကာလော၊ တေဿ ဗြာဟ္မဏ ကာလော-အစရှိသည်ဖြင့်——

မကောင်းမှုကိုအပပြုပြီးသော ချစ်သား...စကြာဝဠာ တိုက်တသောင်းကို ဗြဟ္မာ့ပြည်မှတည်နေ၍ သင်ချစ်သား၏ အသံဖြင့် နှံ့စေဘို့ရန် ကြားစေဘို့ရန် ယခုအခါ အချိန်တန်ပြီ ဟု တိုက်တွန်း ခွင့်ပြုတော်မူလတ်ပါသည်။

ထိုအခါ အဘိဘူ မထေရ်သူမြတ်သည် ရှေးဦးစွာ စကြာဝဠာတိုက်တသောင်းကို နီလကသိဏစျာန်ဖြင့် အမှောင်အတိ ဖြစ်စေပါသည်၊ မှောင်အတိ စကြာဝဠာတိုက် တသောင်း ဖြစ်ပြီးသော အခါမှ စကြာဝဠာတိုက် တသောင်းအတွင်းဝယ် ရှိကြသော များစွာသော သတ္တဝါတို့သည် ထိတ်လန့်

တုန်လှုပ်ကြပါသည်၊ ထိုအခါမှ ဩဒါတကသိဏ စျာန်ကို ဝင်စား၍ ထိုစကြာဝဠာတိုက်တသောင်းကို ဖြူဖွေးတောက်ပြောင်လင်းပစေခဲ့ပါသည်၊ ထိုအခါ စကြာဝဠာတိုက်တသောင်း အတွင်းရှိသော များစွာသော သတ္တဝါတို့သည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် တစုံတရာကို ကြားရအံ့ နိုးဖြင့် နားထောင်နေဆဲရှိပါသည်။

ထိုအခါ အဘိဘူ မထေရ်သည်မြတ်သည်——

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိ သံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ-ဟု

အို နတ်လူပြဟ္မာ သတ္တဝါ အပေါင်းတို့....ဆင်ပြောင်သည် ကျူမိုးကျူကာအိမ်ကို ချိုးဖဲ့ဖျက်ဆီးပစ်သကဲ့သို့၊ ထို့အတူမစ္စုမည်သော သေမင်း၏ စစ်တပ်ဖြစ်သော တထောင့်ငါးရာ ကိလေသာတို့ကို အကြွင်းမဲ့ချိုးဖဲ့ဖျက်ဆီးခြင်းငှါအာရမ္ဘ ခေါ်သော ဝီရိယဓာတ်မျိုးဖြင့် အစပျိုး၍ကြိုးစားအားထုတ်ကြပါကုန်၊ နိက္ကမ ခေါ်သော ဝီရိယ ဓာတ်မျိုးဖြင့် တဆင့်တိုး၍ အာရုံတို့မှ ထွက်မြောက်အောင် ကြိုးစား ကြပါကုန်၊ ပရက္ကမ ခေါ်သောဝီရိယဓာတ်မျိုးဖြင့် စျာန်အဆင့်ဆင့် မဂ်အဆင့်ဆင့်သို့ ရောက်အောင် ကြိုးစားအားထုတ်ကြပါကုန်။

အမှတ်မထင် အကြင် ပုဂ္ဂိုလ်သည် ဓမ္မဝိနယအမည်ရသော ဤသာသနာတော်ဝယ် အပ္ပမာဒတရား လက်ရှိထား၍ သီတင်းသုံး စံနေပါ၏၊ ထိုပုဂ္ဂိုလ်သည် တိမ်တိုက်မှလွတ်ပြီးသော လပြည့်ဝန်းပမာ ဤသတ္တလောကကို ထွန်းပစေနိုင်ပါသည်ဟု စကြာဝဠာတိုက်တသောင်းတိုင် ကြားလောက်အောင် အဘိညာဉ်အစွမ်းဖြင့် ဤဓမ္မဒေသနာသံကို လွှင့်ခဲ့ပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အတိုင်း အရှုဏာဝတီအမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ဓမ္မပဋိဂ္ဂါဟကရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

အရှုဏာဝတီသုတ် ပြီး၏

ပြဟ္မသံယုတ် ပြီး၏

## ဗြာဟ္မဏသံယုတ်
### ဓနဉ္စာနိသုတ်

ပုစ္ဆာ။ ။ဗြာဟ္မဏသံယုတ္တေ အာဝုသော ပဌမံ သံဂီတံ ဓနဉ္စာနိသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထိတ္တ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဘာရဒွါဇဂေါတ္တံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ ဘာရဒွါဇဂေါတ္တော ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဥပသင်္ကမိတွာ ဂါထာယ အဇ္ဈဘာသိ။

"ကိံသု ဆေတွာ သုခံ သေတိ၊
ကိံသု ဆေတွာ န သောစတိ။
ကိဿဿု ဧကဓမ္မဿ၊
ဝဓံ ရောစေသိ ဂေါတမာ"တိ—

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

"ကောဓံ ဆေတွာ သုခံ သေတိ။
ကောဓံ ဆေတွာ န သောစတိ။
ကောဓဿ ဝိသမူလဿ၊
မဓုရဂ္ဂဿ ဗြာဟ္မဏ။
ဝဓံ အရိယာ ပသံသန္တိ၊
တံ ဟိ ဆေတွာ န သောစတီ"တိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ဗြာဟ္မဏသံယုတ်၌ ရှေးရှေးသော သံဂါယနာတင် ဆရာမြတ်တို့သည် ရှေးဦးစွာ သံဂါယနာ တင်ထားအပ်သော ဓနဉ္စာနိသုတ် မည်သော တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဇ္ဈုပ္ပတ္တိကြောင့် ဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဘာရဒွါဇဂေါတ္တ ပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူသောအခါ ရာဇဂြိုဟ်ပြည်အတွင်းဝယ် ဗြဟ္မာ

မင်း၏ ဦးခေါင်းမှ မွေးဖွားသည် ဟု ပြာဟ္မဏတို့ အယူရှိကြသော ဓနဥ္စာနိ အမည်ရှိသော ပုဏ္ဏေးမ တဦးသည် ရှိပါသည်၊ ထိုပုဏ္ဏေးမ၏ အိမ်သားဖြစ်သော ပုဏ္ဏားသည်ကား ဘာရဒ္ဒါဇအနွယ်၌ ဖြစ်သောကြောင့် ဘာရဒ္ဒါဇဂေါတ္တ အမည်ရှိပါသည်။

ဓနဥ္စာနိ ပုဏ္ဏေးမသည် ဘုရား တရား သံဃာ ရတနာသုံးပါး၌ အရိယာတို့၏ သက်ဝင်ယုံကြည်ခြင်းဖြင့် လွန်စွာ လွန်စွာ ယုံကြည်လှပါသည်၊ ဘာရဒ္ဒါဇပုဏ္ဏားသည်ကား သာသနာတော်၌ သက်ဝင်ယုံကြည်ခြင်း အလျင်းမရှိပါ၊ ဘာရဒ္ဒါဇ ပုဏ္ဏားသည်ကား ပုဏ္ဏားတို့ကိုသာလျှင် ကျွေးမွေးလှူဒါန်းလေ့ရှိပါသည်၊ ဓနဥ္စာနိ ပုဏ္ဏေးမသည်ကား ရတနာသုံးပါးအားသာလျှင် လှူဒါန်းလေ့ရှိပါသည်။

တချိန်သောအခါဝယ် ဘာရဒ္ဒါဇ ပုဏ္ဏားသည် နောက်တနေ့၌ ငါးရာသော ပြာဟ္မဏဆရာတို့အား ရေမပါသော နို့ဃနာဆွမ်းကို ကျွေးဘို့ရန် ဘိတ်ကြားခဲ့ပါသည်။

ထိုအခါ ဘာရဒ္ဒါဇ ပုဏ္ဏားသည် ဓနဥ္စာနိပုဏ္ဏေးမအား—

အို ရှင်မ....နက်ဖြန်ခါဝယ် ငါးရာသော ပြာဟ္မဏဆရာတို့အား နို့ဃနာကို ကျွေးမွေးသောအခါ၌ ရှင်မ၏ ကိုးကွယ်ရာဖြစ်သော ထိုဦးပြည်းရဟန်း၏ ကျေးဇူးဂုဏ်ပုဒ်ကို မပြောဆိုပါလင့် ဟု အကြိမ်ကြိမ်တောင်းပန်ပါသည်၊ တောင်းပန်သော်လည်း မရခဲ့ပါ။

ထိုအခါ နောက်တနေ့ရောက်၍ များစွာသော ငါးရာအတိုင်းအရှည်ရှိသော ပုဏ္ဏားတို့ကို ရေမပါသော နို့ဃနာဆွမ်းကို ကျွေးမွေးလှူဒါန်းဆဲရှိပါသည်။

ထို ပုဏ္ဏားတို့ အစဉ် အတန်းဝယ် ဘာရဒ္ဒါဇ ပုဏ္ဏားလည်း ထိုင်နေလျက်ရှိပါသည်၊ ဓနဥ္စာနိပုဏ္ဏေးမသည် အဝိရောဓိမှု[၁] အနေဖြင့် ထိုငါးရာသော ပုဏ္ဏားတို့အား ရေမပါသော နို့ဃနာဆွမ်းကို အစဉ်သဖြင့် လိုက်၍ ကျွေးမွေးလှူဒါန်းနေဆဲအခါ ဘာရဒ္ဒါဇပုဏ္ဏား၏ အနီးအပါးသို့ရောက်သောအခါ မတော်တဆ လိမ်းလဲသဖြင့် နှုတ်မှုပင်လျှင် **နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ** ဟု သုံးကြိမ်တိုင် ဥဒါန်းကျူးရင့်ခဲ့ပါသည်။

၁။ အဝိရောဓိမှု = မဆန့်ကျင်အောင်လိုက်လျောမှု။

ထိုအခါ များစွာသော ပုဏ္ဏားတို့သည် ကျီးအုပ်၏အတွင်းဝယ် ခဲကျသော သကဲ့သို့ ထို့ ဤ့ အရပ်လေးမျက်နှာသို့ ပြေးသွားကြပါသည်၊ ထိုအခါ ဘာဝရီ၏ ပုဏ္ဏားသည် မနဉ္ဇာနီ ပုဏ္ဏေးမအား ကြိမ်းမောင်းပြီးလျှင်——

အိုရှင်မ....ယနေ့ပင်လျှင် သင်၏ဆရာဖြစ်သော ရဟန်းကြီးဂေါတမ အထံသို့ သွားရောက်၍ ငါသည် ငါ့ဒကို တင်အံ့၊ သိစိမ့်မည် ဟု ကြိမ်းမောင်းခဲ့ ပါသည်။

ထိုအခါ နေဉ္ဇာနီ ပုဏ္ဏေးမက—— '

အို ပုဏ္ဏား....နတ်နှင့်တကွသော သတ္တလောကဝယ် ထိုမြတ်စွာဘုရားကို ငါ့ဒတင်နိုင်မည့် တစုံတယောက်သော ပုဂ္ဂိုလ်ကိုမျှ မမြင်ချေ။ "အပိစ တွံ ဗြာဟ္မဏ ဂစ္ဆ၊ ဂန္တွာ ဝိဇာနိဿတိ" သွားသာ သွားပါ ဗြာဟ္မဏ....ရောက်တဲ့ အခါ သင်သိပါလိမ့်မည်ဟု တိုက်တွန်းစကား ပြောကြားလိုက်ပါသည်။

ထိုအခါ ဘာဝရီ၏ ပုဏ္ဏားသည် ဘုရားထံမှောက် သွားရောက်ပြီးလျှင်——

ကိံသု ဆေတွာ သုခံသေတိ၊ ကိံသု ဆေတွာ န သောစတိ။
ကိဿဿု ဧကဓမ္မဿ၊ ဝဓံ ရောစေသိ ဂေါတမ-ဟု——

ဂေါတမ အနွယ်၌ ဖြစ်ပါသော ရှင်ကြီးဂေါတမ....ဤလောကဝယ် အဘယ်မည်သော တရားကို ဖြတ်တောက်လျှင် ချမ်းသာစွာ အိပ်နိုင်ပါသနည်း၊ အဘယ်တရားကို ပယ်ဖြတ်လျှင် စိုးရိမ်ခြင်း ကင်းရပါသနည်း၊ အဘယ်မည် သော တရားတခုကို ဖြတ်တောက်ခြင်း ပယ်ဖျောက်ခြင်းကို အရှင်ဂေါတမ သည် နှစ်သက်ပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ကောဓံ ဆေတွာ သုခံ သေတိ၊ ကောဓံ ဆေတွာ န သောစတိ-အစရှိသည်ဖြင့်——

ဘာဝရီ၏ အနွယ်၌ ဖြစ်သော အိုပုဏ္ဏား....ဤလောကဝယ် ယခုအခါ သင့်သန္တာန်၌ အကြိမ်ကြိမ်အဖန်ဖန် ဖြစ်ပွါး၍ နေသော သင်၏ ခန္ဓာကိုယ်ကို လောင်မြိုက်၍နေသော အမျက်ဒေါသတည်းဟူသော ကောဓတရားကို ပယ် ဖျောက်လျှင် ဖြတ်တောက်လျှင် ချမ်းသာစွာအိပ်ရပေသည်၊ အမျက်ဒေါသ ကောဓတရားကို ပယ်ဖျောက်လျှင် စိုးရိမ်ကင်းခြင်း၍ နေရပါပေသည်၊ သူ တဖက်သားအား လက်စားချေရမှ ကျေနပ်နှစ်သိမ့်အားရမ်းခြင်းလျှင် အဆုံး

ရှိသော အမျက်ဒေါသတည်းဟူသော ကောဓတရားကို ပယ်သတ်ခြင်းကို ဘုရားအစရှိသော အရိယာအရှင် သခင်သူမြတ်တို့သည် ချီးမွမ်းအပ်ပါပေသည်၊ မှန်၏၊ ထိုကောဓ ဒေါသတရားကို ပယ်ဖျောက် ဖြတ်တောက်ပြီးသည် ရှိသော် စိုးရိမ်ခြင်း အလျင်းပင် ကင်းမဲ့ပါတော့သည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသော အဌုပ္ပတ္တိကြောင့် ဘာရဒွါဇပုဏ္ဏားကို အကြောင်းပြု၍ ဤဓမ္မဒါယာဒသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမဥ္စ ပနာဝုသော ဓမ္မဒေသနံ သုတွာ ဘာရဒွါဇဂေါတ္တော ဗြာဟ္မ-ဏော ကတမသ္မိံ ဓမ္မဝိနယေ ပသန္နော ကီဒိသံ ပသန္နာကာရမကာသိ၊ ကီဝတ္တကံ စ အတ္ထံ သမ္ပာဒေသိ။

ဝိဿဇ္ဇနာ။ ။ကတမဥ္စ ပန ဘန္တေ ဓမ္မဒေသနံ သုတွာ ဘာရဒွါဇဂေါတ္တော ဗြာဟ္မဏော "အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ၊သေယျထာပိ ဘော ဂေါတမ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေ-ယျ၊ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓ-ကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ စက္ခုမန္တော ရူပါနိ ဒက္ခန္တိ"တိ ဧဝမာဒိနာ ဘန္တေ ကတမသ္မိံ ဓမ္မဝိနယေ ပသန္နော ပသန္နာကာရမကာသိ။ ကတမဥ္စ ပန ဘန္တေ ဓမ္မဒေသနံ သုတွာ ဘာရဒွါဇဂေါတ္တော ဗြာဟ္မဏော ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ ဥပသမ္ပဒံ ယာစိတွာ အစိရူပသမ္ပန္နော ယာဝ အရဟတ္တံ သမ္ပာဒေသိ။

အမေး။ ။ဤဓမ္မဒါယာဒသုတ် တရားဒေသနာတော်ကို ကြားနာရသဖြင့် ဘာရဒွါဇ ဂေါတ္တ ပုဏ္ဏားသည် ဤမြတ်စွာဘုရား၏ သာသနာတော်၌ ကြည် ညိုသက်ဝင်၍ ကြည်ညိုသဒ္ဓါရှိသော ပုဂ္ဂိုလ်တို့၏ ပြုမြဲ ပြုမြဲ ဖြစ်သော အဘယ် သို့သော အခြင်းအရာကို ပြုခဲ့ပြခဲ့ပါသနည်း၊ အဘယ်မျှ ကြီးမားသော အကျိုးစီးပွါးကိုလည်း ပြီးစီးပြည့်စုံအောင် အားထုတ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤဓမ္မဒါယာဒသုတ္တန်ဒေသနာတော်ကို ကြားနာရ၍ ဘာရ ဒွါဇ ဂေါတ္တပုဏ္ဏားသည် အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ-အစရှိသည်ဖြင့်——

အို အရှင်ကြီးဂေါတမ....လွန်စွာ လွန်စွာ နှစ်သက်ဖွယ် ရှိပါပေစွ.... လွန်စွာ လွန်စွာ နှစ်သက်ဖွယ်ရှိပါပေစွ အစရှိသည်ဖြင့် သရဏဂုံ ခံယူသော အားဖြင့် ဤသာသနာ၌ ကြည်ညိုသော သူတို့ပြုမြဲ ပြောမြဲဖြစ်သော အခြင်း အရာကို ပြုခဲ့ ပြောခဲ့ပါသည်။

ကြည်ညိုသော အခြင်းအရာကို ပြုပြီး ပြပြီးသည်ရှိသော် လဘေယျာဟံ ဘောတော ဂေါတမဿ သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ-ဟု အကျွန်ုပ် သည် ရှင်ကြီးဂေါတမ အထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါ၏ ဟု တောင်း ပန်ခဲ့ပါသည်။

သမ္ဗုဒ္ဓမြတ်စွာဘုရား၏ အထံမှာပင်လျှင် ဘာရဒွါဇပုဏ္ဏားသည် ရှင် အဖြစ် ရဟန်းအဖြစ်ကို ရခဲ့ပါသည်၊ ရဟန်းဖြစ်ပြီး၍ မကြာမြင့်မီပင်လျှင် အဘော်မမှီး တကိုယ်တည်းဖြစ်၍ ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင် တရားအလုပ် အားထုတ်သဖြင့် အရဟတ္တဖိုလ်ဘိုင်မြောက် ရောက်ခဲ့ပါသည်။

ဤသို့လျှင် ဘာရဒွါဇပုဏ္ဏားသည် လျှောက်ဆိုအပ်ပြီးသောအတိုင်း ဤသာသနာတော်၌ ကြည်ညိုလှသည်ဖြစ်၍ ကြည်ညိုသော အခြင်းအရာကို ပြုခဲ့ပြခဲ့ပြီးလျှင် ဤဆိုအပ်ပြီးသောအတိုင်း အရဟတ္တဖိုလ်တိုင်ရောက် သော လောကုတ္တရာတရား အထူး ဂုဏ်ကျေးဇူးဥဿုံကို ပြည့်စုံပြီးစီးစေခဲ့ပါသည် အရှင်ဘုရား။

နေဥ္စာနီသုတ် ပြီး၏

---

**အက္ကောသသုတ်**

ပုစ္ဆာ။ ။အက္ကောသကဘာရဒွါဇသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အက္ကောသကဘာရဒွါဇံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ အက္ကောသကဘာရဒွါဇော ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဥပသင်္ကမိတွာ အသဗ္ဘာဟိ ဖရုသာဟိ ဝါစာဟိ ဘဂဝန္တံ အက္ကောသတိ ပရိဘာသတိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "တံ ကိံ မညသိ ဗြာဟ္မဏ၊ အပိ နုခေါ တေ အာဂစ္ဆန္တိ

မိတ္တာမစ္စာ ဥာတိသာလောဟိတာ အတိထိယော"တိ ဧဝ-
မာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။အင်္ဂုတ္တိုရ်ကဘာရဒ္ဒွါဇသုတ်မည်သော တရားဒေသနာ တော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ် သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သောအခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် အင်္ဂုတ္တိုရ်ကဘာရဒ္ဒွါဇပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဘာရဒ္ဒွါဇ ဂေါတ္တပုဏ္ဏား....ရှေးဝတ္ထု၌ လာသည့်အတိုင်း ရဟန်းပြုသည် ဟု ကြားသော ထိုဘာရဒ္ဒွါဇပုဏ္ဏား၏ ညီဖြစ်သော ဘာရဒ္ဒွါဇ အန္တယ်၌ပင် ဖြစ်သော ပုဏ္ဏားသည် ငါ၏ နောင်ကြီးဖြစ်သော ဘာရဒ္ဒွါဇပုဏ္ဏားသည် ရဟန်းကြီး ဂေါတမ၏ အထံ၌ ရဟန်းပြုပြီ ဟု ကြားလတ်၍ ရဟန်းကြီး ဂေါတမသည်ကား ငါတို့၏ အမျိုးကို အညွန့်ကျိုးအောင် ဆုံးရှုံးအောင် စီမံပေသည် ဟု ဘုရားအပေါ်ဝယ် ပြင်းထန်စွာ အမျက်ထွက် နှလုံးမသာ ယာသည်ဖြစ်၍ ဘုရားထံမှောက် သွားရောက်ပြီးလျှင် များစွာသော ဆယ်ပါး အတိုင်းအရှည်ရှိသော အင်္ဂုတ္တိုဝတ္ထုတို့ဖြင့် မလျှောက်ပတ်သော သူတော် မဟုတ် သူယုတ်တို့၏ ဥစ္စာဖြစ်သော ရှန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် မြတ်စွာဘုရားအား ဆဲရေးတိုင်းထွာခဲ့ပါသည်၊ မြတ်စွာဘုရားအား လွှမ်းမိုး စကား ပြောကြားခဲ့ပါသည်။

ထိုအခါ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်သည် မဟာကရုဏာတော် ရေယဉ်ဖြင့် ကြည်လင်အေးမြသော စိတ်နှလုံးရှိတော်မူသည်ဖြစ်၍ တံ ကိံ မညသိ ဗြာဟ္မဏ-အစရှိသည်ဖြင့်—

ဘာရဒ္ဒွါဇ ပုဏ္ဏား....ငါ ယခု မေးမည့် စကားကို အသင် မည်သို့မှတ်ထင် သနည်း၊ သင်၏အထံသို့ သင်၏အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူ ဆွေမျိုး သားချင်း တော်စပ်သောသူ ဧည့်သည်ဖြစ်သော ပုဂ္ဂိုလ်တို့သည် လာရောက် ကြပါကုန်သလော ဟု မေးမြန်းတော်မူပါသည်။

အပေ့ကဒါ မေ ဘော ဂေါတမ အာဂစ္ဆန္တိ မိတ္တာမစ္စာ ဉာတိသာ-လောဟိတာ အတိထိယော-ဟု အို အရှင်ကြီး ဂေါတမ....တရံတခါ အကျွန်ုပ်၏ အထံသို့ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူ ဆွေမျိုးရင်းချာ တော်စပ်သော သူ ဧည့်သည်ဖြစ်သော သူတို့သည် လာရောက်ကြပါကုန်သည် ဟု ပြန်ကြား ဖြေဆိုပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက——

ဘာရဒွါဇ ပုဏ္ဏား....အဘယ်သို့ မှတ်ထင်ပါသနည်း၊ အသင်သည် ထိုသို့ လာရောက်သော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူ ဆွေရင်းမျိုးချာ တော် စပ်သောသူ ဧည့်သည်ဖြစ်သောသူတို့အား ခဲဖွယ် စားဖွယ် လျက်ဖွယ် တစုံ တခုကို ပေးကမ်းဘူးပါသလော ဟု မေးမြန်းတော်မူပါသည်။

ထိုသိ လာရောက်သော ဧည့်သည်ဖြစ်သော ပုဂ္ဂိုလ်တို့အား ခဲဖွယ် စားဖွယ် လျက်ဖွယ်ကို ပေးကမ်းပါကြောင်း ပြန်ပြောင်း၍ လျှောက်ထားခဲ့ပါ သည်။

ထိုအခါ သဗ္ဗညု မြတ်စွာဘုရားက——

အို ဘာရဒွါဇ ပုဏ္ဏား....သင်ပေးကမ်းသော ခဲဖွယ် စားဖွယ် လျက်ဖွယ် တို့ကို သင်၏ဧည့်သည်တို့သည် လက်မခံခဲ့ သည်ရှိသော် ထို ခဲဖွယ် စားဖွယ် လျက်ဖွယ်တို့သည် အဘယ်သူ၏ ဥစ္စာလျှင် ဖြစ်ကုန်သနည်း ဟု မေးမြန်းတော် မူသောအခါ——

အို အရှင်ကြီး ဂေါတမ....အကျွန်ုပ်ကိုယ်တိုင် ပေးသည့် ခဲဖွယ် စားဖွယ် လျက်ဖွယ်တို့ကို အကျွန်ုပ်၏ ဧည့်သည်တို့ လက်မခံခဲ့သည်ရှိသော် ထိုခဲဖွယ် စားဖွယ် လျက်ဖွယ်တို့သည် အကျွန်ုပ်၏သာလျှင် ဥစ္စာဖြစ်ပါကုန်သည် ဟု ပြန်ပြောင်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက——

ဘာရဒွါဇ ပုဏ္ဏား....အသင်သည် သင့်အပေါ် တစုံတရာမျှ မဆဲရေး သော ငါတို့ကို အသင်ကား ဆယ်ပါးသော ဆဲရေးကြောင်း ဝတ္ထုတို့ဖြင့် အကြိမ်ကြိမ်အဖန်ဖန် ဆဲရေးခဲ့လေပြီ၊ အသင်ကား ငါတို့အပေါ် များစွာ

ချုတ်ချယ်ခဲ့လေပြီ၊ သင့်အပေါ် ငြင်းခုံမှု မရှိသော ငါတို့ကို သင်သည် များစွာ ငြင်းခုံခဲ့လေပြီ၊ သင်၏ ဆဲရေးစကား ချုတ်ချယ်စကား ငြင်းခုံစကားကို ငါတို့သည် လက်မခံပါကုန်၊ သင်ဆဲရေးတိုင်းထွာ ငြင်းခုံချုတ်ချယ်သော စကား အစုသည် သင်၏ ဥစ္စာသာလျှင် ဖြစ်ပါပေသည် ဟု ပြန်ပြောင်းမိန့်ကြားတော်မူပါသည်။

တဝေဝေတံ ဗြာဟ္မဏ ဟောတိ၊ တဝေဝေတံ ဗြာဟ္မဏ ဟောတိ-ဤ ဆဲရေး တိုင်းထွာမှု အစုစုသည် သင်၏ ဥစ္စာသာလျှင် ဖြစ်ပေသည်၊ သင်၏ ဥစ္စာသာလျှင် ဖြစ်ပေသည် ဟု အဖန်ဖန် အထပ်ထပ် ပြောကြားတော်မူလတ် သည်ရှိသော် ဘာရဒွါဇပုဏ္ဏားသည် ရသေ့ ရဟန်းတို့၏ ကျိန်ဆဲခြင်းဖြင့် ကျိန်ဆဲနေသည် ဟု ထိတ်လန့်ကြောက်ရွံ့သဖြင့်—

ဘဂဝန္တံ ခေါ ဂေါတမံ သရာဇိကာ ပရိသာ ဧဝံ ဇာနာတိ "အရဟံ သမဏော ဂေါတမော" အစရှိသည်ဖြင့် အရှင်ကြီးဂေါတမကို မင်းနှင့်တကွ သော ပရိသတ် လေးပါးတို့က ရဟန်းကြီးဂေါတမသည် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်သော ပုဂ္ဂိုလ်ဟူ၍ အသိအမှတ်ပြုကြပါ ကုန်သည်၊ အထ စ ပန ဘဝံ ဂေါတမော ကုဇ္ဈတိ-ထိုသို့ အရဟံဂုဏ်ရှင် ဟူ၍ ပရိသတ်လေးပါးတို့ အသိအမှတ်ပြု ခံရသူ ဖြစ်ပါလျက် အရှင်ကြီးဂေါတမသည် အကျွန်ုပ်အပေါ်မှာ စိတ်ဆိုးတော်မူပါသလား ဟု မေးမြန်းလျှောက်ထားပါ သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဓမ္မရေအေး တိုက်ကျွေးသော အားဖြင့်—

အက္ကောဓဿ ကုတော ကောဓော၊
ဒန္တဿ သမဇီဝိနော။
သမ္မဒညာ ဝိမုတ္တဿ၊
ဥပသန္တဿ တာဒိနော။

အစရှိသော လေးဂါထာတို့ဖြင့်—

ဘာရဒွါဇပုဏ္ဏား.... အမျက် ဒေါသ ဟူသမျှကို အနာဂါမိမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်အပ်ပြီးသော ဇလ္လေခြောက်ပါးဝယ် ယဉ်ကျေးအောင် ဆုံးမတော်မူပြီးသော တရားနှင့် အညီ အသက်မွေးမှုရှိပေသော ခပ်သိမ်းသော

ဥယျာဉ်ခံတရားတို့ကို ကြွင်းမဲ့ ကုန်စင် သိမြင်၍ အလုံးစုံသော ဝဋ်ဒုက္ခမှ လွတ်မြောက်တော်မူပြီးသော ကိလေသာဒပ်သိမ်း ငြိမ်းအေးပြီးသော လောကခံရှစ်မျိုးတို့ဖြင့် တုန်လှုပ်ခြင်း ကင်းမဲ့တော်မူသော ငါကဲ့သို့သော မြတ်စွာဘုရားအား အဘယ်မှာလျှင် အမျက်ထွက်ခြင်း ရှိနိုင်ပါအံ့နည်း။

တဿေဝ တေန ပါပိယော၊
ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။
ကုဒ္ဓံ အပ္ပဋိကုဇ္ဈန္တော၊
သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။

ဘာရဒွါဇပုဏ္ဏား....အကြင်ပုဂ္ဂိုလ်သည် မိမိအပေါ် တစုံတယောက် အမျက်ထွက်၍လာသည်ကို တဖန် အမျက်တုံ့ပြန် အမျက်ထွက်ခဲ့သည် ဖြစ်ပါအံ့၊ ထိုပုဂ္ဂိုလ်အားပင်လျှင် ထိုသို့ တဖန် အမျက်ထွက်ခြင်းကြောင့် ထိုပုဂ္ဂိုလ်အောက် အတိုင်းထက်အလွန် ယုတ်မာခြင်း ဖြစ်လေရာ၏၊ မိမိအပေါ် တစုံတယောက်သောသူတို့ အမျက်ထွက်သည်ကို အမျက်တုံ့ပြန် မဆန်သော ပုဂ္ဂိုလ်သည် အောင်နိုင်ခဲလှစွာသော စစ်ပွဲကို အောင်သည် မည်ပါပေသည်။

ဥဘိန္နမတ္ထံ စရတိ၊
အတ္တနော စ ပရဿ စ။
ပရံ သင်္ကုပိတံ ဉတွာ၊
ယော သတော ဥပသမ္မတိ။

ယောနိသော မနသိကာရ ဓာတ်ခံရှိသော အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးသည် သူတဖက်သား ပြင်းစွာအမျက်ထွက်သည်ကို ဉာဏ်ပညာဖြင့် ဆင်ခြင် သိမြင်ပြီးလျှင် သတိကို ရှေ့ထား၍ အမျက်တရားကို ငြိမ်းစေပါ၏၊ ထိုသို့သဘောရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် မိမိ၏ရင်း ထိုအမျက်ထွက်သူ သူတပါး၏ရင်း နှစ်ဦးသားဖြစ်သော ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွါးကို ကျင့်ကြံပါပေသည်။

ဥဘိန္နံ တိကိစ္ဆန္တာနံ၊
အတ္တနော စ ပရဿ စ။
ဇနာ မညန္တိ ဗာလောတိ၊
ယေ ဓမ္မဿ အကောဝိဒါ။

အကြင်သူတို့သည် အရိယာသခင် သူတော်စင်တို့၏ တရား၌ မလိမ်မာကြကုန်၊ ထို မလိမ်မာကြသော သူတို့သည် မိမိ သူတပါး နှစ်ဦးသားတို့အတွက် အမျက်မထွက်ဘဲ အကျိုးရဘို့ရန် အကုသိုလ်တရားတို့မှ ပယ်ရှားဘို့ရန် ကုစား၍ နေသော သူတော်ကောင်းကိုပင်လျှင် ဤသူကား သူတပါးတို့ဆဲသည်ကို ဘာမျှမသိဘူး၍ အမိုက်အကန်းကဲ့သို့ သဘောထားကြပါသည် ဟု သဗ္ဗညု မြတ်စွာဘုရားသည် ဤအက္ကောသကဘာရဒွါဇသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဣမဉ္စ ပနာဝုသော ဓမ္မဒေသနံ သုတွာ အက္ကောသကဘာရဒွါဇော ဗြာဟ္မဏော ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ကီဒိသံ ပသန္နာကာရမကာသိ။ ကိဝတ္တကံ စ အတ္ထံ သမ္ပာဒေသိ။

ဝိဿဇ္ဇနာ။ ။ဣမဉ္စ ပန ဘန္တေ ဓမ္မဒေသနံ သုတွာ အက္ကောသကဘာရဒွါဇော ဗြာဟ္မဏော “အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမာ”တိ ဝေမာဒိနာ ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ပသန္နာကာရမကာသိ။ ယာဝ အရဟတ္တာ စ ပန မဟန္တံ အတ္ထံ သမ္ပာဒေသိ။

အမေး။ ။အက္ကောသက ဘာရဒွါဇ ပုဏ္ဏားသည် ဤ သုတ္တန်ဒေသနာတော်ကို ကြားနာရသဖြင့် ဤမြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညိုသဒ္ဓါဖြစ်ပေါ်လာ၍ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်သော ပုဂ္ဂိုလ်တို့၏ ပြုမြဲဖြစ်သော အဘယ်သို့သော အခြင်းအရာကို ပြုခဲ့ပြခဲ့ပါသနည်း၊ ထို့ပြင် ဤမြတ်စွာဘုရား၏ သာသနာတော်၌ အဘယ်မျှ ကြီးမား မြင့်မြတ်သော အကျိုးကျေးဇူးကို ပြည့်စုံစေခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ဤအက္ကောသကဘာရဒွါဇ အမည်ရသော အမျက်ဖြေတရားကို ကြားနာရ၍အက္ကောသက ဘာရဒွါဇ အမည်ရသော ပုဏ္ဏားသည် အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ-အစရှိသည်ဖြင့်——

အို အရှင်ကြီးဂေါတမ....အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ သေယျထာပိ ဘော ဂေါတမ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ အို အရှင်ကြီး ဂေါတမ....လောက ဥပမာအားဖြင့် မျက်နှာဝကို အောက်သို့ပြု၍ ထားသော ဝတ္ထုကို အပေါ်သို့

မျက်နှာကို လှန်၍ ပြဘိသကဲ့သို့၎င်း တစုံတခု ဖုံးလွှမ်း၍ထားသော ဝတ္ထုကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့၎င်း မျက်စိလည် လမ်းမှားသော ပုဂ္ဂိုလ်ကို လက်ကို ဆွဲ၍ သင်သွားရမည့်လမ်းကား ဤ လမ်းဘဲ ဟု လမ်းမှန်ကို ညွှန်ပြသကဲ့သို့၎င်း အမိုက်မှောင်ဝယ် မျက်စိအမြင်ရှိသော ပုဂ္ဂိုလ်တို့သည် မြင်ရစိမ့်မည်ဟု ဆီမီးတန်ဆောင်ကို စိုက်ထောင်ထွန်းညှိဘိသကဲ့သို့၎င်း ထို့အတူလျှင် အရှင်ကြီး ဂေါတမသည် များစွာသော အကြောင်းအရာတို့ဖြင့် အမျက်ပြေကြောင်း ကောင်းမြတ်သော တရားစကားကို ဟောကြားတော်မူခဲ့ပါပေသည်။

အို အရှင်ကြီးဂေါတမ....ထို အကျွန်ုပ်သည် အရှင်ကြီးဂေါတမကို၎င်း တရားတော်ကို၎င်း သံဃာတော်ကို၎င်း ကိုးကွယ်ရာ ဆည်းကပ်ရာ ဟူ၍ အားထားပါသည် သိပါသည် ဆည်းကပ်ပါသည် ကိုးကွယ်ပါသည် ဟု ဤ သာသနာတော်၌ ကြည်ညိုသက်ဝင်လှသည်ဖြစ်၍ ကြည်ညိုသော ပုဂ္ဂိုလ်တို့ ပြုမြဲ ပြောမြဲ ဖြစ်သော သရဏဂုံခံခြင်း ချီးမွမ်းခြင်း တည်းဟူသော အခြင်းအရာကို ပြုခဲ့ပါသည်။

သရဏဂုံ ခံပြီးသည်မှ နောက်ကာလဝယ် လဘေယျာဟံ ဘန္တေ ဘောတော ဂေါတမဿ သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ-အစရှိသည်ဖြင့် အကျွန်ုပ်သည် အရှင်ကြီးဂေါတမအထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါသည် ဟု တောင်းပန်ပါသည်၊ တောင်းပန်သည့်အတိုင်း သဗ္ဗညုမြတ်စွာဘုရားသည်လည်း ထို အက္ကောသက ဘာရဒ္ဝါဇ ပုဏ္ဏားအား ရဟန်းအဖြစ်ကို ခွင့်ပြုပေးသနားတော်မူခဲ့ပါသည်။

ဘာရဒ္ဝါဇ မထေရ်သည် ရဟန်းပြု၍ မကြာမြင့်မီပင် တပါးတည်း ဆိတ်ငြိမ်ရာ အရပ်သို့ ကိန်းအောင်းလျက် သူတော်တရား ပွါးများအားထုတ်ရင်းဖြင့် အရဟတ္တဖိုလ်တိုင်မြောက် ရောက်ခဲ့ပါသည်။

ဤသို့လျှင် အက္ကောသက ဘာရဒ္ဝါဇ အမည်ရသော ပုဏ္ဏားသည် ဤ သာသနာတော်၌ ကြည်ညိုသဖြင့် ကြည်ညိုသော အခြင်းအရာကို ပြခဲ့ပါသည့်ပြင် လျှောက်ဆိုအပ်ပြီးသော အတိုင်း အရဟတ္တဖိုလ်တိုင် ပေါက်ရောက်သည်ထိအောင် များစွာသော လောကုတ္တရာ အကျိုးစီးပွါး တရားတို့ကို ပြီးစီးပြည့်စုံစေခဲ့ပါသည် အရှင်ဘုရား။

အက္ကောသသုတ် ပြီး၏

## ဗဟုဓီတရသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ ဇာနတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဗြာဟ္မဏသံယုတ္တေ ဗဟုဓီတရသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသလေသု ဘန္တေ အညတရသ္မိံ ဝနသဏ္ဍေ အညတရံ ဘာရဒွါဇဂေါတ္တံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ အညတရော ဘန္တေ ဘာရဒွါဇဂေါတ္တော ဗြာဟ္မဏော ဂေါဏေ နဋ္ဌေ ပရိယေသန္တော ဘဂဝတော သန္တိကေ ဣမာ ဂါထာယော အဘာသိ။

“န ဟိ နူနိမဿ သမဏဿ၊ ဗလီဗဒ္ဒါ စတုဒ္ဒသ။
အဇ္ဇသဋ္ဌိံ န ဒိဿန္တိ၊ တေနာယံ သမဏော သုခီ။
န ဟိ နူနိမဿ သမဏဿ၊ တိလာခေတ္တသ္မိ ပါပကာ။
ဧကပဏ္ဏာ ဒုပဏ္ဏာ စ၊ တေနာယံ သမဏော သုခီ။
(ပေယျာလ)
န ဟိ နူနိမဿ သမဏဿ၊ ပစ္စူသမှိ ဣဏာယိကာ။
ဒေထ ဒေထာတိ စောဒေန္တိ၊ တေနာယံ သမဏော သုခီ”တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

န ဟိ မယှံ ဗြာဟ္မဏ၊ ဗလီဗဒ္ဒါ စတုဒ္ဒသ။
အဇ္ဇသဋ္ဌိံ န ဒိဿန္တိ၊ တေနာဟံ ဗြာဟ္မဏာ သုခီ။
န ဟိ မယှံ ဗြာဟ္မဏ၊ တိလာခေတ္တသ္မိ ပါပကာ။
ဧကပဏ္ဏာ ဒုပဏ္ဏာ စ၊ တေနာဟံ ဗြာဟ္မဏာ သုခီ။
(ပေယျာလ)
န ဟိ မယှံ ဗြာဟ္မဏ၊ ပစ္စူသမှိ ဣဏာယိကာ။
ဒေထ ဒေထာတိ စောဒေန္တိ၊ တေနာဟံ ဗြာဟ္မဏာ သုခီတိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုဘုရားရှင်သည် ဗြာဟ္မဏသံယုတ်၌ သံဂါယနာတင်၍ထားအပ်သော ဗဟုဓီတရသုတ် မည်သော တရား

ဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသလတိုင်း အဝင်အပါ တခုသော တောအုပ်အရပ် ဝယ် ဘာရဒွါဇ အနွယ်၌ဖြစ်သော လယ်သမား ပုဏ္ဏားတဦးကို အကြောင်း ပြု၍ ဟောကြားတော်မူအပ်ပါသည်။

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ကောသလတိုင်း အဝင်အပါ တခုသော တောအုပ်အတွင်း တကိုယ်တော်တည်း သီတင်းသုံးနေတော်မူသော အခါ ဘာရဒွါဇ အနွယ်၌ဖြစ်သော လယ်သမားပုဏ္ဏားတယောက်အား ခုနစ်ရှဉ်း သော နွားတို့သည် ပျောက်ခဲ့ပါကုန်သည်။

ထိုအခါ ဘာရဒွါဇ အနွယ်ဖွား ထိုလယ်သမားပုဏ္ဏားသည် ထိုခုနစ် ရှဉ်းသော နွားတို့ကို ရှာမှီးသော အားဖြင့် မြတ်စွာဘုရား သီတင်းသုံးရာ ဖြစ်သော ထိုတောအုပ်အတွင်းသို့ ရောက်၍ မြတ်စွာဘုရားသခင်ကို တခုသော သစ်ပင်အရင်းဝယ် ကမ္ဗဋ္ဌာန်းအာရုံဖြင့် သီတင်းသုံးနေတော်မူသည်ကို မြင် လတ်၍ ဘုရားရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင်——

(၁) န ဟိ နူနိမဿ သမဏဿ၊ ဗလိဗဒ္ဒါ စတုဒ္ဒသ။
အဇ္ဇသဋ္ဌိံ န ဒိဿန္တိ၊ တေနာယံ သမဏော သုခီ။

ငါ့မှာမူ ခုနစ်ရှဉ်းသော နွားတို့ ပျောက်သည်မှာ ခုနစ်ညဉ့်လောက် ရှိခဲ့လေပြီ၊ ခုနစ်ရှဉ်းသော နွားတို့ ပျောက်သည်မှာ လွန်ခဲ့သော ခြောက်ရက် လောက်က ဖြစ်ချေသည်၊ ယနေ့တိုင်အောင်ပင် ထိုခုနစ်ရှဉ်းသော နွားတို့ကို ရှာ၍ မတွေ့သေးပါ၊ ဤရဟန်းမှာမူကား ထိုသို့ နွားပျောက်မှု ဒုက္ခ လုံးဝ မရှိလေယောင်တကား။ ထို့ကြောင့်ပင် ဤရဟန်းတော် အရှင်သူမြတ်သည် ချမ်းသာစွာ သီတင်းသုံး နေနိုင်လေယောင်တကား....။

(၂) န ဟိ နူနိမဿ သမဏဿ၊ တိလာခေတ္တသ္မိ ပါပကာ။
ဧကပဏ္ဏာ ဒုပဏ္ဏာ စ၊ တေနာယံ သမဏော သုခီ။

ငါ့မှာမူ ယာတောအတွင်းဝယ် တံချက် နှစ်ရွက်မျှသာ ရှိကြသော နှမ်း ခင်းပျက်တို့သည် ထင်ရှားရှိပါပေကုန်၏၊ ထို နှမ်းခင်းပျက်တို့ကို မြင်ရသော

ငါ့အဘို့ရာ လွန်စွာ စိတ်ဆင်းရဲလှပါပေ၏၊ ဤရဟန်းအား ထိုနှမ်းခင်းပျက် မရှိလေယောင်တကား၊ မရှိသောကြောင့်ပင်လျှင် ချမ်းသာစွာ နေနိုင်ယောင် တကား။

(၃) န ဟိ နူနိမဿ သမဏဿ၊ တုစ္ဆကောဌသ္မိ မူသိကာ။
ဥဿောဠှိကာယ နစ္စန္တိ၊ တေနာယံ သမဏော သုခီ။

ငါ့မှာတမူ....ဆန်စပါးတစေ့မျှ မရှိသော ကျီကြအတွင်း၌ အရှေ့ အနောက် တောင် မြောက် ခုနစ်အိမ်မှ စုဝေးရောက်လာကြသော များစွာသော ကြွက် အပေါင်းတို့သည် နားရွက်ကို ထောင်ကာ အမြီးကိုစွင့်ကာဖြင့် လူးလာပြေး သွား ကစားကခုန် မြူးထူး ပျော်ပါးလျက် ရှိကြပါပေသည်၊ ထိုကြွက်တို့၏ ဆူညံ မြည်သံကြောင့် ငါသည် အိပ်၍ပင် မရအောင် ဒုက္ခများလှပါပေသည်၊ ဤရဟန်းအားကား ထိုသို့ ဒုက္ခများကြောင်း အချည်းနှီးသော ကျီကြ အ အတွင်းဝယ် ထိုထိုဤဤ ပြေးသွားသော ကြွက်အပေါင်း မရှိလေယောင် တကား။

(၄) န ဟိ နူနိမဿ သမဏဿ၊ သန္ထာရော သတ္တမာသိကော။
ဥပ္ပါဋကေဟိ သဉ္ဆန္နော၊ တေနာယံ သမဏော သုခီ။

ငါ့မှာတမူ....ခုနစ်လတိုင်အောင် တစုံတယောက် သုတ်သင်ရှင်းလင်းခြင်း မရှိသဖြင့် ဥပ္ပါဋက အမည်ရသော ပိုးမွှား အသေးတို့ဖြင့် ရောထွေး၍ နေသော မြက်အခင်း ကမ္ဗလာသည် ထင်ရှားရှိပါပေသည်၊ ထိုမြက်အခင်း၌ အိပ်ရသော ငါ့မှာ များစွာသော ဥပ္ပါဋက မည်သော ပိုးမွှားတိရစ္ဆာန်တို့ ငါ၏ ကိုယ်ကို ဝိုင်းဝန်း၍ ကိုက်ခဲခြင်း ဒုက္ခကို ခံရပါသည်၊ ဤရဟန်းအားကား ဤသို့ သဘောရှိသော ဒုက္ခမျိုး မရှိလေယောင်တကား.... ထို့ကြောင့်ပင် ဤရဟန်းတော် အရှင်သူမြတ်သည် ချမ်းသာစွာ နေနိုင်ယောင်တကား။

(၅) န ဟိ နူနိမဿ သမဏဿ၊ ဝိဓဝါ သတ္တ ဓိတရော။
ကေပုတ္တာ ဒုပုတ္တာ စ၊ တေနာယံ သမဏော သုခီ။

ငါ့မှာတမူ....လွန်စွာ လွန်စွာ ဆင်းရဲရသည့် အတွင်းမှာ အိမ်ထောင်ပျက် ကြသော ခုနစ်ဦးသော သမီးတို့သည် ထင်ရှားရှိကြပါပေကုန်သည်၊ အချို့တွင်

သားတယောက် အချို့တွင် သားနှစ်ယောက် အချို့မှာ သုံးယောက် လေးယောက် စသည်ဖြင့် များစွာသော ခလေးတို့ဖြင့် ရောထွေးယှက်တင်ကာ အစား အစာကိုမျှ ကောင်းစွာ မစားရသည့် ဒုက္ခဖြင့် တွေ့ကြုံနေရပါပေသည်၊ ဤရဟန်းအားကား ဤသို့ သဘောရှိသော ဒုက္ခမျိုး မရှိယောင်တကား။

(၆) န ဟိ နူနိမဿ သမဏဿ၊ ပိဠလာ တိလကာဟတာ။
သောတ္တံ ပါဒေန ဗောဓေတိ၊ တေနာယံ သမဏော သုခီ။

ငါ့မှာတမူ....ညဦးယံ သန်းကောင်ယံတွင် ကြွက်သံတွေ ဆူညံသဖြင့် ဥပ္ပါဋ္ဌကမည်သော ပိုးမွှား အလျှေးတို့ ကိုက်ခဲသဖြင့် မအိပ်ရသော ဒုက္ခနှိပ်စက်၍ ပစ္ဆိမယံဝယ် တခဏမျှ မှိတ်စက်ရပါသည်ကို ခြေဖြင့် ကန်ကြောက်၍ နှိုးလေ့ရှိသော တကိုယ်လုံးဝယ် မှဲ့မည်းတို့ဖြင့် မည်းနက်သော အဆင်းရှိပေသော ကြောက်ဖွယ်အယောင် ကြောင်သောမျက်လုံးရှိသော အိမ်ရှင်မကြောင့် ကြီးစွာ ဒုက္ခရောက်ရပါပေသည်၊ ဤရဟန်းအားကား ဤသို့ သဘောရှိသော ကြောက်ဖွယ်ကောင်းလှသော အိမ်ရှင်မ မရှိလေယောင်တကား၊ ထို့ကြောင့်ပင် ဤရဟန်းသည် ချမ်းသာစွာ နေနိုင်ယောင်တကား။

(၇) န ဟိ နူနိမဿ သမဏဿ၊ ပစ္စူသမိ ဣဏာယိကာ။
ဒေထ ဒေထာတိ စောဒေန္တိ၊ တေနာယံ သမဏော သုခီ။

ငါ့မှာတမူ....မိုးသောက်အားကြီး လင်းကာနီးအခါ၌ အရပ်လေးမျက်နှာမှ ကြွေးရှင် မြီရှင်တို့ လာရောက်၍ ပေးလော့ ပေးလော့ ဟု ဖမ်းတော့မည့်အယောင် ရိုက်တော့မည့်အယောင် ပုတ်တော့မည့်အယောင် ဝိုင်းဝန်း၍ ခြိမ်းခြောက်စကား ပြောကြားကြပါပေကုန်သည်၊ ထိုသို့သဘောရှိသော ကြောက်လန့်ဘွယ်ကောင်းသော ကြွေးရှင် မြီရှင် ကြွေးတောင်း မြီတောင်းလာသော ပုဂ္ဂိုလ်တို့သည် ဤရဟန်းအား မရှိယောင်တကား၊ ထို့ကြောင့်ပင် ဤရဟန်းသည် ချမ်းသာစွာ နေနိုင်ယောင်တကား ဟု ခုနစ်ပါးသော ဂါထာပိုဒ်တို့ဖြင့် မိမိ၏ ဒုက္ခကို သဗ္ဗညုမြတ်စွာဘုရား၏ အနီးဝယ် ညည်းတွားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

(၁) န ဟိ မယှံ ဗြာဟ္မဏ၊ ဗလီဗဒ္ဒါ စတုဒ္ဒသ။
အဇ္ဇသဋ္ဌိံ န ဒိဿန္တိ၊ တေနာဟံ ဗြာဟ္မဏာ သုခီ။

ဘာရဒွါဇ အနွယ်ဖွား အို လယ်သမား ပုဏ္ဏား....ငါဘုရားအား အသင့်မှာလို လွန်ခဲ့သော ခြောက်ရက်က ပျောက်ခဲ့သည့် နွားခုနစ်ရှဉ်း ဟူ၍ အလျင်းပင် မရှိပါ၊ ထိုသို့ နွားတို့၏ ပလိဗောဓ မရှိခြင်းကြောင့် ငါဘုရားသည် ချမ်းသာစွာ နေရပေသည်။

(၂) န ဟိ မယှံ ဗြာဟ္မဏ၊ တိလာခေတ္တသ္မိံ ပါပကာ။
ဧကပဏ္ဏာ ဒုပဏ္ဏာ စ၊ တေနာဟံ ဗြာဟ္မဏာ သုခီ။

ဘာရဒွါဇပုဏ္ဏား....ငါဘုရားအား သင့်မှာလို တရွက် နှစ်ရွက်မျှ မပြောပလောက်သည့် အရွက်ရှိသော အငုတ်မျှသာ ကြွင်းကျန်သော နှမ်းခင်းပျက် မရှိပါ၊ ထိုသို့ နှမ်းခင်းပျက် မရှိသောကြောင့် ငါဘုရားသည် ကာယ စိတ္တ သုခနှစ်ပါးနှင့် ချမ်းသာစွာ နေရပါသည်။

(၃) န ဟိ မယှံ ဗြာဟ္မဏ၊ တုစ္ဆကောဋ္ဌသ္မိံ မူသိကာ။
ဥဿောဠှိကာယ နစ္စန္တိ၊ တေနာဟံ ဗြာဟ္မဏာ သုခီ။

ဘာရဒွါဇ အနွယ်၌ဖြစ်သော အို ပုဏ္ဏား....ငါဘုရားအား အချည်းနှီးသော ကျီကြအတွင်းဝယ် အရှေ့ အနောက် တောင် မြောက် ခုနစ်အိမ်မှ စုဝေးရောက်ရှိလာသော ကြွက်အပေါင်းတို့သည် လူးလာတုံ့ခပ် ကျီကြအတွင်းဝယ် တဆူဆူ တညံညံနှင့် မြူးဟန် ကဟန် ခုန်ဟန် မူ၍ လုံးလုံးလျားလျား မရှိဖြစ်ပေသည်၊ ထိုသို့သော ဒုက္ခမှ ကင်းဝေးသဖြင့် ငါဘုရားသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေရပါပေသည်။

(၄) န ဟိ မယှံ ဗြာဟ္မဏ၊ သန္ထာရော သတ္တမာသိကော။
ဥပ္ပါဋကေဟိ သဉ္ဆန္နော၊ တေနာဟံ ဗြာဟ္မဏာ သုခီ။

ဘာရဒွါဇ အနွယ်၌ ဖြစ်သော ပုဏ္ဏား.... ငါဘုရားအား အသင့်မှာလို ခုနစ်လကြာ မသုတ်မသင် နေပင်မလှန်းရသည့် မြက်ခင်း ကမ္ဗလာ ဟူ၍

မရှိပါ၊ ဥပ္ပါဠကမည်သော ပိုးသေးအမွှားတို့ဖြင့် ရောပြွမ်း၍နေသော ဖုံးလွှမ်း၍ နေသော မြက်ခင်းကမ္ဗလာ ဟူ၍ မရှိပါ၊ ထိုသို့သော ဘေးဒုက္ခမှ လွတ်ကင်းသဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေရပါပေသည်။

(၅) န ဟိ မယှံ ပြာဟ္မဏ၊ ဝိဓဝါ သတ္တ မိတရော။
ကေပုတ္တာ ဒုပုတ္တာ စ၊ တေနာဟံ ပြာဟ္မဏာ သုခီ။

ဘာရဒွါဇ အနွယ်၌ဖြစ်သော အို ပုဏ္ဏား.... ငါဘုရားအား မှာမူ သင့်မှာကဲ့သို့ သားတယောက်ရှိသော သားနှစ်ယောက်ရှိသော အိမ်ထောင်ပျက်သည့် ခုနစ်ဖော်သော သမီးတို့ မရှိဖြစ်ကြပါသည်၊ ထိုသို့ အိမ်ထောင်ပျက်သည့် သားများစွာရှိသော ခုနစ်ဖော်သောသမီးတို့ မရှိလေသောကြောင့် ငါဘုရားသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေနိုင်ခဲ့ပါပေသည်။

(၆) န ဟိ မယှံ ပြာဟ္မဏ၊ ပိင်္ဂလာ တိလကာဟတာ။
သောတ္တံ ပါဒေန ဗောဓေတိ၊ တေနာဟံ ပြာဟ္မဏာ သုခီ။

ဘာရဒွါဇပုဏ္ဏား...သင့်မှာကဲ့သို့ ငါဘုရားအား အိပ်ပျော်၍ နေသည်ကို ခြေဖြင့်ကန်၍ နှိုးမည့် တကိုယ်လုံး မှည့်မည်း မှည့်ဖြူတို့ဖြင့် ဖုံးအုပ်၍ထားအပ်သော ကြောက်ဖွယ် အရောင်ကြောင်သော မျက်လုံးရှိသော အိမ်ရှင်ဇနီးမဟူ၍လည်း မရှိဖြစ်ပါပေသည်။ ထိုကြောင့်ပင် ငါဘုရားသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေရပါပေသည်။

(၇) န ဟိ မယှံ ပြာဟ္မာဏ၊ ပစ္စူသမှိ ဣဏာယိကာ။
ဒေထ ဒေထာတိ စောဒေန္တိ၊ တေနာဟံ ပြာဟ္မဏာ သုခီ။

ဘာရဒွါဇပုဏ္ဏား....ငါဘုရားအားမူ သင့်မှာကဲ့သို့ နံက်မိုးသောက်ရောက်လတ်လျှင်ပင် ကြွေးရှင် မြီရှင် အပေါင်းတို့ အရပ်လေးမျက်နှာမှ လာရောက်၍ ပေးကုန်ပေးကုန်ဟူ၍ ထောင်းတော့မည့်အသွင် ရိုက်တော့မည်အသွင် ဖမ်းတော့မည့်အသွင် ကြွေးမြီကို တောင်းရမ်းမည့် သူဟူ၍ တစုံတယောက်မျှ မရှိဖြစ်သည်၊ ထိုကြောင့်ပင် ငါဘုရားသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေရပေသည် ဟု ထိုဘာရဒွါဇပုဏ္ဏားရောက်ရှိသော ဒုက္ခတရားမျိုး ကိုယ်တော်မြတ်သန္တာန်ဝယ် ဆံခြည်ဘစိပ်မျှ မရှိသည်ကို ထင်စွာဟောကြားတော်မူခဲ့ပါသည်။

ဤသို့လျှင်လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် ဘာရဒွါဇ အနွယ်ဖွား လယ်သမားပုဏ္ဏားတယောက်ကို အကြောင်းပြု၍ ဤဗဟုဓိတရသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဣမဿ ပနာဝုသော ဓမ္မဒေသနံ သုတွာ သော ဘာရဒွါဇဂေါတ္တော ဗြာဟ္မဏော ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ကီဒိသံ ပသန္နာကာရမကာသိ။ ကိဝ မဟန္တံ စ ဣမသ္မိံ ဓမ္မဝိနယေ အတ္ထံ သမ္ပာဒေသိ။

ဝိဿဇ္ဇနာ။ ။ဣမဿ ပန ဘန္တေ ဓမ္မဒေသနံ သုတွာ သော ဘာရဒွါဇဂေါတ္တော ဗြာဟ္မဏော "အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော ဂေါတမ၊ သေယျထာပိ ဘောဂေါတမ၊ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ၊ စက္ခုမန္တော ရူပါနိ ဒက္ခန္တီ"တိ ဧဝမာဒိနာ ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ပသန္နာကာရမကာသိ။ ဘဂဝတော စ သန္တိကေ "လဘေယျာဟံ ဘောတော ဂေါတမဿ သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ"န္တိ ဧဝမာဒိနာ ပဗ္ဗဇ္ဇံ ဥပသမ္ပဒံ ယာစိတွာ အစိရူပသမ္ပန္နော ယာဝ အရဟတ္တာ မဟန္တံ ဝိသေသံ သမ္ပာဒေသိ။

အမေး။ ။ဤသို့ မြတ်စွာဘုရား မိန့်ကြားတော်မူအပ်သော တရားဒေသနာတော်မြတ်ကို ကြားနာရသဖြင့် ထို ဘာရဒွါဇဂေါတ္တ မည်သော လယ်သမားပုဏ္ဏားသည် ဤမြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာ၍ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာသော သူတို့၏ ပြုမြဲ ပြောမြဲဖြစ်သော အဘယ်သို့သော အခြင်းအရာကို ပြုခဲ့ ပြောခဲ့ ပါသနည်း၊ ဤမြတ်စွာဘုရား၏ သာသနာတော်၌ အဘယ်မျှတိုင်အောင် ကြီးမားမြင့်မြတ်သော အကျိုးစီးပွါးကိုလည်း ပြီးစီးပြည့်စုံစေခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤဗဟုဓိတရသုတ္တန် ဒေသနာတော်မြတ်ကိုကြားနာရသော ထိုဘာရဒွါဇအနွယ်ဖွား လယ်သမားပုဏ္ဏားသည် အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော ဂေါတမ-အစရှိသည်ဖြင့် မြတ်စွာဘုရားကိုရှင်း တရားတော်

ကိုရင်း ချီးမွမ်းထောမနာမှု ပြုပြီးလျှင် သောဟံ ဘဂဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ-ဟူ၍——

အို အရှင်ကြီးဂေါတမ....အကျွန်ုပ်သည် အရှင်ဘုရားကိုရင်း တရားတော်ကိုရင်း သံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ သိပါ၏၊ ဆည်းကပ်ပါ၏ ဟူ၍ သရဏဂုံ ခံယူခဲ့ပါသည်။

ဤသို့လျှင် ဤသာသနာတော်၌ ကြည်ညိုသော ပုဂ္ဂိုလ်တို့ ပြုမြဲပြောမြဲ ဖြစ်သောအခြင်းအရာကို ပြုခဲ့ပြောခဲ့ပါသည်၊ သရဏဂုံ ခံပြီးသည်၏ နောက်ကာလဝယ် လဘေယျာဟံ ဘောတော ဂေါတမဿ သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ-ဟု အကျွန်ုပ်သည် အရှင်ကြီးဂေါတမအထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရပါလို၏ ဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ထိုဗဟုမိတရအမည်ရသော ဘာရဒွါဇ အနွယ်ဖွား လယ်သမားပုဏ္ဏားကို ရှင်အဖြစ် ရဟန်းအဖြစ်ကို ပေးသနားတော်မူခဲ့ပါသည်။

ရှင်ပြု ရဟန်းပြုပြီးသည်မှ နောက်တနေ့ဝယ် သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းကြီးကို နောက်လိုက် ရဟန်းပြု၍ ပသေနဒီ ကောသလမင်း၏ နန်းတော်သို့ ကြွတော်မူခဲ့ပါသည်။

ထိုအခါ ပသေနဒီ ကောသလမင်းတရားသည် မြတ်စွာဘုရားအား ယာဂု ဆွမ်း ကပ်လှူသည်တွင် သဗ္ဗညုမြတ်စွာဘုရားသည် သပိတ်တော်ကို မဖွင့်ဘဲ ရှိခဲ့ပါသည်။

ထိုအခါ ပသေနဒီ ကောသလမင်းတရားသည် မြတ်စွာဘုရား၏ ခြေတော်ကို ဖက်၍ ရိုသေမြတ်နိုး ရှိခိုးပြီးလျှင် တပည့်တော်မှာ မည်သည့် အပြစ်ရှိပါသနည်း၊ တပည့်တော်၏ ယာဂုကို မည်သို့သော အကြောင်းကြောင့် မခံယူပါသနည်း ဟု မေးမြန်းလျှောက်ထားသောအခါ——

မြတ်သော မင်းကြီး....ငါဘုရားအား တခုသော ကြောင့်ကြ ပလိဗောဓ ရှိ၍ နေပေသည် ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ ထိုပလိဗောဓ ကြောင့်ကြကို ဘုရားတပည့်တော်ပင် ငြိမ်းစေပါမည်ဟု လျှောက်ထားပြီးလျှင် ပသေနဒီ ကောသလမင်းတရားသည် မြတ်စွာ

ဘုရားနှင့်တကွ ထိုရဟန်းကြီးအား မွန်မြတ်သော ယာဂုခဲဖွယ်တို့ဖြင့် ပြုစုကျွေးမွေးပါသည်။

ယာဂုဆွမ်း ဘုဉ်းပေးပြီးသော အခါဝယ် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအား "အဘယ်မည်သော ပလိဗောဓ ကြောင့်ကြရှိတော်မူပါသနည်း" ဟု မေးမြန်းလျှောက်ထားသောအခါ—

ဤရဟန်းကြီး၏ ကြွေးမြီတည်းဟူသော ပလိဗောခကြောင့်ကြသည် ငါဘုရား၏ ကြောင့်ကြကဲ့သို့ပင် ဖြစ်၍ နေပါပေသည်ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ ပသေနဒီ ကောသလမင်းတရားသည် ထိုရဟန်းကြီး၏ ကြွေးမြီစာရင်းကို မိန့်ကြားတော်မူပါရန် ထိုရဟန်းကြီးအား လျှောက်ထားသောအခါ ဤမည်သောသူ့ထံမှ တကျပ် ဤမည်သော သူ့ထံမှ ငါးကျပ် ဤမည်သော သူ့ထံမှ တဆယ် ဤမည်သော သူ့ထံမှ တရာ ဤသူ ဤသူထံမှ နှစ်ရာ သုံးရာ စသည်ဖြင့် ပသေနဒီ ကောသလမင်းကို လက်ချိုး၍ ရေစေသော်လည်း ပသေနဒီ ကောသလမင်း၏ လက်ချောင်းတို့ မလောက်နိုင်ဘဲ ရှိပါတော့သည်။

ထိုအခါ ပသေနဒီ ကောသလမင်းတရားသည် မြို့အတွင်းသို့ စည်လည်စေ၍ ဗဟုဒီတိက ပုဏ္ဏား၏ အထံ ကြွေးမြီတင်ရှိသော ပုဂ္ဂိုလ်တို့သည် မင်းယင်ပြင်၌ စုဝေးစေကုန် ဟု မင်းယင်ပြင်အတွင်းဝယ် ကြွေးရှင် မြီရှင်အပေါင်းတို့ကို စည်းဝေးစေပြီးလျှင် ထိုသူတို့၏ အထံမှ ကြွေးလွှာ မြီလွှာတို့ကို ကြည့်ရှု၍ စာရင်းပါအတိုင်း ပသေနဒီ ကောသလမင်းသည် ဆပ်ခဲ့ပါသည်။

တဖန်ထပ်၍ ထိုရဟန်းကြီးအား တပါးသောပလိဗောခရှိပါသေးသလောဟု မေးပါသည်။ အိမ်ထောင်ပျက်သော သမီးခုနစ်ယောက်ရှိပါသေးကြောင်း ပြန်ပြောင်းမိန့်ဆိုသည်ဘွင် ထိုခုနစ်ယောက်သော အမျိုးသမီးတို့အားလည်း မင်းရထားဖြင့် ခေါ်စေ၍ မင်း၏သမီးအရာ၌ ထားပြီးလျှင် အမျိုးသားတို့နှင့် သင့်တင့်စွာ နေရာချထားပေးခဲ့ပါသည်။

တဖန်ထပ်၍ တပါးသော ပလိဗောဓ ရှိ မရှိ ထိုရဟန်းကြီးအား လျှောက်ထားသည်တွင် အိမ့်ရှင် ပုဏ္ဏေးမ ပလိဗောခရှိသေးကြောင်း ပြန်ပြောင်းပြောဆိုခဲ့ပါသည်၊ ထိုအခါ ပသေနဒီ ကောသလမင်းတရားသည် ထိုပုဏ္ဏေးမအား

လည်း မင်းစီးရထားဖြင့်ပင် ခေါ်စေ၍ မင်း၏ မိခင်အရာ၌ တည်ထားခဲ့ပါသည်။

တဖန် ထပ်၍ တပါးသော ပလိဗောဓ ရှိ မရှိ လျှောက်ထားပြန်သည်တွင် ပလိဗောဓခပ်သိမ်း ငြိမ်းပါကြောင်း ပြန်ပြောင်းပြောဆိုခဲ့ပါသည်။

ထိုအခါ ပသေနဒိ ကောသလမင်းတရားက အရှင်ဘုရား၏ ရဟန်းအဖြစ်အဘွက် အသုံးစုံ တပည့်တော် ဒါယကာခံယူပါသည်၊ ပစ္စည်းလေးပါးအတွက် တပည့်တော်ပင် ဒါယကာ ခံယူပါမည်၊ အရှင်ဘုရားသည် မြတ်စွာဘုရား၏ စိတ်နှလုံးအလိုတော်ကို ယူကြုံး၍ ရဟန်းတရားကို ပွါးများအားထုတ်တော်မူပါ ဟု တောင်းပန်လျှောက်ထားပါသည်။

ထိုအခါ ထိုရဟန်းကြီးသည် သဗ္ဗညုမြတ်စွာဘုရားထံမှ လျှောက်ပတ်သော ကမ္မဋ္ဌာန်းကိုယူ၍ အဖော်မမှီး တကိုယ်တည်းဖြစ်၍ ဆိတ်ငြိမ်ရာအရပ်၌ ရဟန်းတရားကို ပွါးများအားထုတ်သည်တွင် မကြာမြင့်မီကာလအတွင်း အာသဝေါလေးတန် ကုန်ခမ်း ရဟန္တာစင်စစ် ဖြစ်၍ ရဟန္တာအရှင်မြတ်တို့တွင် ဘာရဒွါဇရဟန္တာမထေရ်တပါးဟူ၍ ထင်ရှားစွာ ဖြစ်ခဲ့ပါပေသည်။

ဤသို့လျှင် ဗဟုဓိတရ ဘာရဒွါဇအနွယ်ဖွား ထိုပုဏ္ဏားသည် ဤဘုရားသာသနာတော်ဝယ် အရဟတ္တဖိုလ်တိုင်ရောက်အောင် မြားမြောင်လှသော ဓမ္မအကျိုးတို့ကို ပြည့်ဖြိုးပြည့်စုံစေခဲ့ပါသည် အရှင်ဘုရား။

ဗဟုဓိတရသုတ် ပြီး၏

---

## ကသိဘာရဒွါဇသုတ်

ပုစ္ဆာ။ ။တတ္ထာဝုသော ကောဒသမံ မဟာကဿပါဒီဟိ ပေါရာဏဓမ္မသံဂါယကထေရေဟိ သံဂီတံ ကသိဘာရဒွါဇသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။မဂဓေသု ဘန္တေ ဒက္ခိဏာဂိရိသ္မိံ ဧကနာဠာယံ ဗြာဟ္မဏဂါမေ ကသိဘာရဒွါဇံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ ကသိဘာရဒွါဇော ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

"ကဿကော ပဋိဇာနာသိ၊ န စ ပဿာမိ တေ ကသိံ။
ကဿကော ပုစ္ဆိတော ဗြူဟိ၊ ကထံ ဇာနေမု တံ ကသိ"န္တိ။
တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

"သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။
ဟိရီ ဤသာ မနော ယောတ္တံ၊ သတိ မေ ဖာလပါစနံ။
ကာယဂုတ္တော ဝစီဂုတ္တော၊ အာဟာရေ ဥဒရေ ယတော။
သစ္စံ ကရောမိ နိဒ္ဒါနံ၊ သောရစ္စံ မေ ပမောစနံ။
ဝီရိယံ မေ ဓုရဓောရယှံ၊ ယောဂက္ခေမာဓိဝါဟနံ။
ဂစ္ဆတိ အနိဝတ္တန္တံ၊ ယတ္ထ ဂန္တွာ န သောစတိ။
ဧဝမေသာ ကသီ ကဋ္ဌာ၊ သာ ဟောတိ အမတပ္ဖလာ။
ဧတံ ကသိံ ကသိတွာန၊ သဗ္ဗဒုက္ခာ ပမုစ္စတီ"တိ။
ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုဗြာဟ္မဏသံယုတ်၌ အရှင်မဟာကဿပအစရှိသော ရှေး သံဂါယနာတင် မဟာထေရ်မြတ်တို့သည် ဆဲ့တခုမြောက် သုတ်အဖြစ်ဖြင့် သံဂါ ယနာတင်ထားခဲ့သော ကသိဘာရဒွါဇသုတ်မည်သော တရားဒေသနာတော် ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်း အရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မဂဓတိုင်း အဝင်အပါ ဒက္ခိဏာဂိရိဇနပုဒ် ဧကနာဠအမည် ရှိသော ပုဏ္ဏားရွာ၌ ကသိဘာရဒွါဇအမည်ရသော ပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော် မူအပ်ပါသည်။

သဗ္ဗညု မြတ်စွာဘုရားသခင်သည် ဒက္ခိဏာဂိရိဇနပုဒ်အရပ်၌ သီတင်း သုံးနေတော် မူသောအခါ ဘာရဒွါဇအနွယ်ဖွားဖြစ်သော လယ်သမားပုဏ္ဏား သည် ငါးရာသော နွားရှဉ်းတို့ဖြင့် မျိုးစေ့ကြဲချသော မင်္ဂလာပွဲကို ဆင်နွှဲ နေဆဲဖြစ်ပါသည်။

ထိုမျိုးကြဲသော မင်္ဂလာပွဲဝယ် သုံးထောင် အတိုင်း အရှည်ရှိသော နွားတို့ အရံအားဖြင့် အသင့်ထားခဲ့လျက် ရှိပါသည်၊ ကြီးစွာသော ပွဲသဘင်

ခံ၍ မျိုးကြဲသော မင်္ဂလာ သဘင် ဆင်ယင်သော အခိုက်အတန့် သဗ္ဗညု မြတ်စွာဘုရားသခင်သည် ထို ကသိဘာရဒွါဇ ပုဏ္ဏား လယ်ထွန်မင်္ဂလာ ကျင်း ပရာအရပ်သို့ ကိုယ်တော်တိုင် ကြွရောက်၍ ဆွမ်းရပ်တော်မူခဲ့ပါပေသည်။

ထိုအခါ ကသိဘာရဒွါဇ လယ်သမားဖြစ်သော ပုဏ္ဏားကြီးက "အဟံ ခေါ သမဏ ကသာမိ စ ဝပါမိ စ၊ ကသိတွာ စ ဝပိတွာ စ ဘုဉ္ဇာမိ၊ တွမ္ပိ သမဏ ကသဿုစ ဝပဿုစ၊ ကသိတွာ စ ဝပိတွာ စ ဘုဉ္ဇဿု" ဟူ၍--

အို ရဟန်းကြီး....အကျွန်ုပ်သည်ကား လယ်လည်း ထွန်ပါသည်၊ မျိုး လည်း ကြဲချပါသည်၊ လယ်ထွန် မျိုးကြဲ စိုက်ပျိုး၍ အကျွန်ုပ် စားဘိသကဲ့သို့၊ အသင် ရဟန်းကြီးသည်လည်း လယ်ထွန်၍ မျိုးကိုကြဲချ၍ စားစေချင်ပါသည် သည် ဟု ပြန်ပြောင်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "အဟမ္ပိ ခေါ ဗြာဟ္မဏ ကသာမိ စ ဝပါမိ စ၊ ကသိတွာ စ ဝပိတွာ စ ဘုဉ္ဇာမိ" ဟု——

ကသိဘာရဒွါဇပုဏ္ဏား အို လယ်သမား....ငါဘုရားသည်လည်း လယ်ကို ထွန်ပါပေသည်၊ ငါဘုရားသည်လည်း မျိုးစေ့ကို ကြဲချပါပေသည်၊ စိုက်ပျိုးခဲ့ ပါပေသည်၊ ငါဘုရားသည် မျိုးစေ့ကို ကြဲချကာ လယ်ကိုထွန်ကာဖြင့် စားသုံး ခဲ့ပါပေသည် ဟု မိန့်ကြားတော် မူသောအခါ န ခေါ မယံ ပဿာမ ဘောတော ဂေါတမဿ ယုဂံ ဝါ နင်္ဂလံ ဝါ ဖာလံ'ဝါ ပါစနံ ဝါ ဗလိဗဒ္ဒေ ဝါ- အစရှိသည်ဖြင့်——

အို အရှင်ကြီးဂေါတမ....အကျွန်ုပ်တို့သည် အရှင်ကြီးဂေါတမ၏ ထမ်း ပိုးကိုရင်း ထွန်တုံးကိုရင်း ထွန်သွားကိုရင်း နှင်တံကိုရင်း ဝန်ဆောင် နွားလား တို့ကိုရင်း မမြင်ရပါကုန်၊ သို့ပါလျက် အရှင်ကြီးဂေါတမသည်ကား "ငါသည် လည်း လယ်ထွန်၍ စိုက်ပျိုး၍ပင် စားပါသည်" ဟု ပြောဆိုခဲ့ချေသည်။

ကဿကော ပဋိဇာနာသိ၊ န စ ပဿာမိ တေ ကသိံ။
ကဿကော ပုစ္ဆိတော ဗြူဟိ၊ ကထံ ဇာနေမု တံ ကသိံ။

အို အရှင်ကြီးဂေါတမ....အရှင်ဘုရားသည် လယ်သမားပင် ဟူ၍ ဝန်ခံ တော်မူခဲ့ပါပေသည်၊ သို့စေကာမူ အရှင်ဘုရား၏ လယ်သမားတို့ဆိုင်ရာ

ပရိက္ခရာ အသုံးအဆောင် အသွင်အပြင်ကို တစုံတရာမျှ မသိမမြင် မတွေ့မရှိခဲ့ရပါတကား....၊ လယ်သမား ဟူ၍ ဝန်ခံသော အရှင်ဘုရားကို တပည့်တော်တို့သည် မေးမြန်း လျှောက်ထားအပ်ပါသည်၊ ဘယ်ပုံ ဘယ်ပန်း အခြင်းအရာဖြင့် အရှင်ဘုရား၏ လယ်ထွန်ပုံကို တပည့်တော်တို့ သိရပါအံ့နည်း၊ ရှင်းလင်းစိတ်ဖြာ ဟောကြားတော်မူပါဘုရား ဟု တောင်းပန် လျှောက်ထား ခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက—

သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။
ဟိရီ ဤသာ မနော ယောတ္တံ၊ သတိ မေ ဖာလပါစနံ။

ကသိဘာရဒွါဇပုဏ္ဏား.... သုမေဓာဘဝကပင် အစပြုကာ ဖြစ်ပွါးခဲ့သော ခိုင်မာလှသော သဒ္ဓါတရားသည် ငါဘုရားအတွက် ကြီးကျယ်လှစွာသော နိဗ္ဗာန်အကျိုးကို ပေါက်စေနိုင်သည့် မျိုးစေ့ပင်ဖြစ်ပေတော့သည်။

ဣန္ဒြေခြောက်ပါး တံခါးကြီး ခြောက်ပေါက်တို့မှ အကုသိုလ်တရားတို့ မဝင်ရောက်အောင် စောင့်ရှောက်ခြင်း ဣန္ဒြိယသံဝရသီလတည်းဟူသော အကျင့်တရားသည်ကား ငါဘုရား၏ သန္တာန်ဝယ် ငါဘုရား၏ သဒ္ဓါတရားတည်းဟူသော မျိုးစေ့ နိဗ္ဗာန်တည်း ဟူသော အပွင့်အသီးကို အောင်အောင်မြင်မြင် သီးနိုင်ရန် ပွင့်နိုင်ရန် မကြာမကြာ ရွာသွန်းပေးသော မိုဃ်းရေပင် ဖြစ်ပါပေတော့သည်။

လောကီ လောကုတ္တရာ ပညာနှစ်ပါးသည်ကား ငါဘုရား၏ ထွန်တုံး ထမ်းပိုးပင် ဖြစ်ပါတော့သည်။

ဟိရီခေါ်သော တရား မကောင်းမှု ဒုစရိုက်မှ ရှက်တတ်လန့်တတ်သော ဟိရီ ဩတ္တပ္ပမည်သော တရားနှစ်ပါးသည် ငါဘုရား၏ လယ်ထွန်မင်္ဂလာ အရပ်ဝယ် ငါဘုရား၏ လယ်ထွန်ခြင်း အလုပ် ကိစ္စဝယ် ထွန်သွား ထွန်ကိုင်း ထွန်တံပင် ဖြစ်ပါပေတော့သည်။

သမာဓိကို အရင်းခံသော ငါဘုရား၏ စိတ်သည်ကား ဝီရိယတည်း ဟူသော ဝန်ဆောင်နွားလားနှင့် ထမ်းပိုးတို့ကို တခုတခြား မသွားရအောင် ဖွဲ့နှောင်၍ ထားသော ကြိုးမျှားပင် ဖြစ်ပါတော့သည်။

သတိဘည်းဟူသော တရားသည်ကား ငါဘုရားအဘို့ရာမှာ ထွန်သွားနှင့် နှင်တံပင် ဖြစ်ပါတော့သည်။

အာဟာရ၌၎င်း ဝမ်းရေး၌၎င်း တစုံတရာ အကုသိုလ် မဖြစ်ရအောင် စောင့်စည်းခြင်း တည်းဟူသော ပစ္စယသန္နိဿိတသီလ တရားသည်ကား ငါဘုရားတို့၏ ကိုယ်နှုတ်တို့ဝယ် အကုသိုလ်တရားတို့ မဝင်ရောက်အောင် ငါဘုရား၏ ဓမ္မတည်းဟူသော ယာခင်းကို ကာရံထားသော ဆူးတပ် အရံတို့ပင် ဖြစ်ပါပေတော့သည်။

ငါဘုရားသည် ဝစီမဂ်လာသစ္စာတရားဖြင့် တရားတည်းဟူသော လယ်အတွင်းဝယ် ပေါက်ရောက်သော မုသာဝါဒ အစရှိသော ပေါင်းမြက်တို့ကို သုတ်သင် ရှင်းလင်း၍ နေပါပေသည်။

ကောင်းသော နိဗ္ဗာန်၌ မွေ့လျော်တတ်သော အရဟတ္တဖိုလ် တည်းဟူသော တရားသည် ငါဘုရား၏ ဓမ္မလယ်ကို လွှတ်ချိန်ဖြစ်ပါတော့သည်၊ ဓမ္မလယ်ကို အရဟတ္တဖိုလ်တိုင်ရောက်မှ ငါဘုရားသည် အပြီးအပြတ် လွှတ်ပါတော့သည်။

ငါဘုရား၏ ဓမ္မလယ်ကို ထွန်ရာ၌ အကြင် နိဗ္ဗာန်အရပ်သို့ သွားရောက်သည်ရှိသော် စိုးရိမ်ခြင်း ကင်း၏၊ ထို နိဗ္ဗာန်အရပ်သို့ တိုင်ရောက်အောင် နောက်သို့မပြန် တောက်လျှောက်သွားနိုင်သော ကာယိက ဝီရိယ, စေတသိက ဝီရိယ ဤနှစ်ပါးတို့သည်ကား ငါဘုရား၏ ဝန်ဆောင် နွားလား တို့ပင် ဖြစ်ပါပေတော့သည်။

ဘာရဒွါဇပုဏ္ဏား....ဤဆိုအပ်ပြီးသောနည်းဖြင့် ငါဘုရားသည် ဓမ္မတည်းဟူသော လယ်ကို ထွန်ယက်လျက် ရှိပါပေသည်၊ ငါဘုရား၏ ဓမ္မတည်းဟူသော လယ်အတွင်းမှ အမြိုက်နိဗ္ဗာန်တည်းဟူသောမွန်မြတ်သော သန္တိရသ ရှိသည့် အသီးအနှံတို့သည် သီးကြပါပေကုန်သည်။

ဤသို့သဘောရှိသော ဓမ္မလယ်ကို ထွန်ပြီးဖြစ်သောကြောင့် ငါဘုရားသည် အလုံးစုံသော ဘဝဒုက္ခမှ ကင်းလွတ်ရပါသည် ဟု လျှောက်ဆိုအပ်ပြီးသော အဠုပ္ပတ္တိကြောင့် ကသိဘာရဒွါဇ ပုဏ္ဏားကို အကြောင်းပြု၍ ဤသုတ္တန်ဒေသနာ တရားတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဣမဥ္စ ပနာဝုသော ဓမ္မဒေသနံ သုတွာ သော ကသိဘာရဒွါဇော ဗြာဟ္မဏော ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ကီဒိသံ ပသန္နာကာရမကာသိ။

ဝိဿဇ္ဇနာ။ ။ဣမဥ္စ ပန ဘန္တေ ဓမ္မဒေသနံ သုတွာ ကသိဘာရဒွါဇော ဗြာဟ္မဏော "အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမာ"တိဝေမာဒိနာ ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ပသန္နာကာရမကာသိ။

အမေး။ ။ဤသို့ မြတ်စွာဘုရားက မိန့်ကြားတော်မူသော ဓမ္မဒေသနာတော်ကို ကြားနာရသဖြင့် ကသိဘာရဒွါဇပုဏ္ဏားသည် ဤမြတ်စွာဘုရား၏သာသနာတော်၌ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာ၍ ကြည်ညိုသဒ္ဓါဖြစ်ပေါ်လာသော သူတို့၏ ပြုမြဲပြောမြဲဖြစ်သော အဘယ်သို့သော အခြင်းအရာကို ပြုခဲ့ ပြောခဲ့ ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤဓမ္မဒေသနာကို ကြားနာရ၍ ကသိဘာရဒွါဇပုဏ္ဏားသည် အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ-အစရှိသည်ဖြင့်-

အို အရှင်ကြီးဂေါတမ....လွန်စွာလွန်စွာနှစ်သက်ဘွယ်ရာရှိပါပေစွ၊ တရားတော်သည်ရှင်း တရားတော်ကို ဟောကြားတော်မူသော အရှင်ဘုရားသည်ရှင်း လွန်စွာလွန်စွာ နှစ်သက်ဝမ်းမြောက်ဘွယ် ရှိပါပေစွ—

သေယျထာပိ ဘော ဂေါတမ ဥက္ကုဇ္ဇိတံ ဝါ နိက္ကုဇ္ဇေယျ။

အို အရှင်ကြီးဂေါတမ....လောက ဥပမာအားဖြင့် အောက်သို့ မျက်နှာဝပြု၍ ထားသော ဝတ္ထုကိုလှန်၍ ပြဘိသကဲ့သို့ရှင်း တစုံတရာတို့ဖြင့် ဖုံးလွှမ်းအပ်သော ဝတ္ထုကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့ရှင်း ခရီးလမ်းမှားသော သူကို လမ်းမှန်ကို ဆွဲ၍ ပြဘိသကဲ့သို့ရှင်း မျက်စိအမြင်ရှိသော သူတို့သည် မြင်ကြကုန်လိမ့်မည် ဟု မှောင်အတွင်းငယ် ဆီမီးတန်းဆောင်ကို ညှိဆောင်ထွန်းဘိ၍ ပြသကဲ့သို့ရှင်း ထို့အတူလျှင် အရှင်ဘုရားသည် များစွာသော ဓမ္မအကြောင်းတို့ဖြင့် တပည့်တော်အား နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ဟောပြတော်မူပါပေသည်။

အိုအရှင်ကြီးဂေါတမ ထိုအကျွန်ုပ်သည် အရှင်ဘုရားကိုငင်း တရားတော်ကိုငင်း သံဃာတော်ကိုငင်း အပါယ်ဒုက္ခကိုပယ်ဖျောက်တတ် နတ်ရွာသုဂတိနိဗ္ဗာန်ရောက်အောင် ပို့ဆောင်တတ်သည့် မြတ်သော ဝတ္ထုအစစ်အမှန် ရတနာဟူ၍ သိပါ၏ ကိုးကွယ်ပါ၏ ဆည်းကပ်ပါ၏၊ ယနေ့ကိုအစပြု၍ တပည့်တော်ကို သရဏဂုံတည် ဥပါသကာ ဟူ၍ မှတ်ယူတော် မူပါဘုရား ဟု ကသိဘာရဒွါဇ ပုဏ္ဏားသည် ဤခမ္မဝိနယ သာသနာ၌ သဒ္ဓါကြည်ညိုဖြစ်လတ်၍ ကြည်ညိုသဒ္ဓါဖြစ်သော ပုဂ္ဂိုလ်တို့၏ ပြုမြဲပြောမြဲဖြစ်သော အဘိက္ကန္တံ ဘော ဂေါတမ အစရှိသောချီးမွမ်းစကား သရဏဂုံ ခံယူခြင်း အမှုတို့ကို ပြုခဲ့ပြောခဲ့ပါသည် အရှင်ဘုရား။

ကသိဘာရဒွါဇသုတ် ပြီး၏

---

## ဥဒယသုတ်

ပုစ္ဆာ။ ။ဥဒယသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထေဋ္ဌ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဥဒယံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ ဥဒယော ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ "ပကဋ္ဌကောယံ သမဏော ဂေါတမော ပုနပ္ပုနံ အာဂစ္ဆတီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

ပုနပ္ပုနံ စေဝ ဝပန္တိ ဗီဇံ၊ ပုနပ္ပုနံ ဝဿတိ ဒေဝရာဇာ။
ပုနပ္ပုနံ ခေတ္တံ ကသန္တိ ကဿကာ၊ ပုနပ္ပုနံ ဓညမုပေတိ ရဋ္ဌံ။

ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုဗြာဟ္မဏသံယုတ်၌ သံဂါယနာတင်ထားသော ဥဒယသုတ် မည်သော တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ဥဒယပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူသောအခါ သာဝတ္ထိပြည်အတွင်း ဥဒယမည်သော ပုဏ္ဏားအိမ်သို့ ဆွမ်းခံကြွတော်မူခဲ့ပါသည်။

ပဌမအကြိမ်ဝယ် ဥဒယပုဏ္ဏားသည် သဒ္ဓါတရားမရှိသော်လည်း သူတပါးတို့ ကဲ့ရဲ့မည့်ဘေးမှ ကင်းဝေးဘို့ရန် သဗ္ဗညုမြတ်စွာဘုရားအား ဆွမ်းလှူခဲ့ပါသည်။

ဒုတိယမှ ထို့အတူ သဗ္ဗညုမြတ်စွာဘုရားသည် ကြွတော်မူပြန်ပါသည်၊ ထိုအတူပင် ကဲ့ရဲ့မည့်ဘေးမှ ကင်းဝေးလိုသောကြောင့် သဒ္ဓါတရားမရှိသော်လည်း ဆွမ်းကို လှူခဲ့ပါသည်။

တတိယအကြိမ်မြောက် မြတ်စွာဘုရား ဥဒယပုဏ္ဏားအိမ်သို့ ဆွမ်းခံကြွတော်မူသောအခါ ဥဒယပုဏ္ဏားသည် မြတ်စွာဘုရား၏ သပိတ်တော်အတွင်း ဆွမ်းကိုပြည့်စေပြီး၍ ပကဋ္ဌကောယံ သမဏော ဂေါတမော ပုနပ္ပုနံ အာဂစ္ဆတိ——

ဤရဟန်းကြီးဂေါတမသည်ကား ရသတဏှာ လွန်စွာ အားကြီးလှပေစွတကား....ဤငါ၏အိမ်သို့ ထပ်ကာ ထပ်ကာ အဖန်ဖန် ဆွမ်းခံကြွခဲ့လေတကားဟု မခံချည့် မခံသာ ပြောကြားခဲ့ပါပေသည်။

ဤသို့ ပြောကြားအောင်ပင် သဗ္ဗညုမြတ်စွာဘုရားသည် ထိုဥဒယပုဏ္ဏားအိမ်သို့ သုံးကြိမ်တိုင်တိုင် ဆွမ်းခံကြွတော်မူခဲ့ရင်း ဖြစ်ပါပေသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်——

ပုနပ္ပုနံ စေဝ ဝပန္တိ ဗီဇံ၊ ပုနပ္ပုနံ ဝဿတိ ဒေဝ ရာဇာ။
ပုနပ္ပုနံ ခေတ္တံ ကသန္တိ ကဿကာ၊ ပုနပ္ပုနံ ဓညမုပေတိ ရဋ္ဌံ။

အစရှိသည်ဖြင့် အဖန်ဖန် ပြုလုပ်အပ် အဖန်ဖန် ဖြစ်ပွါးတတ်သောတရား တဆယ့်ခြောက်မျိုးရှိကြောင်း ထိုတရား တဆယ့်ခြောက်မျိုးတို့မှာ အဖန်ဖန်ပင်လျှင် နှစ်ဘိုင်း လတိုင်း ရက်ဘိုင်း မျိုးစေ့ကို ကြဲရကြောင်း အဖန်ဖန်ပင်လျှင် မိုးသည်လည်း ရွာသွန်းကြောင်း အကြိမ်ကြိမ် အဖန်ဖန်

ပင်လျှင် လယ်သမားတို့သည်လည်း လယ်ကို ထွန်ရကြောင်း အကြိမ်ကြိမ် အဖန်ဖန်ပင်လျှင် လယ်မှ ထွက်သော စပါးတို့ကိုလည်း မြို့အတွင်း ပြည်အတွင်း သို့ သွင်းရကြောင်း။

ပုနပ္ပုနံ ယာစကာ ယာစယန္တိ၊ ပုနပ္ပုနံ ဒါနပတီ ဒဒန္တိ။
ပုနပ္ပုနံ ဒါနပတီ ဒဒိတွာ၊ ပုနပ္ပုနံ သဂ္ဂမုပေတိ ဌာနံ။

အလှူခံ ပုဂ္ဂိုလ်တို့သည်လည်း အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် အလှူခံကြကြောင်း၊ အလှူဒါယကာ ပုဂ္ဂိုလ်တို့သည်လည်း အဖန်ဖန် အထပ် ထပ် ပေးလှူကြကြောင်း၊ အလှူ့ဒါယကာ ပုဂ္ဂိုလ်တို့သည် အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် ပေးလှူပြီးလျှင် အဖန်ဖန် အထပ်ထပ်ပင် နတ်ရွာသုဂတိ သို့ရောက်ရကြောင်း။

ပုနပ္ပုနံ ခီရနိကာ ဒုဟန္တိ၊ ပုနပ္ပုနံ ဝစ္ဆော ဥပေတိ မာတရံ။
ပုနပ္ပုနံ ကိလမတိ ဖန္ဒတိ စ၊ ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။

နွားနို့ကို အလိုရှိသော နွားနို့ညှစ်သမားတို့သည် အဖန်ဖန်အထပ်ထပ် နွားနို့ကို ညှစ်ကြရပါကုန်သည်၊ နွားငယ်သည်လည်း အဖန်ဖန် အထပ်ထပ် မိခင်နွားမသို့ ချဉ်းကပ်ရပါပေသည်၊ ထိုထိုဤဤ သတ္တဝါခပ်သိမ်းတို့သည် လည်း အဖန်ဖန် အထပ်ထပ် လျှောင်း ထိုင် ရပ် သွား ဣရိယာပုထ် လေးပါး တို့ဖြင့် ပင်ပန်းနွမ်းနယ် ကြရပါပေကုန်သည်၊ ထိုထိုဤဤ ဘဝသံသရာ မပြတ် သေးသော သတ္တဝါတို့မှာ အဖန်ဖန် အထပ်ထပ်ပင် အမိဝမ်းခေါင်း ဘဝပဋိ သန္ဓေ တည်နေရပါပေသည်။

ပုနပ္ပုနံ ဇာယတိ မီယတိ စ၊ ပုနပ္ပုနံ သိဝထိကံ ဟရန္တိ။
မဂ္ဂဥ္စ လဒ္ဓါ အပုနဗ္ဘဝါယ၊ န ပုနပ္ပုနံ ဇာယတိ ဘူရိပညော-ဟု—

အဖန်ဖန် အထပ်ထပ်ပင် ဘဝသံသရာမပြတ်သေးသော ပုဂ္ဂိုလ်တို့ဝယ် ဇာတိ ပဋိသန္ဓေ တည်နေရပါသည်၊ အဖန်ဖန် အထပ်ထပ်ပင် သေကြရပါကုန် သည်၊ အဖန်ဖန် အထပ်ထပ်ပင်လျှင် သုသာန်တစ သင်းချိုင်းဝသို့ ပို့ဆောင် ကြရပါကုန်သည်၊ နောက်ထပ်တဖန် ဘဝသစ်သို့မရောက်ခြင်း၏ အကြောင်း ဖြစ်သော နိဗ္ဗာန်တရားကို ရသော် သိသော် မြင်သော်မှသာလျှင် မြေကြီးအတူ ကြီးကျယ်လှသော ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်သည် နောက်ထပ်တဖန် ဘဝ

သစ်ဝယ် ပဋိသန္ဓေတည်နေရခြင်း အလျှင်းကင်းမဲ့ပါတော့သည် ဟု အရဟတ္တ ဖိုလ်နိဗ္ဗာန်ကို အထွဋ်ရှိတပ်၍ ဤဥဒယသုတ္တန်ဒေသနာတော်မြတ်ကို ဥဒယ ပုဏ္ဏားကို အကြောင်းပြု၍ လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် သာဝတ္ထိပြည်အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဥဒယသုတ်ပြီး၏

---

## မာတုပေါသကသုတ်

ပုစ္ဆာ။ ။မာတုပေါသကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဋ္ဌ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ မာတုပေါသကံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ မာတုပေါသကော ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ "အဟံ ဟိ ဘော ဂေါတမ ဓမ္မေန ဘိက္ခံ ပရိယေသာမိ၊ ဓမ္မေန ဘိက္ခံ ပရိယေသိတွာ မာတာပိတရော ပေါသေမိ၊ကစ္စာဟံ ဘော ဂေါတမ ဧဝံကာရီ ကိစ္စကာရီ ဟောမီ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "တဂ္ဃ တွံ ဗြာဟ္မဏ ဧဝံကာရီ ကိစ္စကာရီ ဟောသိ၊ ယော ခေါ ဗြာဟ္မဏ ဓမ္မေန ဘိက္ခံ ပရိယေသတိ၊ ဓမ္မေန ဘိက္ခံ ပရိယေသိတွာ မာတာပိတရော ပေါသေတိ၊ ဗဟုံ သော ပုညံ ပသဝတီ"တိ ဝေမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတာ။

အမေး။ ။မာတုပေါသကသုတ္တန် တရားဒေသနာတော်ကို သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်း ပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအား ဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် မိဘတို့ကို လုပ်ကျွေးသော မာတု ပေါသက ပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

မာတုပေါသကပုဏ္ဏားသည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် အဟံ ဟိ ဘော ဂေါတမ ဓမ္မေန ဘိက္ခံ ပရိယေသာမိ-အစရှိသည်ဖြင့်—

အို အရှင်ကြီးဂေါတမ....အကျွန်ုပ်သည်ကား တရားနှင့်အညီ ပစ္စည်းကို ရှာမှီးခဲ့ပါသည်၊ တရားနှင့်အညီ ပစ္စည်းကို ရှာမှီးပြီးလျှင် မိဘနှစ်ပါးတို့ကို ကျွေးမွေးသုတ်သင် ပြုပြင် ပြင်ဆင်ခဲ့ပါပေသည်၊ အို အရှင်ကြီးဂေါတမ.... ဤသို့ပြုသော အကျွန်ုပ်သည် အကျွန်ုပ်ပြုရမည့် ကိစ္စကို ပြုလုပ်သူ မှန်ပါ၏လော ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက တဂ္ဃ တွံ ဗြာဟ္မဏ ဧဝံကာရီ ကိစ္စကာရီ ဟောသိ-အစရှိသည်ဖြင့်——

မာတုပေါသကပုဏ္ဏား....တကယ်စင်စစ်လျှင် ဤသို့ပြုသော သင်သည် မိမိပြုလုပ်ရမည့် အမှုကိစ္စကို ပြုလုပ်သည် မည်ပါတော့သည်။

မာတုပေါသကပုဏ္ဏား....အမှတ်မထင် အကြင်ပုဂ္ဂိုလ်သည် တရားနည်းလည်း ကျသဖြင့် စီးပွါးဥစ္စာကို ရှာမှီးပြီးလျှင် ထိုတရားနည်းလမ်းဖြင့် ရှာဖွေ၍ရသော စီးပွါးဥစ္စာဖြင့် မိခင်ဘခင် ကျေးဇူးရှင်တို့ကို လုပ်ကျွေးပြုစုအံ့၊ ထိုပုဂ္ဂိုလ်သည် များစွာသော ကုသိုလ်ကောင်းမှုကို ပွါးစေသည် စီးစေသည် မည်ပါတော့သည်။

ယော မာတရံ ဝါ ပိတရံ ဝါ၊ မစ္စော ဓမ္မေန ပေါသတိ။
တာယ နံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ-ဟု——

အမှတ်မထင် အကြင်ပုဂ္ဂိုလ်သည် မိခင်ကိုရင်း ဘခင်ကိုရင်း တရားသော နည်းလမ်းဖြင့် ကျွေးမွေးပြုစု လုပ်ကျွေးပါပေ၏၊ ပညာရှိသူတော်ကောင်းတို့သည် ထိုသို့ မိဘ နှစ်ပါးတို့၌ တရားသော လုပ်ကျွေးခြင်းဖြင့် ထိုသို့ လုပ်ကျွေးသော ပုဂ္ဂိုလ်ကို ခုဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌ပင်လျှင်လည်း ချီးမွမ်းကြပါပေကုန်သည်။ တမလွန်လောက နောက်ဘဝဝယ် ထိုမိဘကို ပြုစုလုပ်ကျွေးသော ပုဂ္ဂိုလ်သည် နတ်ရွာ၌ ဝမ်းမြောက်ရပါသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဤမာတုပေါသက သုတ္တန်ဒေသနာတော်မြတ်ကို ဒေသနာ၏အဆုံးဝယ် မာတုပေါသကပုဏ္ဏား သရဏဂုံခံယူလောက်အောင်ပင် စိတ်ဖြာခွဲခြား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

မာတုပေါသကသုတ် ပြီး၏

## ခေါမဒုဿသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ဗြာဟ္မဏသံယုတ္တေ ခေါမဒုဿသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ ခေါမဒုဿေ နာမ သကျာနံ နိဂမေ ခေါမဒုဿကေ ဗြာဟ္မဏဂဟပတိကေ အာရဗ္ဘ ဘာသိတံ၊ ခေါမဒုဿကာ ဘန္တေ ဗြာဟ္မဏဂဟပတိကာ ဘဂဝန္တံ ဧတဒဝေါစုံ "ကေ စ မုဏ္ဍကာ သမဏကာ၊ ကေ စ သဘာဓမ္မံ ဇာနိဿန္တီ"တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

"နေသာ သဘာ ယတ္ထ န သန္တိ သန္တော၊
သန္တော န တေ ယေ န ဝဒန္တိ ဓမ္မံ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
ဓမ္မံ ဝဒန္တာ စ ဘဝန္တိ သန္တော"တိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားရှင်သည် ဗြာဟ္မဏသံယုတ်၌ သံဂါယနာတင်ထားသော ခေါမဒုဿမည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဌုပ္ပတ္တိကြောင့် အဘယ်သို့သောအခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သက္ကတိုင်းအခင်အပါ ခုံချည်ပုဆိုးတို့ များစွာထွက်သော ကြောင့် ခေါမဒုဿ အမည်ရသော နိဂုံး၌ ခေါမဒုဿနိဂုံး၌နေသော ပုဏ္ဏားသူကြွယ်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ခေါမဒုဿနိဂုံး၌ သီတင်းသုံး နေတော်မူသောအခါ ထိုနိဂုံးသား များစွာသော ပုဏ္ဏားသူကြွယ်တို့သည် စည်းဝေး ညီမူလျက် ရှိကြပါသည်။

ထိုအခါ အဗ္ဗညုမြတ်စွာဘုရားသည် ထိုပုဏ္ဏားသူကြွယ်တို့ ညီမူစည်းဝေး ရာ စရပ်အတွင်းသို့ တပ်တပ်တူတူ ကြွရောက်တော်မူခဲ့ပါသည်။

ထိုအခါ ခေါမဒုဿ နိဂုံးသား ပုဏ္ဏားသူကြွယ်တို့က "ကေ စ မုဏ္ဍကာ သမဏကာ၊ ကေ စ သဘာဓမ္မံ ဇာနိဿန္တိ-ဟု —

ဦးပြည်းဖြစ်ကြသော ထိုရဟန်းတို့သည် အဘယ်သူတို့ ဖြစ်ကြကုန်သနည်း (ဘယ်လိုလူတွေပါလိမ့် ဟု-ကဲ့ရဲ့သည်) အဘယ်မည်သော ဦးပြည်းရဟန်းတို့သည် အစည်းအဝေး၏ သဘောကို သိပါကုန်အံ့နည်း၊ အစည်းအဝေးသဘောကို မသိကြကုန်သည်သာလျှင်တည်း ဟု ကဲ့ရဲ့ရှုတ်ချ စကားပြောကြားကြပါကုန်သည်။

ထိုသို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့်—

နေသာ သဘာ ယတ္ထ နသန္တိ သန္တော၊
သန္တော န တေ ယေ န ဝဒန္တိ ဓမ္မံ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
ဓမ္မံ ဝဒန္တာ စ ဘဝန္တိ သန္တော-ဟူ၍—

အကြင် အစည်းအဝေး မဏ္ဍပ် ပရိသတ်အတွင်း၌ ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်တို့ တဦးတယောက်မျှ မပါရှိပါလေ၊ ထိုအစည်းအဝေးမဏ္ဍပ် ထိုပရိသတ်သည်ကား အစည်းအဝေးစင်စစ် မည်သည် ဟု မဆိုနိုင်။

အကြင်ပုဂ္ဂိုလ်တို့သည် ယထာဘူတ တရားနည်းလမ်း မှန်ကန်ကျအောင် မပြောဆိုကြကုန်၊ ထိုသို့ ယထာဘူတ တရားနည်းလမ်း မှန်ကန်အောင် ပြောဆိုခြင်း မရှိကြသော ပုဂ္ဂိုလ်တို့သည် ပညာရှိသူတော်ကောင်း မဟုတ်ကြပါကုန်။

ရာဂကိုင်း ဒေါသကိုင်း မောဟကိုင်း ပယ်ရှား၍ ဟုတ်မှန်သော ယထာဘူတတရားကို ပြောကြားမှသာလျှင် နှလုံးပျော့ပျောင်း သူတော်ကောင်း စင်စစ် ဖြစ်နိုင်ကုန်သည်ဟု ဤဆိုအပ်ပြီးသော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် ခေါမဒုဿ နိဂုံးသား ပုဏ္ဏားသူကြွယ်တို့ကို အကြောင်းပြု၍ ခေါမဒုဿ အမည်ရသော သုတ္တန်တရားဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ခေါမဒုဿသုတ် ပြီး၏
ဗြာဟ္မဏသံယုတ် ပြီးပြီ။

## ဝင်္ဂီသသံယုတ်

## အာနန္ဒသုတ်

ပုစ္ဆာ။ ။ဝင်္ဂီသသံယုတ္တေ ပနာဝုသော စတုတ္ထံ သံဂီတံ အာနန္ဒသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ဝင်္ဂီသတ္ထေရံ အာရဗ္ဘ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။ အာယသ္မတာ ဘန္တေ ဝင်္ဂီသော အာယသ္မန္တံ အာနန္ဒံ ဂါထာယ အဇ္ဈဘာသိ—

"ကာမရာဂေန ဍယှာမိ၊ စိတ္တံ မေ ပရိဍယှတိ။
သာဓု နိဗ္ဗာပနံ ဗြူဟိ၊ အနုကမ္ပာယ ဂေါတမာ"တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

"သညာယ ဝိပရိယေသာ၊ စိတ္တံ တေ ပရိဍယှတိ။
နိမိတ္တံ ပရိဝဇ္ဇေဟိ၊ သုဘံ ရာဂူပသံဟိတံ။
သင်္ခါရေ ပရတော ပဿ၊ ဒုက္ခတော မာ စ အတ္တတော။
နိဗ္ဗာပေဟိ မဟာရာဂံ၊ မာ ဍယှိတ္ထော ပုနပ္ပုနံ။
အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။
သတိ ကာယဂတာ တျတ္ထု၊ နိဗ္ဗိဒါဗဟုလော ဘဝ။
အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿသီ"တိ။

ဧဝံ ခေါ ဘန္တေ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။

အမေး။ ။ရှင်မဟာကဿပ အစရှိသော ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ဝင်္ဂီသသံယုတ်၌ လေးခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာဟင်၍ထားသော အာနန္ဒသုတ်မည်သော တရားဒေသနာကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် ဝင်္ဂီသ မထေရ်ကို အကြောင်းပြု၍ တရားဘဏ္ဍာစိုးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သူမြတ် ဟောကြား အပ်ခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူသောအခါ အရှင်အာနန္ဒာ မထေရ်သူမြတ်သည် ရှင်ဝင်္ဂီသ မထေရ်မြတ်ကို နောက်လိုက် ရဟန်းပြု၍ သာဝတ္ထိပြည်အတွင်းသို့ ဆွမ်းခံကြွတော်မူခဲ့ပါသည်။

သာဝတ္ထိပြည်အတွင်း မင်း၏နန်းတော်သို့ ကြွရောက်တော်မူလတ်သော အခါ များစွာသော အမျိုးသမီးတို့သည် အရှင်အာနန္ဒာမထေရ်သူမြတ်အား ဝတ်ကြီးဝတ်ငယ်ပြုခြင်း ယပ်လေခပ်ခြင်း အစရှိသည်ဖြင့် ပြုစုကြပါသည်။

ထိုအခါ သီတင်းငယ်မျှ ဖြစ်သော အရှင်ဝင်္ဂီသ ရဟန်းငယ်အဘို့ရာ သာသနာတော်ဝယ် မမွေ့လျော် မပျော်ပိုက်ခြင်း ဖြစ်ခဲ့ပါသည်၊ အာရုံငါးပါး ကာမဂုဏ်တရားတို့၌ တပ်စွန်းခြင်းတည်းဟူသော ရာဂတရားသည် ရှင်ဝင်္ဂီသ၏ သန္တာန်၌ ဖြစ်ပွါးသော ကုသိုလ်စိတ်တို့ကို ဖျက်ဆီးလျက်ရှိပါပေသည်။

ထိုအခါ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား စင်စစ် ဖြစ်ပါသော အရှင်ဝင်္ဂီသ အရှင်သူမြတ်သည် မိမိသန္တာန်၌ ဖြစ်ပွါးသော မမွေ့လျော်ခြင်း အနဘိရတိ တရားကို ကွယ်ဝှက်၍ မထားဘဲ အရှင်အာနန္ဒာမထေရ်သူမြတ် အား——

ကာမရာဂေန ဍယှာမိ၊ စိတ္တံ မေ ပရိဍယှတိ။
သာဓု နိဗ္ဗာပနံ ဗြူဟိ၊ အနုကမ္ပာယ ဂေါတမ-ဟူ၍——

ဂေါတမအနွယ်ဖွား အို အရှင်အာနန္ဒာ အရှင်သူမြတ်ဘုရား....တပည့် တော်ကို ကာမရာဂတည်းဟူသော လောင်မီးသည် တညီးညီးတပြောင်ပြောင် တောက်လောင်အပ်ပါ၏ဘုရား၊ တပည့်တော်၏ စိတ်သန္တာန်အစဉ်ကို ကာမ ရာဂတည်းဟူသော မီးသည် တညီးညီးတပြောင်ပြောင် ကျွမ်းလောင်၍ နေပါ သည် ဘုရား၊ ဂေါတမနွယ်ဖွား ရှင်အာနန္ဒာ အရှင်သူမြတ်ဘုရား....တပည့် တော် တောင်းပန်လျှောက်ထားပါသည်၊ မေတ္တာရှေ့ထား သနားသည်ကို အကြောင်းပြု၍ ရာဂငြိမ်းကြောင်းကောင်းမြတ်သော တရားစကားကို ဟော ကြားတော်မူပါဘုရား ဟု လျှောက်ထားတောင်းပန်ခဲ့ပါသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည်မြတ်က—

သညာယ ဝိပရိယေသာ၊ စိတ္တံ တေ ပရိဍယှတိ။
နိမိတ္တံ ပရိဝဇ္ဇေဟိ၊ သုဘံ ရာဂူပသံဟိတံ။

ငါ့ရှင် ဝင်္ဂီသ.... သင်၏ သန္တာန်ဝယ် သညာ၏ဖောက်ပြန်မှု သညာဝိပ္ပလ္လာသတရားကြောင့် သင်၏စိတ်ကို ရာဂတည်းဟူသော မီးသည် တညီးညီး တပြောင်ပြောင် တောက်လောင် အပ်ခဲ့ပါသည်၊ ရာဂဖြစ်ကြောင်း မကောင်းသော ဥပါယ်ဖြစ်သည့် တင့်တယ်သည် ဖွယ်ရာသည် မင်္ဂလာရှိသည် ထို၍စွဲချိပ် သုဘနိမိတ်ကို ဆိတ်အောင် သုဉ်းအောင် အသင်ဖယ်ရှားပါလေ။

သင်္ခါရေ ပရတော ပဿ၊ ဒုက္ခတော မာ စ အတ္တတော။
နိဗ္ဗာပေဟိ မဟာရာဂံ၊ မာ ဍယှိတ္ထော ပုနပ္ပုနံ။ ။

ငါ့ရှင်ဝင်္ဂီသ.... အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဝသော သန္တာန်ဝယ် ထင်ရှားရှိသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ခဏအတွင်း ဖြစ်၍ ခဏအတွင်း ပျက်တတ်သောကြောင့် အနိစ္စဟူ၍ရှင်း ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အဖန်ဖန် နှိပ်စက်အပ်သောကြောင့် ဒုက္ခဟူ၍ရှင်း ခိုင်မာသော အနှစ်အရသာမရှိသောကြောင့် အနတ္တ ဟူ၍ရှင်း ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် ရှုပါလေ၊ ဤဆိုအပ်ပြီးသော အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာဉာဏ်ဖြင့် ကာမရာဂတည်းဟူသော ညီးညီး ပြောင်ပြောင် တောက်လောင်သော မီးကို ငြိမ်းသတ်ပါလေ၊ အဖန်ဖန်အထပ်ထပ် ငါ့ရှင်၏ သန္တာန်ဝယ် ဤကာမရာဂမီးကို မလောင်ပါစေလင့်....။

အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။
သတိ ကာယဂတာ တျတ္ထု၊ နိဗ္ဗိဒါဗဟုလော ဘဝ။ ။

ငါ့ရှင်ဝင်္ဂီသ.... ဥပစာရသမာဓိဖြင့် တခုသော အာရုံရှိသော အပ္ပနာသမာဓိဖြင့် လွန်စွာလည်း တည်ကြည်ဘိသော ဒွတ္တိံသာကာရ အသုဘနှင့် ယှဉ်သော စျာန်စိတ်ကို မနေမနား ငါ့ရှင်ပွါးပါလေ.... ငါ့ရှင်၏ သတိတရားသည် ဒွတ္တိံသာကာရတည်းဟူသော ဤကိုယ်ကာယအတွင်း၌သာ တည်သည် ဖြစ်ပါစေ ငြီးငွေ့ခြင်းများသူဖြစ်ပါစေ၊ ဤသို့သမာဓိသာသနာကို ထူထောင်၍ ပြီးလတ်သောအခါ—

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿသိ။

နိစ္စနိမိတ် သုခနိမိတ် အတ္တနိမိတ်တို့ ကင်းဆိတ်သောကြောင့် အနိမိတ္တ အမည်ရသော အနိစ္စဝိပဿနာ, ဒုက္ခဝိပဿနာ, အနတ္တဝိပဿနာတို့ကို လည်း ငါ့ရှင်သည် မနေမနား ပွါးများအားထုတ်ပါလေ၊ အရဟတ္တမဂ်တိုင် ရောက်အောင်ပင် လျှင် အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာပွါးများခြင်းဖြင့် မာနာနုသယကို အမြစ်ပါမကျန် တွန်းလှန် ပယ်ဖျောက်ပါလေ၊ ထိုသို့ အရဟတ္တမဂ် ဖြင့် မာနာနုသယကို အမြစ်ပါမကျန် တွန်းလှန်ပယ်သတ်နိုင်လတ်သည်ရှိသော် ကိလေသာခပ်သိမ်း ဒုက္ခခပ်သိမ်း ငြိမ်းသည်သာဖြစ်၍ ငါ့ရှင်သည် နေရပါ လိမ့်မည်ဟု လျှောက်ဆိုအပ်ပြီးသော အရှင်ဝင်္ဂီသ သန္တာန်ဝယ် လောဘစိတ် ဖြစ်ပွါးသော အဋ္ဌုပ္ပတ္တိကြောင့် အရှင်အာနန္ဒာမထေရ်သူမြတ်သည် အရဟတ္တဖိုလ် အထွဋ်တပ်သည့် ဤအာနန္ဒ သုတ္တန် ဒေသနာတော်မြတ်ကို စိတ်ဖြာ ခွဲခြား ဟောကြား အပ်ခဲ့ပါသည် အရှင်ဘုရား။ ။

အာနန္ဒသုတ် ပြီး၏

## ဝင်္ဂီသသုတ်

ပုစ္ဆာ။ ။တတ္ထ အာဝုသော ဒုတိယံ ဝင်္ဂီသသုတ္တံ ကတ္ထ ကေန ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မတာ ဝင်္ဂီသတ္ထေရေန အစိရ အရဟတ္တပ္ပတ္တေန ဝိမုတ္တိသုခပဋိသံဝေဒိနာ—

"ကာဝေယျမတ္တာ ဝိစရိမှ ပုဗ္ဗေ၊ ဂါမာဂါမံ ပုရာပုရံ၊
အထဒ္ဒသာမ သမ္ဗုဒ္ဓံ၊ သဒ္ဓါ နော ဥပပဇ္ဇထ။
သော မေ ဓမ္မံ မဒေသေသိ၊ ခန္ဓာယတန ဓာတုယော။
တဿာဟံ ဓမ္မံ သုတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။
ဗဟုန္နံ ဝတ အတ္ထာယ၊ ဗောဓိံ အဇ္ဈဂမာ မုနိ။
ဘိက္ခုနံ ဘိက္ခုနီနဉ္စ၊ ယေ နိယာမဂတဒ္ဒသာ။

သွာဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ပုဗ္ဗေ နိဝါသံ ဇာနာမိ၊ ဒိဗ္ဗစက္ခုံ ဝိသောဓိတံ။
တေဝိဇ္ဇော ဣဒ္ဓိပတ္တောမှိ၊ စေတောပရိယာယ ကောဝိဒေါ။

ဧဝံ ခေါ ဘန္တေ ဥဒါနဝသေန ဘာသိတံ။

အမေး။ ။ထိုဝင်္ဂီသသံယုတ်၌ ရှင်မဟာကဿပ အစရှိသော ရှေး သံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားသော ဆယ့်နှစ်ခု မြောက် ဝင်္ဂီသသုတ္တန်ဒေသနာကို အဘယ်အရပ်ဒေသ၌ အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် အရှင်ဝင်္ဂီသမထေရ်သူမြတ် ဟော ကြားအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူသောအခါ အမိအဘ နှစ်ဦးစလုံး ပရိဗိုဇ်ဖြစ်၍ အမိဘက် မှ ဝါဒငါးရာ အဘဘက်မှ ဝါဒငါးရာ နှစ်ရပ်ပေါင်း ဝါဒတထောင်ကို သင်ယူခဲ့ ပြီးသော ဝင်္ဂီသမည်သော လုလင်တယောက်ရှိပါသည်။

ထိုဝင်္ဂီသလုလင်သည် မိဘနှစ်ပါးမှ ဆင်းသက်လာသော ဝါဒတထောင် အပြင် သူသေ၏ဦးခေါင်းရိုးကို မန္တာန်ဖြင့် စိပ်၍ (စုတ်၍) ခေါက်သည်ရှိ သော် ဤသူသည် ဒုဂ္ဂတိသို့သွားသည် ဤသူသည် သုဂတိသို့သွားသည် ဟု မှန်ကန်အောင်ဟောကြားနိုင်သော မန္တာန်အတတ်ပညာကိုလည်း သိရှိပါ သည်။

ထိုမန္တာန်အတတ်ပညာဖြင့် တရွာမှ တရွာ တမြို့မှ တမြို့သို့ လှည့်လည် ကျက်စား စီးပွါးရှာခဲ့ရာ သာဝတ္ထိပြည်အရပ်သို့ များစွာသော လုလင်အပေါင်း ပရိသတ်ခြံရံလျက် ရောက်ရှိနေပါသည်။

သာဝတ္ထိပြည်၏ပြင်ပ သာလာယံစရပ်၌ ခေတ္တနားနေစဉ် များစွာသော လူပရိသတ်တို့သည် မြတ်စွာဘုရားထံမှောက်သို့ တရားနာရန် သွားရောက်ကြ သည်တွင် ထိုပရိသတ်တို့နှင့် အတူတကွ ဘုရားထံမှောက်သို့ သွားရောက်ခဲ့ပါ သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဝင်္ဂီသအား "ချစ်သား ဝင်္ဂီသ.... သင်သည် ထူးချွန်သော မန္တာန်အတတ်ကို တတ်သည် ဟူသည်မှာ မှန်ပါ၏ လော" ဟု မေးမြန်းတော်မူပါသည်။

ဆဝဒ္ဒူသက သူသေကောင်၏ အရိုးကို မန္တာန်မှုတ်၍ ခေါက်အပ်သည် ရှိသော် ဤသူကား သုဂတိသို့လားသည် ဤသူကား ဒုဂ္ဂတိသို့လားသည် ဟု ပိုင်းခြားထင်ထင် သိမြင်နိုင်ပါကြောင်း လျှောက်ထားသည်တွင် သဗ္ဗညု မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ရှေးဦးစွာ ဒုဂ္ဂတိဘုံသို့ သွားရောက် သောသူတယောက်၏ ဦးခေါင်းခွံရိုးကို ဖန်ဆင်းတော်မူပြီးလျှင် ဝင်္ဂီသအား မန္တာန်စိပ်စေပါသည်၊ (မန္တာန်မန်းမှုတ်စေပါသည်)။

ထိုအခါ ဝင်္ဂီသသည် မန္တာန်မန်းမှုတ်ပြီးလျှင် ဤသူကား ဒုဂ္ဂတိသို့ သွားပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် သာခု ဝင်္ဂီသ ကောင်း လှပြီ ဝင်္ဂီသ ဟူ၍ ကောင်းချီးပေးတော်မူပြီးလျှင်၊နတ်ရွာသုဂတိသို့ သွားသော ပုဂ္ဂိုလ်တယောက်၏ ဦးခေါင်းခွံရိုးကို တန်ခိုးတော်ဖြင့်ဆောင်၍ ထိုအတူပင် မန်းမှုတ်စေပြန်ပါသည်၊ ဂါထာမန္တရား မန်းစိပ်၍ သုဂတိဘုံသို့ သွားကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် ရှေးနည်းအတူ သာခုအနုမောဒနာ ပြု တော် မူပြန်ပါသည်။

တဖန် ဘဝဂတိ ငြိမ်းတော်မူပြီးသော ရဟန္တာမထေရ်သူမြတ်တပါး၏ ဦးခေါင်းခွံရိုးကို တန်ခိုးတော်ဖြင့် ယူဆောင်တော်မူ၍ ဝင်္ဂီသအား မေးမြန်း ခေါက်စေပြန်ပါသည်။

ထိုအခါ ဝင်္ဂီသသည် အကြိမ်ကြိမ်အဖန်ဖန် မန္တာန်ကိုစိပ်၍ ခေါက်သော် လည်း ထိုအရိုးရှင်ဖြစ်သော ရဟန္တာမထေရ်သူမြတ်၏ ဂတိကို မညွှန်ပြနိုင်ဘဲ ရှိပါတော့သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဝင်္ဂီသ....ကြိုးစား၍ မန္တာန်စိပ်ပါ ဝင်္ဂီသ....ကြိုးစား၍ မန္တာန်စိပ်ပါ၊ မန်းမှုတ်ပါ ဟူ၍ အားပေးတော်မူပါသည်။

မည်သို့ပင် မန္တာန်စိပ်သော်လည်း ရဟန္တာအရှင်သူမြတ်၏ ဂတိကို ဝင်္ဂီသကား မသိနိုင်ဘဲ ရှိပါသည်။

ထိုအခါ ဝင်္ဂီသက——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အရှင်ဘုရားသည် ဤအရိုးရှင်၏ ဂတိကို သိတော်မူပါသလော ဟု မေးမြန်းလျှောက်ထား ပါသည်။

ဤပုဂ္ဂိုလ်ကား ငါဘုရား၏တရားကို နာ၍ ရဟန္တာစင်စစ် ဖြစ်ပြီးလျှင် အနုပါဒိသေသ ပရိနိဗ္ဗာန်စံကြောင်း ကောင်းကောင်းကြီး ငါဘုရားသိသည် ဟူ၍ ပြန်ကြား မိန့်တော်မူသည်တွင်——

ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်၏ မန္တာန်ဖြင့် အရှင်ဘုရား ယခုမိန့်ကြားသည့် မန္တာန်ကို လဲလှယ်တော်မူပါဘုရားဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက——

ချစ်သား ဝင်္ဂီသ.... ငါဘုရား၏ အရိယာမန္တာန်မှာ အဘိုးအခယူ၍ လဲလှယ်စရာဟူ၍ မရှိပါ၊ အကြင်ပုဂ္ဂိုလ်သည် အလိုရှိ၏ ထိုပုဂ္ဂိုလ်ကိုပင် ငါဘုရားသည် ပေးနိုင်သည် ဟု မိန့်ကြားတော် မူပါသည်။

သို့တပြီးကား.... ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ဤအရိယာမန္တာန်ကို တပည့်တော်အား သနားတော်မူပါဘုရား ဟု လျှောက်ခဲ့ပါသည်။

ဝင်္ဂီသ.... အကြင် ပုဂ္ဂိုလ်သည် ရှင်ရဟန်းပြု၏ ထိုရှင်ရဟန်းပြုသော ပုဂ္ဂိုလ်အားသာလျှင် ဤအရိယာမန္တာန်ကို ပေးခြင်းငှါ စွမ်းနိုင်သည် ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ ဝင်္ဂီသသည် မိမိ၏နောက်ပါ ပရိတ်သတ်ကို--

အမောင်တို့....ငါကား ဤရှင်ကြီးဂေါတမထံမှ အရိယာမန္တာန်ကို သင်ယူ၍ မကြာမီပြန်ခဲ့ပါမည်၊ ငါမလာခင် အမောင်တို့သည် မပျင်းမရိ လှည့်လည် ကျက်စားသွားနေကြပါကုန် ဟု မှာကြားပြီးလျှင် ဘုရားထံမှောက် သွား ရောက်၍ ရှင် ရဟန်း အဖြစ်ကို ခံယူပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် နိဗ္ဗောဓကေပွ မထေရ်မြတ်ထံ အပ်နှံ၍ ရှင်ရဟန်းပြုစေပါသည်၊ ရဟန်းပြုပြီးသောအခါ ဝင်္ဂီသရဟန်းငယ်သည် ဘုရားထံမှောက် သွားရောက်၍—

ဘုန်းတော် အလွန်တရာကြီးမြတ်တော် မူလှသော မြတ်စွာဘုရား.... အရိယာမန္တာန်ကို ပေးသနားတော်မူပါ ဟု လျှောက်ထားသည့်တွင်—

ချစ်သား ဝင်္ဂီသ....သင်တို့၏ လောကီမန္တာန်ဝယ် ပရိကံအနေအားဖြင့် ဆားမပါသော ထမင်းကို စားရခြင်း၊ ကုန်းမြင့်မြေ ခေါင်ခေါင်ဝယ် အိပ်ရခြင်း အစရှိသည်ဖြင့် ပရိကံ အခြံအရံကို ပြုရဘိသကဲ့သို့၊ ထို့အတူ အရိယာမန္တာန်ဖြစ်သော ငါဘုရား၏ မန္တာန်အတွက်လည်း ကေသာ လောမာ နခါ ဒန္တာ တစော အစရှိသော ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းတည်း ဟူသော ပရိကံကို ရှေးဦးစွာ ကြိုးပမ်းအားထုတ်ရသည်၊ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ပြီးမှ အရိယာမန္တာန်ကို ရယူနိုင်သည် ဟု မိန့်ကြားတော်မူပြီးလျှင် ဝင်္ဂီသရဟန်းငယ်အား ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ထိုအခါ ဝင်္ဂီသရဟန်းငယ်သည် တကိုယ်ထီးတည်း ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ပွါးများစီးဖြန်း အားထုတ်သဖြင့် စိတ္တဝိသုဒ္ဓိ ပြောင်မြောက်၍ တဆင့်တိုးကာ ရုပ်နာမ်ဓမ္မကို ဝိပဿနာတင်၍ သုံးသပ်ရကား အရဟတ္တဖိုလ်တိုင်မြောက် ရောက်ခဲ့ပါသည်။

ထိုသို့ အရဟတ္တဖိုလ်ပေါက် ရောက်တော်မူပြီး၍ ရဟန္တာဖြစ်တော်မူပြီး၍ မကြာမြင့်မီ ဖလသမာပတ်ချမ်းသာကို ခံစားတော်မူရသော အရှင်ဝင်္ဂီသမထေရ်သူမြတ်သည်—

ကာဝေယျ မတ္တာ ဝိစရိမှ ပုဗ္ဗေ။ ဂါမာဂါမံပုရာပုရံ၊
အထဒ္ဒသာမ သမ္ဗုဒ္ဓံ၊ သဒ္ဓါ နော ဥပပဇ္ဇထ။

ငါတို့သည် သဗ္ဗညုမြတ်စွာဘုရားနှင့် တွေ့တော်မမူရခင် ဖူးမျှော်ခွင့်မရခင် ရှေးအခါ ကာလ၌ ကဗျာသီခြင်းအမှုကိုသာလျှင် အနှစ်ဟူ၍ မှတ်ထင်အမြင်လွဲခဲ့ကြသဖြင့် တရွာမှတရွာ တမြို့မှ တမြို့သို့ ကူးပြောင်းလှည့်လည်ကျက်စားခဲ့ကြရပါကုန်ပြီ၊ ထိုသို့ လှည့်လည်ကျက်စားစဉ်ပင်လျှင် ဧယျ

ငါးတန် ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကို ဤသာဝတ္ထိပြည်အရပ်ဝယ် ငါတို့ဖူးမျှော်ခဲ့ရပါကုန်ပြီ၊ ဖူးမျှော်လျှင် ဖူးမျှော်ရခြင်းပင်လျှင် ငါတို့သန္တာန်ဝယ် မြတ်စွာဘုရားနှင့်တကွ တရားသံဃာကို ယုံကြည်သော သဒ္ဓါတရားအစစ် အကြိမ်ကြိမ်အဖန်ဖန် ဖြစ်ခဲ့ရပါပေပြီ။

သော မေ ဓမ္မမဒေသေသိ၊ ခန္ဓာယတန ဓာတုယော ။
တဿာဟံ ဓမ္မံ သုတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ထိုဘုရားသခင်သည် ငါ့အား ခန္ဓာငါးပါး အာယ-တန တဆယ့်နှစ်ပါး ဓာတ်တဆယ့်ရှစ်ပါး နှင့် စပ်သော တရားစကားကို အကျယ်တဝင့် ဟောပြတော်မူခဲ့လေပြီ၊ ထိုသဗ္ဗညုမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသဖြင့် ငါသည် အိမ်ရာတည်ထောင်လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ရဟန်းပြုခဲ့လေပြီ။

ဗဟုန္နံ ဝတ အတ္ထာယ၊ ဗောဓိံ အဇ္ဈဂမာ မုနိ။
ဘိက္ခုနံ ဘိက္ခုနီ နဉ္စ၊ ယေ နိယာမဂတဒ္ဒသာ။ ။

အကြင် ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ ဟူသော ပရိသတ်လေးပါး မြတ်စွာဘုရား၏ တပည့်သားတို့သည် မဂ်လေးပါး တည်းဟူသော နိယာမတရားသို့ရောက်ကြ နိယာမတရားလေးပါးကို မြင်တော်မူကြပါကုန်ပြီ၊ ထို ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ တည်းဟူသော ပရိသတ်လေးပါး များစွာသော သူတော်ကောင်းတို့၏ နိဗ္ဗာန်တိုင်ရောက် အကျိုးတရား ပွါးများစိမ့်သောငှါ သဗ္ဗညုမြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူ ရတော်မူခဲ့လေပြီတကား။

သွာဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ငါ၏ ဘုရားထံမှောက် ယခုရောက်ရခြင်းသည်ကား အကျိုးရှိသော ကောင်းသော လာရောက်ခြင်းပင် ဖြစ်ပါပေတော့သည်၊ အကြောင်းသော်ကား ပုဗ္ဗေနိဝါသဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါးသို့ ငါသည်ကား ရောက်ခဲ့လေပြီ၊ မြတ်စွာဘုရား၏ အဆုံးအမ

သြဝါဒသာသနာကို အရဟတ္တဖိုလ်ပေါက် အပြီးအဆုံး ငါသည် အမှိုပြုအပ်ကျင့်အပ်ခဲ့လေပြီတကား။

ပုဗ္ဗေနိဝါသံ ဇာနာမိ။ ဒိဗ္ဗစက္ခု ဝိသောဓိတံ။
တေဝိဇ္ဇော ဣဒ္ဓိပတ္တောမှိ၊ စေတောပရိယာယကောဝိဒေါ။

ယခုအခါ ငါတမူကား ဣဒ္ဓိဝိဓဉာဏ် ဒိဗ္ဗသောတဉာဏ် ပရစိတ္တဝိဇာနနဉာဏ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ် တည်းဟူသော အဘိညာဏ်ခြောက်ပါးရသည့် မဟာသာဝက စင်စစ် ဖြစ်ခဲ့လေပြီ ဟုလျှောက်ဆိုအပ်ပြီးသော အတိုင်း ရှေးလူဖြစ်စဉ်အခါ **ကာဗျဆရာ** ဖြစ်ခဲ့ဘူးသော ဝင်္ဂီသမထေရ်သူမြတ်သည် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူရကားနှစ်လိုအားရမ်း ဥဒါန်းကျူးရင့်သော အနေဖြင့် ဤဝင်္ဂီသ သုတ္တန်ဒေသနာတော်မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ဝင်္ဂီသသုတ် ပြီး၏
ဝင်္ဂီသသံယုတ် ပြီးပြီ။

---

## ဝနသံယုတ်

### အာနန္ဒသုတ်

ပုစ္ဆာ။ ။ဝနသံယုတ္တေ ပနာဝုသော ပဥ္စမံ သံဂီတံ အာနန္ဒသုတ္တံ ကဒါ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဥ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသလေသု ဘန္တေ အညတရသ္မိံ ဝနသဏ္ဍေ အစိရပရိနိဗ္ဗုတေ ဘဂဝတိ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ တသ္မိံ ဝနသဏ္ဍေ အဓိဝတ္ထာယ ဒေဝတာယ ဘာသိတံ။ အာယသ္မာ ဘန္တေ အာနန္ဒော အစိရပရိနိဗ္ဗုတေ ဘဂဝတိ အတိဝေလံ ဂိဟိသညတ္တိဗဟုလော ဝိဟရတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

“ရုက္ခမူလဂဟနံ ပသက္ကိယ၊
နိဗ္ဗာနံ ဟဒယသ္မိံ သြပိယ။
ဈာယ ဂေါတမ မာ ပမာဒေါ၊
ကိံ တေ ဗိဠိဗိဠိကာ ကရိဿတီ”တိ။

ဧဝံ ခေါ ဘန္တေ ဝနသဏ္ဍေ အဓိဝတ္ထာယ ဒေဝတာယ အာယသ္မတော အာနန္ဒတ္ထေရဿ အနုကမ္ပိကာယ အတ္ထ-ကာမာယ ဘာသိတံ။

အမေး။ ။ဝနသံယုတ်၌ ရှင်မဟာကဿပ အစရှိသော ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ငါးခုမြောက် သုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားသော အာနန္ဒသုတ် မည်သော တရားဒေသနာကို အဘယ်အခါကာလ အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသလတိုင်း အဝင်အပါ တခုသော တောအုပ်အရပ်ဝယ် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး၍ မကြာမြင့်မီ ပဌမသံဂါယနာမတင်မီ အာနန္ဒာမထေရ်သူမြတ်ကို အကြောင်းပြု၍ ထိုတောအုပ်၌ စိုးအုပ်သော နတ်က ဟောကြားအပ်ခဲ့ပါသည်။

အရှင်အာနန္ဒာ မထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူ၍ မကြာမြင့်မီ ပဌမသံဂါယနာမတင်မီ အရဟတ္တဖိုလ်ပေါက် တရားကို အားထုတ်အံ့သောငှါ ကောသလတိုင်းအဝင်အပါ တခုသော တောအုပ်၌ သီတင်းသုံးနေတော်မူပါသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် ရွာတွင်းသို့ ဆွမ်းခံကြွသောအခါ၌ များစွာသော လူပရိသတ်တို့က အရှင်အာနန္ဒာအား မြတ်စွာဘုရားနှင့် စပ်၍ ငိုကြွေး မြည်တမ်း လျှောက်ထား ပြောကြားကြသည်တွင်——

အလံ အာဝုသော မာ သောစိတ္ထ၊ မာ ပရိဒေဝိတ္ထ၊ အိုဒါယကာ ဒါယိကာမတို့.... မသင့်ပါ၊ မစိုးရိမ်ကြပါကုန်လင့်၊ မပူဆွေးကြပါကုန်လင့်၊ သဗ္ဗညုမြတ်စွာဘုရားက ပင်လျှင် စောစီးစွာက "ဖြစ်ပြီးသော ရုပ်နာမ်ဓမ္မသင်္ခါရကို မပျက်ပါလင့် ဟူ၍ တားမြစ်နိုင်ကောင်းသော အကြောင်းမရှိ ဟူ၍ ရှေးဦးစွာကပင်လျှင် ဟောကြားအပ်ခဲ့သည် မဟုတ်ပါလော အစရှိသည်ဖြင့် များစွာသော လူပရိသတ်တို့အား တရားဓမ္မဖြင့် ငိုကြွေးခြင်း ငြိမ်းအေးအောင် တရားဟောပြောရှိနေပါသည်။

တောအုပ်သို့ တဖန် ကြွတော်မူသော အခါ၌လည်း တောအုပ်အတွင်း လိုက်ပါလာ၍ များစွာသော ဒကာ ဒကာမတို့ ငိုကြွေးကြသည်တွင် ထိုအတူ ပင် ပရိဒေဝ ငြိမ်းကြောင်း ကောင်းမြတ်သော တရားစကားကို ဟောဆို၍ နေရပါသည်။

ဤသို့ လူတို့ကို တရားကို သိစေခြင်း ပြောကြားလျက် နေတော်မူသော အခါ ထိုတောအုပ်ဝယ် စိုးအုပ်၍နေသော နတ်သားသည် မြတ်စွာဘုရား၏ စကားတော်ကို မကြာမြင့်မီပင်လျှင် သံဂါယနာတင်ကြရလိမ့်မည်၊ ရှင်အာ နန္ဒာ မထေရ်သူမြတ်ကို လည်း သံဃာတော်အရှင်မြတ်တို့က ပဌမသံဂါယနာမှီ ရဟန္တာဖြစ်အောင် တရားအားထုတ်ဘို့ ဤတောအုပ်သို့ လွှတ်လိုက်ခြင်း ဖြစ် သည်၊ အကယ်၍ ဤလူများကိုသာ တရားစကား ဟောကြား၍နေပါက ရှင်အာနန္ဒာသည် ပဌမသံဂါယနာတင် အမှီ ရဟန္တာဖြစ်ဘို့ရန် လွယ်ကူမည် မဟုတ်မူ၍ ကြီးစွာသော စိုးရိမ်ခြင်းဖြင့် ရှင်အာနန္ဒာထံမှောက်သို့ လာရောက် ပြီးလျှင်——

ရုက္ခမူလ ဂဟနံ ပသက္ကိယ၊ နိဗ္ဗာနံ ဟဒယသ္မိံ ဩပိယ။
ဈာယ ဂေါတမ မာ ပမာဒေါ၊ ကိံ တေ ဗိဠိဗိဠိကာ ကရိဿတိ-ဟု

ဂေါတမအနွယ်ဖွား အို အရှင်အာနန္ဒာ မထေရ်သူမြတ်ဘုရား....သစ်ပင် ထူပြော ဤတောအုပ်အဘွင်းသို သက်ဝင်တော်မူပြီးလျှင် နိရောဓသစ္စာ နိဗ္ဗာန် တရားကို အာရုံပြုသောအားဖြင့် မိမိနှလုံး၌ထားပြီးလျှင် ဂေါတမနွယ်ဖွား အရှင်အာနန္ဒာ မထေရ်သူမြတ်ဘုရား.... အာရမ္မဏူပနိဇ္ဈာနဈာန်, လက္ခဏူပ နိဇ္ဈာနဈာန် ဤနှစ်တန်သော ဈာန်တရားကို မနေမနား အရှင်ဘုရား ပွါးများအားထုတ်တော်မူပါ။ မေ့လျော့တော်မမူပါလင့်၊ အရှင်ဘုရားအား ဤ လူများကို ဗိဠိဗိဠိပါအောင် တရားဟောကာ ပြောဆိုခြင်းဖြင့် အဘယ်အကျိုး ရှိပါအံ့နည်းဘုရား ဟု ရှင်အာနန္ဒာ၏ အကျိုးကို လိုလားသော အရှင်အာနန္ဒာ အား မေတ္တာရှေ့ထားသည့် တောအုပ်၌ စိုးအုပ်၍နေသော နတ်သားသည် ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် ဤအာနန္ဒာသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုသောအား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

## ယက္ခသံယုတ်

### ဣန္ဒကသုတ်

ပုစ္ဆာ။ ။ယက္ခသံယုတ္တေ ပနာဝုသော ပဌမံ သံဂီတံ ဣန္ဒကသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဣန္ဒကူဋေ ပဗ္ဗတေ ဣန္ဒကဿ ယက္ခဿ ဘဝနေ ဣန္ဒကံ ယက္ခံ အာရဗ္ဘ ဘာသိတံ။ ဣန္ဒကော ဘန္တေ ယက္ခော အတ္တဝါဒေါ ဘဂဝန္တံ ဥပသင်္ကမိတွာ ဂါထာယ အဇ္ဈဘာသိ—

“ရူပံ န ဇီဝန္တိ ဝဒန္တိ ဗုဒ္ဓါ၊
ကထံ နွယံ ဝိန္ဒတိမံ သရီရံ။
ကုတဿ အဋ္ဌီယကပိဏ္ဍမေတိ၊
ကထံ နွယံ သဇ္ဇတိ ဂဗ္ဘရသ္မိ”န္တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

“ပဌမံ ကလလံ ဟောတိ ၊ကလလာ ဟောတိ အဗ္ဗုဒံ၊
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတီ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိစ။
ယဉ္စဿ ဘုဉ္ဇတိ မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ၊ မာတုကုစ္ဆိဂတော နရော”တိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ယက္ခသံယုတ်၌ ရှေးဦးစွာ သံဂါယနာတင်၍ ထားသော ဣန္ဒကသုတ္တန် မည်သော တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဣန္ဒကူဋတောင်ယံ၌ ဣန္ဒကနတ်ဘီလူး၏ ဗိမာန်အတွင်းဝယ် ပုဂ္ဂိုလ်, အတ္တ, လိပ်ပြာဟူ၍ အယူရှိသော ဣန္ဒကနတ်ဘီလူးကို အကြောင်းပြု၍ ဟောကြားတော် မူအပ်ပါသည်။

ဣန္ဒကနတ်ဘီလူးသည် အတ္တဝါဒ ပုဂ္ဂိုလ်, လိပ်ပြာဝါဒရှိသော ပုဂ္ဂိုလ်ဖြစ်သည့်အတိုင်း သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ ချဉ်းကပ်ပြီးလျှင် ရူပံ န ဇီဝန္တိ ဝဒန္တိ ဗုဒ္ဓါ၊ ကထံ နွယံ ဝိန္ဒတိ မံ သရီရံ-အစရှိသော ဂါထာဖြင့် ---

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဘုရားရှင်တို့သည် ရူပက္ခန္ဓာကို အတ္တ, လိပ်ပြာ,ဇီဝ မဟုတ်ဟူ၍ ဟောဆိုတော်မူကြပါသည်၊ တပည့်တော်တို့ အထင်အားဖြင့် လျှောက်ထားရပါမူကား မိခင်ဖြစ်သော ပုဂ္ဂိုလ်တို့သည် ပကတိ အတ္တ, ဇီဝ, လိပ်ပြာ မဟုတ်သည့် ရုပ်စင်စစ်ဖြစ်သော အမဲသားငါး စသည်ဘို့ကို ယနေ့စားလျှင် နောက်တနေ့ဝယ် ပါစကဝမ်းမီး ချေချက်သဖြင့် အကြွင်းမဲ့ အပြင်သို့ ထွက်ခဲ့ရပါသည်။

ရုပ်သည် အတ္တဖြစ်သောရုပ်,အတ္တလိပ်ပြာ မဟုတ်သောရုပ် ဟူ၍ နှစ်မျိုး ထားလိုပါသည်၊ အတ္တလိပ်ပြာမဟုတ်သောရုပ်ကား ယခု လျှောက်ဆိုအပ်ပြီးသော အမဲ သားငါး စသည်၌ ရှိသော ရုပ်ကို ဆိုလိုပါသည်၊ အတ္တလိပ်ပြာ ရုပ်ဟူသည်မှာ ပဋိသန္ဓေ တည်နေကြသော သတ္တဝါတို့၏ ရုပ်ကို အတ္တလိပ်ပြာ ရုပ်ဟူ၍ တပည့်တော် လျှောက်ဆို လိုပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားတို့၏ အလိုအားဖြင့် ရုပ်သည် မည်သည့်ရုပ်မှာမှ အတ္တ ဇီဝ လိပ်ပြာမဟုတ် ဟူ၍ ဟောကြားတော်မူခဲ့ပါသည်၊ အကယ်၍ ရုပ်သည် အတ္တ ဇီဝ လိပ်ပြာ မဟုတ်ခဲ့သော် ဤ သတ္တဝါသည် အဘယ်ပုံ အဘယ်ပန်းအားဖြင့် ဤခန္ဓာကိုယ် အတ္တဘောကို ရနိုင်ပါအံ့နည်း။

အတ္တမဟုတ် ထိုရုပ်သည်လည်း အမဲ သားငါးအစရှိသည်တို့ကဲ့သို့ ယနေ့ မိခင်ဝမ်း ဝင်ရောက်သော် နောက်တနေ့မှာပင် ကြေမွ၍ ကျလေရာပါသည် ဘုရား။

ဤသတ္တဝါ၏ သုံးရသော အရိုးအသဲစိုင် အစုတို့သည် အဘယ်မှာ ဖြစ်ပွါးနိုင်ပါဦးတော့မည်နည်းဘုရား။

ဤသတ္တဝါသည် ဘယ်ပုံ ဘယ်ပန်း အခြင်းရာအားဖြင့် အမိဝမ်းဝယ် ကိန်းအောင်းမွေ့လျော် ငြိတွယ် မှီတွယ်၍ နေနိုင်ရပါမည်နည်း ဘုရား ဟူ၍ လျှောက်ထားခဲ့ပါသည်။

ဇလန္ဒကနတ်ဘီးလူး၏ အလိုမှာ ပုဂ္ဂိုလ် သတ္တဝါ ဟူသော အတ္တဝါဒ ရှိသူ ပီပီ အမိဝမ်းဝယ် ကိုယ်အင်္ဂါကြီးငယ်တို့ အပြည့်အစုံပင်လျှင် ပဋိသန္ဓေတည် နေစဉ်က ဖြစ်သည် ဟူ၍ ထင်မှတ်ခဲ့ပါသည်၊ သို့ထင်မှတ်သည့် အတိုင်းလည်း ဤသို့ မေးမြန်း လျှောက်ထားခြင်း ဖြစ်ခဲ့ပါတော့သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ-အစရှိသည်ဖြင့်——

ရှေးဦးစွာ ခုနစ်ရက်အတွင်းဝယ် ကလလရေကြည်ခေါ်သော ဇာတိ ဥဏ္ဏာမည်သော သားမွေးမြီး၏ ထိပ်ဖျား၌ကပ်သော ဆီကြည်ပေါက်မျှ ရုပ်ကလာပ် သုံးမျိုးတို့ ကလလရေကြည် အနေဖြင့် တည်ရှိကြောင်း၊

ကလလရေကြည် ခုနစ်ရက်လွန်မြောက်သော အခါမှ အမြှုပ်ခေါ်သော အဗ္ဗုဒ အနေဖြင့် ခုနစ်ရက်တည်ရှိကြောင်း၊

ထိုအမြှုပ် ခုနစ်ရက်လွန်မြောက်သော အခါမှ အခဲပမာဏ ကြွက်နား ပေါင်းခဲ ပြုတ်ဆီခဲစသော အခဲကဲ့သို့ ထင်ယူရသော ခုနစ်ရက်။

ထိုအခဲ ခုနစ်ရက်မှ ထိုဘက်၌ နောက်တဖန် ခုနစ်ရက်မြောက်လတ် သောအခါ အသားတစ် ခုနှစ်ရက်။

ပဌမခုနစ်ရက် မြောက်ဘွင် ဦးခေါင်းနေရာ လက်နှစ်ဖက် ခြေနှစ်ဖက် နေရာတို့၌ အဖုငါးခု ပေါ်ပေါက်လာသော ခက်မငါးဖြာ ခုနစ်ရက်။

ထိုသည်မှ လေးဆဲ့နှစ်သတ္တာဟ မြောက်၌ ဆံပင် မွေးညှင်းတို့ ပေါ်ခဲ့ ကြောင်း၊

ဤသို့လျှင် အစဉ်သဖြင့် အမိဝင်းတွင်းဝယ် ကလလရေကြည်မှပင် အစ ပြု၍ ကိုးလလွန်မြောက် ဆယ်လဘိုင်အောင် အစဉ်သဖြင့် ကြီးပွါးခဲ့ရကြောင်း သတ္တဝါသည် ဤပုံဤပန်းအားဖြင့် ကြီးပွါးသောအခါ အမိဝမ်းတွင်း၌ မိခင်စားသုံးသော အစာအာဟာရမှ သြဇာအစဉ်လျှောက်၍ မျှတ၍ နေနိုင် ကြောင်း သဗ္ဗညုမြတ်စွာဘုရားသည် အတ္တအယူသမားဖြစ်သော ဇလန္ဒက နတ်သားကို အကြောင်းပြု၍ ထိုဇလန္ဒကနတ်သား လျှောက်ဆိုအပ်သော အဋ္ဌုပ္ပတ်ကြောင့် ဤဇလန္ဒကသုတ္တန်ဒေသနာတော်မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ဇလန္ဒကသုတ် ပြီး၏

## အာဠဝကသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ယက္ခသံယုတ္တေ အာဠဝကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။အာဠဝိယံ ဘန္တေ အာဠဝကဿ ယက္ခဿ ဘဝနေ အာဠဝကံ ယက္ခံ အာရဗ္ဘ ဘာသိတံ။ အာဠဝကော ဘန္တေ ယက္ခော ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ —

ကိံ သူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ကိံသု သုစိဏ္ဏံ သုခမာဝဟာတိ။
ကိံ သု ဟဝေ သာဒုတရံ ရသာနံ၊
ကထံ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌန္တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ---

သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊
ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌန္တိ။

ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုဘုရားရှင်သည် ယက္ခသံယုတ်၌ သံဂါယနာတင်ဆရာမြတ်တို့ သံဂါယနာတင်ထားသော အာဠဝကသုတ္တန်ဒေသနာကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အစွဲပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာဠဝီပြည်အရပ်ဝယ် အာဠဝကဘီလူး၏ ဗိမာန်အတွင်း၌ ဗိမာန်ရှင် အာဠဝကဘီလူးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် အာဠဝက ဘီလူးကို ခြွေချွတ်တော်မူအံ့သောငှါ သာဝတ္ထိပြည်မှသည် ခရီးယူဇနာ သုံးဆယ်ဝေးကွာသော အာဠဝီ

ပြည်အရပ်သို့ ညနေချမ်းအခါ တပါးတည်းကြွတော်မူလာ၍ အာဠဝကဘီလူး၏ ဗိမာန်အတွင်းဝယ် တပါးတည်း သီတင်းသုံး နေထိုင်လျက် ရှိပါသည်။

ဘုရားကျောင်းတော်မှ တရားနာ၍ ပြန်ကြသော သာတာဂီရိဘီလူး ဟေမဝတဘီလူးတို့သည် ကောင်းကင်ခရီးဖြင့်သွားလာကြသည်တွင် အာဠဝကဘီလူး၏ ဗိမာန်အထက်သို့ ရောက်သောအခါ မသွားနိုင်ရှိကြပါ၍ အကြောင်းခြင်းရာကိုစုံစမ်းလတ်သည်ရှိသော် သဗ္ဗညုမြတ်စွာဘုရား အာဠဝကဘီလူး၏ ဗိမာန်အတွင်း၌ သီတင်းသုံးနေသည်ကို သိကြသဖြင့် ဘုရားရှင်အားဝပ်တွားရှိကျိုး ရှိခိုးပြီးလျှင် ဘီလူးပရိသတ်အစည်းအဝေးသို့ သွားရောက်၍ အာဠဝကဘီလူးအား လာဘာ တေ အာဠဝက၊ သုလဒ္ဓံ တေ အာဠဝက အစရှိသည်ဖြင့်——

အိုအချင်း အာဠဝက.... သင်၏ ဘုံဗိမာန်အတွင်းဝယ် သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံး စံနေတော်မူပါသည်၊ သင့်အား အရတော်ပါပေစွ ဟူ၍ ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းစကား ပြောကြားကြပါသည်။

ထိုအခါ အာဠဝကဘီလူးသည် ပြင်းစွာအမျက်ထွက်လတ်၍ ထိုဘီလူးအစည်းအဝေးမှ ထွက်ခဲ့၍ ကေလာသတောင်ထိပ်ဝယ် မတ်မတ်ရပ်၍ ကိုးမျိုးသော လက်နက်ကြီးတို့ဖြင့် ပစ်လွှင့်ပါသော်လည်း သဗ္ဗညုမြတ်စွာဘုရားကို တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်သဖြင့် "နိက္ခမ သမဏ-ရဟန်းကြီး ငါ့ဗိမာန်မှ ထွက်ခေလော့" ဟူ၍ ပြောဆိုကြိမ်းဝါးခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် မဟာကရုဏာတော် ပြဋ္ဌာန်း၍ ချမ်းကြည်သော အသံတော်ဖြင့် "ဧဝမာဝုသော-ကောင်းပြီဒါယကာ" ဟူ၍ ထိုအာဠဝကဘီလူး၏ ဗိမာန် မှ ထွက်တော်မူခဲ့ပါသည်။

တဖန်အာဠဝကဘီလူးသည် "ပဝိသ သမဏ-အိုရဟန်းကြီးဂေါတမ.... တဖန် ဗိမာန်အတွင်း ပြန်ဝင်ဦးလော့" ဟူ၍ ပြောဆိုပြန်သောအခါ၌လည်း ထိုအဘူပင်လျှင် "ဧဝမာဝုသော-ကောင်းပြီဒါယကာ" ဟူ၍ သာယာနူးညွတ် ထိုဗိမာန်အတွင်းသို့ တဖန်ဝင်တော်မူခဲ့ပါသည်။

ဤနည်းအတူ ထွက်ခေ ဝင်ခေ ဟူ၍ သုံးကြိမ်တိုင်တိုင် ပြောဆိုသောအခါ သုံးကြိမ်တိုင်တိုင်ပင် ဘုရားမြတ်စွာသည် အလိုသို့လိုက်ပါ၍ ထွက်တော်မူ ဝင်တော်မူခဲ့ပါပေသည်။

ထိုအခါ အာဠဝကဘီလူးသည် "ငါတမူကား ဤရဟန်းကြီး ဂေါတမ ကို ထွက်စေ ဝင်စေသောအားဖြင့် ဤနည်းအတူ ညှဉ်းပမ်းနှိပ်စက်၍ ဂင်္ဂါမြစ် တဖက်သို့ ပစ်လွှတ်အံ့"ဟု အကြံဖြစ်ပြီးလျှင် စတုတ္ထအကြိမ်မြောက်၌ "နိက္ခမ သမဏ-အိုရဟန်းကြီးဂေါတမ....ဗိမာန်အတွင်းမှ ပြန်၍ ထွက်ခဲ့ပါလော့" ဟူ၍ပြောဆိုပြန်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အာဠဝကဘီလူး၏ ဖောက်ပြန် မှားယွင်းသော စိတ်အကြံကို ဝေဘန်ထင်ရှား သိမြင်တော်မူသည်ဖြစ်၍....

န ခွါဟံ တံ အာဝုသော နိက္ခမိဿာမိ၊ ယံ တေ ကရဏီယံ၊ တံ ကရောဟိ၊

ဒါယကာ အာဠဝကဘီလူး.... ငါဘုရားကား မထွက်တော့ပါ၊ သင် ပြုလုပ်ရန် ရှိသမျှသော ကိစ္စကိုသာလျှင် သင်ပြုလုပ်ရန် ရှိတော့သည် ဟု မိန့် ကြားတော်မူလတ်သည်တွင်——

ပဉှံ တံ သမဏ ပုစ္ဆိဿာမိ၊ သစေ မေ န ဗျာကရိဿသိ၊ စိတ္တံ ဝါ တေ ခိပိဿာမိ၊ ဟဒယံ ဝါ တေ ဖာလေဿာမိ၊ ပါဒေသု ဝါ ဂဟေတွာ ပါရဂင်္ဂါယ ခိပိဿာမိ-ဟူ၍——

အို ရဟန်းကြီးဂေါတမ....အသင့်ကို ငါသည် အမေးပုစ္ဆာပြဿနာကို မေးမြန်းပါအံ့၊ အကယ်၍ ငါ၏ အမေး ပုစ္ဆာ ပြဿနာကို ပြေလည်စွာ မဖြေဆို နိုင်လတ်သည်ရှိသော် သင်၏စိတ်ကိုမူလည်း ဖောက်ပြန်ရူးသွပ်သွားအောင် ငါပြုပါအံ့၊ သင်၏ နှလုံးသားကိုသော်မူလည်း ဖောက်ခွဲပါအံ့၊ ခြေထောက်ကို ဆွဲကိုင်၍ ဂင်္ဂါမြစ်တဖက်သို့ သော်မူလည်း ငါပစ်အံ့ ဟူ၍ ကြိမ်းမောင်းစကား ပြောကြားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက န ခွါဟံ တံ အာဝုသော ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ ယော မေ စိတ္တံ ဝါ ခိပေယျ ဟဒယံ ဝါ ဖာလေယျ ပါဒေသု ဝါ ဂဟေတွာ ပါရဂင်္ဂါယ ခိပေယျ။ အပိစ တွံ အာဝုသော ပုစ္ဆ ယဒါ ကင်္ခသိ-ဟူ၍——

အာဠဝက ဘီလူး....နတ် ဗြဟ္မာနှင့်တကွသော သတ္တလောကအတွင်း ဝယ် ငါဘုရား၏ စိတ်နှလုံးကို ဖောက်ပြန်သွားအောင် ပြုလုပ်နိုင်သောသူ

ငါဘုရား၏ နှလုံးသားကို ဖောက်ခွဲနိုင်သောပုဂ္ဂိုလ် ငါဘုရား၏ခြေတော်ကို ဆွဲကိုင်၍ ဂင်္ဂါမြစ်တဘက်သို့ ပစ်လွှတ်နိုင်သောပုဂ္ဂိုလ် တစုံတယောက်ကိုမျှ ငါဘုရား၏ သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်သော်လည်း မမြင်၊ သို့စေကာမူ အသင်အလိုရှိသော အမေးပုစ္ဆာပြဿနာကို အသင်အလိုရှိသည့်အတိုင်း မေးမြန်းပါ ဟူ၍ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဘိတ်ကြားတော်မူခြင်းဖြင့် ဘိတ်ကြားတော်မူလတ်ပါသည်။

ထိုအခါ အာဠဝကဘီလူးသည် မိဘတို့လက်ထက်ကပင် ဆင်းသက်ခဲ့သော ကဿပမြတ်စွာဘုရား၏ သာသနာတော်မှ အစဉ်သဖြင့် လာခဲ့သော မိမိ၏လက်ထက်ဝယ် အဖြေဝိဿဇ္ဇနာစကားတွေ ပျောက်ကုန်သဖြင့် အမေးပုစ္ဆာပြဿနာ လောက်သာလျှင် ရွှေပေလွှာ၌ ကျန်ရစ်သော အမေးပုစ္ဆာပြဿနာကို သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားအား မေးလျှောက်အံ့သောငှါ——

ကိံ သူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ကိံသု သုစိဏ္ဏံ သုခမာဝဟာတိ။
ကိံသု ဟဝေ သာဒုတရံ ရသာနံ။ ကထံ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ-ဟု

အို ရဟန်းကြီး ဂေါတမ....ဤလောကဝယ် ပုဂ္ဂိုလ်သတ္တဝါ သူသူငါငါတို့၏ ပစ္စုပ္ပန်သံသရာနှစ်ဌာနဝယ် အမြတ်ဆုံး ချီးမွမ်းအပ်ဆုံးသော ဥစ္စာရတနာ ဟူသည် အဘယ်တရားဖြစ်သနည်း၊ အဘယ်မည်သော တရားသည် နေ့ရှည်လများ လေ့လာပွါးများအပ်သည်ရှိသော် ချမ်းသာသုခတရားကို ရွက်ဆောင်နိုင်ပါဘိသနည်း၊ ဤလောက၌ ရှိသမျှသော အရသာတကာတို့တွင် အချိုမြိန်ဆုံးသော အရသာဟူသည် အဘယ်တရားမျိုး ဖြစ်ပါသနည်း၊ အဘယ်သို့သဘောရှိသော ပုဂ္ဂိုလ်၏ အသက်ရှင်ခြင်းကို အထူးသဖြင့် ချီးမွမ်းအပ်သော အသက်ရှင်ခြင်းဟူ၍ ခေါ်ဆိုရပါသနည်း ဟူ၍ မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ကဿပ မြတ်စွာဘုရားရှင် ဖြေတော်မူခဲ့သော နည်းလမ်းအစဉ်အတိုင်း ပင်လျှင်——

**သဒ္ဓီဓ** ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
**သစ္စံ ဟဝေ** သာဒုတရံ ရသာနံ၊ ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။

**အာဠဝကဘီလူး**....ဤလောက၌ သူသူငါငါ များစွာသော သတ္တဝါတို့၏ ခု **ဝတ္တမာန်** ပစ္စုပ္ပန်နှင့် တမလွန်နောက်ဘဝဝယ် လွန်စွာ လွန်စွာ

အကျိုးစီးပွါး ဖြစ်ထွန်းစေတတ်သော ဥစ္စာရတနာအစစ် ဟူသည်မှာ ရတနာသုံးတန် ကံ ကံ၏ အကျိုးကို ယုံကြည်ခြင်း သဒ္ဓါတရားပင် ဖြစ်ပေတော့သည်။

အဖန် အထပ်ထပ် လေ့လာဆည်းပူး ပွါးများအပ်သည်ရှိသော် ချမ်းသာ အမျိုးမျိုးကို ရွက်ဆောင်တတ်သော တရားတပါး ဟူသည်မှာ သုစရိုက်ဆယ်ပါး ကုသိုလ်တရားတို့ပင် ဖြစ်ပေတော့သည်။

ဤလောကသယ် အရသာ အမျိုးမျိုးရှိသည့်အနက် အထူးသဖြင့် ချိုမြိန်ကောင်းမြတ်လှသော အရသာဟူသည်မှာ ဝစီမင်္ဂလာ မှန်ကန်သော သစ္စာစကားပင် ဖြစ်ပေတော့သည်။

ဤလောကသယ် အသက်ရှင်ကြခြင်း အမျိုးမျိုးတို့အနက် ပညာဖြင့် အသက်မွေးခြင်း အသက်ရှင်ခြင်းကို အထူးသဖြင့် ချီးမွမ်းအပ်သော အသက်မွေးခြင်း အသက်ရှင်ခြင်း ဟူ၍ ခေါ်ဆိုရပေသည် ဟု သဗ္ဗညုဘုရား ဖြေကြားတော်မူခဲ့ပါသည်။

တဖန်လျှင် အာဠဝကဘီလူးသည်—

ကထံသု တရတိ သြဃံ၊ ကထံသု တရတိ အဏ္ဏဝံ။
ကထံသု ဒုက္ခ မစ္စေတိ၊ ကထံသု ပရိသုဇ္ဈတိ။

အို အရှင်ကြီး ဂေါတမ....အဘယ်မည်သော တရားဖြင့် သြဃလေးခဏ်း ရေပြင်ကြမ်းကို ကူးသန်းထုတ်ချောက် လွန်မြောက်နိုင်ပါသနည်း၊ အဘယ်မည်သော တရားဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာကြီးကို ကူးသန်းထုတ်ချောက် လွန်မြောက်နိုင်ပါသနည်း၊ အဘယ်မည်သော တရားဖြင့် သံသရာဝဋ်ဒုက္ခကို လွန်မြောက်စေနိုင်ပါသနည်း၊အဘယ်မည်သော တရားဖြင့် သံသရာဒုက္ခကို စင်ကြယ်စေနိုင်ပါသနည်း ဟု တဖန်ထပ်၍ လေးရပ်သောပုစ္ဆာတို့ကို မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

သဒ္ဓါယ တရတိ သြဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခ မစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ ဟု—

အို အာဠဝကဘီလူး....သောတာပန် ဖြစ်ဘို့ရန် အင်္ဂါလေးပါးတို့တွင် တပါး အပါအဝင် ဖြစ်သော သဒ္ဓါတရားဖြင့် သြဃလေးခဏ်း ရေပြင်ကြမ်းကို

ကူးသန်းထုတ်ချောက် လွန်မြောက်နိုင်ပေသည်၊ အပ္ပမာဒတရားဖြင့် သံသရာ တည်းဟူသော ပြင်ကျယ် ပင်လယ်သမုဒ္ဒရာကြီးကို ကူးသန်းထုတ်ချောက် လွန်မြောက်နိုင်ပေသည်၊ ဝီရိယလုံ့လဖြင့် သံသရာဒုက္ခကို လွန်မြောက်စေနိုင် ပေသည်၊ အရဟတ္တမဂ် ပညာဖြင့် ဤသံသရာဆင်းရဲကို စင်ကြယ်စေနိုင်ပေ သည် ဟု အရဟတ္တမဂ် အရဟတ္တဖိုလ် အထွဋ်တပ်သော အဖြေစကားရပ်ဖြင့် ဖြေကြားတော်မူလတ်ပါသည်။

ဤအဖြေလေးရပ်၏ အဆုံးဝယ် အာဠဝကဘီလူးသည် သောတာပန် တည်ခဲ့ပါသည်။

ထိုအခါ အာဠဝက ဘီလူးသည် တဖန် ဆက်လျှောက်၍—

ကထံသု လဘတေ ပညံ၊ ကထံသု ဝိန္ဒတေ ဓနံ။
ကထံသု ကိတ္တိံ ပပ္ပေါတိ၊ ကထံ မိတ္တာနိ ဂန္ထတိ။
အသ္မာ လောကာ ပရံ လောကံ၊ ကထံ ပေစ္စ န သောစတိ-ဟု

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အဘယ်မည်သော အကြောင်း ယုတ္တိ အဘယ်မည်သော တရားအစု ရှိပါမှ လောကီ လောကုတ္တရာ ပညာတရားကို ရရှိနိုင်ပါသနည်း။

အဘယ်သို့သော တရားကို လက်ကိုင်ထားပါမှ စီးပွါးဥစ္စာကို ရရှိနိုင်ပါ သနည်း။

အဘယ်သို့သော တရား လက်ကိုင်ထားပါမှ ဤလောကဝယ် ထင်ရှား ကျော်ကြားနိုင်ပါသနည်း။

အဘယ်သို့သောတရား လက်ရှိထားပါမှ အဆွေခင်ပွန်းတို့ကို ပြည့်စုံစေ နိုင်ပါသနည်း။

ဤလောကမှ တမလွန်လောကသို့ စုတိပြတ်ကြွေ သေလွန်၍ သွားသော အခါ အဘယ်တရား ပါရှိမှ တမလွန်လောက၌ မစိုးရိမ်ရဘဲ ရှိပါသနည်း ဟု အမေးပုစ္ဆာပြဿနာ ငါးရပ်ကို တဖန် ထပ်၍ လျှောက်ဆိုပြန်ပါသည်။

ထိုအခါ မြတ်စွာဘုရားသည် —

သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ။
သုဿူသံ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။
ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။

သစ္စေန ကိတ္တိံ ပပ္ပေါတိ၊ ဒဒံ မိတ္တာနိ ဂန္ထတိ။
အသ္မာ လောကာ ပရံ လောကံ၊ ဧဝံ ပေစ္စ န သောစတိ။
ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရမေသိနော။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ သ ဝေ ပေစ္စ န သောစတိ-ဟူ၍——

အို အာဠဝက ဘီလူး....ဤလောကဝယ် အရိယာအရှင် သခင်သူမြတ်တို့၏ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော တရားစကားကို ယုံကြည်ခြင်း သဒ္ဓါတရား လက်ရှိထား၍ရှင်း သဒ္ဓါတရားရှိပြီးလျှင် ဆည်းကပ်ခြင်း ဆည်းကပ်ပြီးလျှင် ရိုသေစွာ ကြားနာရခြင်းတည်းဟူသော သုဿူသ တရား လက်ရှိထား၍ရှင်း မမေ့မလျော့ မပေါ့ဆခြင်းတည်းဟူသော အပ္ပမာဒတရား လက်ရှိထား၍ရှင်း အကြောင်းအကျိုးကို ဆင်ခြင်တိုင်းထွာ နှိုင်းစာခြင်းတည်းဟူသော ဝိစက္ခဏာ တရား လက်ရှိထား၍ရှင်း ဤတရားလေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီလောကုတ္တရာ ပညာမျိုးကို ရရှိနိုင်ပေသည်။

အိုအာဠဝကဘီလူး.... သင့်တင့်လျောက်ပတ်သော အမှုကို ပြုလုပ်ခြင်းတည်းဟူသော ပတိရူပကာရီဂုဏ်, စေတသိက လုံ့လဝီရိယနှင့် ပြည့်စုံခြင်းတည်းဟူသော ဓုရဝါဟီဂုဏ်, ကာယိကလုံ့လနှင့် ပြည့်စုံခြင်းတည်းဟူသော ဥဋ္ဌာနသမ္ပဒါဂုဏ်, ဤကျေးဇူးဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် လောကဝယ် စည်းစိမ်ဥစ္စာတို့ကို ရနိုင်ပေသည်။

ဝစီမဂ်လာ မှန်ကန်သော သစ္စာစကားဖြင့် ကျော်ကြားဘင်ရှားခြင်း ကောင်းသောသတင်း ကျော်ကြားခြင်းကို ရရှိနိုင်ပေသည်။

သူတဖက်သားတို့အား နည်းများမဆို ပေးကမ်းလှူဒါန်းခြင်းဖြင့် အဆွေခင်ပွန်းတို့ကို ပြည့်စုံစေနိုင်ပေသည်။

ဤဆိုအပ်ပြီးသော လုံ့လဝီရိယ ဤဆိုအပ်ပြီးသော သုဿူသအရှင်းခံသည့် တရားမျိုး ဤဆိုအပ်ပြီးသော အလှူဒါန ဤဆိုအပ်ပြီးသော ဝီရိယ တရားမျိုး ဤတရားလေးမျိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တမလွန်လောကဝယ် စိုးရိမ်ရခြင်း မရှိပေဟု သဗ္ဗညုမြတ်စွာဘုရားသည် လျောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် အာဠဝကဘီလူးကို အကြောင်းပြု၍ ဤအာဠဝကသုတ္တန် ဒေသနာတော်မြတ်ကို သောတာပတ္တိဖိုလ်သို့ အာဠဝကဘီလူး ရောက်သည်တိုင်အောင် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ပါ အရှင်ဘုရား။

အာဠဝကသုတ် ပြီး၏။
ယက္ခသံယုတ် ပြီးပြီ။

## သက္ကသံယုတ်
### ဝတပဒသုတ်

**ပုစ္ဆာ။** ။သက္ကသံယုတ္တေ ပန္နာဝုသော ဝတပဒသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထိတ္တံ ဘာသိတံ။

**ဝိဿဇ္ဇနာ။** ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ ဘိက္ခူ အာရဗ္ဘ "သက္ကဿ ဘိက္ခဝေ ဒေဝါနမိန္ဒဿ ပုဗ္ဗေ မနုဿဘူတဿ သတ္တ ဝတပဒါနိ သမတ္တာနိ သမာဒိန္နာနိ အဟေသုံ၊ ယေသံ သမာဒိန္နတ္တာ သက္ကော သက္ကတ္တံ အဇ္ဈဂါတိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။သက္ကသံယုတ်၌ သံဂါယနာတင်ထားသော ဝတပဒမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာတို့ဖြင့် ဟောကြားတော်မခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သက္ကဿ ဘိက္ခဝေ ဒေဝါနမိန္ဒဿ ပုဗ္ဗေ မနုဿဘူတဿ သတ္တ ဝတပဒါနိ သမတ္တာနိ သမာဒိန္နာနိ အဟေသုံ-အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....နတ်တို့ကို အစိုးရသော သိကြားမင်းအား ရှေးလူဖြစ်စဉ် အခါကာလဝယ် ခုနစ်ပါးသော ကျင့်ဝတ်တို့ကို ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်အပ်ကုန်၏၊ ထိုခုနစ်ပါးသော သိကြားဖြစ်ကြောင်း ကောင်းမြတ်သော အကျင့်ပဋိပတ်တို့ကို ဆောက်တည်ကျင့်ကြံခဲ့ခြင်း ဟူသော အကြောင်းကြောင့်ပင်လျှင် သိကြားမင်းသည် လူ့ပြည်မှ စုတေလတ်သည်ရှိသော် သိကြားအဖြစ်သို့ ကပ်ရောက်ရပေသည်။

ထိုခုနစ်ပါးသော သိကြားဖြစ်ကြောင်း ကောင်းမြတ်သော အကျင့်ပဋိပတ်တို့ ဟူသည်မှာ—

(၁) ယာဝဇီဝံ မာတာပေတ္တိဘရော အဿံ။ငါသည် အသက်ရှည်သမျှကာလပတ်လုံး မိခင်ဘခင် ကျေးဇူးရှင်တို့ကို သုတ်သင်ကျွေးမွေးပြုစုသော ပုဂ္ဂိုလ်သူမြတ်စင်စစ် ဖြစ်ပေအံ့ ဟူ၍ ဆောက်တည်ခြင်း တပါး။

(၂) ယာဝဇီဝံ ကုလေ ဇေဋ္ဌာပစာယီ အသံ။ အသက်ရှည်သမျှ ကာလ ပတ်လုံး မိမိဆွေမျိုးအဘွင်းဝယ် အသက်သိက္ခာအားဖြင့် ကြီးမြတ်သော ပုဂ္ဂိုလ်ဘို့ကို ရိုသေကျိုးနွံအံ့ ဟူ၍ ဆောက်တည်ခြင်းတပါး။

(၃) ယာဝဇီဝံ သဏှဝါစော အသံ။ ငါသည် အသက်ရှည်သမျှ ကာလ ပတ်လုံး နူးညံ့ပြေပြစ် လူတဖက်သားတို့ ချစ်ဖွယ်ကောင်းလောက်သော သုဘာသိတ ဝါစာ စကားကိုသာ ပြောအံ့ ဟူ၍ ဆောက်တည်ခြင်းတပါး။

(၄) ယာဝဇီဝံ အပိသုဏဝါစော အသံ။ ငါသည် အသက်ထက်ဆုံး အသက်နှင့်ပြည့်စုံသမျှ ကာလပတ်လုံး ကုန်းချောစကား မပြောကြားအံ့ ဟူ၍ ဆောက်တည်ခြင်းတပါး။

(၅) ယာဝဇီဝံ ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသေယျံ၊ မုတ္တစာဂေါ ပယတပါဏီ ဝေါဿဂ္ဂရတော ယာစယောဂေါ ဒါနသံဝိဘာဂ-ရတော။ ငါသည် အသက်နှင့် ပြည့်စုံသမျှ ကာလပတ်လုံး လွတ်လွတ်စွန့်ကြဲ လေ့ရှိသောသူ အခါခပ်သိမ်း လှူဘွယ်ဝတ္ထုတို့ကို ပေးလှူရန် ဆေးကြောအပ် ပြီးသောလက်ရှိသောပုဂ္ဂိုလ် ပေးကမ်း စွန့်ကြဲ လှူဒါန်းခြင်း၌ အမြဲတစေ မွေ့လျော်သောပုဂ္ဂိုလ် သူတပါးတို့တောင်းရမ်းခြင်းငှါ ထိုက်တန်သောပုဂ္ဂိုလ် ပေးကမ်းခြင်း ဝေခြမ်းခြင်း၌ အမြဲမွေ့လျော်သော ပုဂ္ဂိုလ်ဖြစ်၍ ကင်းသော မစ္ဆေရရှိသောစိတ်ဖြင့် အမြဲတစေ အိမ်ရာတည်ထောင် လူ့ဘောင်ကို စိုးအုပ်၍ နေပေအံ့ ဟူ၍ စိတ်ကို ဆောက်တည်ခြင်းတပါး။

(၆) ယာဝဇီဝံ သစ္စဝါစော အသံ။ ငါသည် အသက်ထက်ဆုံး အသက်ကိုသော်လည်း စွန့်အံ့၊ မမှန်သော စကားကို ငါကားမပြောကြားအံ့၊ မှန်ကန်သော ဝစီမင်္ဂလာ သစ္စာစကားကို သာလျှင် ပြောကြားအံ့ဟူ၍ ဆောက်တည်ခြင်းတပါး၊ ဆောက်တည်သည့်အတိုင်း ကျင့်ကြံခြင်းလည်း တပါး။

(၇) ယာဝဇီဝံ အက္ကောဓနော အသံ "သစေပိ မေ ကောဓော ဥပ္ပဇ္ဇေယျ၊ ခိပ္ပမေဝ နံ ပဋိဝိနေယျ"န္တိ။ ငါသည် အသက်ထင်ရှား ရှိသမျှ ကာလပတ်လုံး သူတဖက်သားတို့အား အမျက်မထွက်သော စိတ်နှလုံးနှင့်

နေပေအံ့၊ အကယ်၍ အယောနိသော မနသိကာရ အရင်းခံရှိသဖြင့် အမျက်ထွက်စေကာမူ ထိုအမျက်ကို တခဏအတွင်းမှာပင် ပယ်ဖျောက်အံ့ ဟူ၍ ဆောက်တည်ခြင်း ဆောက်တည်သည့်အတိုင်း ကျင့်ကြံခြင်းတပါး။

သက္ကာသ ဘိက္ခဝေ ဒေဝါနမိန္ဒဿ ပုဗ္ဗေ မနုဿဘူတဿ ဣမာနိ သတ္တ ဝတပဒါနိ သမတ္တာနိ သမာဒိန္နာနိ အဟေသုံ။

ချစ်သား ရဟန်းတို့....ထိုနတ်တို့ကို အစိုးရသော သိကြားမင်းအား ရှေးလူဖြစ်စဉ် မာဃလုလင်ဘဝဝယ် ဤဆိုအပ်ပြီးသော သိကြားဖြစ်ကြောင်း ခုနစ်ပါးသော အကျင့်ပဋိပတ်ကောင်းတို့ကို ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ဆောက်တည်ကျင့်ကြံခဲ့ခြင်း ဟူသော အကြောင်းကြောင့် လူ့ပြည်မှ စုတိပြတ်ကြွေ သေလွန်သောကာလ၌ သိကြားအဖြစ်သို့ ကပ်ရောက်ပေသည်ဟု ဤဆိုအပ်ပြီးသော သိကြားဖြစ်ကြောင်း ကောင်းမြတ်သော အကျင့်ပဋိပတ် ခုနစ်ရပ်တို့ကို ဉာဏ်ပညာထက်သော ပုဂ္ဂိုလ်တို့ အကျဉ်းချုပ် မှတ်လွယ် ဆောင်လွယ်စိမ့်သောငှါ—

မာတာပေတ္တိဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ။
သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။
မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု "သပ္ပုရိသော" ဣတိ။

ဟူ၍ သဗ္ဗညုမြတ်စွာဘုရားသည် များစွာသော ဓမ္မပ္ပဋိဂ္ဂါဟက ရဟန်းတို့ကို အကြောင်းပြု၍ သိကြားဖြစ်ကြောင်း အကျင့်ခုနစ်ရပ်တို့ကို ဖော်ပြရာဖြစ်သော ဤဝတပဒသုတ္တန် ဒေသနာတော်မြတ်ကို ပညတ်ထင်ရှား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဝတပဒသုတ် ပြီး၏

---

## ဒလိဒ္ဒသုတ်

ပုစ္ဆာ။ ။ဒလိဒ္ဒသုတ္တံ ပန ာဝုသော ကတ္ထ ကံ အာရဗ္ဘ ကထေသိ ဘာသိတံ။
ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ဘူတပုဗ္ဗံ ဘိက္ခဝေ အညတရော ပုရိသော ဣမသ္မိံယေဝ ရာဇဂဟေ

မနုဿဒလိဒ္ဒေါ အဟောသိ မနုဿကပဏော မနုဿ-ဝရာကော၊ သော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ သဒ္ဓံ သမာဒိယိ၊ သီလံ,သုတံ,စာဂံ,ပညံ သမာဒိယီ"တိ ဝေမာဒိနာ ဘဒန္တ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုသဂ္ဂသံယုတ်၌ သံဂါယနာတင်ထားသော ဒလိဒ္ဒသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ တည်းဟူသော တရားငါးပါးတို့ကို ဖြည့်ကျင့်စေတော်မူလိုသဖြင့် ဤဒလိဒ္ဒသုတ္တန်ဒေသနာတော်မြတ်ကို ပညတ် ဟောကြားတော်မူအပ်ခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ များစွာသော ရဟန်းတို့ကို ဘူတပုဗ္ဗံ ဘိက္ခဝေ အညတရော ပုရိသော ဣမသ္မိံယေဝ ရာဇဂဟေ မနုဿ-ဒလိဒ္ဒေါ အဟောသိ မနုဿကပဏော မနုဿဝရာကော-အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....မဝေးလှသေးသော ငါဘုရား၏ လက်ထက်၌ ရှေး ခေတ်ဝယ် ဖြစ်ခဲ့ဘူးသော အကြောင်းထူးတရပ်မှာ ဤရာဇဂြိုဟ်ပြည်အရပ်၌ ပင်လျှင် သုပ္ပဗုဒ္ဓ အမည်ရှိသော လူဆင်းရဲတယောက် အထီးကျန်သော လူ တယောက် အနာရောဂါကြီး နှိပ်စက်သဖြင့် ကိုးကွယ်ရာမဲ့သော လူတယောက် ရှိခဲ့သည်။

ချစ်သား ရဟန်းတို့....အခါတပါးဝယ် ငါဘုရားအမှူးရှိသော ရဟန်း သံဃာတော်အပေါင်းကို ရာဇဂြိုဟ်ပြည်သူပြည်သားတို့သည် ဆွမ်းပြုစုကြပါ သည်၊ ကြီးစွာသော မဏ္ဍပ်ကန္နားထိုး၍ ဆွမ်းပြုစုကြပါသည်။

ထိုအခါ သုပ္ပဗုဒ္ဓ နူနာသည်သည် မဏ္ဍပ်၏ အနီးအပါးဝယ် လာရောက်၍ နေပေသည်၊ ရာဇဂြိုဟ်ပြည်သူပြည်သား အလှူ့တကာ များစွာတို့သည်

ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းပြုစုလုပ်ကျွေးပြီးသကာလ သုပ္ပဗုဒ္ဓ အမည်ရသော နူနာသည်အားလည်း ဆွမ်းကြွင်း ဆွမ်းကျန်ကို ပေးကမ်းလိုက်ကြသည်။

ထိုအခါ သုပ္ပဗုဒ္ဓ နူနာသည်သည် ထိုမွန်မြတ်သော ဆွမ်းခဲဘွယ်ကို စားရသဖြင့် တည်ကြည်ချမ်းမြသော စိတ်နှလုံးရှိခဲ့ပေသည်၊ ထိုအခါ ငါဘုရားသည်လည်း ထိုဆွမ်းဒါယကာ ဒါယိကာမတို့အား ဆွမ်းအနုမောဒနာတရားကို ဟောကြားလျက်ရှိပေသည်။

သုပ္ပဗုဒ္ဓ နူနာသည်သည် ငါဘုရား ဟောကြားအပ်သော ဆွမ်းအနုမောဒနာတရားကို ရိုသေစွာ ကြားနာ၍ သဒ္ဓါ သီလ သုတ စာဂ ပညာ တည်းဟူသော တရားငါးပါးတို့ကို ပြည့်စုံစေခဲ့ပါသည်၊ ထိုဆွမ်းအနုမောဒနာ တရားကို ပရိသတ် အစွန်အဖျားမှ ကြားနာရသဖြင့် ထိုသုပ္ပဗုဒ္ဓ နူနာသည်သည် ထိုခဏမှာပင် သောတာပန် ဖြစ်ခဲ့လေသည်။

ထိုသုပ္ပဗုဒ္ဓ နူနာသည်သည် ထိုမဏ္ဍပ်အရပ်မှ ဖဲခဲ့၍ မိမိနေရာအရပ်သို့ သွားစဉ်ပင် လမ်းခရီးအကြားဝယ် မျက်စိလယ်သော နွားမသည် ဝှေ့ခဲ့သဖြင့် စုတိပြတ်ကျွေ သေလွန်ပြီးလျှင် မြေအိုးကိုခွဲ၍ ရွှေအိုးကို ရသောသူပမာ တာဝတိံသာ နတ်ဘုံ့ရွာ၌ တပါးသော နတ်တို့ထက် အဆင်းဂုဏ်အားဖြင့်၎င်း အခြံအရံ အကျော်အစော ဂုဏ်အားဖြင့်၎င်း လွန်ကဲမြင့်မြတ်သော နတ်သားတယောက် သွား၍ ဖြစ်ပါသည်။

ထိုအခါ များစွာသော တာဝတိံသာနတ်တို့သည် ကဲ့ရဲ့ရှုတ်ချ စကားပြောကြားကုန်သည်မှာ—

"အို အချင်းတို့....အံ့ဘွယ်ရှိပါပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပါပေစွ၊ ဤနတ်သားသည် လူ့ပြည်လောကဝယ် လူချင်းမတူ သူချင်းမမျှသည့် သုပ္ပဗုဒ္ဓ နူနာသည် ပုဂ္ဂိုလ်တယောက် ဖြစ်ပါလျက် ယခုအခါ တာဝတိံသာ နတ်ပြည်သို့ ရောက်၍ တပါးသော နတ်တို့ကို အဆင်းဂုဏ်အားဖြင့်၎င်း အကျော်အစော အခြံအရံ ဂုဏ်အားဖြင့်၎င်း လွန်ကဲ တင့်တယ်၍ နေသည် ဟု ကဲ့ရဲ့ရှုတ်ချစကား ပြောကြားကြပါသည်။

ထိုအခါ သိကြားမင်းက ထိုတာဝတိံသာ နတ်တို့အား—

"အမောင်တို့....ဤနတ်သားကို မထိမဲ့မြင် ကဲ့ရဲ့ရှုတ်ချမှု မပြုကြပါလင့်၊ ဤနတ်သားသည် ရှေးလူဖြစ်စဉ်ကာလဝယ် မြတ်စွာဘုရား ဟောကြားအပ်သော ဓမ္မဝိနယဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော သာသနာတော်အတွင်းဝယ် သဒ္ဓါ,သီလ,သုတ,စာဂ, ပညာ တည်းဟူသော တရားငါးပါးတို့ကို ပွါးများကြိုးကုတ် အားထုတ်ခဲ့ပါသည်၊ သောတာပန်စင်စစ် ဖြစ်ခဲ့ပါသည်။

ထို သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ တည်းဟူသော တရားငါးပါးကို ပွါးများကြိုးကုတ် အားထုတ် ဆောက်တည်ခဲ့ခြင်းဟူသော အကြောင်းကြောင့် စုတေပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ဤတာဝတိံသာ နတ်ပြည်၌ တပါးသော နတ်တို့ကို အဆင်းဂုဏ်အားဖြင့်ရှင်း အခြံအရံ အကျော်အစောဂုဏ်အားဖြင့်ရှင်း လွန်ကဲတင့်တယ်သော နတ်သားတဦးဟူ၍ ထင်ရှားဖြစ်ခဲ့ပါပေသည် ဟူ၍ မိန့်ဆိုပြီးလျှင် ထိုနတ်တို့အား အကျဉ်းချုပ်အားဖြင့် မှတ်သားစေရန် အလို့ငှါ—

ယဿ သဒ္ဓါ တထာဂတေ၊ အစလာ သုပ္ပတိဋ္ဌိတာ။
သီလဉ္စ ယဿ ကလျာဏံ၊ အရိယကန္တံ ပသံသိတံ။

အစရှိသော သုံးဂါထာတို့ဖြင့် နတ်တို့ကို အစိုးရသော သိကြားမင်းသည် နတ်ပရိသတ်အလည်ဝယ် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတည်းဟူသော တရားငါးပါး၏ ကျေးဇူးများပုံကို ဟောကြားခဲ့ပေသည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ များစွာသော ရဟန်းတော်အပေါင်းတို့အား ဤ သဒ္ဓါ, သီလ,သုတ, စာဂ, ပညာ တည်းဟူသော တရားငါးပါး၏ ကျေးဇူးဥပကာရများပုံကို ထင်စွာဖော်ပြသည့် ဒလိဒ္ဒသုတ္တန် အမည်ရသော ဤ ဒေသနာတော်မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒလိဒ္ဒသုတ် ပြီး၏

---

## ယဇမာနသုတ်

ပုစ္ဆာ။ ။ယဇမာနသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိဿဇ္ဇေနှာ။ ။ရာဇဂဟေ ဘန္တေ သက္ကံ ဒေဝါနမိန္ဒံ အာရဗ္ဘ ဘာသိတံ။

သက္ကော ဘန္တေ ဒေဝါနမိန္ဒော ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ—

"ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ။
ကရောတံ သြုပဓိကံ ပုညံ၊ ကတ္ထ ဒိန္နံ မဟပ္ဖလ"န္တိ။

တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

"စတ္တာရော စ ပဋိပန္နာ၊ စတ္တာရောစ ဖလေ ဌိတာ။
ဧသ သံဃော ဥဇုဘူတော၊ ပညာသီလသမာဟိတော။
ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ။
ကရောတံ သြုပဓိကံ ပုညံ၊ သံဃေ ဒိန္နံ မဟပ္ဖလံ"န္တိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ယဇမာန မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ်ကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်အရပ်ဝယ် နတ်ဘို့ကို အစိုးရသော သိကြားမင်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ယံ၌ သီတင်းသုံးနေတော်မူသောအခါ အင်္ဂ မဂဓ နှစ်တိုင်း၌ ရှိကြသော များစွာသော လူအပေါင်းတို့သည် ပုဏ္ဏားဘို့၏ ဟောကြားချက်ကို ယုံကြည်သဖြင့် မြင့်မားလှစွာသော ထင်းပုံကို ပုံပြီးလျှင် ဆိဦးထောပတ်ဘို့ကို စုဆောင်း၍ ဗြဟ္မာအားပူဇော်သော အနေဖြင့် မီးပူဇော်လျက်ရှိကြပါသည်။

ထိုအခါ သိကြားမင်းသည် ထိုလူတို့ပြုသော အခြင်းအရာကိုမြင်၍ "ဤလူအပေါင်းတို့သည် ကား ငါတို့၏ မျက်မှောက်မှာပင်လျှင် ဗြဟ္မာကို ပူဇော်အံ့ဟု ကြံစည်၍ မိမိတို့ ဆိဦး ထောပတ်တို့ကို မီးဖြင့် တိုက်၍ နေကြပါပေကုန်သည်၊ ငါ၏မျက်မှောက်ဝယ် ဤသူတို့ အကျိုးမဲ့သို့ မရောက်စကောင်း" ဟု ကြံစည်၍ မိမိကိုယ်ဘိုင်ပင် ဗြဟ္မာယောင် ဖန်ဆင်း၍ လဟိမာန်ကို ခွဲ၍

ထွက်သည့်ပမာ ကောင်းကင်မှ လာရောက်ပြီးလျှင် ထိုသူတို့ ဟုန်းပူဇော်သော မီးပုံအထက် ကောင်းကင်၌ ရပ်ဘည်ပြီးလျှင် အို လူအပေါင်းတို့....ဤ ယခု ပူဇော်ခြင်းသည်ကား မည်သူ့အား ပူဇော်ပါသနည်း ဟု မေးမြန်းသော အခါ ပြဟ္မာမင်းအား ပူဇော်ပါကြောင်း ပြန်ပြောင်း ပြောဆိုကြသည်တွင် သိကြားမင်းသည်——

အို အမောင်တို့....သမ္မာသမ္ဗုဒ္ဓဘုရား ထင်ရှားရှိပါလျက် အဘယ့်ကြောင့် ငါကဲ့သို့သောပြဟ္မာအား ပူဇော်ရပါသနည်း၊ လာကြကုန်၊ ယခုပင်လျှင် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားထံမှောက် သွားရောက်၍ ပူဇော်ကြကုန်အံ့ဟူ၍ ပြောဆိုပြီးလျှင် ထိုအင်္ဂတိုင်း မဂဓတိုင်း နှစ်တိုင်းမှ များစွာ စည်းဝေးရောက်လာကြသော လူအပေါင်း ခြံရံလျက် မြတ်စွာဘုရား သီတင်းသုံးရာဂိဇ္ဈကုဋ်တောင်ယံသို့ သွားရောက်ပြီးလျှင်——

ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ၊
ကရောတံ ဩပဓိတံ ပုညံ၊ ကတ္ထ ဒိန္နံ မဟပ္ဖလံ-ဟု——

ဘုန်းတော်ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရား.... ကောင်းမှုကုသိုလ်ကို အလိုရှိသဖြင့် ပူဇော်ကြသော သတ္တဝါတို့အား ဥပဓိအကျိုးကို ဖြစ်စေတတ်သော ကောင်းမှုကုသိုလ်ကို ပြုလုပ်ကြသော သတ္တဝါတို့အား အဘယ်မည်သော အလှူခံ ပုဂ္ဂိုလ်၌ လှူဒါန်းရသော အလှူဒါနသည် အထူးသဖြင့် ချီးမွမ်းအပ် မြတ်သော အကျိုးရှိပါသနည်း ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်——

စတ္တာရော စ ပဋိပန္နာ၊ စတ္တာရော စ ဖလေ ဌိတာ။
ဧသ သံဃော ဥဇုဘူတော၊ ပညာသီလသမာဟိတော။
ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ။
ကရောတံ ဩပဓိကံ ပုညံ၊ သံဃေ ဒိန္နံ မဟပ္ဖလံ-ဟု——

နတ်တို့ကို အစိုးရသော သိကြားမင်း....သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်သို့ ရောက်ဘို့ရန် ရဘို့ရန် ကျင့်ကြံကြိုးကုတ်ပွါးများအားထုတ်ဆဲ ဖြစ်ကြသော မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက် မင်္ဂကို လွန်

မြောက်၍ ဖိုလ်သို့ရောက်ပြီးဖြစ်သော ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက် ဤ ရှစ်ယောက်သော အရိယာသခင် သူတော်စင်တို့သည် ဖြောင့်မတ်၍ ပြည့်စုံသော သီလ သမာဓိ ပညာဂုဏ်နှင့် ပြည့်စုံတော် မူကြပါပေကုန်၏။

နတ်တို့ကို အစိုးရသော သိကြားမင်း....ကောင်းမှု ကုသိုလ်ကို အလို ရှိသဖြင့် ပူဇော်ကြကုန်သော ခန္ဓာငါးပါး၏ ပြည့်စုံခြင်း အာရုံငါးပါး ကာမ တရားတို့၏ ပြည့်စုံခြင်းတည်းဟူသော ဥပဓိ အကျိုးကို ဖြစ်စေတတ်သည့် ကောင်းမှုကုသိုလ်ကိုပြုလုပ်ကြသော ထိုထို သတ္တဝါတို့၏ အလှူ ဒါနသည် ဆိုအပ်ပြီးသော အရိယာသံဃာမြတ်၌ လှူဒါန်းအပ်သည် ရှိသော် လွန်စွာ ချီးမွမ်းအပ် မြတ်သော အကျိုးရှိလှပါပေသည် ဟူ၍ သဗ္ဗညုမြတ်စွာဘုရား သည် လျှောက်ဆိုအပ်ပြီးသော သိကြာမင်း တောင်းပန်လျှောက်ထားခြင်း ဟူသော အဋ္ဌုပ္ပတ္တိကြောင့် ဤယဇမာနသုတ္တန်ဒေသနာတော်မြတ်ကို ပညတ် ခဲ့ထား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ယဇမာနသုတ် ပြီး၏

---

## ဂဟဋ္ဌဝန္ဒနာသုတ်

ပုစ္ဆာ။ ။ဂဟဋ္ဌဝန္ဒနာသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထေတ္ထ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ “ဘူတပုဗ္ဗံ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော မာတလိံ သင်္ဂါဟကံ အာမန္တေသီ”တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ဂဟဋ္ဌဝန္ဒနာ မည်သော သုတ္တန်တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင် သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့ သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော မေ့ပဋ္ဌိဂ္ဂါဟက ရဟန်းတို့ကို အကြောင်းပြု၍ ဘူတပုဗ္ဗံ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော မာတလိံ သင်္ဂါဟကံ အာမန္တေသိ-အစရှိသည်ဖြင့်——

ချစ်သားရဟန်းတို့....ရှေး၌ ဖြစ်ဘူး အကြောင်းထူးသည်ကား နတ်တို့ကို အစိုးရသော သိကြားမင်းသည် ရထားမှူးဖြစ်သော မာတလိ နတ်သားကို ခေါ်၍ ယောဇေဟိ သဟဿ မာတလိ သဟဿယုတ္တံ အာဇညရထံ ဥယျာနဘူမိံ ဂစ္ဆာမ သုဘူမိံ ဒဿနာယ ဟူ၍—

"အချင်း မာတလိ....အာဇာနည်မြင်းတထောင်ကသော ရထားကို ယှဉ်ပါလော့၊ ကပါလော့၊ ကောင်းမြတ်သန့်စင် မြေအပြင်ကို ကြည့်အံ့သော ငါ့ ဥယျာဉ်သို့ သွားပါကုန်အံ့" ဟု ပြောဆိုခဲ့ပါသည်။

ထိုအခါ မာတလိ ရထာသိန်းသည် ဧဝံ ဘဒ္ဒန္တဝါ-ကောင်းပါပြီ အရှင်ဟူ၍ သိကြားမင်းအား ဝန်ခံပြီးလျှင် နတ်မြင်းတထောင်ကသော ဝေဇယန္တာရထားကို ပြင်ဆင်ပြီးလျှင် ယုတ္တော ခေါ တေ မာရိသ သဟဿယုတ္တော အာဇညရထော၊ ယဿ ဒါနိ ကာလံ မညသိ-ဟူ၍ "ဒုက္ခခပ်သိမ်း ငြိမ်းပါသော အရှင်သိကြားမင်း.... အရှင်သိကြားမင်းအတွက် အာဇာနည်မြင်းတထောင်ကသော နတ်ရထားကို ကပြီး ပြင်ပြီး ဆင်ပြီးဖြစ်ပါတော့သည်၊ သွားဘို့ရန် အချိန်ကို အရှင်သိကြားမင်းပင် သိပါလော့" ဟူ၍ ပြောဆိုသောအခါ—

သိကြားမင်းသည် ဝေဇယန္တာပြာသာဒ်မှဆင်းခဲ့၍ မြေပြင်သို့ ရောက်လတ်သောအခါ အရှေ့, အနောက်, တောင်, မြောက်, အထောင့်မျက်နှာတည်းဟူသော အရပ်ဆယ်မျက်နှာတို့သို့ လှည့်ကာလှည့်ကာဖြင့် လက်အုပ်ချီမိုး ရှိခိုးခဲ့ပါသည်။

ထိုအခါ မာတလိ ရထားထိန်းက—

တံ နမဿန္တိ တေဝိဇ္ဇာ၊ သဗ္ဗေ ဘုမ္မာစ ခတ္တိယာ။
စတ္တာရော စ မဟာရာဇာ၊ တိဒသာစ ယသဿိနော။
အထကော နာမ သော ယက္ခော၊ ယံ တွံ သက္က နမဿသိ
ဟူ၍—

နတ်တို့ကိုအစိုးရသော သိကြားမင်း.... အောက်လူ့ပြည်လောကဝယ် ထင်ရှားရှိကြသည့် တေဝိဇ္ဇာဂိုဏ်းဝင် ပုဏ္ဏားဘို့သည်၎င်း လူ့ပြည်လောက မြေအပြင်၌မှီတွယ်၍ နေကြသော သမ္မုတိနတ်ခေါ် ပညာဘ်သည့် အလုံးစုံသော မင်းအပေါင်းတို့သည်၎င်း စတုမဟာရာဇ် နတ်အပေါင်းတို့သည်၎င်း တာဝတိံသာ နတ်အပေါင်းဘို့သည်၎င်း အရှင်သိကြားမင်းကို ဝိုင်းဝန်း၍ ဦးညွှတ် ရှိခိုး

ကြရပါကုန်သည်၊ သို့ပင်တစေဖြစ်ပါလျက်လည်း အမှတ်မထင် အကြင်နတ်တို့ကို ရှိခိုးခဲ့ပါ၏၊ ထိုအရှင်သိကြားမင်း ရှိခိုးသောနတ်သည်ကား အဘယ်နတ်ဖြစ်ပါသနည်း ဟု မေးမြန်းလျှောက်ထားထားခဲ့ပါသည်။

ထိုအခါ သိကြားမင်းသည် မံ နမဿန္တိ တေဝိဇ္ဇာ၊ သဗ္ဗေ ဘုမ္မာစ ခတ္တိယာ အစရှိသည်ဖြင့်——

အချင်းမာတလိ....ငါ့ကို လူ့ပြည်လောကဝယ် တေဝိဇ္ဇပုဏ္ဏား, သမုတိနတ် ခေါ်ပညတ်သည့် မင်းအပေါင်းတို့နှင့် တကွ စတုမဟာရာဇ်နတ်, တာဝတိံသာနတ်တို့ ဦးညွတ်ရိုကျိုး ရှိခိုးကြသည်ကား မှန်ပါပေ၏။

အဟဉ္စ သီလသမ္ပန္နေ၊ စိရရတ္တသမာဟိတေ။
သမ္မာပဗ္ဗဇိတေ ဝန္ဒေ၊ ဗြဟ္မစရိယပရာယနေ။

အချင်းမာတလိ.... ငါတပ္ပကား ကြာမြင့်စွာသော နေ့ညဉ့်ပတ်လုံး ဥပစာရသမာဓိ အပ္ပနာသမာဓိ နှစ်ပါးတို့ဖြင့် တည်ကြည်တော်မူကြပါပေကုန်သော အနှစ်နှစ်ဆယ် သုံးဆယ် လေးဆယ် ငါးဆယ်အစရှိသည်ဖြင့် မြတ်သောအကျင့်ကို မကျိုးမပေါက် မပြောက်မကျားရအောင် ထိန်းသိမ်း စောင့်ရှောက်ကြိုးကုတ် အားထုတ်တော်မူကြပါပေကုန်သော လူ့ပြည်လောကဝယ် ရဟန်းတော်အရှင်သခင်သူမြတ်တို့ကို ငါသည် ဦးညွတ်ရိုကျိုးရှိခိုးပါပေသည်။

ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။

မာတလိရထားထိန်း.... လူ့ပြည်လောကဝယ် အမှတ်မထင် အကြင်သူတို့သည် ဆွမ်း၊ သင်္ကန်း ကျောင်း ဆေးကည်းဟူသော ပစ္စည်းလေးပါးတို့ကို လှူဒါန်းခြင်း ဝတ်ပန်း မြတ်လေးပန်း လှူဒါန်းပူဇော်ခြင်း ဆီမီးတန်ဆောင် ပူဇော်ခြင်း အစရှိသော ကောင်းမှုကုသိုလ်ကို ပြုလုပ်ကြပါပေကုန်၏၊ ငါးပါး ရှစ်ပါး ဆယ်ပါး တည်းဟူသော သီလတို့ကိုလည်း နေ့အလျောက်အခါအလျောက် စောင့်ရှောက် ထိန်းသိမ်းပြည့်စုံစေကြပါပေကုန်၏၊ ရတနာသုံးပါးကို မပြတ်စေား ဆည်းကပ်ကြပါပေကုန်၏၊ အကြင်ပုဂ္ဂိုလ်တို့သည် တရားသဖြင့် ရှာမှီးပြီးလျှင် တရားနည်းလမ်းကို မလွန်မူ၍ သားမယားတို့ကို ကျွေးမွေးသုတ်သင် စောင့်ရှောက်ကြပါကုန်၏၊

ထိုသို့ သဘောရှိသော လူ့ပြည်လောကဝယ် သီလသီတင်းကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံ၍ ဥပါသကာစင်စစ်ဖြစ်ကြသော တရားသဖြင့် မိမိတို့၏သား မယားကို စောင့်ထိန်းပြုစု လုပ်ကျွေးကြသည့် လူသူတော်ကောင်းတို့ကိုလည်း နတ်တို့၏အရှင်ဖြစ်သော ငါသိကြားသည် ရှိခိုးပါပေ၏ ဟူ၍ သိကြားမင်း သည် မာတလိရထားထိန်းအား ပြန်ကြားပြောဆိုခဲ့ဘူးကြောင်း-သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် သာဝတ္ထိပြည်အရပ်ဝယ် ဤလူ့ပြည်လောကမှ ရဟန်း တော်အရှင်သူမြတ်တို့ ဤလူ့ပြည်လောကမှ လူသူတော်စင် ပုဂ္ဂိုလ်မွန်တို့အား နတ်ပြည်လောကမှ သိကြားမင်းကပင်သော်လည်း ရိုသေဦးညွှတ် ရှိခိုးရ ကြောင်း ကောင်းစွာထင်ရှားစိမ့်သောငှါ ဂဟဋ္ဌဝန္ဒနာ အမည်ရသော ဤ သုတ္တန်ဒေသနာတော်မြတ်ကို ပညတ်ခဲ့ခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဂဟဋ္ဌဝန္ဒနာသုတ် ပြီး၏

**သဂါထာဝဂ္ဂသံယုတ် ပါဠိတော် အမေးအဖြေ ပြီးပြီ**

# နိဒါနဝဂ္ဂပါဠိတော် အမေးအဖြေ

## နိဒါနသံယုတ်

### ပဋိစ္စသမုပ္ပါဒသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန နိဒါနဝဂ္ဂသံယုတ္တေ ပဌမံ သံဂီတံ ပဋိစ္စသမုပ္ပါဒသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပဉ္စသတေ ဇနပဒဝါသိနော ဘိက္ခူ အာရဗ္ဘ ဘာသိတံ။ ပဉ္စသတာ ဘန္တေ ဇနပဒဝါသိနော ဘိက္ခူ သဗ္ဗေ ဥဂ္ဃဋိတညုနော ဓုတင်္ဂဓရာ အာရဒ္ဓဝီရိယာ ယုတ္တယောဂါ ဝိပဿကာ သဏှံ သုခုမံ သုညတံ ပစ္စယာကာရဓမ္မဒေသနံ ပတ္ထယမာနာ ဘဂဝန္တံ အဘိဝါဒေတွာ ဘဂဝန္တံ ပရိဝါရေတွာ နိသီဒိံသု။ တသ္မိံ ဝတ္ထုသ္မိံ “ပဋိစ္စသမုပ္ပါဒံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထ၊ ဘာသိဿာမီ”တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် နိဒါနဝဂ္ဂသံယုတ်၌ ရှေးဦးစွာ သံဂါယနာ တင်၍ ထားသော ပဋိစ္စသမုပ္ပါဒသုတ် မည်သော သုတ္တန်တရား ဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ဇနပုဒ်၌ နေကုန်သော အာရဒ္ဓဝိပဿက——အားထုတ်အပ်သော ဝိပဿနာဓုရ ရှိတော်မူကြကုန်သော ဥဂ္ဃါဋိတညူ အမည်ရသော အကျဉ်းဟောအပ်ကာမျှဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ပေါက်ရောက်တော်မူနိုင်ကြသည့် ငါးရာအတိုင်းအရှည်ရှိသော ရဟန်းတော်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူလတ်သောအခါ ဇနပုဒ်အရပ်၌ နေတော်မူကြသော ဓုတင်တေရသကို ဆောင်တော်မူကြသော အားထုတ်အပ်သော သမ္မပ္ပဓာန်

လှုံ့လ ဝီရိယနှင့် ပြည့်စုံတော်မူကြကုန်သော အမြဲတစေ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ခြင်းနှင့် ယှဉ်တော်မူကြပါပေကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု ဝိပဿနာဉာဏ်တင်၍ ရှုတော်မူလေ့ရှိတော်မူကြကုန်သော ငါးရာအတိုင်းအရှည် ရှိသော အကျဉ်းအားဖြင့် ဟောကာမျှဖြင့် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူနိုင်လောက်သော ထက်သန်သော ဉာဏ်အမြင် ရှိတော်မူကြသည့် ရဟန်းတော်အရှင်သူမြတ်တို့သည် သိမ်မွေ့နူးညံ့လှစွာသော ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်သုဉ်းသည့် ပဋိစ္စသမုပ္ပါဒ်တရား ဒေသနာတော်ကို ကြားနာလိုကြကုန်သည်ဖြစ်၍ သဗ္ဗညုမြတ်စွာဘုရားကို ဝပ်တွားရိုကျိုး ရှိခိုးဦးညွတ်ကြပြီးလျှင် မြတ်စွာဘုရားကို ဝန်းကျင် ရှစ်မျက်နှာမှ ဝန်းရံ၍ ထိုင်နေဆဲ ရှိကြပါကုန်သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းတော်တို့၏ အလိုအဇ္ဈာသယကို အကြွင်းမရှိ သိမြင်တော်မူလတ်သည်ဖြစ်၍ ပဋိစ္စသမုပ္ပါဒံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထ၊ ဘာသိဿာမိ ဟူ၍—

ချစ်သား ရဟန်းတို့....သင်ချစ်သားတို့အား ပဋိစ္စသမုပ္ပါဒ် အမည်ရသော ဓမ္မဒေသနာကို အကျဉ်းအားဖြင့်ရင်း အကျယ်အားဖြင့်ရင်း ငါဘုရား ဟောကြားပေအံ့၊ ထိုပဋိစ္စသမုပ္ပါဒ် ဓမ္မဒေသနာကို ရိုသေစွာ နာယူကြကုန်လော့ မြဲမြံစွာ နှလုံးသွင်းကြကုန်လော့ဟူ၍ တိုက်တွန်း တော်မူပြီးလျှင်—

ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ။ အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ (ပေယျာလ) ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ။

အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော (ပေယျာလ) ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ ဟူ၍—

ချစ်သားရဟန်းတို့....ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်၍ နေပုံမှာ သစ္စာလေးရပ်တရားမြတ်ကို မသိခြင်းတည်းဟူသော အဝိဇ္ဇာကြောင့် ပုညာ

ဘိသင်္ခါရ,အပုညာဘိသင်္ခါရ,အာနေဉ္စာဘိသင်္ခါရတည်း ဟူသော ဘဝသုံးပါး ဝယ် လှည့်သွားစေတတ်သည့် အဘိသင်္ခါရ သုံးမျိုးဖြစ်သည်၊ သင်္ခါရ ကြောင့် ဝိညာဉ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်၊နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိ ကြောင့် ဇရာ မရဏ၊ ဇာတိကို အကြောင်းရင်းခံ၍ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တို့ဖြစ်ကြသည်၊ ဤဆိုအပ်ပြီးသောအတိုင်း သုခ မဖက် ဒုက္ခသက်သက်သာလျှင်ဖြစ်သော ပဋ္ဌိစ္စသမုပ္ပါဒ် စက်ရဟတ်သည် မပြတ်လည်၍ နေပေသည်၊ချစ်သားရဟန်းတို့....ဤဆိုအပ်ပြီးသည်ကား ပဋ္ဌိစ္စ သမုပ္ပါဒ် စက်ရဟတ်၏ မပြတ်ဖြစ်ပုံပါပေဘည်း။

ချစ်သားရဟန်းတို့....သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ မောဟ၏ အသေသဝိရာဂ အမည်ရသော မဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္စာဘိသင်္ခါရ တည်းဟူသော သင်္ခါရသုံးပါး ချုပ်သည်၊ သင်္ခါရသုံးပါး ချုပ်ခြင်းကြောင့် ပဋိသန္ဓေဝိညာဉ် ချုပ်သည်၊ ပဋိသန္ဓေဝိညာဉ် ချုပ်ခြင်းဟူသော အကြောင်း ကြောင့် နာမ်ရုပ် ချုပ်သည်၊ နာမ်ရုပ် ချုပ်ခြင်းဟူသောအကြောင်းကြောင့် အဇ္ဈတ္တိကာယတန ခြောက်ပါး ချုပ်သည်၊ အဇ္ဈတ္တိကာယတန ခြောက်ပါး ချုပ်ခြင်းဟူသော အကြောင်းကြောင့် ဖဿချုပ်သည်၊ ဖဿခြောက်ပါး ချုပ်ခြင်းဟူသော အကြောင်းကြောင့် ဝေဒနာခြောက်ပါးချုပ်သည်၊ ဝေဒနာ ခြောက်ပါး ချုပ်ခြင်းဟူသော အကြောင်းကြောင့် တဏှာခြောက်ပါးချုပ် သည်၊ တဏှာခြောက်ပါး ချုပ်ခြင်းဟူသော အကြောင်းကြောင့် ဥပါဒါန် လေးပါးချုပ်သည်၊ ဥပါဒါန်လေးပါး ချုပ်ခြင်းဟူသော အကြောင်းကြောင့် ကမ္မဘဝ ဥပပတ္တိဘဝ နှစ်ဆွေ့ နှစ်စား အပြားရှိသော ဘဝတရားချုပ်သည်၊ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်သည်၊ ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတရားတို့ ချုပ်သည်။

ချစ်သားတို့....ဤဆိုအပ်ပြီးသောအတိုင်း သုခနှင့် မဖက် သက်သက် ဒုက္ခအစုအဝေးမျှသာလျှင်ဖြစ်သော ပဋ္ဌိစ္စသမုပ္ပါဒ် ဂိုဏ်းဝင် အဝိဇ္ဇာ အစ ရှိသော တရားတို့၏ ချုပ်ငြိမ်းခြင်း ကင်းပြတ်ခြင်းသည်ဖြစ်ပေသည် ဟု သျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ဒေသနာတော်၏ အဆုံးဝယ်

ငါးရာသော အာရဒ္ဓဝိပဿက ရဟန်းတော်တို့ကို အရဟတ္တဖိုလ်ပေါက်ရောက်စေတော်မူလျက် ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပဋိစ္စသမုပ္ပါဒသုတ် ပြီး၏

---

## ဝိဘင်္ဂသုတ်

ပုစ္ဆာ။ ။တဿာဝုသော ဒုတိယံ သံဂီတံ ဝိဘင်္ဂသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပဉ္စသတေ ဇနပဒဝါသိနော ဝိပဉ္စိတညုနော ဘိက္ခူ အာရဗ္ဘ ဘာသိတံ။ ပဉ္စသတာ ဘန္တေ ဇနပဒဝါသိကာ ဘိက္ခူ ဝိပဉ္စိတညုနော ဓုတင်္ဂဓရာ အာရဒ္ဓဝီရိယာ ယုတ္တယောဂါ ဝိပဿကာ သဏှံ သုခုမံ သုညတပဋိသံယုတ္တံ ပစ္စယာကာရဓမ္မဒေသနံ ပတ္ထယမာနာ ဘဂဝန္တံ ပရိဝါရေတွာ နိသီဒိံသု။ တသ္မိံ ဝတ္ထုသ္မိံ "ပဋိစ္စ သမုပ္ပါဒံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ ဝိဘဇိဿာမိ၊ တံ သုဏာထ သာဓုကံ မနသိကရောထ၊ ဘာသိဿာမီ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထို နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌ ဒုတိယသုတ်အဖြစ်ဖြင့် သံဂါယနာတင်၍ ထားသော ပဋိစ္စသမုပ္ပါဒ်တရားတို့ကို အကျယ်ဝေဘန်ရာဖြစ်သောကြောင့် ဝိဘင်္ဂသုတ် ဟု ခေါ်ဆိုအပ်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် ဇေတဝန်ကျောင်း အရပ်ဝယ် ငါးရာအတိုင်း အရှည်ရှိသော ဇနပုဒ်၌ နေတော်မူကြသော အကျယ်အားဖြင့် ဟောကြားမှသာ အရဟတ္တဖိုလ်ပေါက် ရောက်တော်မူကြမည့် အာရဒ္ဓ ဝိပဿက ရဟန်းတော် သူမြတ်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ ဇနပုဒ် အရပ်၌ နေတော်မူကြသော ငါးရာမျှ အတိုင်းအရှည် ရှိကြကုန်သော အကျယ်ဝေဘန်ဟောကြားမှ အရဟတ္တဖိုလ်ပေါက် ရောက်တော်မူကြမည့် ဓုတင်တေရသဆောင် အာရဒ္ဓဝီရိယ အားထုတ်အပ်သော သမ္မပ္ပဓာန်လုံ့လ ဝီရိယနှင့် ပြည့်စုံတော်မူကြကုန်သော အားထုတ်အပ်သော ကမ္မဋ္ဌာန်းအမှု ရှိတော်မူကြကုန်သော ဝိပဿနာတာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်လေ့ရှိကြကုန်သော ရဟန်းတော်အရှင်သူမြတ်တို့သည် သိမ်မွေ့နူးညံ့လှစွာသော ပဋိစ္စသမုပ္ပါဒ် ဓမ္မဒေသနာတော်ကို အကျယ်အားဖြင့် ကြားနာလိုကြသဖြင့် သဗ္ဗညုမြတ်စွာဘုရားအား ဝပ်တွားရိုကျိုး ရှိခိုးပြီးလျှင် ထက်ဝန်းကျင်မှ ဝန်းရံ၍ ထိုင်နေတော်မူကြပါကုန်သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုငါးရာသော ရဟန်းတော်တို့၏ အလိုဆန္ဒ အဇ္ဈာသယတရားကို သိမြင်တော်မူသည်ဖြစ်၍ ပဋိစ္စသမုပ္ပါဒံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ ဝိဘဇိဿာမိ၊ တံ သုဏာထ သာဓုကံ မနသိကရောထ၊ ဘာသိဿာမိ အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ပဋိစ္စသမုပ္ပါဒ် တရားကို အကျဉ်းအားဖြင့်၎င်း အကျယ်ဝေဘန်၍၎င်း ငါဘုရား ဟောကြားပေအံ့၊ ထိုအကျဉ်းအကျယ်အားဖြင့် ဟောကြားအပ်သော ပဋိစ္စသမုပ္ပါဒ်တရားကို သင်ချစ်သားတို့သည် နာကြားကြကုန် မြဲမြံစွာ နှလုံးသွင်းကြကုန် ဟူ၍ တိုက်တွန်းတော်မူလတ်ပြီးလျှင်——

ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ၊ အဝိဇ္ဇာ ပစ္စယာ ဘိက္ခဝေ သင်္ခါရာ-အစရှိသည်ဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဉ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့်ဝေဒနာ၊ ဝေဒနာကြောင့်တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာမရဏ၊ ထိုဇာတိ၏ အကျိုးဆက် အနေဖြင့် သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ တရားတို့ ဖြစ်ကြသည်၊ ဤကား ပဋိစ္စသမုပ္ပါဒ် အကျဉ်းပင် ဖြစ်ပေသည်။

ပဋိစ္စသမုပ္ပါဒ် အကျယ်အားဖြင့်ကား ဇရာမရဏကို ပညတ် ပရမတ် အားဖြင့် နှစ်ပါးပင် စိတ်ဖြာ၍ ဟောကြားတော်မူခဲ့ပါသည်၊ ဘဝကို ကာမဘဝ, ရူပဘဝ, အရူပဘဝ သုံးပါးဝေဘန်၍၎င်း လေးပါးအပြားအားဖြင့်

ဥပါဒါန်ကိုရင်း ခြောက်ပါးအပြားအားဖြင့် တဏှာကိုရင်း ခြောက်ပါး အဘိုင်းအရှည်ရှိသော ဝေဒနာကိုရင်း ခြောက်ပါး အဘိုင်းအရှည်ရှိသော ဖဿကိုရင်း သဠာယတနကိုရင်း နာမ်ရုပ်ကိုရင်း ခြောက်ပါး ခြောက်ပါး အတိုင်းအရှည်ရှိသော ဝိညာဉ်ကိုရင်း ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရ အားဖြင့် သုံးထွေပြားသော သင်္ခါရကိုရင်း ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ တည်းဟူသော သစ္စာလေးပါး၌ ဖုံးအုပ်၍ ထားတတ်သည့် အဝိဇ္ဇာ လေးပါးကိုရင်း သဗ္ဗညုမြတ်စွာဘုရားသည် ဒေသနာတော် အဆုံးဝယ် ငါးရာသော ရဟန်းတော်အရှင်မြတ်တို့ကို အရဟတ္တဖိုလ်သို့ ရောက်စေတော်မူလျက် ဤဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် ဤဝိဘင်္ဂသုတ္တန် ဒေသနာတော်မြတ်ကို စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ဝိဘင်္ဂသုတ် ပြီး၏

---

## ပဉ္စဝေရဘယသုတ်

ပုစ္ဆာ။ ။ပဉ္စဝေရဘယသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထေဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အနာထပိဏ္ဍိကံ ဂဟပတိံ အာရဗ္ဘ "ယတော ခေါ ဂဟပတိ အရိယသာဝကဿ ပဉ္စ ဘယာနိ ဝေရာနိ ဝူပသန္တာနိ ဟောန္တိ၊ စတူဟိ စ သောတာပတ္တိယင်္ဂေဟိ သမန္နာဂတော ဟောတိ၊ အရိယော စဿ ဉာယော ပညာယ သုဒိဋ္ဌော ဟောတိ သုပ္ပဋိဝိဒ္ဓေါ၊ သော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ ခီဏနိရယောမှိ ခီဏတိရစ္ဆာနယောနိ ခီဏပေတ္တိဝိသယော ခီဏာပါယဒုဂ္ဂတိဝိနိပါတော၊ သောတာပန္နောဟမသ္မိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ပဉ္စဝေရဘယ မည်သော သုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်

သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် ဇေတဝန်ကျောင်း အရပ်ဝယ် အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသခင် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူလတ်သောအခါ အနာထပိဏ်သူဌေးသည် ဘုရားရှိရာသို့ ဆည်းကပ်၍ ရိုသေစွာ ဝပ်တွား ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

သို့ တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေသော အနာထပိဏ်သူဌေးကို သဗ္ဗညုမြတ်စွာဘုရားသည် ယတော ခေါ ဂဟပတိ အရိယသာဝကဿ ပဉ္စ ဘယာနိ ဝေရာနိ ဝူပသန္တာနိ ဟောန္တိ အစရှိသည်ဖြင့်——

အနာထပိဏ်ဒါယကာ....အကြင်အခါ၌ ငါဘုရား၏ တပည့်သားသာဝက ဖြစ်သော အရိယာသာဝက၏ သန္တာန်၌ ငါးပါး အပြားရှိသော ဘေးရန်တို့သည် အကြွင်းမဲ့ ငြိမ်းကုန်၏၊ လေးပါးသော သောတာပတ္တိ အင်္ဂါတို့နှင့် အရိယာသာဝကသည် ပြည့်စုံ၏၊ ဖြူစင်သော ပဋိစ္စသမုပ္ပါဒ်ကို သိမြင်သော မှန်ကန်သော နည်းလမ်းကို ဉာဏ်ပညာဖြင့် ကောင်းစွာသိအပ် ရောက်အပ် ရအပ်သည် ဖြစ်ပေ၏။

အနာထပိဏ်သူဌေး....ဤဆိုအပ်ပြီးသော အင်္ဂါနှင့် ပြည့်စုံသော ငါဘုရား၏ တပည့်သား သာဝကသည် မိမိကိုယ်တိုင်ပင်လျှင် ငါကား နိရယဂတိ ကုန်သူဖြစ်လေပြီ၊ ငါကားပေတဂတိ ကုန်သူဖြစ်လေပြီ၊ ငါကား တိရစ္ဆာနဂတိ ကုန်သူဖြစ်ခဲ့လေပြီ၊ ငါကား ဝိနိပါတဘေးတို့မှ ကင်းဝေးခဲ့လေပြီ၊ ငါတူကား သောတာပန်ဖြစ်လေပြီ၊ငါကား ဝိနိပါတဘေးသို့ ဘယ်တော့မှ မဆင်းနိုင်သော ပုဂ္ဂိုလ် အထက်မဂ်ဖိုလ်လျှင် လည်းလျောင်းရာရှိသော ပုဂ္ဂိုလ်ဟူ၍ မိမိကိုယ်ကို မိမိပင် ပြောကြားဖြေကြားလိုမူ ဖြေကြားနိုင်ခွင့် ရှိပေသည်ဟု အကျဉ်းချုပ်အားဖြင့် အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဤပဉ္စဝေရဘယသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားဘော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿဥ္စာဝုသောတတ္ထ ဘဂဝတာ အရိယသာဝကဿ ပဉ္စန္နံ ဘယာနံ ဝေရာနံ ဝူပသန္တတာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။"ကတမာနိ ပဉ္စ ဘယာနိ ဝေရာနိ ဝူပသန္တာနိ ဟောန္တိ။ ယံ ဂဟပတိ ပါဏာတိပါတီ ပါဏာတိပါတပစ္စယာ ဒိဋ္ဌဓမ္မိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ သမ္ပရာယိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ စေတသိကမ္ပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒယတိ။ ပါဏာတိပါတာ ပဋိဝိရတဿ ဧဝံ တံ ဘယံ ဝေရံ ဝူပသန္တံ ဟောတိ" တိ ဧဝမာဒိနာ ဘဂ္ဂေ တတ္ထ ဘဂဝတာ အရိယသာဝကဿ ပဉ္စန္နံ ဘယာနံ ဝေရာနံ ဝူပသန္တတာ ပကာသိတာ။

အမေး။ ။ထို ပဉ္စဝေရဘယသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညု မြတ်စွာဘုရားသခင်သည် မြတ်စွာဘုရား၏ တပည့်သာဝက အစစ်ဖြစ်သော အရိယာသာဝက ပုဂ္ဂိုလ်၏ သန္တာန်၌ ငါးပါးသော ဘေးရန်တို့၏ ကင်းငြိမ်း နေပုံကို အဘယ်သို့လျှင် ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကတမာနိ ပဉ္စ ဘယာနိ ဝေရာနိ ဝူပသန္တာနိ ဟောန္တိ အစ ရှိသည်ဖြင့် အနာထပိဏ်ဒါယကာ....အဘယ်သို့သဘော ရှိကုန်သော ငါးပါး သော ဘေးရန်တို့သည် ငါဘုရား၏တပည့်သားသာဝကဖြစ်သော အရိယာ သာဝက၏ သန္တာန်၌ ငြိမ်းကုန် ကင်းကုန်သနည်း ဟူမူကား၊ အနာထပိဏ် ဒါယကာ....ဤလောကဝယ် ပါဏာတိပါတ ဒုစရိုက်အမှုကို ပြုလုပ်သော ပုဂ္ဂိုလ် သည် ထိုပါဏာတိပါတ ဒုစရိုက်အမှုကို ပြုလုပ်ခြင်းဟူသော အကြောင်း ကြောင့် ဤပစ္စုပ္ပန်ဘဝဝယ် အမျိုးမျိုးသော ဘေးဒုက္ခကိုလည်း ပွါးများ စေပေသည်၊ တမလွန်လောကဝယ် အပါယ်စသော ဘေးရန်ဒုက္ခကိုလည်း ပွါးများစေပေသည်၊ စိတ်၌ဖြစ်သော ပင်ပန်းခြင်း ဆင်းရဲခြင်း နှမ်းနယ်ခြင်း ကိုလည်း ခံစားရပေသည်။

ပါဏာတိပါတမှ ရှောင်ကြဉ်သော ငါဘုရား၏တပည့်သား အရိယာ သာဝကအားမှာမူ ထိုပါဏာတိပါတကို ရှောင်ကြဉ်ခြင်းဟူသော အကြောင်း ကြောင့် ထိုဆိုအပ်ပြီးသော ပစ္စုပ္ပန်ဘဝ တမလွန်ဘဝ ကျရောက်မည့် ဘေး ရန်အပေါင်းတို့မှ ငြိမ်းပြီး အေးပြီး ကင်းပြီးပင် ဖြစ်ပေတော့သည်။

ထို့အတူ အနာထပိဏ်ဒါယကာ....အဒိန္နာဒါန်ကို ပြုသောသူ, ကာမေသု မိစ္ဆာစာရကို ပြုသောသူ, မုသာဝါဒကို ပြုသောသူ, သေရည်အရက်ကို သောက်စားသောသူသည် ထိုသေရည် အရက်ကို သောက်စားခြင်း ဟူသော

အကြောင်းကြောင့် ဒိဋ္ဌဓမ္မ ပစ္စုပ္ပန်ဘဝ၌ ပင်လျှင် ဘေးရန် အမျိုးမျိုးကို ပွါးများစေသည်၊ တမလွန်ဘဝ၌လည်း ငရဲ, ပြိတ္တာ, တိရစ္ဆာန်, အသုရကာယ် တည်းဟူသော အပါယ်လေးဝသို့ကျ၍ ဘေးရန်အမျိုးမျိုးကို ပွါးစေသည်၊ ခုဝတ္တမာန် ပစ္စုပ္ပန်၌ပင်လျှင် စိတ်၌မှီသော ဆင်းရဲခြင်း နှလုံးမသာယာ ခြင်း ကိုလည်း အကြိမ်ကြိမ်အဖန်ဖန် ခံစားရသည်။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနမှ ရှောင်ကြဉ်သော ငါဘုရား၏ အရိယာ သာဝကအားမှာမူ ကိုဆိုအပ်ပြီးသော ပစ္စုပ္ပန်ဘေး တမလွန်ဘေး ပစ္စုပ္ပန် ဘဝရောက်ရမည့် ဆင်းရဲခြင်း နှလုံးမသာယာခြင်း တည်းဟူသော ဘေးရန် ခပ်သိမ်း ကင်းငြိမ်းလျက်ရှိပေသည် ဟု ထိုပဥ္စဝေရဘယသုတ္တန် ဒေသနာ တော်မြွက်၌ သဗ္ဗညုမြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို လိုက်နာသော အရိယာသာဝကအား ငါးပါးသော ဘေးရန်တို့၏ ငြိမ်းပုံ ကင်းပုံ ရှင်းပုံကို ၌ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား အထင်အရှား ဟောပြတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ အရိယသာဝကဿ စတူဟိ သောတာပတ္တိယင်္ဂေဟိ သမန္နာဂတဘာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ကတမေဟိ စတူဟိ သောတာပတ္တိယင်္ဂေဟိ သမန္နာဂတော ဟောတိ။ ဣဓ ဂဟပတိ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စပ္ပ- သာဒေန သမန္နာဂတော ဟောတိ "ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝ- မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"တိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ အရိယသာဝကဿ စတူဟိ သောတာပတ္တိယင်္ဂေဟိ သမန္နာ ဂတတာ ပကာသိတာ၊

အမေး။ ။ထိုပဥ္စဝေရဘယသုတ္တန် ဒေသနာတော်မြွက်၌ သဗ္ဗညု မြတ်စွာဘုရားသခင်သည် မြတ်စွာဘုရား၏ တပည့်သားအစစ် အရိယာ သာဝကဖြစ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ လေးပါးသော သောတာပတ္တိဖိုလ်၏ အကြောင်းအင်္ဂါ သောတာပန်၏ အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံနေပုံကို အဘယ်သို့လျှင် ထင်ရှား ဖော်ပြခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုပဉ္စဝေရဘယ သုတ္တန် ဒေသနာတော်မြတ်၌ ကတမေဟိ စတူဟိ သောတာပတ္တိယင်္ဂေဟိ သမန္နာဂတော ဟောတိ အစရှိသည်ဖြင့်----

(၁) အနာထပိဏ်ဒါယကာ....ဤသာသနာတော်၌ ငါဘုရား၏ ဆုံးမစကား လိုက်နာသော အရိယာသာဝက သည် သဗ္ဗညုမြတ်စွာဘုရား အပေါ်၌ ဤမည် ဤမည်သောအကြောင်းကြောင့် အရဟံဂုဏ် သမ္မာသမ္ဗုဒ္ဓဂုဏ် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ် သုဂတဂုဏ် လောကဝိဒူဂုဏ် အနုတ္တရပုရိသဒမ္မသာရထိဂုဏ် သတ္ထာဒေဝမနုဿာနံဂုဏ် ဗုဒ္ဓဂုဏ် ဘဂဝါဂုဏ်နှင့် ပြည့်စုံတော်မူပေသည် ဟု သူတပါးတို့ ဖျက်ဆီး၍ မရအောင် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံပါပေ၏၊ ဤသည်လည်း သောတာပန် ပုဂ္ဂိုလ်ဟူ၍ သိနိုင်ကြောင်း အစိတ်အင်္ဂါတပါးပင် ဖြစ်ပေတော့သည်။

(၂) အနာထပိဏ်ဒါယကာ....ဤသာသနာတော်၌ ငါဘုရား၏ တပည့်သားသာဝကဖြစ်သော အရိယာသာဝကသည် တရားတော်၌ "ဤမည် ဤမည်သော အကြောင်းကြောင့် တရားတော်သည် သွာက္ခာတဂုဏ်,သန္ဒိဋ္ဌိကဂုဏ်, အကာလိကဂုဏ်, ဧဟိပဿိက, ဩပနေယျိက, ပစ္စတ္တံဝေဒိတဗ္ဗ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံပါပေ၏ ဟု မဂ်,ဖိုလ်,နိဗ္ဗာန်,ဓမ္မက္ခန်တည်း ဟူသော တရားဆယ်ပါး၌ သူတဖက်သားတို့ ဖျက်ဆီး၍ မရလောက်အောင်ပင် သက်ဝင်ယုံကြည်သော ကြည်ညိုခြင်း သဒ္ဓါတရားနှင့် ပြည့်စုံပါပေ၏၊ ဤသည်လည်း သောတာပန် ပုဂ္ဂိုလ်ဟူ၍ သိနိုင်ကြောင်း အစိတ်အင်္ဂါတပါးပင် ဖြစ်ပေတော့သည်။

(၃) အနာထပိဏ်ဒါယကာ....ဤသာသနာတော်၌ ငါဘုရား၏ တပည့်သား သာဝကသည် သံဃာတော်အရှင်မြတ်တို့၏ သုပ္ပဋိပန္နအစရှိသော ကိုးရပ်သော ကျေးဇူးဂုဏ်တို့ကိုမတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံပါပေ၏၊ ဤသို့သံဃာ့ဂုဏ်ကို သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်းသည်လည်း သောတာပန် ဟူ၍ သိနိုင်ကြောင်း အစိတ်အင်္ဂါတပါးပင် ဖြစ်ပေတော့သည်။

(၄) အနာထပိဏ် ဒါယကာ....ဤသာသနာတော်၌ ငါဘုရား၏ တပည့်သား သာဝကဖြစ်သော ပုဂ္ဂိုလ်သည်လည်း အရိယာသခင်တို့ နှစ်သက်အပ်သော မွန်မြတ်သော တမလွန်လောကသို့ ရောက်ရှိသော်လည်း မပျက်မစီး တည်ရှိသော သီလဂုဏ်နှင့် ပြည့်စုံပါပေ၏၊ ဤသို့တမလွန်လောက၌လည်း

မပျက်မစီးနိုင်သော သီလဂုဏ်နှင့် ပြည့်စုံခြင်းသည်လည်း သောတာပန် ပုဂ္ဂိုလ်ဟူ၍ သိနိုင်ကြောင်း အစိတ်အင်္ဂါတပါး ဖြစ်ပေတော့သည် ဟု သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါလေးရပ်တို့ကို ထိုပဉ္စဝေရဘယ သုတ္တန်ဒေသနာတော်၌ သဗ္ဗညုမြတ်စွာဘုရား စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတမ္ဘာဝုသော တတ္ထ ဘဂဝတာ အရိယသာဝကေန အရိယဿ ဉာယဿ ပညာယ သုဒိဋ္ဌတာ သုပ္ပဋိဝိဒ္ဓတာ ပကာသိတာ။

ဝိဿဇ္ဇနာ။ ။ကတမော စဿ အရိယော ဉာယော ပညာယ သုဒိဋ္ဌော ဟောတိ သုပ္ပဋိဝိဒ္ဓေါ။ ဣဓ ဂဟပတိ အရိယသာဝကော ပဋိစ္စသမုပ္ပါဒညေ၀ သာဓုကံ ယောနိသော မနသိ ကရောတိ "ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ၊ ဣမသ္မိံ အသတိ ဣဒံ န ဟောတိ၊ ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ၊ ယဒိဒံ အဝိဇ္ဇာပစ္စယာ (ပေယျာလ) ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီ"တိ၊ ဧဝံ ခေါ ဘန္တေ ဘဂဝတာ တတ္ထ အရိယသာဝကေန အရိယဿ ဉာယဿ ပညာယ သုဒိဋ္ဌတာ သုပ္ပဋိဝိဒ္ဓတာ ပကာသိတာ။

အမေး။ ။ထိုပဉ္စဝေရဘယသုတ္တန် ဒေသနာတော်မြတ်၌ ပဋိစ္စသမုပ္ပါဒ်အသိအမြင်ဉာဏ်ကို အရိယာသာဝကဖြစ်သော ပုဂ္ဂိုလ်သည် ကိုယ်တိုင်ဉာဏ်ဖြင့်ပင်လျှင် ဖောက်ထွင်းသိမြင်လျက် ရရှိနေပုံကို မြတ်စွာဘုရားသခင်သည် အဘယ်သို့လျှင် ဝေဘန်၍ ဖွင့်ပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကတမော စဿ အရိယော ဉာယော ပညာယ သုဒိဋ္ဌော ဟောတိ သုပ္ပဋိဝိဒ္ဓေါ အစရှိသည်ဖြင့်——

အနာထပိဏ် ဒါယကာ....ဤသာသနာတော်၌ ငါဘုရား၏ တပည့်သားဖြစ်သော အရိယာသာဝကသည် ပဋိစ္စသမုပ္ပါဒ်တရားကို ပင်လျှင် မြဲမြံခိုင်ခံ့စွာ ယောနိသော မှန်ကန်သော အကြောင်းအားဖြင့် နှလုံးသွင်း၍ နေပါသည်။

ဤမည် ဤမည်သော အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့ ထင်ရှားရှိလျှင် သင်္ခါရ အစရှိသော အကျိုးတရားတို့ ထင်ရှားဖြစ်တော့သည်၊

အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ ဖြစ်ခြင်း ဥပါဒ်ခြင်းကြောင့် သင်္ခါရ အစရှိသော အကျိုးတရားတို့ ဥပါဒ်သည် ဖြစ်တော့သည်။

အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့၏ ချုပ်ငြိမ်းခြင်းကြောင့် သင်္ခါရ အစရှိသော အကျိုးတရားတို့ ချုပ်ငြိမ်းတော့သည်၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဉ် (ပေယျာလ) ဇာတိကြောင့် ဇရာမရဏတို့ ဖြစ်သည်၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည် သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်သည်။ပ။ ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏ သောက ပရိဒေဝ ဥပါယာသ တရားတို့ ချုပ်သည်၊ ဤသို့လျှင် သုခမဖက် ဒုက္ခသက်သက်မျှသာ ဖြစ်သော အဝိဇ္ဇာ သင်္ခါရ အစရှိသော ပဋိစ္စသမုပ္ပါဒ်အကြောင်း အကျိုး အဆက်ဆက် ဖြစ်သော တရားတို့၏ ချုပ်ငြိမ်းခြင်း ဖြစ်ဘိတကား ဟု အရိယာသာဝကသည် ပဋိစ္စသမုပ္ပါဒ် တရားကိုသာလျှင် မြဲမြံစွာ မှန်ကန်သော နည်းလမ်းဖြင့် နှလုံးသွင်းလျက် နေပါသည်။

ဤသို့ အရိယာသာဝက၏ ဉာဏ်ဝယ် ပဋိစ္စသမုပ္ပါဒ် တရားတို့ကို ပိုင်းခြား၍ သိသော ဉာဏ်ပညာကို ကောင်းစွာ သိမြင်ပေါက်ရောက် ကိုယ်တိုင် ရရှိ၍ နေပုံကိုရှင်း။

ယတော ခေါ ဂဟပတိ အရိယသာဝကဿ ဣမာနိ ပဉ္စ ဘယာနိ ဝေရာနိ ဝူပသန္တာနိ ဟောန္တိ။ ဣမေဟိ စတူဟိ သောတာပတ္တိယင်္ဂေဟိ သမန္နာဂတော ဟောတိ။ အယဉ္စဿ အရိယော ဉာယော ပညာယ သုဒိဋ္ဌော ဟောတိ သုပ္ပဋိဝိဒ္ဓေါ-အစရှိသည်ဖြင့်—

အနာထပိဏ် ဒါယကာ....ဤဆိုအပ်ပြီးသောအတိုင်း ပါဏာတိပါတ အစရှိသော ငါးပါးသော ဘေးရန်တို့ကို ငြိမ်းစေ၍ လေးတန်သော သောတာပန်၏ အင်္ဂါတို့နှင့် ပြည့်စုံပြီးလျှင် ပဋိစ္စသမုပ္ပါဒ်ကို ပိုင်နိုင်စွာ သိသော အရိယဉာယတရားကို ဉာဏ်ပညာတရားကို မိမိကိုယ်တိုင် ဉာဏ်ပညာဖြင့် ထိုးထွင်း ပေါက်ရောက်၍ လက်ရောက်ရရှိအပ်ပြီး ဖြစ်သောငါ့ဘုရား၏ အရိယာသာဝကသည် ငါကား အပါယ်လေးပါး ကင်းငြိမ်းခဲ့လေပြီ၊ သောတာပန် စင်စစ် ဖြစ်ခဲ့လေပြီ၊ ဝိနိပါတဘေး ငါ့အား ကင်းဝေးခဲ့လေပြီ၊ အထက်ဖြစ်သော မဂ်ဖိုလ်လျှင် ငါကား လည်းလျောင်းရာ ပုန်းအောင်းရာ ရှိတော့သည် ဟု ရဲရင့်စွာ မိမိကိုယ်ကို မိမိ ပြောကြားလိုမူ ပြောကြားနိုင်ပါကြောင်း ဤပုံ ဤပုန်း

အခြင်းအရာအားဖြင့် အရိယာသာဝက၏ ပဋိစ္စသမုပ္ပါဒ်တရားကို သိသော အရိယ ဉာယတရားကို သိပုံ ရပုံ ရောက်ပုံကိုရှင်း ထိုအင်္ဂါတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ရဲရဲဝံ့ဝံ့ သောတာပန်အဖြစ် ဝန်ခံနိုင်ပုံကိုရှင်း သဗ္ဗညုမြတ်စွာဘုရား စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပဉ္စဝေရဘယသုတ် ပြီး၏

---

## ဒုက္ခသုတ်

ပုစ္ဆာ။ ။ဒုက္ခသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိသဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ဒုက္ခဿ ဘိက္ခဝေ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေသေဿာမိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ဒုက္ခသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူအပ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဒုက္ခဿ ဘိက္ခဝေ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေသေဿာမိ၊ တံ သုဏာထ သာဓုကံ မနသိကရောထ၊ ဘာသိဿာမိ-ဟူ၍——

ချစ်သား ရဟန်းတို့....ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ မဟုတ်၊ ဒုက္ခသက်သက်မျှဖြစ်သော ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ပုံကိုရှင်း ထိုဒုက္ခသက်သက်သာ ဖြစ်သော ရုပ်နာမ်ဓမ္မတို့၏ ချုပ်ပုံ ငြိမ်းပုံကိုရှင်း ငါဘုရားသည် အကျဉ်းအားဖြင့်ရှင်း အကျယ်အားဖြင့်ရှင်း ဟောကြားပေအံ့ ဟူ၍ ဤ ဒုက္ခ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဒုက္ခသမုဒယော ပကာ-
သိတော

ဝိဿဇ္ဇနာ။ ။ကတမော စ ဘိက္ခဝေ ဒုက္ခဿ သမုဒယော။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ-ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ အယံ ခေါ ဘိက္ခဝေ ဒုက္ခဿ သမုဒယော။ သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ပ။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ။ပ။ ဇိဝှဉ္စ ပဋိစ္စ ရသေ စ။ပ။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ။ပ။ မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ-ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ အယံ ခေါ ဘိက္ခဝေ ဒုက္ခဿ သမုဒယောတိ ဧဝံ ခေါ ဘန္တေ တတ္ထ ဘဂဝတာ ဒုက္ခဿ သမုဒယော ပကာသိတော။

အမေး။ ။ထို ဒုက္ခသုတ္တန် တရားဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဒုက္ခမည်သော ဆင်းရဲတရား၏ ဖြစ်ပေါ်လာခြင်း ဖြစ်ပေါ်လာကြောင်း တရားစုကို အဘယ်သို့လျှင် ထင်ရှားဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကတမော စ ဘိက္ခဝေ ဒုက္ခဿ သမုဒယော။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-အစရှိသည်ဖြင့် ဒွါရခြောက်ပါး အာရုံခြောက်ပါးကို အစွဲပြု၍ ဝိညာဉ်ခြောက်ပါး ဖြစ်သည်၊ ထိုဒွါရ အာရုံ ဝိညာဉ်တို့၏ ပေါင်းဆုံမှု ဟူသောအကြောင်းကြောင့် ဖဿတရားဖြစ်သည်၊ ဖဿခြောက်ပါး ဟူသော အကြောင်းကြောင့် ဝေဒနာ ခြောက်ပါး ဖြစ်သည်၊ ဝေဒနာ ခြောက်ပါး ဟူသော အကြောင်းကြောင့် တဏှာ ခြောက်ပါး ဖြစ်သည်၊ ဤသို့ ဒွါရခြောက်ပါး အာရုံခြောက်ပါး ဝိညာဉ်ခြောက်ပါး ဖဿခြောက်ပါး ဝေဒနာခြောက်ပါး တဏှာခြောက်ပါး ဤတရားတို့၏ ဖြစ်ပွါးခြင်းသည် ဒုက္ခတရားတို့၏ ဖြစ်ပွါးခြင်း ပင် ဖြစ်ပေတော့သည်၊ ဤတရားခြောက်ပါးတို့၏ ဖြစ်ပွါးခြင်းသည်ပင်လျှင် ဒုက္ခသံသရာစက် အဆက်မပြတ်ဖြစ်ဘို့ရန် အကြောင်းတရားဖြစ်သည်ဟု ဤဒုက္ခသုတ္တန် ဒေသနာတော်မြတ်၌ ဒုက္ခမည်သောတရားတို့၏ ဖြစ်ပုံကိုရင်း ဒုက္ခမည်သော တရားတို့၏ ဖြစ်ပွါးကြောင်းကိုရင်း စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကာသဥ္စာဝုသော တဿ ဘဂဝတာ ဒုက္ခဿ အတ္ထင်္ဂမော ပကာ-
သိတော။

ဝိဿဇ္ဇနာ။ ။ကတမော စ ဘိက္ခဝေ ဒုက္ခဿ အတ္ထင်္ဂမော။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓာ ဥပါဒါနနိရောဓော ဥပါ-ဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿု-ပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီတိ ဧဝမာဒိနာ ဘန္တေ တဿ ဘဂဝတာ ဒုက္ခဿ အတ္ထင်္ဂမော ပကာသိတော။

အမေး။ ။ထိုဒုက္ခသုတ္တန် တရားဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာ ဘုရားသခင်သည် ဒုက္ခမည်သော ရုပ်နာမ်ဆင်းရဲတရား အပေါင်း၏ ချုပ်ငြိမ်းပုံ ကိုရင်း ဒုက္ခမည်သော ရုပ်နာမ်ဆင်းရဲ တရားအပေါင်း၏ ချုပ်ငြိမ်းရာဖြစ်သော တရားအပေါင်းကိုရင်း အဘယ်သို့လျှင် ထင်ရှားဖော်ပြလျက် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုဒုက္ခသုတ္တန်တရား ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာ ဘုရားသည် "ချစ်သား ရဟန်းတို့....ဒုက္ခ၏ ချုပ်ငြိမ်းပုံမှာ ဒွါရခြောက်ပါး အာရုံခြောက်ပါးကို အစွဲပြု၍ ဝိညာဉ်ခြောက်ပါး ဖြစ်ရသည်၊ ဒွါရခြောက်ပါး အာရုံခြောက်ပါး ထင်ရှားရှိခဲ့လျှင် ဝိညာဉ်ခြောက်ပါး ထင်ရှားရှိချိမ့်မည်၊ ဒွါရ အာရုံ ဝိညာဉ် သုံးပါးတို့၏ ပေါင်းဆုံမှု ဟူသော အကြောင်းကြောင့် တွေ့ထိမှု ဟူသော ဖဿ ခြောက်မျိုး ဖြစ်တော့သည်။ ဖဿခြောက်မျိုး ဖြစ်လျှင် ဝေဒနာခြောက်မျိုးလည်း ဖြစ်ရတော့မည်၊ ဝေဒနာခြောက်မျိုး ဖြစ်လျှင် တဏှာခြောက်မျိုးလည်း ဖြစ်ရတော့မည်၊ ဤသို့ ဒွါရ အာရုံ ဝိညာဉ် ဖဿ ဝေဒနာ တဏှာတို့ဖြစ်လျှင် ဒုက္ခတရားတို့သာလျှင် စည်ပင်ပွါးများ၍ နေခြင်းပင် ဖြစ်ပေတော့သည်။

ချစ်သား ရဟန်းတို့....တဏှာခြောက်ပါးကို အရိယမဂ်ဉာဏ်ဖြင့် ငြိမ်း စေခဲ့လျှင် အကြွင်းမဲ့ ချုပ်စေခဲ့သည်ရှိသော် ဥပါဒါန် လေးပါးတို့ ချုပ်တော့

သည်၊ ဥပါဒါန် လေးပါးတို့ ချုပ်လျှင် ဘဝချုပ်တော့သည်၊ ဘဝသုံးမျိုးချုပ်ခဲ့လျှင် ဇာတိ၊ ဇာတိ ချုပ်သော် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတရားတို့ ချုပ်တော့သည်၊ သို့ဖြစ်၍ တဏှာကို ချုပ်ငြိမ်းဘို့ရန် ပဋိစ္စသမုပ္ပါဒ် တရားမှန်ကို အဖန်ဖန် နှလုံးသွင်းကုန် ဟု ဤသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် ဒုက္ခတရား၏ ချုပ်ပုံ အစဉ်ကို ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် စိတ်ဖြာခွဲခြား ဟောကြားအပ်ခဲ့ပါသည် အရှင်ဘုရား။

ဒုက္ခသုတ် ပြီး၏

---

## ပုတ္တမံသူပမသုတ်

ပုစ္ဆာ။ ။ပုတ္တမံသူပမသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ အနေ့ာ ပဗ္ဗဇိတေ ဘိက္ခူ အာရဗ္ဘ ဘာသိတံ။ ဘဂဝတော စ ဘန္တေ ဘိက္ခုသံဃဿ စ မဟာလာဘသက္ကာရော ဥဒပါဒိ၊ ကေစ္စေ စ ဘန္တေ ဘိက္ခူ နဝါ အစိရပဗ္ဗဇိတာ ကုလပုတ္တာ အာဟာရံ အပစ္စဝေက္ခိတ္ဝာ ပရိဘုဉ္ဇိံသု။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "စတ္တာရောမေ ဘိက္ခဝေ အာဟာရာ ဘူတာနံ ဝါ သတ္တာနံ ဌိတိယာ သမ္ဘဝေသီနံ ဝါ အနုဂ္ဂဟာယ။ ကတမေ စတ္တာရော ကဗဠီကာရော အာဟာရော ဩဠာရိကော ဝါ သုခုမော ဝါ ဖဿော ဒုတိယော မနောသဉ္စေတနာ တတိယာ ဝိညာဏံ စတုတ္ထံ"န္တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။သားဖြစ်သော သူ၏ အသားကို စားရသည်နှင့် ဥပမာပြု၍ ဟောပြရာ ဖြစ်သောကြောင့် ပုတ္တမံသူပမ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ရဟန်းပြုသစ်စ ဖြစ်တော်မူကြသော များစွာသော ရဟန်းငယ်တို့ကို အကြောင်းပြု၍ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်ဝယ် သီတင်းသုံးနေတော်မူသောအခါ လေးအသခေျနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပွါးများ ဆည်းပူးအားထုတ်တော်မူခဲ့သော ပါရမီကောင်းမှု ကုသိုလ်အစုတို့သည် တခုသောဘဝဝယ် စုပုံ၍ အကျိုးပေးသည့်ပမာ ဘုရားအမှူးရှိသော သံဃာတော်တို့အား များစွာသော လာဘ်လာဘသည် ထင်ရှားဖြစ်ခဲ့ပါတော့သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ကိုယ်တော်မြတ် အမှူးရှိသောသံဃာတော်အရှင်မြတ်တို့၏ လာဘ်သာဘပေါများပုံကို စဉ်းစားတော်မူပြီးလျှင် ငါဘုရား၏ တပည့်သား သာဝကတို့သည် ဤလာဘ်လာဘကို ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ သုံးစားကြပါကုန်သလော ဟု ဆင်ခြင်တော်မူသည်ရှိသော် အချို့သော ရဟန်းပြုသစ်စ နုနယ်လှသော ရဟန်းငယ်တို့သည် ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာတင် မဆင်ခြင်ပဲ သုံးစားသည်ကို သိမြင်တော်မူရပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားအား ဤသို့ အကြံ ဖြစ်တော်မူခဲ့ပါသည်၊ "ငါဘုရားသည် ပစ္စည်းလေးပါး အလို့ငှါ ပါရမီစာဂ စရိယကို ဖြည့်ခဲ့သည်မဟုတ်ချေ၊ ဝေနေယျကြာ သတ္တဝါတို့အား အရဟတ္တဖိုလ်ပေါက် ရောက်အောင် တရားဟောဘို့ရန် ပါရမီစာဂ စရိယကို ဖြည့်ခဲ့ခြင်း ဖြစ်ချေသည်၊ ငါဘုရား၏ တပည့်သား သာဝကဖြစ်သော အမျိုးကောင်းသားတို့သည်လည်း ပစ္စည်းလေးပါးအလို့ငှါ ရဟန်းပြုကြသည် မဟုတ်ပါ၊ အရဟတ္တဖိုလ်အလို့ငှါသာလျှင် ရဟန်းပြုကြခြင်း ဖြစ်သည်။

ယခုသော်မူ အချို့သော ရဟန်းပြုသစ်စ ငယ်လှသော ရဟန်းငယ်တို့သည် ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာတင် မဆင်ခြင်ဘဲ သုံးစွဲ၍ နေကြသည်၊ ပစ္စဝေက္ခဏာတင် မဆင်ခြင်မူ၍ သုံးစွဲခြင်းအမှုကို ပဌမမြောက် ပါရာဇိကသိက္ခာပုဒ် တခုအနေဖြင့် ပညတ်သင့်လျှင် ပညတ်ဘို့ပင် ဖြစ်တော့သည်၊ သိစေကာမူ ရှေးရှေးသော ဘုရားရှင် အစဉ်အဆက်ကပင်လျှင် ဤအချက်ကို ပဌမပါရာဇိက အနေဖြင့် သိက္ခာပုဒ် အနေအားဖြင့် ပညတ်ထားခဲ့ဘူးသည်

လည်း မရှိ၊ ပစ္စည်းလေးပါးကို သုံးစားမှုဟူသည်လည်း အမြဲတစေ မှီဝဲအပ်သော တရားသာလျှင် ဖြစ်ချေသည်။

သို့ဖြစ်ရကား ပဥ္စမမြောက် ပါရာဇိက သိက္ခာပုဒ်တပါးကို ပညတ်၍ ထားသည့်ပမာ ဤငါဘုရား၏ သာသနာ၀ယ် သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသားတို့သည် ဤသုတ္တန်ဒေသနာတော်မြတ်ကို ဆင်ခြင်ကာ ဆင်ခြင်ကာဖြင့် လေးဖြာသော ပစ္စည်းတို့ဝယ် တဏှာဖြင့် မသိမ်းဆည်းကြဘဲ ပစ္စဝေက္ခဏာတင် ဆင်ခြင်သုံးစွဲနိုင်ရန် အလို့ငှါ မြွက်ကိုး ရည်သန်တော်မူပြီးလျှင် စတ္တာရောမေ ဘိက္ခဝေ အာဟာရာ ဘူတာနံ ဝါ သတ္တာနံ ဌိတိယာ သမ္ဘဝေ-ဝေသီနံ ဝါ အနုဂ္ဂဟာယ-အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ဖြစ်ပြီးသော သတ္တဝါတို့၏ အဓွန့်ရှည်စွာ တည်စေခြင်း အလို့ငှါရင်း ဘဝ ပဋိသန္ဓေ တည်နေဆဲ ဖြစ်သော သတ္တဝါတို့အား ချီးမြှောက်ထောက်ပံ့ခြင်းငှါရင်း အကြောင်းဖြစ်သော အာဟာရတရားတို့သည် လေးပါးတို့ ရှိကြကုန်သည်၊ လေးပါးတို့ ဟူသည်မှာ (၁) ဆွမ်းခဲဖွယ် ဘောဇဉ်တည်းဟူသော ကဗဠီကာရ အာဟာရတပါး၊ (၂) အာရုံခြောက်ပါးကို တွေ့ထိမှု ဖဿတည်းဟူသော အာဟာရတပါး၊ (၃) ထိုထိုအမှုကို ကောင်းမှု မကောင်းမှုကို ပြုခြင်း တည်းဟူသော မနောသဉ္စေတနာဟာရ တည်းဟူသော အကြောင်းတပါး၊ (၄) ပဋိသန္ဓေ ဝိညာဉ် တည်းဟူသော ဝိညာဏာ အာဟာရအကြောင်းတပါး၊ ဤသို့ အားဖြင့် ထင်ရှားဖြစ်ပြီးသော သတ္တဝါ ဘဝပဋိသန္ဓေ တည်နေဆဲ ဖြစ်သော သတ္တဝါတို့၏ အထောက်အပံ့ ဖြစ်စေနိုင်သော အာဟာရတရားတို့ကား လေးပါးရှိကုန်သည် ဟု လျှောက်ဆိုအပ်ပြီးသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် အချို့သော ရဟန်းပြုသစ်စ ရဟန်းငယ်တို့ကို အကြောင်းပြု၍ ဤပုတ္တမံသူပမသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ကဗဠီကာရဿ အာဟာရဿ ဒဋ္ဌဗ္ဗာ-ကာရော ဘဂဝတာ ပကာသိတော။

ဝိဿဇ္ဇနာ။ ။သေယျထာပိ ဘိက္ခဝေ ဒွေ ဇာယမ္ပတိကာ ပရိတ္တံ သမ္ဗလံ အာဒါယ ကန္တာရမဂ္ဂံ ပဋိပဇ္ဇေယျုံ။ တေသမဿ ဧကပုတ္တ-ကော ပိယော မနာပေါတိ ဧဝမာဒိနာ ဘဂ္ဂေ တတ္ထ ဘဂဝ-

တာ ကဗဠီကာရဿ အာဟာရဿ ဒဋ္ဌဗ္ဗာကာရော ပကာ-
သိတော။

အမေး။ ။ထို ပုတ္တမံသူပမသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညု မြတ်စွာဘုရားသခင်သည် ကဗဠီကာရဟု ခေါ်သော စားဖွယ် သောက်ဖွယ်ရာ၌ နှလုံးသွင်း ဆင်ခြင်အပ်သော အခြင်းအရာ ရှုမြင်အပ်သော အခြင်းအရာကို အဘယ်သို့လျှင် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သေယျထာပိ ဘိက္ခဝေ ဒွေ ဇာယမ္ပတိကာ ပရိတ္တံ သမ္ဗလံ အာဒါယ ကန္တာရမဂ္ဂံ ပဋိပဇ္ဇေယျုံ-အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ရှေး၌ ဖြစ်ဘူး အကြောင်းထူး ဥပမာအားဖြင့် ဇနီးမောင်နှံ နှစ်ယောက်သောသူတို့သည် အနည်းငယ်မျှသော ရိက္ခာကို ယူကြ၍ ယူဇနာတရာ အခွန့်ရှည်သော ခရီးခဲကို သွားကြကုန်သည်၊ ထို ဇနီးမောင်နှံ နှစ်ယောက်တို့အား ချစ်ဖွယ်ကောင်းသော စိတ်နှလုံးကို ပွါးများစေတတ်သော တယောက်တည်းသော သားလည်း ပါရှိခဲ့ပေသည်။

ချစ်သား ရဟန်းတို့....ထိုဇနီးမောင်နှံ နှစ်ယောက်တို့အား ကန္တာရခရီးခဲ အတွင်းဝယ် ခရီးယူဇနာ ငါးဆယ်လောက် အရောက် နောက်လည်း ယူဇနာ ငါးဆယ်လောက် ကျန်သေးသည့် ခရီးခဲအလယ်တွင် ယူဆောင်ခဲ့ရင်း ရိက္ခာကုန်ခဲ့တော့သည်၊ ကျန် ဆက်လက်၍ သွားရမည့် ခရီးယူဇနာကား ငါးဆယ် အကြွင်း ရှိပေသေးသည်။

ချစ်သား ရဟန်းတို့....ထိုအခါ ထိုဇနီးမောင်နှံတို့သည် ဤသို့ တိုင်ပင်ကြပါသည်၊ "ငါတို့မှာ ယူဆောင်ခဲ့ရင်း ဖြစ်သော အနည်းငယ်မျှသော ရိက္ခာလည်း ကုန်ခန်းခဲ့ချေပြီ၊ ခရီးယူဇနာလည်း နောက်တဖန်သွားရန် ငါးဆယ်ပင် ကြွင်းကျန်ခဲ့သေးသည်" ဤသို့ တိုင်ပင်ကြပြီးလျှင် ဘယ်ပုံ ဘယ်ပန်းဖြင့် ဤယူဇနာငါးဆယ်မျှရှိသော ကန္တာရခရီးခဲကို လွန်မြောက်ရအံ့နည်း ဟု အကြံအစည် ဖြစ်ကြသော အခါ အိမ်ရှင်ယောကျ်ားက——

အို ရှင်မ....ငါတမူကား လယ်လုပ်ခြင်း ကုန်သွယ်ခြင်း အစရှိသည်ဖြင့် ရှင်မတို့ သားအမိ နှစ်ယောက်တို့ကို ပြုစုလုပ်ကျွေးရန် တာဝန်ရှိပါသော်လည်း ဤယူဇနာ ငါးဆယ်အတွင်းဝယ် လယ်လုပ်ရန် ကုန်သွယ်ရန် တစုံတရာ ပြုလုပ်

ခြင်းငှါ မစွမ်းနိုင် ဖြစ်ပါတော့သည်၊ သို့ဖြစ်သောကြောင့် ငါ၏ ခန္ဓာကိုယ်ကို သတ်ဖြတ်၍ ငါ၏ ခန္ဓာကိုယ်မှ အစိတ်အဝက်ကို စားသောက်ပြီးလျှင် ကြွင်းကျန်သော အသားတို့ကို လမ်းခရီးအကြားဝယ် ခရီးရိက္ခာအဖြစ်ဖြင့် ပြုလုပ်ဆောင်ယူ၍ သင်တို့သားအမိနှစ်ယောက်သည် ဤခရီးခဲကို လွန်မြောက်ကြပါကုန်လော့ ဟု ပြောဆိုပါသည်။

ထိုအခါ အိမ့်ရှင်မ ဖြစ်သော အမျိုးကောင်း သမီးက "အို အမောင်.... အကျွန်ုပ်သည် ဤသို့ သဘောရှိသော ဘေးဒုက္ခရောက်သော အခါမျိုး၌ ချည်ဝင့်ခြင်း ရက်ကန်းရက်ခြင်း အစရှိသည်ဖြင့် အမျိုးကောင်းသမီးတို့ တတ်အပ် ပြုစုအပ် လုပ်ကျွေးအပ်သည့် အတတ်ပညာမျိုးဖြင့် အသက်မွေး၍ စီးပွါးဥစ္စာကို ရှာကြံ၍ အမောင်တို့ သားအဖကို ငါမပြုနိုင်ခဲ့ခြင်းကား ငါ၏ ဝတ္တရား ချို့ယွင်းခဲ့ခြင်း ဖြစ်ပါတော့သည်၊ သို့ဖြစ်သောကြောင့် အကျွန်ုပ်၏ ခန္ဓာကိုယ်ကို သတ်ဖြတ်၍ အချို့အဝက်ကို ဤအရပ်၌ စားပြီးလျှင် အချို့အဝက်ကို ရိက္ခာအလို့ငှါ ပြုလုပ် ယူဆောင်၍ သွားကြပါကုန်" ဟု အိမ်ရှင်မက ပြောကြားပါသည်။

ထိုအခါ အိမ်ချင်ယောကျ်ားက "အိုရှင်မ....မိခင်ကွယ်လွန်ခဲ့သည်ရှိသော် ခလေးလည်း ကွယ်လွန်တော့သည် မည်ပါတော့သည်၊ သို့ရကား မတတ်နိုင်သည့် အတူတူ ဤသားငယ်ကိုပင် သတ်ဖြတ်၍ ဤသားငယ်၏ အသားတို့ကို ခရီးရိက္ခာ အလို့ငှါ ပြုလုပ်သွားကြပါကုန်စို့" ဟု တိုင်ပင် ညီညွတ်ကြပါသည်။

ထိုအခါ မိခင်ဖြစ်သော ပုဂ္ဂိုလ်က သားငယ်ကို "အို ချစ်သား....သင်၏ ဘခင်ထံသို့ သွားလော့" ဟူ၍ လွှတ်လိုက်ပါသည်၊ ထိုကလေးသည်လည်း ဘခင်ထံသို့ သွားခဲ့ပါသည်။

ထိုအခါ ဘခင်ဖြစ်သော ပုဂ္ဂိုလ်က "ငါသည် သားကို ကျွေးမွေးပြုစု လုပ်ကျွေးအံ့ ဟု အကြံဖြစ်၍ လယ်လုပ်ခြင်း ကုန်သွယ်ခြင်း စသည်ဖြင့် ပြင်းစွာသော ဒုက္ခကို ခံစံခဲ့ရပါသည်၊ အဘယ်မှာလျှင် ငါ၏ သားကို ငါသည် သတ်ဖြတ်ရက်ပါအံ့နည်း" ဟု စဉ်းစား ဆင်ခြင်ပြီးလျှင် "အို ငါ့သား.... သင်၏ မိခင်ရှိရာအရပ်သို့ သွားပါလော့" ဟူ၍ မိခင်ထံသို့ တဖန် ပို့လိုက်ပြန်ပါတော့သည်၊ ထိုသားငယ်သည်လည်း မိခင်ထံသို့ သွားရောက်ပြန်ပါတော့သည်။

မိခင်ဖြစ်သော ပုဂ္ဂိုလ်ကလည်း "ငါသည် သားငယ်ကို ကိုးလတိုင်တိုင် လွယ်၍ ပင်ပန်းကြီးစွာ ဆင်းရဲကြီးစွာ ဖွားမြင်ခဲ့ရပါပေသည်၊ ဤမျှပင်ပန်းကြီးစွာ ရှာကြံမှ ရခဲ့သော ငါ့သားကို ငါသည် အဘယ်မှာလျှင် သတ်ဖြတ်ရက်ပါအံ့နည်း" ဟု အကြံဖြစ်ပြီးလျှင် "အို ချစ်လှစွာသော သား....သင်၏ ဘခင်အပါးသို့ သွားပါလေ" ဟူ၍ ဘခင်ထံသို့ တဖန် ပြန်လွှတ်ပြန်ပါသည်။

ဤသို့သော နည်းဖြင့် ထိုခလေးသူငယ်သည် မိဘနှစ်ဦးတို့၏ အကြားဝယ် သွားရင်း လာရင်းဖြင့်ပင် စုတိပြတ်ကြွေ သေလွန်ခဲ့ပါသည်။

ချစ်သား ရဟန်းတို့....ထိုဇနီးမောင်နှံတို့သည် ငမ်းနည်းစွာဖြင့် ထိုသားငယ်၏ အသားတို့ကို ရိက္ခာအလို့ငှါ ယူဆောင်၍ သွားပြီးလျှင် လမ်းခရီးအကြား၌ ဝမ်းနည်းစွာဖြင့် တဏှာမဖက်ဘဲ မစွဲရအစရှိသော အကုသိုလ်တရားတို့ မငင်ဘဲ ခရီးခဲကို လွန်မြောက်ရန် အလို့ငှါသာလျှင် ထိုသားငယ်၏ အသားကို စားသောက်ကြရကုန်သည်၊ ရင်ပပ်စည်တီး ငိုလည်း ငိုကြွေးကြရကုန်သည်။

ချစ်သား ရဟန်းတို့....သင် ချစ်သားတို့ အသို့မှတ်ထင်ကုန်သနည်း၊ ဤသို့ သားငယ်၏ အသားကို စားကြသော မိဘနှစ်ပါးတို့သည် မြူးထူးပျော်ပါး ကစားခြင်း မာန်ယစ်ခြင်း ကိုယ်ကို ဆင်ပြင်တန်ဆာဆင်ခြင်းငှါ စားကြပါကုန်သလော ဟု မေးမြန်းတော်မူပါသည်။

ထိုသို့ မဟုတ်ပါကြောင်း ပြန်ပြောင်းလျှောက်သည်တွင် "ချစ်သားရဟန်းတို့....စင်စစ်သော်တမူ ထိုမိခင် ဘခင် နှစ်ဦးသားတို့သည် တဏှာတရားလုံးလုံးမထားကြဘဲ မစွဲရတရား လုံးလုံးမထားကြဘဲ ခရီးခဲကို လွန်မြောက်ရန် အလို့ငှါသာလျှင် ထိုအသားကို စားကြကုန်သည် မဟုတ်တုံလော" ဟု မေးမြန်းတော်မူလတ်ပါသည်။

မှန်ပါသည့်အကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် ဧဝမေဝခွါဟံ ဘိက္ခဝေ ကဗဠီကာရော အာဟာရော ဒဋ္ဌဗ္ဗောတိ ဝဒါမိ အစရှိသည်ဖြင့်——

ချစ်သားရဟန်းတို့....ကဗဠီကာရ အာဟာရ အမည်ရသည့် ဆွမ်းခဲဖွယ်ဘောဇဉ်ကို ဤဆိုအပ်ပြီးသော မိခင် ဘခင် နှစ်ဦးတို့၏ ချစ်နှစ်သက်ဖွယ်ကောင်းလှသော စိတ်နှလုံးကို ပွါးစေတတ်သည့် တယောက်တည်းသောသား

၏ အသားလျှင် တူသော ဥပမာရှိ၏ ဟူ၍ ဤကဗဠီကာရ အာဟာရ အမည်ရသော ဆွမ်း ခဲဖွယ် ဘောဇဉ်ကို သား၏ အသားကို စားသော မိဘတို့ပမာ တဏှာလည်း မဖက် မခွေရလည်း မဖက်ဘဲ အမြဲတစေ သံသရာဝဋ်ဒုက္ခ ခရီးခဲမှ လွှတ်မြောက်ရန် ရည်သန်၍ ပစ္စဝေက္ခဏာဉာဏ် အဖန်ဖန် ဆင်ခြင်သုံးသပ်ပြီးမှ စားကြကုန် ဟူ၍ ငါဘုရား ဟောဆိုလိုပေသည်။

ချစ်သား ရဟန်းတို့....ကဗဠီကာရ အာဟာရ အပေါ်ဝယ် ဥာတပရိညာ တီရဏပရိညာ ပဟာနပရိညာ တည်းဟူသော ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြားထင်ထင် သင်ချစ်သားတို့ သိမြင်အပ်ပါမူကား အာရုံငါးပါး ကာမဂုဏ်တရားတို့၌ ဖြစ်ပွါးသော ရာဂကို သင်ချစ်သားတို့ ပိုင်းခြားအပ်ပြီး သိမြင်အပ်ပြီး ပယ်အပ်ပြီးပင် ဖြစ်ပါတော့မည်၊ ပဥ္စကာမဂုဏ်က ရာဂကို ပယ်ရှားအပ်ပြီး ပိုင်းခြားသိမြင်အပ်ပြီး ဖြစ်လတ်သော် တဖန် နောက်ထပ် ဤကာမဘုံသို့ လာရောက်ရန် ဩရမ္ဘာဂိယသံယောဇဉ် ဟူ၍ သင်ချစ်သားတို့ သန္တာန်၌ မဖြစ်ပွါးတော့ဘဲ အနာဂါမိ မဂ်ဖိုလ်သို့ သင်ချစ်သားတို့ ရောက်ကုန်လိမ့်မည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် ကဗဠီကာရ အာဟာရ အမည်ရသော ဆွမ်းခဲဖွယ် ဘောဇဉ်၌ အရိယာသာဝက ဖြစ်တော်မူကြသော ကိုယ်တော်မြတ်၏ တပည့်သား သာဝကတို့ ရှုပုံ ဆင်ခြင်ပုံ ပွါးများပုံ ပရိညာသုံးပါး လက်ကိုင်ထား၍ အနာဂါမိ မဂ်ဖိုလ်တိုင်မြောက် ရောက်အောင် ရှုကြည့်ပုံကို စိတ်ဖြာ ခွဲခြား ဤပုံအားဖြင့် ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဖဿာဟာရဿ ဒဋ္ဌဗ္ဗာကာရော ပကာသိတော။

ဝိဿဇ္ဇနာ။ ။သေယျထာပိ ဘိက္ခဝေ ဂါဝီ နိစ္စမ္မာ ကုဋ္ဋံ စေ နိဿာယ တိဋ္ဌေယျ၊ ယေ ကုဋ္ဋနိဿိတာ ပါဏာ၊ တေ နံ ခါဒေယျုံ။ ရုက္ခံ စေ နိဿာယ တိဋ္ဌေယျ။ ဥဒကံ စေ နိဿာယ တိဋ္ဌေယျ။ အာကာသံ စေ နိဿာယ တိဋ္ဌေယျ၊ ယေ အာကာသနိဿိတာ ပါဏာ၊ တေ နံ ခါဒေယျုန္တိ ဧဝမာဒိနာ ဘဂ္ဂေ တတ္ထ ဘဂဝတာ ဖဿဿ အာဟာရဿ ဒဋ္ဌဗ္ဗာကာရော ဝိတ္ထာရေတွာ ပကာသိတော။

အမေး။ ။ထို ပုတ္တမံသူပမသုတ္တန် ဒေသနာတော်မြတ်၌ သဗ္ဗညု မြတ်စွာဘုရားသခင်သည် ဖဿာဟာရ၌ ရှုမြင်အပ်သော အခြင်းအရာကို အ ဘယ်ပုံ အဘယ်နည်းဖြင့် ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သေယျထာပိ ဘိက္ခဝေ ဂါဝီ နိစ္စမ္မာ ကုဋ္ဋံ စေ နိဿာယ တိဋ္ဌေယျ၊ ယေ ကုဋ္ဋံနိဿိတာ ပါဏာ တေ နံ ခါဒေယျုံ အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ဖဿာဟာရ၌ သင်ချစ်သားတို့ ရှုရမည့် အခြင်း အရာကား လောက ဥပမာအား ဖြင့် တကိုယ်လုံး အရေခွါပြီးသော နွားမသည် အကယ်၍ နံရံကို မှီသည် ဖြစ်အံ့၊ နံရံ၌ ရှိကြသော ပိုးမွှားတို့သည် ထိုနွားမကို ကိုက်ခဲကုန်လေရာ၏။ သစ်ပင်ကို မှီလျှင်လည်း သစ်ပင်မှာရှိသော ပိုးမွှားတို့ ထိုနွားမကို ကိုက်ခဲကုန်လေရာ၏။ ရေအတွင်းသို့ သက်ဆင်းလျှင်လည်း ထိုရေ အတွင်း ထင်ရှားရှိကြသော ပိုးမွှားတိရစ္ဆာန် ငါးသတ္တဝါတို့သည် ထိုနွားမကို ကိုက်ခဲကုန်လေရာ၏။ ကောင်းကင်အပြင် ဟင်းလင်းအပြင်၌ သွားလာကျက် စား ပြန်ပါလျှင်လည်း မှက် ခြင် ယင် သိန်း စွန် ကျီးငှက် အစရှိသော ထိုထို ကောင်းကင်အရပ် ကျက်စားကြသော သတ္တဝါတို့သည် ထိုအရေခွါ၍ ထား အပ်သော နွားမကို စားသောက်ကြကုန်လေရာ၏။

ဝေမေဝ ခွါဟံ ဘိက္ခဝေ ဖဿာဟာရော ဒဋ္ဌဗ္ဗောတိ ဝဒါမိ။

ချစ်သား ရဟန်းတို့....အရေခွါ၍ ထားအပ်သော နွားမ၏ ဥပမာ အတူ သာလျှင် ငါဘုရားသည် ဖဿာဟာရကို သင်ချစ်သားတို့သည် ရှုရမည် ဆင်ခြင်ရမည် ဟူ၍ ဟောကြားအပ်ပေသည်။

ချစ်သား ရဟန်းတို့...ဖဿာဟာရ ထင်ရှားရှိခဲ့လျှင် ဝေဒနာခြောက်မျိုး တည်းဟူသော အကိုက်အခဲ ခံရလိမ့်မည်။

ချစ်သား ရဟန်းတို့....ဖဿာဟာရအပေါ်ဝယ် ဉာတပရိညာ တီရဏ ပရိညာ ပဟာနပရိညာ တည်းဟူသော ပရိညာ သုံးပါးတို့ဖြင့်ပိုင်းခြားထင်ထင် သိမြင်အောင် သင်ချစ်သားတို့ ကြိုးစား အားထုတ်ကြကုန်လော့။

ဖဿတရား၊ ထိုဖဿတရားနှင့် ယှဉ်ဖော် ယှဉ်ဘက် သမ္ပယုတ်တရား တို့သည်ကား နာမ်တရားတို့တည်း၊ ထိုနာမ်တရားတို့၏ မှီရာဖြစ်သော တရား အစုသည်ကား ရုပ်တရားတည်း၊ ထိုနာမ် ထိုရုပ်တရားတို့သည် ပဋိစ္စသမုပ္ပါဒ်

နည်းလမ်းအတိုင်း အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့ကြောင့် ဖြစ်ပွါးပါ တကား ဟု အကြောင်းနှင့် တကွသော ရုပ်နာမ်ကို သိအောင် ဉာတပရိညာဖြင့် ပွါးများကြပါကုန်။

ဉာတပရိညာဖြင့် ဖဿာဟာရကို အခြေခံ၍ ရုပ်နာမ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ပြီးသည့်နောက် ထိုဖဿာဟာရ အမှုးရှိသော ရုပ်နာမ်ဓမ္မတို့ကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ် တင်၍ အနုပဿနာဉာဏ် ဆယ်ပါး ဝိပဿနာဉာဏ် ဆယ်ပါးတို့ဖြင့် ပွါးများအားထုတ်ခြင်းတည်းဟူသော တီရဏ ပရိညာ။

မဂ်ဖိုလ်ဘိုင်မြောက် ရောက်လတ်သောအခါ တဏှာကို ပယ်စွန့်ခြင်းတည်းဟူသော ပဟာနပရိညာအားဖြင့် ဖဿတရား ဖဿာဟာရဝယ် သင်ချစ်သားတို့ ပရိညာ သုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်အပ် ပယ်ရှားအပ်ပြီးလတ်သည်ရှိသော် ဝေဒနာသုံးပါး ကိုက်ခဲမှု တရားအစုကိုလည်း သင်ချစ်သားတို့ သိမြင်အပ်ပြီး ဖြစ်ပါတော့သည်၊ ဝေဒနာသုံးပါးအစုကို ဉာတ တီရဏ ပဟာနတည်းဟူသော ပရိညာ သုံးပါးတို့ဖြင့် ပိုင်းခြားစွာ သိမြင်အပ် ပယ်အပ်ပြီးလတ်သည်ရှိသော် အရိယာ ဖြစ်သော ငါဘုရား၏ တပည့်သားသာဝကအား ထို့ထက် အလွန် ပြုလုပ်ရန်ကိစ္စ အရဟတ္တဖိုလ်ရောက်ပြီ ဖြစ်၍ မရှိတော့ ဟူ၍ပင်လျှင် ငါဘုရားသည် ဟောကြားသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဖဿာဟာရ အမည်ရသော တရား၌ အရိယာသာဝကတို့ အရဟတ္တဖိုလ်တိုင် ပေါက်ရောက်အောင် ပရိညာသုံးပါး ပေါက်မြောက်အောင် ရှုရပုံ ဆင်ခြင်ရပုံ အခြင်းအရာကို ဤပုံ ဤပန်းအားဖြင့် ခွဲခြမ်းစိတ်ဖြာ ပြသနတော်မူအပ်ပါသည် ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ မနောသဉ္စေတနာဟာရဿ ဒဋ္ဌဗ္ဗာကာရော ပကာသိတော။

ဝိဿဇ္ဇနာ။ ။သေယျထာပိ ဘိက္ခဝေ အင်္ဂါရကာသု သာဓိကပေါရိသာ ပုဏ္ဏာ အင်္ဂါရာနံ ဝီတစ္စိကာနံ ဝီတဓူမာနံ။ အထ ပုရိသော အာဂစ္ဆေယျ ဇီဝိတုကာမော အမရိတုကာမော သုခကာမော ဒုက္ခပ္ပဋိကူလောတိ ဧဝမာဒိနာ ဘန္တေ တတ္ထ ဘဂဝတာ မနောသဉ္စေတနာဟာရဿ ဒဋ္ဌဗ္ဗာကာရော ဝိတ္ထာရေန ပကာသိတော။

အမေး။ ။ထိုပုတ္တမံသူပမသုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် မနောသဉ္စေတနာဟာရ၌ ရှုမြင်အပ်သော အခြင်းအရာကို ဘယ်ပုံ ဘယ်နည်းဖြင့် ဝေဘန်၍ ဟောတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သေယျထာပိ ဘိက္ခဝေ အင်္ဂါရကာသု သာဓိကပေါရိသာ ပုဏ္ဏာ အင်္ဂါရာနံ ဝီတစ္စိကာနံ ဝီတဓူမာနံ၊ အထ ပုရိသော အာဂစ္ဆေယျ ဇီဝိတုကာမော အမရိတုကာမော သုခကာမော ဒုက္ခပ္ပဋိကူလော အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့...မနောသဉ္စေတနာဟာရ၌ သင်ချစ်သားတို့ ရှုဆင်ခြင်ရမည့် အခြင်းအရာသော်ကား လောက ဥပမာအားဖြင့် တသူ(၅-တောင်) မျှ အစောက်နက်သော အခိုး အလျှံကင်းသည့် မီးကျီးတွင်းကြီး တခု ရှိသည်ဆိုပါစို့၊ ထိုမီးကျီးတွင်းနှင့် မနီးမဝေးအရပ်သို့ အသက်ရှည်လို မသေလိုသည့် ဆင်းရဲကို စက်ဆုပ်၍ ချမ်းသာကို လိုလားသော ယောကျ်ား တယောက် ရောက်လာသည် ဆိုပါစို့။

ထိုယောကျ်ားကို အားကောင်း မောင်းသန် ရန်သူ ယောကျ်ား နှစ်ဦးသားတို့က ထိုမီးကျီးတွင်းသို့ ရှေးရှုဆွဲဆောင် ငင်ယူကြသောအခါ ထို အဆွဲအဆောင် ခံရသော ယောကျ်ား၏စိတ်၌—

"ဤမီးကျီးတွင်းသို့ ငါကျရောက်သွားပါမူ သေခြင်းသို့သော်မူလည်း ရောက်နိုင်၏၊ မသေသော်မူလည်း သေသည်တမျှ ဆင်းရဲဒုက္ခသို့ ရောက်နိုင်၏ ဟု ကျရောက်မည့်ဘေးကို တွေးတောဆင်ခြင် ကြောက်စိတ်ဝင်သောကြောင့် ထိုယောကျ်ား၏ လှုံ့ဆော်တိုက်တွန်းမှု စေတနာ, တောင့်တမှု ပတ္ထနာ, စိတ်ထားမှု ပဏိဓိတို့သည်ကား ထိုမီးကျီးတွင်းမှ စဉ်းစား ဆင်ခြင်တိုင်း ဝေးကွာလှသကဲ့သို့—

ဧဝမေဝခွါဟံ ဘိက္ခဝေ မနောသဉ္စေတနာဟာရော ဒဋ္ဌဗ္ဗောတိ ဝဒါမိ။ ချစ်သားရဟန်းတို့...ဤနည်းအတူပင်လျှင် ကုသိုလ်အကုသိုလ်ကံ နှစ်ဖြာသော မနောသဉ္စေတနာဟာရကို တေဘူမက မီးပုံမီးကျီးတွင်းကြီး သုံးခုအတွင်းသို့ သက်ဆင်းကျရောက်အောင် ဆွဲဆောင်ငင်ယူတတ်သည့် ရန်သူယောကျ်ား နှစ်ဦးအနေ သင်ချစ်သားတို့ ရှုဆင်ခြင်ရမည် ဟု ငါဘုရားဟောဆိုတော်မူ၏။

သို့ရကား သင်ချစ်သားတို့သည် မနောသဉ္စေတနာဟာရ၌ (ရှေးဖသော ဟာရနည်းတူ) ပရိညာသုံးပါး ပိုင်နိုင်အောင် ပွါးများအားထုတ်ရမည်၊

မနောသဉ္စေတနာဟာရ၌ ပရိညာသုံးပါး သင်ချစ်သားတို့ ပိုင်နိုင်လျှင် ထို မနောသဉ္စေတနာဟာရ၏ အကြောင်းရင်းဖြစ်သော ကာမတဏှာ ဘဝ-တဏှာ ဝိဘဝတဏှာ ဤတဏှာသုံးပါးကိုလည်း ပရိညာသုံးပါး သင်ချစ်သား သားတို့ ပိုင်နိုင်ပြီး သိမြင်အပ်ပြီး ပယ်အပ်ပြီးပင်ဖြစ်လိမ့်မည်၊ ထိုသို့ တဏှာ သုံးပါးကို ပရိညာသုံးပါးဖြင့် ပိုင်နိုင်ပြီး သိမြင်အပ်ပြီး ပယ်အပ်ပြီး ဖြစ်လတ် သည်ရှိသော် အရဟတ္တဖိုလ်ပေါက် ရဟန်းကိစ္စ ပြီးမြောက်ပြီဖြစ်သောကြောင့် ထိုမှ အထက်၌ တစုံတခု ပြုရန်မရှိတော့ပြီဟူ၍ ငါဘုရားဟောဆို၏ ဟု— ကုသိုလ်အကုသိုလ်ကံ စေတနာတည်းဟူသော မနောသဉ္စေတနာဟာရ၌ အရ-ဟတ္တဖိုလ်ဘိုင် ရောက်အောင် ပရိညာသုံးပါး လက်ကိုင်ထား၍ ပွါးများရှု ဆင်ခြင်ပုံ အခြင်းအရာကို သဗ္ဗညုမြတ်စွာဘုရား အကျယ်တဝင့် ဖွင့်ပြဟော ကြား တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ဝိညာဏာဟာရဿ ဒဋ္ဌဗ္ဗာ-ကာရော ပကာသိတော။

ဝိဿဇ္ဇနာ။ ။သေယျထာပိ ဘိက္ခဝေ စောရံ အာဂုစာရိံ ဂဟေတွာ ရညော ဒဿေယျုံ "အယံ တေ ဒေဝစောရော အာဂုစာရီ၊ ဣမဿ ယံ ဣစ္ဆသိ၊ တံ ဒဏ္ဍံ ပဏေဟိ"တိ ဧဝမာဒိနာ ဘဂ္ဂေ တတ္ထ ဘဂဝတာ ဝိညာဏာဟာရဿ ဒဋ္ဌဗ္ဗာကာရော ပကာသိတော။

အမေး။ ။ထိုသုတ္တန်သုပမ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာ ဘုရားသခင်သည် ဝိညာဏာဟာရ၌ ရှုမြင်အပ်သော အခြင်းအရာကို အဘယ် ပုံ အဘယ်နည်းဖြင့် ဝေဘန်၍ ဟောပြတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထိုသုတ္တန်သုပမ သုတ္တန်ဒေသနာတော်မြတ်၌ သဗ္ဗညုမြတ်စွာ ဘုရားသည် သေယျထာပိ ဘိက္ခဝေ စောရံ အာဂုစာရိံ ဂဟေတွာ ရညော ဒဿေယျုံ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့ ဝိညာဏာဟာရ အပေါ်၌ ရှုမြင်ရမည့် အခြင်း အရာကား လောကဥပမာအားဖြင့် ရာဇဝတ်မှုကို ပြုကျင့်ကျူးလွန်သော ခိုးသားကို ဖမ်းယူပြီးလျှင် "အိုအရှင်မင်းကြီး....ဤသူသည်ကား အရှင်မင်းကြီး

၏ နိုင်ငံဝယ် ရာဇဝတ်မှုကို ကျူးလွန်သော ခိုးသားပါတည်း၊ အလိုရှိရာ ဒဏ် ထားတော်မူပါ" ဟု မင်းချင်းတို့သည် ပို့ဆောင်ကြကုန်ရာ၏။

ထိုအခါ မင်းသည် "အိုအမောင်တို့....ဤခိုးသားကို နံက်အခါဝယ် လှံမ တရာတို့ဖြင့် ထိုးဆွကြကုန်" ဟူ၍ မိန့်ကြားရာ၏၊ မင်း၏အမိန့်အတိုင်း မင်းချင်းယောကျ်ားတို့သည် ထိုခိုးသားကို နံက်အခါ တရာအတိုင်း အရှည် ရှိသော လှံမတို့ဖြင့် ထိုးဆွကုန်သည်ဖြစ်ရာ၏။

တဖန် နေမွန်းတည့်အချိန်ဝယ် "အိုအမောင်တို့....ထိုခိုးသားသည် ဘယ် ပုံဘယ်ပန်း နေသနည်း" ဟု မေးမြန်းသောအခါ ပကတိနဂိုရ်အတိုင်း တည်ပါ ကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် သို့တပြီးကား အမောင်တို့ ထိုခိုးသားကို မွန်းတည့်အချိန်၌ တရာသောလှံမတို့ဖြင့် ထိုးဆွကြကုန် ဟူ၍ မိန့်ကြားလေရာ၏၊ မင်း၏အမိန့်အတိုင်း မင်းချင်းယောကျ်ားတို့သည် ထို ခိုးသားကို နေ့လည်အခါ မွန်းတည့်အခါဝယ် လှံမတရာတို့ဖြင့် ထိုးဆွကြကုန် လေရာ၏။

ညနေချမ်းသို့ ရောက်သောအခါဝယ် တဖန် မင်းသည် ဤသို့မေးမြန်း လေရာ၏၊ "အမောင်တို့....ထိုခိုးသားသည် ဘယ်ပုံဘယ်ပန်း နေသနည်း"ဟု မေးမြန်းလတ်သည်ရှိသော် ရှေးနည်းအတိုင်းပင် အသက်ရှင်၍နေပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် "အိုအမောင်တို့....သို့တပြီးကား ထိုခိုး သားကို ယခုညချမ်းအခါ၌ အရာသောလှံမတို့ဖြင့် ထိုးကုန်ဆွကုန်" ဟူ၍ မင်း အမိန့်မှတ်သားလေရာ၏၊ မင်းချင်းယောကျ်ားတို့သည် မင်းအမိန့်အတိုင်း ညချမ်းအခါဝယ် ထိုခိုးသူယောကျ်ားအား အရာသော လှံမတို့ဖြင့် ထိုးဆွ ကုန်လေရာ၏။

ချစ်သား ရဟန်းတို့....စင်စစ်လျှင် ထိုခိုးသူယောကျ်ားသည် သုံးရာအတိုင်း အရှည်ရှိသော လှံမတို့ဖြင့် ထိုးဆွအပ်သည် ဖြစ်ရကား ထိုထိုးဆွမှု ဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာယာခြင်း တည်းဟူသော ဒုက္ခ ဒေါမနဿကို ခံစားရာသည် မဟုတ်လော ဟု မေးမြန်းတော်မူပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တချက်သော တခု သော လှံမဖြင့်ပင်လျှင် ထိုခိုးသားယောကျ်ားသည် ကြီးစွာသော ဆင်းရဲဒုက္ခ ကို ခံစားရပါမည်၊ သုံးရာအတိုင်းအရှည်ရှိသော လှံမတို့ဖြင့် ထိုးဆွအပ်သည်

ဖြစ်ပါမူကား အဘယ်မှာလျှင် ဆိုဘွယ်ရှိပါအံ့နည်း ဟု ပြန်ပြောင်း လျှောက်ထားကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဧဝမေဝ ခွါဟံ ဘိက္ခဝေ ဝိညာဏာဟာရေ ဒဋ္ဌဗ္ဗောတိ ဝဒါမိ အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ပဋိသန္ဓေ ဝိညာဉ် တည်းဟူသော ဝိညာဏာဟာရကို ဤလှံ့မသုံးရာ အတူပင်လျှင် ရှုမြင်ရမည် ဆင်ခြင်ရမည် ဟူ၍ ငါဘုရား ဟောကြားပါသည်။

ချစ်သား ရဟန်းတို့....ထို လှံ့မသုံးရာဖြင့် ထိုးဆွခြင်း ဟူသော အကြောင်းကြောင့် ထို ခိုးသားယောကျ်ားအား သည်းထန်စွာသော ဒုက္ခ ဒေါမနဿ ဝေဒနာတို့ ဖြစ်ဘိသကဲ့သို့ ထိုအတူ ကာမ ရူပ အရူပ တည်းဟူသော ဘဝ သုံးပါးတို့ဝယ် ပဋိသန္ဓေ ဝိညာဉ်တည်းဟူသော ဝိညာဏာဟာရ ထင်ရှား ဖြစ်ခြင်းကြောင့် ထိုဝိညာဏာဟာရကို အခြေခံ၍ ပဝတ္တိအခါဝယ် ဒုက္ခ ဒေါမနဿ အမျိုးမျိုး လူရော နတ်ပါ သတ္တဝါတို့သည် ခံစားကြရကုန်သည်။

ချစ်သား ရဟန်းတို့....သို့ရကား ဝိညာဏာဟာရသည် ဒုက္ခ အမျိုးမျိုး ခံစားကြရခြင်း၏ အကြောင်းရင်းပင် ဖြစ်ပေတော့သည်၊ သို့ဖြစ်သောကြောင့် ထိုဝိညာဏာဟာရဝယ် ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ တည်းဟူသော ပရိညာ သုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်အောင် ပယ်ရှားနိုင်အောင် သင်ချစ်သားတို့ ပွါးများကြိုးကုတ် အားထုတ်ကြလေကုန်။

ဝိညာဏာဟာရ ခေါ်သော ပဋိသန္ဓေဝိညာဉ် အပေါ်ဝယ် ပရိညာ သုံးပါး သင်ချစ်သားတို့ ပိုင်းခြားထင်ထင် သိမြင်ပယ်ရှားနိုင်ခဲ့လတ်သည်ရှိသော် ထိုဝိညာဏာဟာရ ရှိပါမှ နာမ်ရုပ်တရားတို့ ဖြစ်နိုင်သည်၊ ဝိညာဏာဟာရကို ပရိညာ သုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်လတ်သည်ရှိသော် ထို ဝိညာဏာဟာရနှင့် သဟဇာတ ဖြစ်သော နာမ်ရုပ်တရား နှစ်ပါးတို့ကိုလည်း ပရိညာသုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်လတ်တော့မည်။

ထိုအခါ သင်ချစ်သားတို့သည် ခန္ဓာငါးပါး ရုပ်နာမ်တရား အစုကိုပင်လျှင် ဉာတ တီရဏ ပဟာနပရိညာ တည်းဟူသော ပရိညာ သုံးပါးဖြင့် အရဟတ္တဖိုလ်ပေါက် သင်ချစ်သားတို့ ရောက်ကြပြီး ဖြစ်သောကြောင့် ထို့ထက်

အလွန် ပြုလုပ်ရန် ကိစ္စ မရှိတော့ပြီ ဟူ၍ ငါဘုရား ဟောကြားသည် ဖြစ်ကြောင်း။

ဤသို့လျှင် ဤပုတ္တမံသူပမသုတ္တန် ဒေသနာတော်မြတ်၌ ပဋိသန္ဓေဝိညာဉ် တည်းဟူသော ဝိညာဏာဟာရ အံပေါ်ဝယ် ဉာတ တီရဏ ပဟာန ပရိညာ သုံးပါးတို့ဖြင့် အရဟတ္တဖိုလ်ပေါက် တပည့်သားသာဝကတို့ ပြုပုံဆင်ခြင်ပုံ မြင်ရမည့် အခြင်းအရာ ဥဿုံ အလုံးစုံကို သဗ္ဗညုမြတ်စွာဘုရား စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

ပုတ္တမံသူပမသုတ် ပြီး၏

---

## သုသိမပရိဗ္ဗာဇကသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန သုသိမပရိဗ္ဗာဇက သုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိသဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အာယသ္မန္တံ သုသိမံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ သုသိမော ယာဝတကော ဘိက္ခူဟိ သဒ္ဓိံ အဟောသိ ကထာသလ္လာပေါ၊ တံ သဗ္ဗံ ဘဂဝတော အာရောစေသိ။ တသ္မိံ ဝတ္ထုသ္မိံ "ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏ"န္တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် သုသိမပရိဗ္ဗာဇက သုတ္တန် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်ဝယ် အရှင်သုသိမကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်း အရပ်ဝယ် ကိန်းအောင်းမွေလျော် နေတော်မူလတ်သောအခါ ဘုရားအမှူး ရှိသော

သံဃာတော်သည် နတ်လူပြဟ္မာ သတ္တဝါတို့၏ အရိုအသေပြုခြင်း ပူဇော်ခြင်း အလေးအမြတ်ပြုခြင်း ရှိခိုးခြင်း မြတ်နိုးခြင်း ရိုသေခြင်း တုပ်ဝပ်ခြင်းကို ခံယူရပါသည်။

ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါးသော ပစ္စည်းတို့ ရလွယ်လျက် ရှိပါသည်၊ သာသနာပြင်မှ အညတိတ္ထိယ ပုဂ္ဂိုလ်တို့မှာကား အရိုအသေအပြုမခံရ အလေးအမြတ်အပြုမခံရ အမြတ်အနိုးအပြုမခံရ အပူဇော်မခံရဘဲ ရှိကြပါသည်။

ထိုအခါ သုသိမပရိဗိုဇ်သည် များစွာသော ပရိဗိုဇ် ပရိသတ် အပေါင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်၌ နေထိုင်ဆဲ ဖြစ်ပါသည်၊ သုသိမ၏ အခြံအရံ ဖြစ်သော ပရိဗိုဇ်တို့က ဟေ့ တို့ အာဝုသော သုသိမ သမဏေ ဂေါတမေ ဗြဟ္မစရိယံ စရ အစရှိသည်ဖြင့်—

"ငါ့ရှင် သုသိမ....သွားပါချေ ရဟန်းကြီးဂေါတမ အထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးပါ ရဟန်းကြီး ဂေါတမ အထံ၌ ပရိယတ္တိတရားကို သင်ကြားခဲ့ပါ၊ ပရိယတ္တိတရားကို သင်အပ်ပြီးသည်ရှိသော် ငါတို့သည် သင်၏ အထံ၌ တရားကို သင်ကြားပြီးလျှင် အလုပ်အကျွေး ဒါယကာတို့အား ဟောကြားပါကုန်အံ့၊ ဤနည်းဖြင့် ငါတို့သည်လည်း များစွာသော လူဒါယကာတို့၏ အရိုအသေပြုခြင်း အလေးအမြတ်ပြုခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း ကော်ရော်ခြင်းကို ရရှိကြပါကုန်မည်" ဟု တိုက်တွန်းပြောကြားကြသောအခါ သုသိမ ပရိဗိုဇ်သည်လည်း ကောင်းပါပြီ ဟု ဝန်ခံ၍ အရှင်အာနန္ဒာ မထေရ်သူမြတ် ထံသို့ သွားရောက်ပြီးလျှင် ဣစ္ဆာမဟံ အာဝုသော အာနန္ဒ ဣမသ္မိံ ဓမ္မဝိနယေ ဗြဟ္မစရိယံ စရိတုံ "ငါ့သျှင် အာနန္ဒာ....ငါသည်ကား ဤတရားသဖြင့် ဆုံးမရာ မြတ်စွာဘုရား သာသနာ၌ ရှင်ရဟန်းပြုလိုပါသည်" ဟု ပြောဆို တောင်းပန်ခဲ့ပါသည်။

ထိုအခါ အရှင်အာနန္ဒာသည် ထိုသုသိမပရိဗိုဇ်ကို ဘုရားထံမှောက် ခေါ်ဆောင်သွား၍ "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဤသုသိမ ပရိဗိုဇ်သည် ဤသာသနာတော်၌ ရဟန်းပြုလိုပါကြောင်း တောင်းပန် လျှောက်ထားပါသည်"ဟု သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားသော အခါ—

တေနဟာနန္ဒ သုသိမံ ပဗ္ဗာဇေထ——ချစ်သား အာနန္ဒာ....သို့တပြီးကား သုသိမပရိဗိုဇ်ကို ရဟန်းပြုလော့ ဟူ၍ သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူလတ်ပါသည်၊ သုသိမ ပရိဗိုဇ်သည် မြတ်စွာဘုရား သာသနာ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရရှိခဲ့ပါတော့သည်။

ထိုသို့ သုသိမပရိဗိုဇ် ဤသာသနာတော်အတွင်းသို့ ဝင်ရောက်၍ ရဟန်းအဖြစ်နှင့် နေထိုင်ဆဲအခါ ဝါကျွတ်သော ကာလဝယ် ထိုထိုအရပ်မျက်နှာတို့၌ သီတင်းသုံးကြသော ရဟန်းတော်အရှင်မြတ်တို့သည် ဘုရားထံမှောက် လာရောက်ကြပြီးလျှင် ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ အစရှိသည်ဖြင့် မိမိတို့သည် ရဟန်းကိစ္စ ပြီးစီးပါကြောင်း ရဟန္တာစင်စစ် ဖြစ်မြောက်ကြပါကြောင်း လျှောက်ထားသည်ကို သုသိမအရှင်သူမြတ် ကြားလတ်သည်ရှိသော် ထို ရဟန္တာအဖြစ် ဝန်ခံသော အရှင်သူမြတ်ဘို့ထံမှောက် သွားရောက်၍ "အရှင်တို့သည် ဘုရားထံမှောက်၌ ရဟန္တာအဖြစ်ကို ဝန်ခံကြပါကုန်သလော" ဟု မေးမြန်းလျှောက်ထားပါသည်။

ဧဝမာဝုသော——ဝန်ခံပါကြောင်း ရဟန်းတော်အရှင်မြတ်တို့ ပြန်ပြောင်း ပြောဆိုသည်တွင် အပိ ပန တုမှေ့ အာယသ္မန္တော ဧဝံ ဇာနန္တော ဧဝံ ပဿန္တော အနေကဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောထ အစရှိသည်ဖြင့်——

အရှင်ဘုရားတို့သည် ဤသို့ အရဟတ္တဖိုလ်ရောက်၍ ဟု သိတော်မူ မြင်တော်မူကြလျှင် ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်ပါကုန်သလော ဟု မေးမြန်းသောအခါ "ငါတို့သည် ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် တန်ခိုးအမျိုးမျိုးမဖန်ဆင်းနိုင်ကြောင်း" ပြန်ပြောင်း၍ မိန့်ကြားတော်မူကြပါသည်။

ဤနည်းအတူပင်လျှင် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် လူ၌ဖြစ် နတ်၌ဖြစ်သော အသံ, အနီးအဝေး၌ ဖြစ်သော အသံ အမျိုးမျိုးကို ကြားကြပါသလော၊ စေတော ပရိယ အဘိညာဉ်ဖြင့် သူတပါးတို့၏ စိတ်အကြံကို သိနိုင်ပါသလော၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ သိမြင်နိုင်ကြပါကုန်သလော၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် နတ်၌ဖြစ်သော ရုပ်ရုံ ဝေးခြားသော အရပ်၌တည်သော ရုပ်ရုံတို့ကို မြင်ကြပါသလော၊ အရူပဈာန်တို့ကို အရှင်တို့သည် ဝင်စား၍ နေကြပါသလော ဟု

မေးမြန်းသော အခါ အရူပသမာပတ်ချာန်တို့ကိုလည်း ငါတို့ မဝင်စားကြ ကြောင်း ပြန်ပြောင်းမိန့်ကြားတော်မူကြပါသည်။

ထိုအခါ အရှင်သုသိမသည် အရှင်ဘုရားတို့သည် ရဟန္တာ ဟူ၍ လည်း ဝန်ခံတော်မူကြကုန်၏၊ ဤဆိုအပ်ပြီးသော အဘိညာဉ် ငါးပါး သမာပတ် တရားတို့ကိုလည်း အရှင်ဘုရားတို့ မဝင်စားနိုင်၊ ဤအရာဝယ် တပည့်တော် တို့သည် အဘယ်သို့ မှတ်ရာကုန်အံ့နည်း ဟု တဖန်ပြန်ကြားမေးမြန်းလျှောက် ထားသည်တွင်——

ပညာဝိမုတ္တာ ခေါ မယံ အာဝုသော သုသိမ–ငါ့ရှင်သုသိမ....ငါတို့သည် ကား ဈာန်သမာပတ် အဘိညာဉ်မဖက် သက်သက် ဝိပဿနာဉာဏ်ပညာဖြင့် ကိလေသာအာသဝေါ ကုန်ခန်းလွန်မြောက်သည့် ရဟန္တာစင်စစ် ပညာဝိမုတ္တ ပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်သည် ဟု ပြန်ပြောင်း မိန့်ကြားတော်မူကြပါကုန်သည်။

ထိုအခါ အရှင်သုသိမသည် အရှင်ဘုရားတို့ ယခုမိန့်ကြားသော ပညာ ဝိမုတ္တဆိုသော စကား၏ အဓိပ္ပါယ်ကို တပည့်တော် နားမလည်နိုင်ပါ၊ ပညာ ဝိမုတ္တဖြစ်ပုံကို အကျယ်တဝင့် ဟောကြားပါမည့်အကြောင်း တောင်းပန် လျှောက်ထားသော်လည်း——

ငါ့ရှင်သုသိမ....သင်သည် သိသည်ဖြစ်စေ မသိသည်ဖြစ်စေ စင်စစ်တမူ ငါတို့သည်ကား ပညာဝိမုတ္တပုဂ္ဂိုလ်တို့သာလျှင် ဖြစ်ကုန်သည် ဟူ၍ ပြန်ကြား မိန့်ဆိုတော်မူကြပါသည်။

ထိုအခါ အရှင်သုသိမ မထေရ်သည် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ ထိုရဟန်းတော်တို့နှင့် မိမိ၏ ဖြစ်ပွါးခဲ့သမျှသော စကားနှီး နှောပြောဆိုပုံ အကြောင်းအရာအလုံးစုံကို သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ အစရှိသည်ဖြင့်——

ချစ်သား သုသိမ....ရှေးအဘို့ဝယ် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပုံ တည် နေပုံကို သိမြင်သော ဓမ္မဋ္ဌိတိအမည်ရသော ဝိပဿနာဉာဏ်ဖြစ်သည်၊ ဝိပဿနာဉာဏ်၏ နောက်ကာလမှာမှ နိဗ္ဗာန်တည်း ဟူသော အာရုံကို သိမြင်

သော မဂ်ဉာဏ်ဖြစ်သည် ဟု မိန့်ကြားတော်မူလတ်သည်တွင် ဤဓမ္မဋ္ဌိတိဉာဏ်နှင့် နိဗ္ဗာန်ကိုသိသော မဂ်ဉာဏ်တို့ ရှေ့နောက်ဖြစ်သည် ဟူသော စကားကို ဘုရားတပည့်တော် နားမလည်နိုင်အောင်ပင် ရှိပါတော့သည်၊ အကျယ်တဝင့် ဟောကြားတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထိုအခါသဗ္ဗညုမြတ်စွာဘုရားသည် သင်ချစ်သား မသိစေကာမူ သဘာဝဓမ္မတို့၏ ဖြစ်ရိုးဖြစ်စဉ်အားဖြင့် ရှေးဦးစွာ ဓမ္မဋ္ဌိတိ အမည်ရသော ဝိပဿနာဉာဏ်ဖြစ်သည်၊ ထိုနောင်မှ နိဗ္ဗာန်ကို အာရုံပြုသည့် မဂ်ဉာဏ်ဖြစ်သည် ဟု အကျဉ်းချုပ်ဟောပြပြီးလျှင် တေပရိဝဋ္ဋဓမ္မဒေသနာ အမည်ရသော တံ ကိံ မညတိ သုသိမ၊ ရူပံ နိစ္စံဝါ အနိစ္စံဝါတိ အစရှိသည်ဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာဉာဏ်တို့ကို မေးမြန်းတော်မူပါသည်။

အနိစ္စ ဒုက္ခ အနတ္တဖြစ်ကြောင်း အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ ဝိပဿနာရှုပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် တသ္မာတိဟ သုသိမ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အစရှိသည်ဖြင့်——

သို့ရကား ချစ်သားသုသိမ.... ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ နေတံ မမ၊နေသောဟ မသ္မိ၊န မေ သော အတ္တာ ဟူ၍ ယထာဘူတ နေရာကျ ရှုမြင်ရမည်၊ ဤသို့ရှုမြင်လျှင် အရဟတ္တဖိုလ်တိုင်ပေါက် အကျိုးရရောက်နိုင်မည် ဟု သဗ္ဗညုဘုရား မိန့်ကြားတော်မူခဲ့ပါသည်။

ဤသို့ တေပရိဝဋ္ဋဓမ္မဒေသနာတော်၏ အဆုံးဝယ် အရှင်သုသိမ မထေရ်သူမြတ်သည် တရားနာစဉ်ပင်လျှင် ဒေသနာတော်ကို အစဉ်လျှောက်၍ ဝိပဿနာဉာဏ် သုံးသပ် ဆင်ခြင်ခဲ့သဖြင့် ဒေသနာ၏ အဆုံးဝယ် အရဟတ္တဖိုလ်သို့ ရောက်တော်မူခဲ့ပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ အစရှိသည်ဖြင့် အရဟတ္တဖိုလ်တိုင်မြောက်အောင် အရှင်သုသိမ မထေရ်ကို ရောက်စေတော်မူလျက် လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် ဤသုသိမ ပရိဗ္ဗာဇက သုတ္တန် ဒေသနာတော်မြတ်ကို စိတ်ဖြာခွဲခြားဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝါ အာယသ္မတော သုသိမဿ ရှိ သမ္မတိအရဟတ္တပတ္တဿ အနုယောဂဝသေန ပဋိပုစ္ဆိတွာ ပဋိပုစ္ဆိတွာ ဥတ္တရိ ဓမ္မဒေသနံ ဝိတ္ထာရေတွာ ဒေသေသိ။

ဝိဿဇ္ဇနာ။ ။ဇာတိပစ္စယာ ဇရာမရဏန္တိ သုသိမ ပဿသီတိ။ ဧဝံ ဘန္တေ။ ဘဝပစ္စယာ ဇာတီတိ သုသိမ ပဿသီတိ။ ဧဝံ ဘန္တေတိ ဧဝမာဒိနာ ဘန္တေ ဘဂဝါ တတ္ထ အာယသ္မတော သုသိမဿ သမ္မတိအရဟတ္တပတ္တဿ ဥတ္တရိပိ အနုယောဂဝသေန ပဋိပုစ္ဆိတွာ ပဋိပုစ္ဆိတွာ ဝိတ္ထာရတော ဓမ္မံ ဒေသေသိ။

အမေး။ ။ထိုသုသိမ ပရိဗ္ဗာဇကသုတ္တန်တရားဒေသနာမြတ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် ငါ့ရှင် ဖြေဆိုသည့်အတိုင်းပင် အရှင်သုသိမအား အရဟတ္တဖိုလ်သို့ ရောက်သည့်တိုင်အောင် ဟောကြားတော်မူပြီးသည့် နောက်၌ အရဟတ္တဖိုလ် ရဟန္တာအဖြစ်သို့ ရောက်ပြီးခါစဖြစ်သော အရှင်သုသိမ မထေရ်အား မေးစစ်သည့် အလိုအားဖြင့် ပြန်၍ မေးကာ မေးကာ ထိုတရားဒေသနာတော်ကို အဘယ်သို့လျှင် အကျယ်ချဲ့၍ ဟောကြားတော်မူခဲ့ပြန်ပါသနည်း ငါ့ရှင်....။

အဖြေ။ ။ထိုသို့ အရှင်သုသိမ မထေရ် အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးလတ်သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးစ ရဟန္တာဖြစ်တော်မူပြီးစဖြစ်သော အရှင်သုသိမ မထေရ်သူမြတ်အား သဗ္ဗညုမြတ်စွာဘုရားသည် ဇာတိပစ္စယာ ဇရာမရဏန္တိ သုသိမ ပဿသိ အစရှိသည်ဖြင့် ချစ်သား သုသိမ.... ဇာတိဟူသောကြောင်းကြောင့် ဇရာမရဏဖြစ်သည် ဟူ၍ သင်ချစ်သား ရှုပါ၏လော ဟု မေးမြန်းတော်မူပါသည်။

ရှုပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် ဘဝပစ္စယာ ဇာတီတိ ပဿသိ အစရှိသည်ဖြင့်၊ ချစ်သားသုသိမ.... ဘဝ ဟူသော အကြောင်းကြောင့် ဇာတိဖြစ်သည် ဟူ၍ကော ရှုပါ၏လော ဟု မေးမြန်းတော်မူပါသည် ရှုပါကြောင်းပြန်ပြောင်းလျှောက်ထားသည်တွင် ပဋိလောမနောက်ပြန်အားဖြင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါဆဲ့နှစ်ရပ်အပြည့်အစုံပင်လျှင် ချစ်သားသုသိမ... အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်သည်ဟူ၍ သင်ချစ်သား ရှုပါ၏လော ဟု မေးမြန်းတော်မူပါသည်။

ရှုပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် ပဌမလောမ ပဌမစ္စ သမုပ္ပါဒ်ဒေသနာ၏ အရာ၌လည်း ချစ်သားသုသိမ.... ဇာတိချုပ်ငြိမ်းခြင်းဟူသော အကြောင်းကြောင့် ဇရာမရဏချုပ်ငြိမ်း၏ဟူ၍ကော သင်ချစ်သား ရှုပါ၏လော ဟု မေးမြန်းတော်မူပါသည်။

ထိုသို့ပင်ရှုမြင်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် ဘဝချုပ်ငြိမ်းခြင်း ဟူသော အကြောင်းကြောင့် ဇာတိချုပ်ငြိမ်း၏ ဟူ၍ကော သင်ချစ်သား ရှုပါ၏လော ဟု မေးမြန်းတော်မူပါသည်၊ ထိုသို့လည်း ရှုမြင်ပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ဤနည်းအားဖြင့် အဝိဇ္ဇာချုပ်ငြိမ်းခြင်း ဟူသော အကြောင်းကြောင့် ပုညာဘိ သင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတည်းဟူသော သင်္ခါရ တရားတို့၏ ချုပ်ငြိမ်းမှုသည် ဖြစ်၏ ဟူ၍လည်း သင်ချစ်သား ရှုပါ၏ မြင်ပါ၏လော ဟု မေးမြန်းတော်မူပါသည်၊ ရှုပါကြောင်း မြင်ပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအခါသဗ္ဗညုမြတ်စွာဘုရားက အပိနု တုံ့ သုသိမ ဧဝံ ဇာနန္တော ဧဝံ ပဿန္တော အနေကဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောသိ-အစရှိသည်ဖြင့်——

သင်ချစ်သားသုသိမ.... ဤသို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာအရာဝယ် အရဟတ္တမဂ်ဉာဏ်အရောက် အရဟတ္တဖိုလ်ပေါက် ပဋိစ္စသမုပ္ပါဒ် အရာဝယ် အနုလုံ ပဋိလုံအားဖြင့် သိပြီးမြင်ပြီးဖြစ်သော အသင်ချစ်သားသည် ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် မြေလျှိုးမိုးပျံ့ အမျိုးမျိုးသော တန်ခိုးစျာန်တို့ကို အသင်ချစ်သား သုံးစွဲနိုင်ပါ၏လော ဟု မေးမြန်းတော်မူပါသည်။

မသုံးစွဲနိုင်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် "သင်ချစ်သားသည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် လူ၌ဖြစ်သောအသံ နတ်၌ဖြစ်သောအသံ ဝေးခြားသောအသံ နီးကပ်သော အသံတို့ကိုကော ကြားပါ၏လော" ဟု မေးမြန်းတော်မူပါသည်။

မကြားပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် စေတောပရိယ အဘိညာဉ်ဖြင့် သူတပါးတို့၏ စိတ်အကြံကို သိပါ၏လော ဟု မေးမြန်းတော်မူပါသည်၊ မသိပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် ရှေး၌နေဘူးဖြစ်ဘူးသော ခန္ဓာ အမျိုးအမည်အစရှိသော ဘဝသံသရာကို အသင်ချစ်သား အောက်မေ့သိရှိပါ၏လော ဟု မေးမြန်းတော်မူသည်တွင်လည်း မသိပါကြောင်း ပြန်ပြောင်း လျှောက်ထားခဲ့ပါသည်။

ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် နတ်၌ဖြစ်သော ရူပါရုံ ဝေးခြားသော အရပ်၌ တည်သော ရူပါရုံတို့ကို သင်ချစ်သား မြင်ပါ၏လော ဟု မေးမြန်းတော်မူသောအခါ မမြင်ပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

အရူပဈာန်သမာပတ်တို့ကို သင်ချစ်သား ဝင်စားနိုင်ပါ၏လော ဟု မေးမြန်းတော်မူပါသည်၊ မဝင်စားနိုင်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်——

ချစ်သားသုသိမ....သင်ချစ်သားသည် အရဟတ္တဖိုလ်ပေါက် သိမြင်၏ဟူ၍လည်း ဝန်ခံ၏၊ ဤသမာပတ်တို့ကိုလည်း သင်ချစ်သား မဝင်စားနိုင်ဘဲ ရှိခဲ့၏၊ ဤအရာဝယ် အဘယ်သို့နည်း ....ဟူ၍ ရဟန်းတော်အရှင်သူမြတ်တို့အား အရှင်သုသိမ မေးမြန်းခဲ့ဘူးသည့်အတိုင်းပင် သဗ္ဗညုမြတ်စွာဘုရား မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ အရှင်သုသိမ မထေရ်သူမြတ်သည် အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမူဠံ ယထာအကုသလံ အစရှိသဖြင့်——

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဘုရားတပည့်တော်သည် ဤတရားသဖြင့် ဆုံးမရာဖြစ်သော ရှင်တော်ဘုရား၏ သာသနာတော်၌ တရားတော်ကို ခိုးအံ့ ဟူသော အကြံအစည်ဖြင့် ဤသာသနာတော် ဝင်ရောက်၍ ရှင်ရဟန်းပြုခဲ့ပါသည်၊ ထိုသို့ပြုသောတပည့်တော်သို့ မိုက်သည့်အလျောက် မလိမ်မာသည့်အလျောက် တွေဝေသည့်အလျောက် ကြီးစွာသော အပြစ်သည် ရောက်ခဲ့ပါပြီ။

တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ထိုတပည့်တော်၏ အပြစ်ကို နောက်အနာဂတ်ကာလဝယ် စောင့်စည်းခြင်း သံဝရ အလို့ငှါ

ရှင်တော်ဘုရားသည် သည်းခံတော်မူပါဘုရား ဟု တောင်းပန်လျှောက်ထား ခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဝတ်မှုကို ကျူးလွန်သော ခိုး သားဥပမာဖြင့် ဤသာသနာတော်၌ ဓမ္မတွေ့နက စိတ်ဖြင့် တရားတော်ကို ခိုးလို ယူလိုသော စိတ်ဖြင့် ရဟန်းပြုသောပုဂ္ဂိုလ်၏ ရဟန်းအဖြစ်က ရာဇဝတ် မှုကိုကျူးလွန်သော ခိုးသား၏ မင်းပြစ်မင်းဒဏ်ကျရောက်သော ဒုက္ခထက် အဆအရာအထောင်လွန်ကြောင်း မိန့်ကြားတော်မူပြီးလျှင်——

ချစ်သားသုသိမ.... သင်ချစ်သားကား မိမိရောက်သော အပြစ်ကို ရောက်ရှိသည့်အတိုင်း ဝန်လည်းခံ ကုလည်းကုစားပေသည်၊ သင်ချစ်သားအား ရောက်ရှိသောအပြစ်ကို ငါဘုရားတို့သည် လက်ခံပါကုန်၏၊ ဤသို့ မိမိရောက်ရှိ သော အပြစ်ကို တရားအားလျော်စွာ ကုစားခြင်းသည် ဤသာသနာတော်၌ သီလ သမာဓိ ပညာ ဝိမုတ္တိဉာဏဒဿန ကျေးဇူးဂုဏ်တို့ဖြင့် ကြီးပွါးခြင်း၏ အကြောင်းစင်စစ်ဖြစ်သည်သာတည်း ဟူ၍ သဗ္ဗညုမြတ်စွာဘုရားသည် ဤ ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း ရဟန္တာဖြစ်သစ်စ ဖြစ်တော်မူသော အရှင်သုသိမ မထေရ်သုမြတ်အား အထက်၌လည်း မေးစီစစ်သောအားဖြင့် မေးမြန်းကာ မေးမြန်းကာဖြင့် အကျယ်တဝင့် ဓမ္မဒေသနာတရားကို ဟော ကြားသိစေတော်မူခဲ့ပါသည် အရှင်ဘုရား။

သုသိမပရိဗ္ဗာဇကသုတ် ပြီး၏
နိဒါနသံယုတ် ပြီးပြီ။

---

**အဘိသမယသံယုတ်**

**နခသိခါသုတ်**

ပုစ္ဆာ။ ။အဘိသမယသံယုတ္တေ ပနာဝုသော ပဌမံ သံဂီတံ နခသိခါသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နု ခေါ ဗဟုတရံ၊ ယော ဝါယံ မယာ ပရိတ္တော နခသိခါယံ ပံသုအာရောပိတော၊ အယံ ဝါ မဟာ- ပထဝီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။အဘိသမယသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ရှေးဦးစွာ သံဂါယနာတင်ထားသော နခသိခါ မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သောတာပတ္တိမဂ်ဉာဏ် သောတာပတ္တိဖိုလ်ဉာဏ်သို့ ရောက်တော်မူပြီးကြသော အရိယာသခင် အရှင်သူမြတ်တို့အား ကြွင်းကျန်သော ဘဝသံသရာ ခုနစ်ဘဝသည် အနည်းငယ်မျှ ဖြစ်၍ သောတာပတ္တိမဂ်ဉာဏ် သောတာပတ္တိဖိုလ်ဉာဏ်သို့ ဆိုက်ရောက်သဖြင့် ပယ်စွန့်လိုက်ရသော အနာဂတ်သံသရာတို့သည်ကား များလှကြောင်း သက်သေသာဓက ထင်စွာပြလိုသဖြင့် သဗ္ဗညုမြတ်စွာဘုရားသခင်သည် တန်ခိုးအဝိဇ္ဇာန်၏ အာနုဘော်ဖြင့် လက်သည်းတော်၏ ထိပ်ဖျားဝယ် အနည်းငယ်မျှသော မြေမှုန့်ကိုတင်၍ ရဟန်းတော်တို့အား မျက်မှောက်ထင်ရှား ပြတော်မူပြီးလျှင် တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နု ခေါ ဗဟုတရံ အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ယခု ငါဘုရား ဟောကြားမည့် စကားကို သင်ချစ်သားတို့ မည်သို့ မှတ်ထင်ကြပါသနည်း၊ ယခု ငါဘုရား၏ လက်သည်းတော်ဖျားပေါ်ဝယ် တင်၍ထားအပ်သော မြေမှုန့်နှင့် သင်ချစ်သားတို့ အောက်မှာရှိသော မဟာပထဝီ ဤမြေကြီးမှာ ရှိသော မြေမှုန့်တို့သည် အဘယ်က များသနည်း ဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ ရဟန်းတော်အရှင်သူမြတ်တို့က ဧတဒေဝ ဘန္တေ ဗဟုတရံ ယဒိဒံ မဟာပထဝီ အစရှိသည်ဖြင့်——

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်တို့အောက်မှာ တည်ရှိသော မဟာပထဝီမြေကြီးကသာလျှင် စင်စစ် ဧကန်အမှန်ပင် များလှပါတော့သည်၊ ရှင်တော်ဘုရား၏ လက်သည်းတော်ဖျား၌ တင်၍ထားအပ်သော မြေမှုန့်အစုသည်ကား အနည်းငယ်မျှ မပြောပလောက်ဖြစ်ပါသည်၊ အောက်မဟာပထဝီမြေကြီးနှင့် နှိုင်းစာလျှင် ရှင်တော်ဘုရား၏ လက်သည်းတော်ဖျားဝယ် တင်၍ထားအပ်သော ဤအနည်းငယ်မျှသော မြေမှုန့်သည် အစိတ်အရာ အစိတ်အထောင် အစိတ်အသောင်း အစိတ်အသိန်း

အသန်းပင်တင်၍ ရေတွက်သော်လည်း နိုင်းစာဖွယ် ဥပမာပင် မလောက်ရှိပါတော့သည်ဟု ပြန်ကြားလျှောက်ထားပါတော့သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဝေမေဝ ခေါ ဘိက္ခဝေ ဧတဒေဝ ဗဟုတရံ အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့...ဤနည်းအတူပင်လျှင် သစ္စာလေးပါး တရားကို သိမြင်သော မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသော အရိယာသခင် အရှင်သူမြတ် သောတာပန် အရှင်သူမြတ်အား ကုန်ပြီးသော ဘဝသံသရာနှင့် ကျန်သေးသော ခုနစ်ဘဝတို့ကို နှိုင်းစာလျှင် ခုနစ်ဘဝတည်းဟူသော ကြွင်းကျန်သော ဘဝကား နည်းပါးလှတော့သည်၊ သောတာပတ္တိမဂ်ဉာဏ်၏ အာနုဘော်ကြောင့် ကုန်၍သွားသော အကယ်၍ သောတာပတ္တိမဂ်ဉာဏ်ကို မရလျှင် အနာဂတ် သံသရာဝယ် ခံစံရမည့် ဘဝဒုက္ခပေါင်းက အောက်မဟာပထဝီမြေမှုန့်ထက် များပြားလှကြောင်း မိန့်ကြားတော်မူပြီးလျှင် ဧဝံ မဟတ္ထိယော ခေါ ဘိက္ခဝေ ဓမ္မာဘိသမယော၊ ဧဝံ မဟတ္ထိယော ဓမ္မစက္ခုပဋိလာဘော-ဟု

ချစ်သား ရဟန်းတို့...သစ္စာလေးပါးတရားကို သိရခြင်း သစ္စာလေးပါးတရားကို သိမြင်သည့် ဓမ္မစက္ခုကို ရခြင်းသည် သို့စင်ကလောက် အကျိုးကြီးမြတ်လှပေသည် ဟု ဤနခသိခါ သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

နခသိခါသုတ် ပြီး၏
အဘိသမယသံယုတ် ပြီးပြီ။

---

**ဓာတုသံယုတ်**

**စင်္ကမသုတ်**

ပုစ္ဆာ။ ။ဓာတုသံယုတ္တေ ပနာဒိသော စင်္ကမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထံ ဘာသိတံ။

ဝိသဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ဓာတုသောဝ ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ၊ ဟီနာဓိမုတ္တိကာ ဟီနာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ ကလျာဏာဓိမုတ္တိကာ ကလျာဏာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ဓာတုသံယုတ်၌ ရှေးသံကါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော စင်္ကမသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင် သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့ သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ယံဝယ် သီတင်း သုံးနေတော် မူသောအခါ အရှင်သာရိပုတ္တရာ မထေရ် သူမြတ်သည်၎င်း အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သူမြတ်, အရှင်မဟာကဿပ မထေရ်သူမြတ်, အရှင်အနုရုဒ္ဓါ မထေရ်သူမြတ်, အရှင်ဥပါလိ မထေရ်သူမြတ်, အရှင်အာနန္ဒာ မထေရ်သူမြတ်, မန္တာနိပုတ္တ အရှင်ပုဏ္ဏမထေရ်သူမြတ်တို့သည်၎င်း အရှင် ဒေဝဒတ်သည်၎င်း မြတ်စွာဘုရား၏ မနီးမဝေးသောအရပ်မှ များစွာသော ရဟန်းတော်အပေါင်းတို့ ခြံရံလျက် အသီးအသီးစင်္ကြံ ကြွသွားလျက် ရှိကြ ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ပဿထ နော တုမှေ ဘိက္ခဝေ သာရိ- ပုတ္တံ သမ္ဗဟုလေဟိ ဘိက္ခူဟိ သဒ္ဓိံ စင်္ကမန္တံ-အစရှိသည်ဖြင့် များစွာသော ရဟန်းတို့ကို——

ချစ်သားရဟန်းတို့....သင်ချစ်သားတို့သည် များစွာသော တပည့် ပရိတ်သတ်အပေါင်း ခြံရံလျက် ငါ၏ ချစ်သား သာရိပုတ္တရာ စင်္ကြံသွား နေသည်ကို မြင်ကြကုန်၏လော ဟု မေးမြန်းတော်မူပါသည်။

မြင်ပါကြောင်း ပြန်ပြောင်း လျှောက်ထားသည့်တွင်——

ချစ်သားတို့ သာရိပုတ္တရာ အမှူးပြုသော ဤများစွာသော ရဟန်းတို့ သည် ပညာကြီးရင့်သော ပုဂ္ဂိုလ်တို့ဖြစ်ကြသည်။

ချစ်သားတို့....မောဂ္ဂလ္လာန်မထေရ်ကို များစွာသော ရဟန်းအပေါင်း ခြံရံလျက် စင်္ကြံသွားနေသည်ကို မြင်ကြကုန်၏လော ဟု မေးမြန်းတော်မူ သောအခါ မြင်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည့်တွင် ချစ်သားတို့

မောဂ္ဂလ္လာန်မထေရ် အမှူးပြုသော တပည့်အပေါင်းများစွာ သံဃာတို့သည်လည်း တန်ခိုးကြီးမြတ်သောပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်သည်။

ဤနည်းအားဖြင့် ရှင်မဟာကဿပ အမှူးရှိသော မထေရ်သူမြတ်တို့ကား ဓုတင်ဆောင်ချည်း ဖြစ်ကြကုန်သည်။

ရှင်အနုရုဒ္ဓါ မထေရ်သူမြတ် အမှူးရှိသော ရဟန်းတော်အပေါင်းတို့ကား ဒိဗ္ဗစက္ခုအဘိညာဉ်ရချည်း ဖြစ်ကုန်သည်။

မန္တာနီပုဏ္ဏေမ၏သား ဖြစ်သော အရှင်ပုဏ္ဏ မထေရ်အမှူးရှိသော များစွာသော ရဟန်းတော်တို့ကား တရားဟောကောင်းတော်မူကြကုန်သည်။

ရှင်ဥပါလိ မထေရ် အမှူးရှိသော များစွာသော ရဟန်းတော်တို့သည် ဝိနည်းကိုဆောင်တော်မူကြကုန်သည်။

ရှင်အာနန္ဒာ မထေရ် အမှူးရှိသော များစွာသော ရဟန်းတော်တို့သည်ကား ဗဟုဿုတရှိကြကုန်သည်။

ဒေဝဒတ်အမှူးပြုသည့် ဒေဝဒတ်၏နောက်ပါများစွာသော ရဟန်းတော်တို့သည်ကား ယုတ်မာသော အလိုရှိကြကုန်သည် ဟု မိန့်ကြားတော်မူပြီးလျှင် ဓာတုသော၀ ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ၊ ဟီနာဓိမုတ္တိကာ ဟီနာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ-အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....သတ္တဝါတို့သည် ဓာတ်အားဖြင့် နှီးနှောကြ ရောနှောကြ ညီညွတ်ကြကုန်သည်၊ ယုတ်မာသော အလိုဆန္ဒ အဇ္ဈာသယ ရှိကြသော သတ္တဝါတို့သည် ယုတ်မာသော အလိုဆန္ဒ အဇ္ဈာသယ ရှိကြသော သတ္တဝါတို့နှင့် နှီးနှောကြ ရောနှောကြ ညီညွတ်ကြကုန်သည်၊ ပဏီတာဓိမုတ္တိက-မွန်မြတ်သော အလိုဆန္ဒ အာသယ စိတ်ကောင်း ဆန္ဒရှိကြသော ပုဂ္ဂိုလ်တို့သည် မွန်မြတ်သော အလိုဆန္ဒ အာသယရှိ စိတ်ကောင်းရှိသော ပုဂ္ဂိုလ်တို့နှင့် နှီးနှောကြ ရောနှောကြကုန်သည်။

အတိတ်အခါ၌ရင်း အနာဂတ်အခါ၌ရင်း ခုဝတ္တမာန် ပစ္စုပ္ပန်၌ရင်း ဤသို့ ကာလသုံးပါးမှာပင် ယုတ်သော ပုဂ္ဂိုလ်ဘို့သည် ယုတ်သော ပုဂ္ဂိုလ်တို့နှင့် နှီးနှောပြီး နှီးနှောဆဲ နှီးနှောလတ္တံ့ ညီညွတ်ပြီး ညီညွတ်ဆဲ ညီညွတ်လတ္တံ့ ဖြစ်တော့သည်။

မြတ်သော အလိုဆန္ဒ အဇ္ဈာသယနှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်တို့သည် မြတ်သော အလိုဆန္ဒ အဇ္ဈာသယနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့နှင့် အတူတကွ နှီးနှောပြီး နှီးနှောဆဲ နှီးနှောလတ္တံ့ ညီညွတ်ပြီး ညီညွတ်ဆဲ ညီညွတ်လတ္တံ့ ဖြစ်သည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဤစင်္ကမသုတ္တန် ဒေသနာတော်မြတ်ကို ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဤသို့သော အခြင်းအရာအားဖြင့် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

စင်္ကမသုတ် ပြီး၏

---

## အဿဒ္ဓသံသန္ဒနသုတ်

ပုစ္ဆာ။ ။အဿဒ္ဓသံသန္ဒနသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ဓာတုသောဝ ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ၊ အဿဒ္ဓါ အဿဒ္ဓေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ အဟိရိကာ အဟိရိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ အနောတ္တပ္ပိနော။ အပ္ပဿုတာ။ ကုသီတာ။ မုဋ္ဌဿတိနော။ ဒုပ္ပညာ ဒုပ္ပညေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။အဿဒ္ဓသံသန္ဒန မည်သော တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဓာတုသောဝ ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ-အစရှိသည်ဖြင့်—

ချစ်သား....ရဟန်းတို့ ဓာတ်အားဖြင့် သဘောအားဖြင့် ပင်လျှင် သတ္တဝါတို့သည် နှီးနှောကြ ညီညွတ်ကြကုန်သည်။

သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်သည်လည်း သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်တို့နှင့် နှီးနှောကြ ညီညွတ်ကြကုန်သည်။

ဟိရိတရားမရှိသော ပုဂ္ဂိုလ်။ပ။

ဩတ္တပ္ပတရားမရှိသောပုဂ္ဂိုလ်။ပ။

ဗဟုဿုတ နည်းပါးသော ပုဂ္ဂိုလ်။ပ။

ပျင်းရိသောပုဂ္ဂိုလ်။ပ။

သတိ လွတ်ကင်းသော ပုဂ္ဂိုလ်။ပ။

ပညာမရှိသော ပုဂ္ဂိုလ် ဤပုဂ္ဂိုလ်တို့သည်လည်း ပညာမရှိသော ပုဂ္ဂိုလ်ချင်းချင်း ရောနှောကြ ညီညွတ်ကြကုန်သည်။

အတိတ်အခါ၌၎င်း အနာဂတ်အခါ၌၎င်း ပစ္စုပ္ပန်အခါ၌၎င်း ဤကာလသုံးပါးမှာပင်လျှင် သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်ချင်း၊ ဟိရိတရားမရှိသော ပုဂ္ဂိုလ်ချင်း၊ ဩတ္တပ္ပတရားမရှိသော ပုဂ္ဂိုလ်ချင်း၊ ဗဟုဿုတမရှိသော ပုဂ္ဂိုလ်ချင်း၊ ပျင်းရိသော ပုဂ္ဂိုလ်ချင်း၊ သတိလွတ်ကင်းသော ပုဂ္ဂိုလ်ချင်း၊ ပညာမရှိသော ပုဂ္ဂိုလ်ချင်း နှီးနှောပြီး နှီးနှောဆဲ နှီးနှောလတ္တံ့ ရောယှက်ပြီး ရောယှက်ဆဲ ရောယှက်လတ္တံ့၊ ညီညွတ်ပြီး ညီညွတ်ဆဲ ညီညွတ်လတ္တံ့ ဖြစ်ပေသည်။

ထို့အတူပင် သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်သည် သဒ္ဓါတရားရှိသောပုဂ္ဂိုလ်နှင့်အတူတကွ အတိတ် အနာဂတ် ပစ္စုပ္ပန်တည်းဟူသော ကာလသုံးပါးမှာပင် နှီးနှောပြီး နှီးနှောဆဲ နှီးနှောလတ္တံ့ ဖြစ်တော့သည်။

ဟိရိတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ချင်းချင်း၊ ဩတ္တပ္ပတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ချင်းချင်း၊ ဗဟုဿုတနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ချင်းချင်း၊ လုံ့လကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်ချင်းချင်း၊ ထင်သောသတိရှိသော ပုဂ္ဂိုလ်ချင်းချင်း၊ ပညာရှိသော ပုဂ္ဂိုလ်ချင်းချင်းတို့သည်သာလျှင် အတိတ်အနာဂတ် ပစ္စုပ္ပန်တည်းဟူသော ကာလသုံးပါး၌ အချင်းချင်းနှီးနှောကြ ညီညွတ်ကြပြီး ညီညွတ်ကြဆဲ ညီညွတ်ကြလတ္တံ့ ဖြစ်သည်ဟု ဤအဿဒ္ဓ

သံသန္ဒနသုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် ဓာတ်အားဖြင့် သတ္တဝါတို့ ရောယှက်နှီးနှောနေပုံကို စိတ်ဖြာခွဲခြား ဟောပြတော်မူခဲ့ပါသည် အရှင်ဘုရား။

အဿဒ္ဓသံသန္ဒနသုတ် ပြီး၏
ဓာတုသံယုတ် ပြီးပြီ

---

**အနမတဂ္ဂသံယုတ်**

**ပဌမဝဂ်**

**တိဏကဋ္ဌသုတ်**

ပုစ္ဆာ။ ။အနမတဂ္ဂသံယုတ္တေ အာဝုသော ဒုတိယံ သံဂီတံ ပဌဝီသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "အနမတဂ္ဂေါ-ယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာ-နီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။သေယျထာပိ ဘိက္ခဝေ ပုရိသော ဣမံ မဟာပထဝိံ ကောလဋ္ဌိမတ္တံ ကောလဋ္ဌိမတ္တံ မတ္တိကာဂုဠိကံ ကရိတွာ နိက္ခိ-ပေယျ 'အယံ မေ ပိတာ၊ တဿ မေ ပိတု အယံ ပိတာ'တိ။ အပရိယာဒိန္နာဝ ဘိက္ခဝေ တဿ ပုရိသဿ ပိတုပိတရော အဿု၊အထာယံ မဟာပထဝီ ပရိက္ခယံ ပရိယာဒါနံ ဂစ္ဆေယျ။ တံ ကိဿဟေတု၊ အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာ သံယောဇနာနံ သန္ဓာဝတံ သံသရတံ" ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။အနမတဂ္ဂသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ဒုတိယသုတ်အဖြစ်ဖြင့် သံဂါယနာတင်ထားအပ်သော ပဌဝီသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....ခန္ဓာအာယတနဓာတ်တို့၏ မပြတ်ဖြစ်ခြင်းတည်းဟူသော ဤသံသရာကြီးသည်ကား မသိအပ်သောအစရှိပေ၏၊ အစဟူ၍ ရှိကိုပင်မရှိသောကြောင့် မသိအပ်ခြင်း ဖြစ်ခဲ့ချေသည်၊ အဝိဇ္ဇာနီဝရဏဖြင့် ဖုံးကွယ်ရ၊ တဏှာသံယောဇဉ်တို့ဖြင့် အဖွဲ့အနှောင် အချည်ခံရသော သတ္တဝါတို့၏ အစဖြစ်သော သံသရာအရှေ့ပိုင်း အစွန်းကား ငါဘုရား၏ သဗ္ဗညုတဉာဏ်ဝဝယ် အနည်းငယ်မျှ မထင်ခဲ့ မမြင်ခဲ့ ရှိချေတော့၏။

ချစ်သားရဟန်းတို့....လောကဥပမာအားဖြင့် တစုံတယောက်သောယောကျ်ားသည် အောက် မဟာပထဝီမြေကြီးကို ဆီးစေ့ခန့် မြေအလုံးအလုံးပြုလုပ်ပြီးလျှင် ဤအလုံးကား ငါ၏ ဘခင်တည်း ဤအလုံးကား ငါ၏ဘခင့်ဘခင်တည်းဟု အဘကိုရင်း အဘ၏ဘခင်ကိုရင်း ဤသို့ဘခင်ဘက်မှ အဆက်အဆက်ဖြစ်သောမွေးသဘခင်ကျေးဇူးရှင်အပေါင်းကို ရည်ရွယ်ကာ မြေအားလုံးကို အလုံးပြုကာ ချ၍ ချ၍ သွားသော်လည်း ဤမဟာပထဝီမြေကြီးသာကုန်သော်မူ ကုန်လေရာ၏၊ ထိုယောကျ်ား၏ အစမထင် အနမတဂ္ဂ သံသရာတခွင်က တော်စပ်ခဲ့သော ဘခင်အဆက်ဆက်တို့ကား ကုန်နိုင်ဘွယ်ရာမရှိပေ၊ ထိုသို့မရှိခြင်းသည် အဘယ်အကြောင်းကြောင့် နည်းဟူမူကား။

ချစ်သားရဟန်းတို့....ဤခန္ဓာအာယတနဓာတ်တို့၏ မပြတ်ဖြစ်ခြင်းတည်းဟူသော သံသရာကြီးသည်ကား မသိအပ်သော အစရှိပါပေသည်၊ အဝိဇ္ဇာ နီဝရဏ တဏှာ သံယောဇဉ်တို့ဖြင့် အဖွဲ့အနှောင်ခံ၍ ထားရသဖြင့် ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ တပြောင်း ပြန်ပြန် ကျင်လည်ကျက်စား ပြေးသွား၍ နေကြသော သတ္တဝါတို့၏ သံသရာအစအစွန်းကား ငါဘုရား၏ သဗ္ဗညုတဉာဏ်ဝယ် တစွန်းတစမျှပင် ရှိကိုမရှိသောကြောင့် မထင်ခဲ့မမြင်ခဲ့ ဖြစ်ပေသည်။

ဧဝံ ဒီဃရတ္တံ ဝေါ ဘိက္ခဝေ ဒုက္ခံ ပစ္စနုဘူတံ တိဗ္ဗံ ပစ္စနုဘူတံ ဗျသနံ ပစ္စနုဘူတံ ကဋသီ ဝဍ္ဍိတာ။

ချစ်သားရဟန်းတို့....ဤမျှလောက် အစကိုရှာ၍ မရလောက်အောင်ပင်လျှင် ရှည်လျားလှသောနေ့ညဥ့်အခါ သံသရာကာလပတ်လုံး သင်ချစ်သားတို့သည် ကြီးစွာသော ဆင်းရဲ ဒုက္ခကို အကြိမ်ကြိမ်အဖန်ဖန် ခံစားခဲ့ရလှလေပြီ၊ ဉာတိဗျသန, ဘောဂဗျသန အစရှိသော ဗျသန အမျိုးမျိုးကိုလည်း မရေ

နိုင် မတွက်နိုင်အောင်ပင် သင်ချစ်သားတို့ခံစားခဲ့ရလှလေပြီ၊ သင်းချိုင်းမြေကို ဘဝသံသရာ ဆက်ကာဆက်ကာပင် ပွါးများစေခဲ့ရလေပြီ။

အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ၊
အလံ ဝိရဇ္ဇိတုံ၊ အလံ ဝိမုစ္စိတုံ၊

ချစ်သားရဟန်းတို့....အလုံးစုံသော ရုပ်နာမ် ခန္ဓာ သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှါ တပ်ခြင်း ကင်းခြင်းငှါ ထိုသင်္ခါရတရားတို့မှ လွတ်အောင်ကြိုးကုတ် အားထုတ်ခြင်းငှါ သင့်လျော်လျောက်ပတ်လှသည်သာတည်း ဟု သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဤပထဝီသုတ္တန်ဒေသနာတော်မြတ်ကို စိတ်ဖြာ ခွဲခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပထဝီသုတ် ပြီး၏

---

## အဿုသုတ်

ပုစ္ဆာ။ ။တတ္ထာဝုသော တတိယံ သံဂီတံ အဿုသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေယေဝ ဘိက္ခူ အာရဗ္ဘ "တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နု ခေါ ဗဟုတရံ၊ ယံ ဝါ ဝေါ ဣမိနာ ဒီဃေန အဒ္ဓုနာ သန္ဓာဝတံ သံသရတံ အမနာပသမ္ပယောဂါ မနာပဝိပ္ပယောဂါ ကန္ဒန္တာနံ ရောဒန္တာနံ အဿု ပဿန္နံ ပဂ္ဃရိတံ၊ ယံ ဝါ စတူသု မဟာသမုဒ္ဒေသု ဥဒက"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုနိဒါနဝဂ္ဂသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် တတိယသုတ် အဖြစ်ဖြင့် သံဂါယနာ တင်ထားခဲ့သော အဿုသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ များစွာသော ရဟန်းတို့ကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူသောအခါ များစွာသော ရဟန်းတို့ကို တံ ကိံ မညထ ဘိက္ခဝေ-အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ယခု ငါဘုရား ဟောကြားမည့် စကားကို သင် ချစ်သားတို့ မည်သို့ မှတ်ထင်ကုန်သနည်း။

ချစ်သား ရဟန်းတို့....ဤမျှ အခွန့်ရှည်လျားသော သံသရာကာလ အတွင်းဝယ် ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ တပြောင်းပြန်ပြန် ကျင်လည် ကျက်စား ပြေးသွားခဲ့ရသော သင်ချစ်သားတို့ အဘို့ရာ မနှစ်သက်သော သတ္တဝါသင်္ခါရတို့နှင့် ယှဉ်တွဲမိခြင်း နှစ်သက်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းရခြင်း တည်းဟူသော အကြောင်းကြောင့် ငိုကြွေးမြည်တမ်းကြရသော သင်ချစ်သားတို့၏ ယိုစီး၍ ကျသော မျက်ရည်နှင့် လေးစင်းသော မဟာသမုဒ္ဒရာအတွင်းဝယ် ထင်ရှားရှိသော ရေပေါက်တို့သည် မည်သည့်အရာက များသနည်း ဟု မေးမြန်းတော်မူခဲ့ပါသည်။

ထိုအခါ ရဟန်းတော်အရှင်သူမြတ်တို့က ယထာ ခေါ မယံ ဘန္တေ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမ-အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်တို့ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော တရားတို့ကို သိသည့်အလိုမှာ မဟာသမုဒ္ဒရာလေးစင်းအတွင်းဝယ်ရှိသော ရေသည်ကား နည်းလှပါသေးသည်၊ အစမထင် သံသရာအတွင်းဝယ် တပည့်တော်တို့အား ချစ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းရခြင်း မချစ်သော သတ္တဝါသင်္ခါရတို့နှင့် ယှဉ်တွဲရခြင်း ဟူသော အကြောင်းကြောင့် ငိုကြွေးမြည်တမ်းကြရသဖြင့် ယိုစီးကျရောက်ခဲ့သော မျက်ရေကပင် များလှပါကြောင်း ပြန်ပြောင်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် သာဓုကောင်းခြီးခေါ်ပြီးလျှင် သင်ချစ်သားတို့ လျှောက်ထားသည့်အတိုင်း မဟာသမုဒ္ဒရာလေးစင်းဝယ်ရှိသော ရေထက် အစမထင် အတိတ် သံသရာတခွင်က သင်ချစ်သားတို့ မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်း ဟူသော အကြောင်းကြောင့် ကျရသော မျက်ရေတို့သည်ကား များလှကြောင်း၊ သက်သေသာဓက မှတ်ဖွယ်များ ပြရလျှင် ဘဝအတိတ် သံသရာဝယ် မိခင်

သေခဲ့ဘူးခြင်း တည်းဟူသော ဒုက္ခ ဘခင်သေခဲ့ဘူးခြင်း တည်းဟူသောဒုက္ခ ညီအစ်ကို မောင်နှမ သမီး သား ဆွေမျိုး စသည် ကွယ်လွန်ခဲ့ခြင်းတည်းဟူ သော ဒုက္ခ ဤဒုက္ခဘို့ကို အမျိုးမျိုး အဖန်ဖန် အကြိမ်ကြိမ် ခံစားခဲ့ရလှလေ ပြီ၊ သို့ခံစားခဲ့ရသမျှသော ဒုက္ခတို့နှင့် တွေ့ကြုံ၍ ကျသမျှသော မျက်ရေတို့ကို တခုသော အရပ်ဝယ် စုပုံ၍ ထားလျှင် မဟာသမုဒ္ဒရာလေးစင်းဝယ်ရှိသော ရေထက်ပင်လျှင် ထိုမျက်ရည်က များဖွယ်ရှိကြောင်း၊ ဤသို့လျှင် သံသရာ ကား အစမရှိကြောင်း၊ အစမထင် သံသရာအတွင်းဝယ် ကြီးစွာသော ဒုက္ခကို ခံစားခဲ့ရလှကြောင်း၊ သင်းချိုင်းမြေကို ဘဝဆက်ကာ ပွါးစေခဲ့ရလှကြောင်း၊ သို့ဖြစ်သောကြောင့် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့ခြင်း တပ်ခြင်း ကင်းခြင်း လွတ်အောင် ကြိုးကုတ် အားထုတ်ခြင်းငှါ သင့်လျော်လျောက်ပတ်ကြောင်း သဗ္ဗညုမြတ်စွာဘုရားသည် စိတ်ဖြာခွဲခြား ဟောကြားတော်မူခဲ့ပါသည် အရှင် ဘုရား။

အဿုသုတ် ပြီး၏

---

**သာသပသုတ်**

ပုစ္ဆာ။ ။တတ္ထာဝုသော ဆဋ္ဌံ သံဂီတံ သာသပသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ဘာသိတံ။ အညတရော ဘန္တေ ဘိက္ခု ဘဂဝန္တံ ဧတဒဝေါစ "ကီဝဒီဃော နု ခေါ ဘန္တေ ကပ္ပေါ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ဒီဃော ခေါ ဘိက္ခု ကပ္ပေါ၊ သော န သုကရော သင်္ခါတုံ ဧတ္တကာနိ ဝဿာနိ ဣတိဝါ၊ (ပေယျာလ) ဧတ္တကာနိ ဝဿသတသဟဿာနိ ဣတိဝါတိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထို အနမတဂ္ဂသံယုတ်ပါဠိတော်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ဆဋ္ဌသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော သာသပသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌

အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

မထင်မရှား ရဟန်းတပါးသည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် ကီဝ နု ခေါ ဘန္တေ ကပ္ပေါ၊ "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ကပ်ကမ္ဘာသည် နှစ်ပရိစ္ဆေဒအားဖြင့် မည်မျှ ရှည်လျားပါသနည်း ဘုရား" ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဒီဃော ခေါ ဘိက္ခု ကပ္ပေါ၊ သောနသုကရော သခ်ါတုံ အစရှိသည်ဖြင့်——

ချစ်သား ရဟန်း....ကပ်ကမ္ဘာသည် ကား လွန်စွာ့ လွန်စွာ ရှည်လျားလှသည်၊ ထိုကပ်ကမ္ဘာကာလကို ဤမျှသော နှစ်တို့ ဟူ၍ရင်း နှစ်အရာပေါင်း ဤ၍ ဤမျှဟူ၍ရင်း နှစ်အထောင်ပေါင်း ဤ၍ ဤမျှဟူ၍ရင်း နှစ်ပေါင်း အသောင်း အသိန်း အသန်း အကုဋ္ဋေအားဖြင့် ဤ၍ ဤမျှ ဟူ၍ရင်း ရေတွက်ခြင်းငှါ မစွမ်းနိုင် ဟု အရိပ်အမြွက်မျှ ဟောကြားတော်မူလတ်သည်ရှိသော်——

သက္ကာ ပန် ဘန္တေ ဥပမံ ကာတုံ ဟု ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....နှစ်ပရိစ္ဆေဒအားဖြင့် ကပ်ကမ္ဘာတခုတခုကို မရေမတွက်နိုင်ခဲ့သည်ရှိသော် ဥပမာအားဖြင့်ကား ဖော်ပြခြင်း ပြုခြင်းငှါ စွမ်းနိုင်ရာပါသလော ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် သက္ကာ ဘိက္ခု၊ ချစ်သားရဟန်း.... စွမ်းနိုင်ပါပေသည် ဟု မိန့်ကြားတော်မူပြီးလျှင်——

ချစ်သားရဟန်း.... လောက ဥပမာအားဖြင့် အလျားတယူဇနာ အနံတယူဇနာ အမြင့်တယူဇနာ အတိုင်းအရှည်ရှိသော သံအိမ်ကြီး သံကွန်ချာကြီး တခု ရှိသည်ဆိုပါစို့....။

ထိုသံကွန်ချာကြီး သံအိမ်ကြီး သံမြို့ကြီး အတွင်းဝယ် မုန်ညင်းစေ့အပြည့် သွင်း၍ သိပ်၍ ထားအပ်သည် ဆိုပါစို့....၊ထိုမုန်ညင်းစေ့ အစုအပုံ ထိုမုန်ညင်းစေ့

တို့ဖြင့် ပြည့်သော သံကွန်ချာ မြို့အတွင်းမှ အနှစ် တရာတရာ လွန်လျှင် ယောကျ်ားတယောက်သည် မုန်ညင်းစေ့ တစေ့ တစေ့ကိုသာ ပစ်သဖြင့် ထို အလျား အနံ အမြင့်အားဖြင့် တယူဇနာ အတိုင်းအရှည်ရှိသော သံအိမ်အ တွင်းဝယ် ထည့်သွင်း၍ ထားအပ်သော မုန်ညင်းစေ့ကုန်ပင် ကုန်သော်လည်း မဟာကပ်တခုသည် ကုန်နိုင်ဘွယ်ရာမရှိ။

ချစ်သား ရဟန်း.... သင်ချစ်သားတို့ ငါဘုရားတို့သည် ဤသို့ သဘောရှိ သော မဟာကပ်ပေါင်း တရာ သံသရာ ကျင်လည်ခဲ့ပြီဟူ၍လည်း မဆိုနိုင်၊ တထောင်သံသရာ, အသိန်း, အသန်း, အကုဋေအားဖြင့် ဤ၍ ဤမျှ သံသရာ ကျင်လည်ခဲ့ရပြီ ဟူ၍လည်း ပြောဆို၍ မရနိုင်။ အကြောင်းသော်ကား ဤ သံသရာသည်ကား အစမရှိအောင်ပင် ရှည်လျားလှတော့သည်၊ အဝိဇ္ဇာအနု သယ တဏှာအနုသယ တည်းဟူသော အနုသယမကင်းသဖြင့် အဝိဇ္ဇာနီဝရဏ ဖုံးအုပ်၍ တဏှာတည်းဟူသော သံယောဇဉ် ကြိုးနှောင်ဖွဲ့သဖြင့် ဘဝသံသရာ ဝယ် လူးလာတို့ခေါက် သွားကြရသော သင်ချစ်သားတို့နှင့် တကွ ငါဘုရား တို့၏ ဘဝသံသရာ အစကိုကား သဗ္ဗညုတဉာဏ်ဝယ် မမြင် ရအပ်ချေ။

သို့စဉ် ရှည်လျားလှသော သံသရာအတွင်းဝယ် ကြီးစွာသော ဒုက္ခကို ခံစားခဲ့ရလှလေပြီ၊ ပျက်စီးခြင်း ဗျသနတရားနှင့်လည်း အကြိမ်ကြိမ်အဖန်ဖန် တွေ့ကြုံခံစားခဲ့ရလှလေပြီ၊ သင်းချိုင်းမြေကို ဘဝဆက်ကာ ပွါးစေ တိုးစေခဲ့ရ လှလေပြီ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်း တပ်ခြင်းကင်းခြင်းမှ လွတ်အောင် ကြိုးကုတ်အားထုတ်ခြင်းငှါ လျောက်ပတ်လှသည်သာတည်းဟု နိဗ္ဗိဒါဉာဏ်ကို အထွဋ်ထားတပ်၍ ဤသာသပသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

သာသပသုတ် ပြီး၏

---

## ဂင်္ဂါသုတ်

ပုစ္ဆာ။ ။တေနာဝုသော။ပ။ သမ္မာသမ္ဗုဒ္ဓေန အနမတဂ္ဂသံယုတ္တေ ဂင်္ဂါ-
သုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အညတရံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။
အညတရော ဘန္တေ ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ "ကီဝ-

ဗဟုကာ နု ခေါ ဘော ဂေါတမ ကပ္ပါ အဗ္ဘတီတာ အတိက္ကန္တာ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “ဗဟုကာ ခေါ ဗြာဟ္မဏ ကပ္ပါ အဗ္ဘတီတာ အတိက္ကန္တာ၊ တေ န သုကရာ သင်္ခါတုံ ‘ဧတ္တကာ ကပ္ပါ’ ဣတိ ဝါ ‘ဧတ္တကာနိ ကပ္ပသတာနိ’ ဣတိ ဝါ ‘ဧတ္တကာနိ ကပ္ပသဟဿာနိ’ ဣတိဝါ ‘ဧတ္တကာနိ ကပ္ပသတသဟဿာနိ’ ဣတိ ဝါ”တိ ဧဝ မာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရားသခင်သည် အနမတဂ္ဂသံယုတ်၌ ရေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော ဂင်္ဂါသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် မထင်မရှား ပုဏ္ဏားတယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ မထင်ရှားသော ပုဏ္ဏားတယောက်သည် ဘုရားထံမှောက် လာရောက်၍ ကီဗဟုကာ နု ခေါ ဘော ဂေါတမ ကပ္ပါ အဗ္ဘတီတာ အတိက္ကန္တာ ဟူ၍——

အို အရှင်ကြီး ဂေါတမ....လွန်ခဲ့ပြီးသော ကပ်ကမ္ဘာတို့သည် မည်မျှ များပြားပါကုန်သနည်း ဟု မေးလျှောက်လတ်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဗဟုကာ ခေါ ဗြာဟ္မဏ ကပ္ပါ အဗ္ဘတီတာ အတိက္ကန္တာ အစရှိသည်ဖြင့်—

အို ဗြာဟ္မဏ.... လွန်ခဲ့ပြီးသော ကပ်ကမ္ဘာတို့သည်ကား များလှစွာကုန်၏၊ ထိုလွန်ခဲ့ပြီးသော ကပ်ကမ္ဘာတို့ကို ဤမျှ အတိုင်းအရှည်ရှိသော ကပ်ကမ္ဘာတို့ ဟူ၍ရင်း ဤမျှ ကမ္ဘာအရာတို့ ဟူ၍ရင်း ဤမျှ ကမ္ဘာအထောင်

တို့ ဟူ၍ရင်း ဤမျှ ကမ္ဘာအသိန်းတို့ဟူ၍ရင်း ရေတွက်ခြင်းငှါ မစွမ်းနိုင်ကုန် ဟူ၍ မိန့်ကြားတော်မူလတ်သောအခါ—

သက္ကာ ပန ဘော ဂေါတမ ဥပမံ ကာတုံ ဟု-အို အရှင်ကြီးဂေါတမ.... ရေတွက်ခြင်းငှါ မစွမ်းနိုင်သည်ရှိသော် ထိုလွန်ခဲ့ပြီးသော ကပ်ကမ္ဘာတို့နှင့် ဆိုင်ရာ ဥပမာကိုကား ပြုခြင်းငှါ စွမ်းနိုင်ပါ၏လော ဟု မေးလျှောက်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက သက္ကာ ဗြာဟ္မဏ-ဥပမာကို ပြုခြင်းငှါ စွမ်းနိုင်သည် ဟု မိန့်ကြားတော်မူပြီးလျှင်—

အို ပုဏ္ဏား....ဤရာဇဂြိုဟ်ပြည်၏ အနီးဝယ် ဂင်္ဂါမြစ် ရှိသည်၊ ထိုဂင်္ဂါမြစ်၏ စ၍ စီးဆင်းရာ အရပ်မှသည် မဟာသမုဒ္ဒရာ အတွင်းသို့ သက်ဝင်သည့် အရပ်တိုင်အောင် ယူဇနာ ငါးရာ ရှည်လျားသော ဤမြစ်၏ အတွင်းဝယ် သဲပွင့်တို့ကား ဤမျှ အတိုင်းအရှည်ရှိသော သဲပွင့်တို့ ဟူ၍ ၎င်း ဤမျှ အရာ အတိုင်းအရှည်ရှိသော သဲပွင့်တို့ ဟူ၍ရင်း သဲပွင့်အထောင်ဟူ၍ရင်း သဲပွင့် အသိန်း ဟူ၍ရင်း ရေတွက်ခြင်းငှါ မစွမ်းနိုင်ရာသကဲ့သို့ ထို့အတူပင်လျှင် လွန်ခဲ့ပြီးသော ကပ်ကမ္ဘာတို့သည်ကား ဤမျှ အတိုင်းအရှည်ရှိသော ကမ္ဘာ ခုတို့ ဟူ၍ရင်း ဤမျှ အတိုင်းအရှည်ရှိသော ကမ္ဘာ အရာ,အထောင်,အသိန်း, အသန်း ဟူ၍ရင်း ရေတွက်ခြင်းငှါ မစွမ်းနိုင်၊ အကြောင်းသော်ကား အနမ တဂ္ဂေါ ယံ ဗြာဟ္မဏ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အစရှိသည် ဖြင့်—

အို ပုဏ္ဏား....ဤသံသရာသည်ကား အစမထင် ရှည်လျားလှစွာပေ သည်၊ အဝိဇ္ဇာ နီဝရဏ တဏှာ သံယောဇဉ် ရှိကြ၍ ထိုဘဝမှ ဤဘဝ ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွားကြရ ကုန်သော သတ္တဝါတို့၏ သံသရာအစကို မသိအပ် မထင်အပ် မမြင်အပ်ပင် ဖြစ်တော့သည်။

သို့စဉ် ရှည်လျားလှစွာသော သံသရာအတွင်းဝယ် ဆင်းရဲဒုက္ခ အမျိုးမျိုး ကို အကြိမ်ကြိမ်အဖန်ဖန် ခံစားခဲ့ရလှလေပြီ၊ ဗျသနဒုက္ခ အမျိုးမျိုးကို လည်း အကြိမ်ကြိမ် အဖန်ဖန် ခံစားခဲ့ရလှလေပြီ၊ သင်းချိုင်းမြေကိုလည်း အကြိမ်ကြိမ်အဖန်ဖန် ပွါးများစေခဲ့လှလေပြီ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့ ခြင်းငှါရင်း တပ်ခြင်း ကင်းခြင်းငှါရင်း ထို ရုပ်နာမ်ဓမ္မ သင်္ခါရတို့မှ လွတ် မြောက်အောင် ကြိုးကုတ် အားထုတ်ခြင်းငှါရင်း သင့်လှတော့သည်သာတည်း

ဟူ၍ နိဗ္ဗိဒါဉာဏ် အရဟတ္တမဂ်ဉာဏ် အထွဋ်တပ်သည့် ဤဂင်္ဂါသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် ရာဇဂြိုဟ်ပြည် အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဂင်္ဂါသုတ် ပြီး၏။

---

## ပုဂ္ဂလသုတ်

ပုစ္ဆာ။ ။ပုဂ္ဂလသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ န ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။ ဧကပုဂ္ဂလဿ ဘိက္ခဝေ ကပ္ပံ သန္ဓာဝတော သံသရတော သိယာ ဧဝံ မဟာ အဋ္ဌိကင်္ကလော အဋ္ဌိပုဉ္ဇော အဋ္ဌိရာသိ၊ ယထာ ယံ ဝေပုလ္လော ပဗ္ဗတော။ သစေ သံဟာရကော အဿ၊ သမ္ဘတဉ္စ န ဝိနဿေယျာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ပုဂ္ဂလသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ယံ၌ သီတင်းသုံး နေတော်မူသောအခါ တရားနာရန် အလို့ငှါ ရောက်ရှိလာကြသော ရဟန်းတော် သံဃာတော် အရှင်သူမြတ်တို့ကို အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ် ဖြစ်ခြင်း တည်းဟူသော ဤသံသရာကြီးသည်ကား မသိအပ်သော အစရှိတော့သည်၊ အဝိဇ္ဇာ နီဝရဏ တဏှာ သံယောဇဉ် မကင်းကြသဖြင့် ထိုဘဝမှ ဤဘဝ ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ကြရကုန်သော သတ္တဝါတို့၏ တခုသော အသင်္ချေယျကပ် အတွင်း ထိုဘဝမှဤဘဝ ဤဘဝမှ ထိုဘဝသို့ ကျင်လည်ကျက်စား ပြေးသွားကြရသဖြင့် တဘဝ တဘဝဝယ် စွန့်သွန်ခဲ့ကြရသော ဥတုဇရုပ်ကလာပ်၏ အကြွင်းအကျန် ဖြစ်သော အရိုးစု တို့ကို တခုသော နေရာဝယ် စုပုံ၍ ထားခဲ့သော်ငြား ထိုစုပြီးဖြစ်သော အရိုးစု တို့သည် အကယ်၍ မပျောက်မပျက် တည်ရှိနေခဲ့သော်ငြား သင် ချစ်သားတို့ ယခု မျက်မြင် ထင်ရှားဖြစ်သည့် ဂိဇ္ဈကုဋ်တောင်ယံမှ မြောက်စူးစူး အရပ်ဝယ် တည်ရှိသော ဝေပုလ္လတောင်ကြီးတမျှ ရှိလေရာသည်။

ထိုသို့ ဝေပုလ္လတောင်ကြီးတမျှ အသင်္ချေယျ တကပ်အတွင်း စုတေခဲ့ သော သတ္တဝါတဦး အရိုးကို စုပုံ၍ ထားခဲ့သည်ရှိသော် ဝေပုလ္လတောင်ကြီး တမျှ မြင့်မားရခြင်း၏ အကြောင်းမှာ ဤသံသရာကား အစမထင် ရှည်လျား လှစွာသောကြောင့် ဖြစ်သည် အစရှိသည်ဖြင့် ဤပုဂ္ဂလသုတ္တန် ဒေသနာတော် မြတ်ကို ရာဇဂြိုဟ်ပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုဂ္ဂလသုတ် ပြီး၏

---

## ဒုဂ္ဂတသုတ်နှင့် သုခိတသုတ်

ပုစ္ဆာ။ ။တတ္ထာဝုသော ဒုဂ္ဂတသုတ္တဉ္စ သုခိတသုတ္တဉ္စ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။ ယံ ဘိက္ခဝေ ပဿေယျာထ ဒုဂ္ဂတံ ဒုရူပေတံ၊ နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ 'အမှေဟိ ပိ ဧဝရူပံ ပစ္စနုဘူတံ ဣမိနာ ဒီဃေန အဒ္ဓုနာ'တိ၊ ယံ ဘိက္ခဝေ ပဿေယျာထ သုခိတံ သုသဇ္ဇိတံ၊

နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ၊ “အဒ္ဓေဟိပိ ဧဝရူပံ ပစ္စနုဘူတံ ဣမိနာ ဒီဃေန အဒ္ဓုနာ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုအနမတဂ္ဂသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော ဒုဂ္ဂတသုတ် မည်သော တရားဒေသနာနှင့် သုခိတ သုတ် မည်သော တရားဒေသနာတော်တို့ ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော တရားနာ ရဟန်းတော် အရှင်သူမြတ်တို့ကိုပင် အကြောင်းပြု၍ အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ န ပညာယတိ အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ဤသံသရာကြီးသည်ကား အစမထင်လောက်အောင် ရှည်လျားလှပေသည်၊ အဝိဇ္ဇာနီဝရဏ တဏှာ သံယောဇဉ် မကင်းကြသဖြင့် လူးလာ စုန်ဆန် အဖန်ဖန်ကျင်လည် ကျက်စားကြရကုန်သော သတ္တဝါတို့၏ သံသရာ၏ အစ အစွန်းကား မသိအပ် မထင်အပ် မမြင်အပ်လောက်အောင်ပင် ရှိတော့သည်။

ချစ်သား ရဟန်းတို့....သင်ချစ်သားတို့သည် အကယ်၍ ပုဂ္ဂိုလ်သတ္တဝါ တဦးတယောက် ဆင်းရဲကြီးစွာ ဒုက္ခရောက်နေသည်ကို တွေ့မြင်ခဲ့သည်ရှိသော် ငါတို့သည်လည်း ဤသို့ သဘောရှိသော ဆင်းရဲဒုက္ခကို အကြိမ်ကြိမ်အဖန်ဖန် အပြန်ပြန်အထပ်ထပ် ခံစားအပ်ခဲ့လှလေပြီ ဟု သင်ချစ်သားတို့ စိတ်ဝယ် ယုံမှားမဲ့ ဆုံးဖြတ်ကြပါကုန်။

ထို့အတူပင် သူတပါးတို့ ချမ်းသာ သုခ ခံစားကြသည်ကို သင်ချစ်သားတို့ တွေ့မြင်ကြရလျှင်လည်း ငါတို့သည်လည်း ဤသို့ သဘောရှိသော ချမ်းသာ သုခ ဝေဒနာကို အတိတ်သံသရာတခွင်က အကြိမ်ကြိမ်အဖန်ဖန် ခံစံသုံးစားခဲ့ဘူးရလှလေပြီ ဟု သင်ချစ်သားတို့ စိတ်သန္တာန်ဝယ် ယုံမှားမဲ့ ဆုံးဖြတ်အပ် ဆုံးဖြတ်ထိုက်ပေသည်၊ အကြောင်းမှာမူ ဤသံသရာကား အစမထင် ရှည်လျားလှပါပေသည်၊ ဤမျှ ရှည်လျားသော သံသရာအတွင်းဝယ် ဤသို့ သဘောရှိသော ဒုက္ခမျိုး ဤသို့ သဘောရှိသော သုခမျိုး ဗျသန အမျိုးမျိုး

တို့ကို အကြိမ်ကြိမ်အဖန်ဖန် ခံစံခဲ့ရဘူးလှလေပြီ၊ သင်းချိုင်းမြေကို အကြိမ်ကြိမ်အဖန်ဖန် ပွါးစေခဲ့ရလှလေပြီ။

ချစ်သား ရဟန်းတို့….ဤချစ်သားတို့ သန္တာန်၌ ယခုရရှိ၍နေသော ရုပ်နာမ် ဓမ္မ သင်္ခါရ တို့၌ ငြီးငွေ့ခြင်း စက်ဆုပ်ခြင်း တပ်ခြင်းကင်းခြင်းငှါရင်း ထိုရုပ်နာမ်ဓမ္မ သင်္ခါရတို့မှ လွတ်အောင် အရဟတ္တဖိုလ်တိုင်မြောက် ရောက်အောင် ကြိုးကုတ် အားထုတ်ခြင်းငှါရင်း သင့်လှသည်သာတည်း ဟု နိဗ္ဗိဒါဉာဏ်, အရဟတ္တမဂ်, အရဟတ္တဖိုလ်ဉာဏ် အထွဋ်တပ်သည့် ဤဒုဂ္ဂတသုတ္တန် ဒေသနာတော်မြတ် သုခိတသုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒုဂ္ဂတသုတ်နှင့် သုခိတသုတ် ပြီး၏

---

## တိံသမတ္တသုတ်

ပုစ္ဆာ။ ။တိံသမတ္တသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ တိံသမတ္တေ ပါဝေယျကေ ဘိက္ခူ အာရဗ္ဘ "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။ တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နု ခေါ ဗဟုတရံ၊ ယံ ဝါ ဝေါ ဣမိနာ ဒီဃေန အဒ္ဓုနာ သန္ဓာဝတံ သံသရတံ သီသစ္ဆိန္နာနံ လောဟိတံ ပဿန္နံ ပဃရိတံ၊ ယံ ဝါ စတူသု မဟာသမုဒ္ဒေသု ဥဒက"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။တိံသမတ္တ မည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် သုံးကျိပ်မျှ အတိုင်းအရှည်ရှိကုန်သော ပါဝေယျပြည်သား ရဟန်းတော်အရှင်မြတ်များကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် စံနေတော်မူသောအခါ အချို့သောတာပန် အချို့သကဒါဂါမ် အချို့ အနာဂါမ် ဖြစ်တော်မူကြသော သုံးကျိပ်မျှ အတိုင်းအရှည်ရှိသော ပါဝေယျ အရပ်သား ရဟန်းတော် အရှင်မြတ်များသည် ဘုရားထံမှောက် ချဉ်းကပ်လာရောက်ပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားထံမှ တရားတော်ကို နာကြားအံ့သောငှါ ရိုသေစွာ ရှိခိုးလျက် ထိုင်နေကြပါကုန်သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရား၏ စိတ်သန္တာန်ဝယ် ဤသုံးကျိပ်သော ရဟန်းတို့ကား အချို့ သောတာပန် အချို့သကဒါဂါမ် အချို့အနာဂါမ် ဖြစ်ကြသည်၊ ပုထုဇဉ် ရဟန္တာတို့နှင့် မနှော ဖြစ်ကြပါပေသည်၊ ငါဘုရားသည် ဤသုံးကျိပ်သော ရဟန်းတို့အား အရဟတ္တဖိုလ်ပေါက် ရောက်အောင် တရားဟောရမူ ကောင်းလေစွ ဟု အကြံ ဖြစ်တော်မူပြီးလျှင် ထိုသုံးကျိပ်သော ရဟန်းတော်အရှင်သူမြတ်တို့၏ အဇ္ဈာသယဓာတ်နှင့် လိုက်လျောညီညွတ်စွာ အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ဤခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်ခြင်း တည်းဟူသော သံသရာသည်ကား အစကိုရှာ၍ မတွေ့လောက်အောင်ပင် ရှည်လျားလှပါပေ၏၊ အဝိဇ္ဇာနီဝရဏ တဏှာ သံယောဇဉ် မကင်းကြသဖြင့် လူးလာစုန်ဆန် အပြန်ပြန်ကျင်လည်ကျက်စားကြရကုန်သော သတ္တဝါတို့၏ သံသရာပိုင်း အစွန်းကား မသိသာ မမြင်သာ မထင်သာလောက်အောင်ပင် ဝေးခြားလှပါပေ၏။

ချစ်သား ရဟန်းတို့....ယခု ငါဘုရားမေးမည့် စကားကို သင်ချစ်သားတို့ မည်သို့ မှတ်ထင်သဘောကျကုန်သနည်း၊ ဤမျှ ရှည်လျားသော အတိတ်သံသရာတခွင်ဝယ် လူးလာစုန်ဆန် ကျင်လည်ကျက်စားခဲ့ကြရကုန်သော ဖြစ်လေရာရာ ဘဝဝယ် ဦးခေါင်းပြတ်၍ သေခဲ့ကြရကုန်သော သင်ချစ်သားတို့၏ အနမတဂ္ဂ ဘဝသံသရာတခွင်က ဦးခေါင်းပြတ်သောဘဝတို့မှ ကျရှိယိုစီးသော သွေးတို့နှင့် သမုဒ္ဒရာလေးစင်းအတွင်းဝယ်ရှိသော ရေတို့သည် အဘယ်က များပါသနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ထိုသုံးကျိပ်သော ရဟန်းတော်အရှင်သူမြတ်တို့က "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ရှင်တော်ဘုရား ဟောကြားတော်

မှုအပ်သော တရားတော်ကို တပည့်တော်တို့ သိရှိနားလည်ရသည်မှာ မဟာသမုဒ္ဒရာလေးစင်း မြစ်အတွင်းဝယ် ထင်ရှားရှိသော ရေကြည်ရေပေါက်ထက် အစမထင် သံသရာတခွင်က ဦးခေါင်းပြတ်၍ စုတိပြတ်ကြွေ သေလွန်ခဲ့ရသော တပည့်တော်တို့၏ သွေးပေါက်အစုသည်ကား မဟာသမုဒ္ဒရာလေးစင်း မြစ်အတွင်းဝယ် ရေကြည် ရေပေါက်တို့ထက် မြားမြောက်လှ၏ ဟု တပည့်တော်တို့ သိပါသည် ဟု ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် သာဓု ကောင်းချီး ခေါ်တော်မူ၍ ချစ်သား ရဟန်းတို့....သင်ချစ်သားတို့ ငါဘုရား ဟောကြားအပ်သော တရားတော်ကို ကောင်းစွာ မှတ်သားမိကြပါပေကုန်သည်၊ ဤမျှ ရှည်လျားသော သံသရာတခွင်ဝယ် ကျင်လည်ကျက်စားကြရကုန်သော သင်ချစ်သားတို့၏ ဦးခေါင်းပြတ်သော ဘဝအဆက်ဆက်က ယိုစီး၍ ကျသော သွေးတို့သည်ကား မဟာသမုဒ္ဒရာလေးစင်း အတွင်း ရေကြည် ရေပေါက်တို့ထက် မြားမြောက်လှကုန်သည်သာတည်း။

ချစ်သား ရဟန်းတို့....သင်ချစ်သားတို့အား အတိတ် သံသရာ ကမ္ဘာတခွင်ဝယ် နွားဖြစ်၍ စုတေခဲ့ရ ကျွဲဖြစ်၍ စုတေခဲ့ရ ဆိတ်ဖြစ်၍ သိုးဖြစ်၍ သားဖြစ်၍ ကြက်ဖြစ်၍ ဝက်ဖြစ်၍ စုတေခဲ့ရ ခိုးသားဟူ၍ဖမ်းယူပြီး ဦးခေါင်း ဖြတ်သတ်သဖြင့် စုတေခဲ့ရ လမ်းခရီးအကြားဝယ် တိုက်ခိုက်လုယက်တတ်သော ပုဂ္ဂိုလ် ဟု ဖမ်းယူပြီး ဦးခေါင်းဖြတ်သတ်သဖြင့် စုတေခဲ့ရသော ဘဝအသင်္ချေ များစွာသော ဘဝ ဘဝက ဦးခေါင်းပြတ်၍ သေခဲ့ရသော သွေးအစုတို့နှင့် မဟာသမုဒ္ဒရာလေးစင်း မြစ်အတွင်းဝယ် ရေကြည်ရေပေါက်တို့ကို နှိုင်းစာသျှင် မဟာသမုဒ္ဒရာ လေးစင်း ရေကြည်ရေပေါက်တို့က နည်းလှပါပေသည်၊ ဦးခေါင်းပြတ်သဖြင့် စုတိပြတ်ကြွေ သေလွန်ခဲ့ရသော ဘဝများစွာက ယိုစီး၍ ကျခဲ့သော သွေးအစုကသာ မြားမြောက်လှပါပေသည်။

ဤမျှ ရှည်လျားသော သံသရာအတွင်းဝယ် သို့စင်ကလောက် မဟာသမုဒ္ဒရာလေးစင်း မြစ်အတွင်းဝယ် ထင်ရှားရှိသော ရေကြည်ရေပေါက်တို့ထက် မြားမြောက်လှအောင် သွေးပေါက်တို့ ကျရှိရအောင် ဒုက္ခအမျိုးမျိုး ဗျသနအမျိုးမျိုး သင်ချစ်သားတို့ ခံစားခဲ့ရလှလေပြီ၊ သင်းချိုင်းမြေကို ဘဝဆက်ကာ ပွါးစေခဲ့ရလှလေပြီ။

အလမေဝ ဘိက္ခဝေ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ၊ အလံ ဝိရဇ္ဇိတုံ၊ အလံ ဝိမုစ္စိတုံ။

ချစ်သားတို့ ရုပ်နာမ်ဓမ္မ ဤသင်္ခါရတရားအစုတို့၌ ငြီးငွေ့ခြင်းငှါလည်း တပ်ခြင်းကင်းခြင်းငှါလည်း ဤရုပ်နာမ်ဓမ္မသင်္ခါရတို့မှ လွတ်အောင် ကြိုးကုတ်အားထုတ်ခြင်းငှါလည်း သင့်တင့်လျောက်ပတ်လှသည်သာတည်း ဟု အရဟတ္တဖိုလ် အထွဋ်တပ်သည့် ဤသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူအပ်ပါသည်။

ဤဒေသနာတော်၏ အဆုံးဝယ် ထိုသုံးကျိပ် အတိုင်းအရှည်ရှိသော ပါဝေယျတိုင်းသား ရဟန်းတော်မထေရ်သူမြတ်များသည် အရဟတ္တဖိုလ် ပေါက်ရောက်တော်မူခဲ့ပါသည်။

ဤသို့လျှင် တိံသမတ္တ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို ရာဇဂြိုဟ်ပြည် အရပ်ဝယ် သုံးကျိပ်အတိုင်းအရှည်ရှိသော ရဟန်းတော်အရှင်သူမြတ်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

တိံသမတ္တသုတ် ပြီး၏

---

## မာတုသုတ် စသော ၆-သုတ်

ပုစ္ဆာ။ ။မာတုသုတ္တာဒိနိ ပနာဝုသော ဆသုတ္တာနိ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဠ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။ န သော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊ ယော န မာတာဘူတပုဗ္ဗော ဣမိနာ ဒီဃေန အဒ္ဓုနာ။ ယော န ပိတာဘူတပုဗ္ဗော။ယော န ဘာတာဘူတပုဗ္ဗော။ ယော န ဘဂိနိဘူတပုဗ္ဗော။ ယော န ပုတ္တာဘူတပုဗ္ဗော။ ယော န

> ဓိတာဘူတပုဗ္ဗော ဣမိနာ ဒီဃေန အဒ္ဓုနာ”တိ ဝေမာဒိနာ ဘဏ္ဍေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုအနမတဂ္ဂသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော မာတုသုတ် အစရှိသော ခြောက်ခုသော သုတ္တန်ဒေသနာတော်တို့ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အစရှိသည်ဖြင့် —

ချစ်သား ရဟန်းတို့....ဤသံသရာကြီးသည်ကား အစကို မသိနိုင် လောက်အောင်ပင် ရှည်လျားလှပေ၏၊ အဝိဇ္ဇာ နီဝရဏ တဏှာ သံယောဇဉ် မကင်းကြသဖြင့် လူးလာ စုန်ဆန် အဖန်ဖန် ကျင်လည်ကျက်စားကြကုန်သော သတ္တဝါတို့၏ သံသရာအစကား မသိသာ မထင်သာ မမြင်သာလောက်အောင်ပင် ဝေးခြားလှပေ၏၊ ရှည်လျားလှပေ၏။

ချစ်သား ရဟန်းတို့....ဤမျှ ရှည်လျားသော သံသရာအဓွန့်ဝယ် အကြင်သူသည်ကား အမိ မဖြစ်ဘူး။ ထိုသို့ အမိမဖြစ်ဘူးသော သတ္တဝါ ဟူ၍ မရှိနိုင်ပေ။

ဤမျှ ရှည်လျားသော သံသရာအဓွန့်ဝယ် ဘခင် မဖြစ်ခဲ့ဘူးသော သတ္တဝါ ဟူ၍ မရှိနိုင်ပေ။

ဤမျှ ရှည်လျားသော သံသရာအဓွန့်ဝယ် နောင်ကြီး ညီငယ် မဖြစ်ခဲ့ဘူးသော သတ္တဝါ ဟူ၍ မရှိခဲ့ပေ။

ဤမျှ ရှည်လျားသော သံသရာ အဓွန့်ဝယ် အမ နှစ်မ မဖြစ်ခဲ့ဘူးသော သတ္တဝါ ဟူ၍ မရှိခဲ့ပေ။

ဤမျှ ရှည်လျားလှစွာသော သံသရာ အဓွန့်ဝယ် သား မဖြစ်ခဲ့ဘူးသော သတ္တဝါ ဟူ၍ မရှိခဲ့ဘူးပေ။

ဤမျှ ရှည်လျားသော သံသရာအခွင့်ဝယ် သမီး မဖြစ်ခဲ့ဘူးသော ပုဂ္ဂိုလ် ဟူ၍ မရှိခဲ့ပေ။

အကြောင်းသော်ကား ဤသံသရာကြီးသည်ကား အစမထင်လောက် အောင်ပင် ရှည်လျားလှပါပေ၏၊ ဤမျှ ရှည်လျားသော သံသရာအတွင်းဝယ် ဒုက္ခအမျိုးမျိုး ဗျသနအမျိုးမျိုးတို့ကို သင်ချစ်သားတို့ အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အထပ်ထပ် ခံစားအပ်ခဲ့လှလေပြီ၊ သင်းချိုင်းမြေကို အကြိမ်ကြိမ် အဖန်ဖန် ပွါးစေခဲ့ရလှလေပြီ။

ချစ်သား ရဟန်းတို့....ရုပ် နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှါရင်း တပ်ခြင်း ကင်းခြင်း ငှါရင်း လွတ်အောင် ကြိုးကုတ် အားထုတ်ခြင်းငှါရင်း လျောက်ပတ်လှသည်သာတည်း ဟူ၍ မာတုသုတ္တန် အစရှိသော သုတ္တန်ဒေသနာတော်မြတ် ခြောက်ရပ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းအရပ်ဝယ် များစွာသော တရားနာ ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မာတုသုတ်စသော ခြောက်သုတ် ပြီး၏

အနမတဂ္ဂသံယုတ် ပြီးပြီ။

---

## ကဿပသံယုတ်

### စန္ဒူပမသုတ်

ပုစ္ဆာ။ ။ကဿပသံယုတ္တေ ပနာဝုသော စန္ဒူပမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "စန္ဒူပမာ ဘိက္ခဝေ ကုလာနိ ဥပသင်္ကမထ အပကဿေဝ ကာယံ အပကဿ စိတ္တံ နိစ္စနဝကာ ကုလေသု အပ္ပဂဗ္ဗာ။ သေယျထာပိ ဘိက္ခဝေ ပုရိသော ဇရုဒပါနံ ဝါ ဩလောကေယျ ပဗ္ဗတဝိသမံ ဝါ နဒီဝိဒုဂ္ဂံ ဝါ အပကဿေဝ ကာယံ အပကဿ စိတ္တံ။ ဧဝမေဝ ခေါ ဘိက္ခဝေ စန္ဒူပမာ ကုလာနိ ဥပသင်္ကမထ အပကဿေဝ ကာယံ အပကဿ စိတ္တံ နိစ္စနဝကာ ကုလေသု အပ္ပဂဗ္ဗာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ကဿပ သံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော စန္ဒူပမသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် များစွာသော တရားနာ ရဟန်းတော် အရှင်မြတ်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူသောအခါ တရားနာ စည်းဝေးမိကြသော ရဟန်းတော်ပရိသတ် အလယ်၌ စန္ဒူပမာ ဘိက္ခဝေ ကုလာနိ ဥပသင်္ကမထ အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ကောင်းကင်ကသွား လရထားလျှင် နှိုင်းစားဘွယ်ရာ ဥပမာ ရှိကြကုန်သည်ဖြစ်၍ ကောင်းကင်မှ သွားသော လရထားသည် မိမိထွက်ပြူလာသောအခါ တစုံတယောက်သော သူကိုမျှ ချစ်ခြင်း မုန်းခြင်းကိုလည်း မပြု၊ မြင်မြင်သမျှ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ပုဂ္ဂိုလ်ဟူသမျှတို့၏ ချစ်ခင်မြတ်နိုးခြင်းကို ဖြစ်စေလျက် ထွက်ခြင်း ဝင်ခြင်းကို ပြုဘိသကဲ့သို့ ထို့အတူ သင်ချစ်သားတို့သည်လည်း ကောင်းကင်ကသွားသည့် လရထားပမာ မိမိတို့၏ ကိုယ်ကို ကာယ ဝစီ မနောဒုစရိုက်တို့၌ မကျရောက်စေဘဲ မိမိတို့၏ စိတ်ကိုလည်း ရှိ့ကာ ဖယ်ရှားကာဖြင့် အမျိုးလေးပါးတို့၌ အမြဲတစေ အသစ်အသစ်ကို ဖြစ်စေ၍သာလျှင် သင်ချစ်သားတို့သည် ချစ်ခြင်း မုန်းခြင်းကိုလည်း မပြုဘဲ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ပုဂ္ဂိုလ်သုံးမျိုးတို့၏ ကြည်ညိုခြင်း မြတ်နိုးခြင်းကိုသာ ဖြစ်စေ၍ သင်ချစ်သားတို့ ချဉ်းကပ်ကြကုန်။

ချစ်သားတို့....လောကဥပမာအားဖြင့် တစုံတယောက်သောယောကျ်ားသည် ကမ်းပါးပြတ်ကိုဖြစ်စေ တောင်ကမ်းပါးကိုပင် ဖြစ်စေ ရေကြည်ရေအေး သောက်လိုသဖြင့် ကမ်းပျက်၍ နေသော ရေတွင်းအပါးသို့ ဖြစ်စေ ကြည့်ရှုလတ်သည်ရှိသော် ကြီးစွာသောသတိ ကြီးစွာသော ဝီရိယဖြင့် မိမိကိုယ်ကို ရှိ့၍ ငင်း မိမိစိတ်ကို ရှိ့၍ငင်း ထိုဆိုအပ်ပြီးသော ရေတွင်းပျက်

ထိုဆိုအပ်ပြီးသော ကပ်းပါးပြတ် ထိုဆိုအပ်ပြီးသော တောင်ခါးပြတ်သို့ ကပ်ကာ မိမိအလိုရှိသော ရေကြည်ရေပေါက်ကို ကြီးစွာသော သတိ ဝီရိယဖြင့် သောက်၍ လိုရာအရပ်သို့ သွားသကဲ့သို့ ထိုအတူပင် သင်ချစ်သားတို့သည်လည်း ကောင်းကင်မှ သွားသည့် လရထားလျှင် နှိုင်းစားစရာ ဥပမာရှိကြကုန်သည် ဖြစ်၍ မိမိတို့၏ ကိုယ်ကို ရှိုကာ မိမိတို့၏ စိတ်ကို ဖယ်ရှားပြီးလျှင် အမျိုးလေးပါးတို့၌ အမြဲတစေ အသစ် အသစ် ဖြစ်ကြ၍ ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့၏ ရုန့်ရင်း ကြမ်းတမ်းမှုတည်းဟူသော ပဂဗ္ဘိယ တရားကို ပယ်ရှားကြကုန်လျက် အမျိုးလေးပါးသို့ ချဉ်းကပ်ကြကုန်။

ချစ်သားရဟန်းတို့....သင်ချစ်သားတို့၏ နောင်ကြီးအရာ တည်တော်မူပါသော မဟာကဿပ မထေရ်သူမြတ်သည် ကောင်းကင်မှသွား လရထားလျှင် နှိုင်းစားစရာ ဥပမာရှိသည် ဖြစ်၍ မိမိကိုယ်နှင့် စိတ်ကို ရှိုကာ အမျိုးလေးပါးတို့၌ အမြဲတစေ အသစ် အသစ်ကို ဖြစ်စေ၍ ကာယပဂဗ္ဘ ဝစီပဂဗ္ဘ မနောပဂဗ္ဘ တည်းဟူသော ကိုယ် နှုတ် နှလုံး သုံးပါးလုံး၏ ရုန့်ရင်းမှု ကြမ်းတမ်းမှု အဆင်မပြေမှု အလုံးစုံတို့ကို ဖယ်ရှားလျက် အမျိုးလေးပါးသို့ ချဉ်းကပ်ပေသည်။

တံ ကိံ မညထ ဘိက္ခဝေ၊ ကထံ ရူပေါ ဘိက္ခု အရဟာတိ ကုလာနိ ဥပသင်္ကမိတုံ။

ချစ်သား ရဟန်းတို့.... ယခု ငါဘုရား မေးမည့် စကားကို သင် ချစ်သားတို့ မည်သို့ မှတ်ထင်သဘောကျကုန်သနည်း၊ ဘယ်သို့သဘောရှိသော ရဟန်းတော်သည် ဒါယကာတို့ အိမ်သို့ ချဉ်းကပ်ခြင်းငှါ ထိုက်သနည်း ဟု မေးမြန်းတော်မူလတ်သောအခါ ဘဂဝံမူလကာ နော ဘန္တေ ဓမ္မာ ဘဂဝံနေတ္တိကာ ဘဂဝံပဋိသရဏာ အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်တို့၏ တရားခပ်သိမ်းတို့သည် ရှင်ပင်ဘုရားလျှင် အရင်းရှိပါကုန်၏၊ ရှင်ပင်ဘုရားလျှင် ရှေ့သွားရှိပါပေကုန်တော့သည်၊ ရှင်တော်ဘုရားလျှင် လည်းလျောင်းရာရှိပါကုန်တော့သည်၊ ရှင်တော်ဘုရား၏ ဥာဏ်ဝ၌ တရားဒေသနာတော်ကို ထင်တော်မူပါ၊ ရှင်တော်ဘုရားထံမှ ကြားနာပြီးလျှင် ရဟန်းတော်တို့သည် ဤစန္ဒူပမ သုတ္တန် ဒေသနာတော်မြတ်ကို ဆောင်ကြပါကုန်လိမ့်မည် ဟု တောင်းပန် လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အာကာသ ဟင်းလင်းအပြင်၌ ရွှေစင် အရောင် ဝင်းပြောင်ထိန်လက်သော လက်တော်မြတ်ကို အောက်အထက် အားဖြင့်ငှင်း လက်ဝဲ လက်ယာဘက်အားဖြင့်ငှင်း အစုန်အဆန် အပြန်အလှန် လှုပ်ရှား၍ ပြတော်မူပြီးလျှင် သေယျထာပိ ဘိက္ခဝေ အယံ အာကာသေ ပါဏိ န သဇ္ဇတိ န ဂယှတိ န ဗဇ္ဈတိ အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့...သင် ချစ်သားတို့ မျက်မှောက်ဝယ် ထင်ရှား အမြင်အားဖြင့် ဤငါဘုရား၏ ယခုလက်တော်သည် ဤကောင်းကင် အရပ်ဝယ် မငြိကပ်သကဲ့သို့ ထို့အတူ အမှတ်မထင် အကြင် ရဟန်းအား ဒါယကာတို့ အိမ်သို့ ကပ်ရောက်သည်ရှိသော် ထိုဒါယကာတို့ အပေါ်၌ ငြိကပ် တွယ်တာမှု တည်းဟူသော လောဘတရားမရှိ။

လဘန္တု လာဘကာမာ၊ ကောင်းမှုကုသိုလ် လာဘ်လာဘ ရလိုကုန်ကြ ကုန်သော ဒကာ ဒကာမတို့သည် ရကြပါစေကုန်၊ ပုညကာမာ ကရောန္တု ပုညာနိ၊ ကောင်းမှုကုသိုလ်ကို အလိုရှိကြသော ဒကာ ဒကာမတို့သည် ကောင်းမှုကုသိုလ်ကို ပြုနိုင်ကြပါစေ ဟု နှလုံးသွင်း၍ ဒကာ ဒကာမတို့၏ အိမ်သို့ ကပ်ရောက်၏၊ မိမိအား လာဘ်လာဘရလျှင် နှစ်လိုအားရမ်း ရွှင်လမ်း ဝမ်းမြောက်သကဲ့သို့ ထို့အတူ ကိုယ်ချင်းစာတရား ထားကာ တပါးသော သူတို့အားလည်း လာဘ်လာဘ ရသည်ရှိသော် နှစ်လိုအားရမ်း ဝမ်းမြောက် သော စိတ်နှလုံးရှိပေ၏။

ချစ်သား ရဟန်းတို့...ဤဆိုအပ်ပြီးသော ဒကာ ဒကာမတို့ အပေါ်၌ မတွယ်တာ မငြိကပ်သည့် လာဘ်လာဘ အပေါ်ဝယ် ဝန်မတိုသော ရဟန်း တော်မျိုးသည်သာလျှင် ဒကာ ဒကာမတို့၏ အိမ်သို့ ချဉ်းကပ်ခြင်းငှါ ထိုက် တန်လှပေသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် အရပ်ဝယ် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း ဤစန္ဒူပမ သုတ္တန်ဒေသနာ တော်မြတ်ကို စိတ်ဖြာ ခွဲခြား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထဉ္စာဝုသော တတ္ထ ဘဂဝတာ ပရိသုဒ္ဓါပရိသုဒ္ဓ ဓမ္မဒေသနံ ဒဿေတွာ ဘိက္ခူနံ ဩဝါဒေါ ဒိန္နော။

ဝိဿဇ္ဇနာ။ ။“တံ ကိံ မညထ ဘိက္ခဝေ၊ ကထံ ရူပဿ ဘိက္ခုနော အပရိ- သုဒ္ဓါ ဓမ္မဒေသနာ ဟောတိ၊ ကထံ ရူပဿ ဘိက္ခုနော ပရိသုဒ္ဓါ

ဓမ္မဒေသနာ ဟောတိ”တိ ဝေမာဒိနာ ပရိသုဒ္ဓါပရိသုဒ္ဓဓမ္မ-
ဒေသနာ ဝိတ္ထာရတော ဒဿေတွာ “ကဿပေန ဝါ ဟိ ဝေါ
ဘိက္ခဝေ သြဝဒိဿာမိ ယော ဝါ ပနဿ ကဿပသဒိသော၊
သြဝဒိတေဟိ စ ပန ဝေါ တထတ္တာယ ပဋိပဇ္ဇိတဗ္ဗ”န္တိ။ ဇဝံ
ခေါ ဘန္တေ ဘဂဝတော ဘိက္ခူနံ သြဝါဒေါ ဒိန္နော။

အမေး။ ။ထိုစန္ဒူပမ သုတ္တန်ဒေသနာတော်မြတ်၌ ဘုန်းတော်ခြောက်
ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် တရားဟော
ပြောရာ၌ သန့်ရှင်း စင်ကြယ်ပုံ မသန့်ရှင်း မစင်ကြယ်ပုံကို ဘယ်သို့ ပြတော်မူ
ပြီးလျှင် ရဟန်းတော်တို့အား ကြီးမားသော မဟာကရုဏာတော်ဖြင့် သနား
တော်မူ၍ အဘယ်သို့သော အဆုံးအမ သြဝါဒကို ပေးသနားတော်မူခဲ့ပါ
သနည်း ငါ့ရှင်။

အဖြေ။ ။တံ ကိံ မညထ ဘိက္ခဝေ၊ ကထံ ရူပဿ ဘိက္ခုနော အပရိ-
သုဒ္ဓါ ဓမ္မဒေသနာ ဟောတိ-အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့.... ယခု ငါဘုရားမေးမည့် စကားကို သင်ချစ်သားတို့
မည်သို့ သိရှိ သဘောကျပါကုန်သနည်း၊ အဘယ်သို့ သဘောရှိသော ရဟန်း
၏ တရားဟောခြင်းသည် မစင်ကြယ်သော တရားဟောခြင်း ဖြစ်၍ အဘယ်
သို့ သဘောရှိသော အဘယ်သို့ နှလုံးသွင်းသော ရဟန်း၏ တရားဟောခြင်း
သည် စင်ကြယ်သော တရားဟောခြင်း ဖြစ်သနည်း ဟု မေးမြန်းတော်မူပါ
သည်။

ထိုအခါ ရဟန်းတော် အရှင်သူမြတ်ဘို့က ဘဂဝံမူလကာ နော ဘန္တေ
ဓမ္မာ ဘဂဝံနေတ္တိကာ ဘဂဝံ ပဋိသရဏာ-အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်တို့
၏ တရားအစုတို့သည် ရှင်ပင် ဘုရားလျှင် အရင်းရှိပါကုန်သည်၊ ရှင်တော်
ဘုရားလျှင် ရှေ့သွားရှိပါကုန်သည်၊ ရှင်တော်ဘုရားလျှင် လည်းလျောင်းရာ
ရှိပါကုန်သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤစကားတော်၏
အကျယ် ဖြစ်သော အနက် အဓိပ္ပါယ်ကို ရှင်တော်ဘုရား၏ ဥာဏ်ဝဝယ် ထင်

တော်မူ ဟောကြားတော်မူပါ၊ ရှင်တော်ဘုရား၏ အထံမှ ကြားနာပြီးလျှင် ရဟန်းတော် အရှင်တို့သည် ဆောင်ကြရပါကုန်လိမ့်မည် ဟု တောင်းပန်စကား လျှောက်ထားသည်တွင်—

ယော ဟိ ကောစိ ဘိက္ခဝေ ဘိက္ခု ဓမ္မံ ဒေသေတိ ပရေသံ ဓမ္မံ ဒေသေတိ "အဟော ဝတ မေ ဓမ္မံ သုဏေယျုံ၊ သုတွာ စ ပန ဓမ္မံ ပသီဒေယျုံ၊ ပသန္နာ စ မေ ပသန္နာကာရံ ကရေယျုံ-အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....အမှတ်မထင် အကြင် ရဟန်းသည် ဤငါ၏ တရားကို ပရိသတ်တို့ ကြားနာမူ ကောင်းလေစွ ဟူ၍ရှင်း ကြားနာပြီးလျှင် ငါ့ အပေါ်ဝယ် ကြည်ညိုကြကုန်မူ ကောင်းလေစွ ဟူ၍ရှင်း ကြည်ညိုသည့်အတိုင်း ကြည်ညိုသောအခြင်းအရာ လေးပါးသော ပစ္စည်းတို့ကို လှူကုန် တန်းကုန်မူ ကောင်းလေစွ ဟူ၍ရှင်း ဤသို့ အကြံ ဖြစ်ပြီးလျှင် သူတပါးတို့အား တရား ဟောပြောအံ့၊ ချစ်သား ရဟန်းတို့....ထိုရဟန်း၏ တရားဟောခြင်းသည် မစင် ကြယ်သော အပရိသုဒ္ဓ တရားဟောခြင်းမျိုးသာလျှင် ဖြစ်ပေသည်။

ချစ်သား ရဟန်းတို့....အမှတ်မထင် အကြင်ရဟန်းသည်တမူကား ဤသို့ စိတ်အကြံ ဖြစ်၍ တရားဟောပေသည်။

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ—

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်မြတ်သည် အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် လည်း ပြည့်စုံပါပေ၏၊ မျက်မှောက်ဘဝ အကျိုးရသည့် သန္ဒိဋ္ဌိက ဂုဏ်နှင့် လည်း ပြည့်စုံပါပေ၏၊ အခါမလင့် အကျိုးပေးနိုင်သော အကာလိကဂုဏ်, လာလော့ ရှုလော့ ဟု တိုက်တွန်းခြင်းငှါ ထိုက်တန်သော ဧဟိပဿိကဂုဏ်, နတ် လူ ဗြဟ္မာ သတ္တဝါတို့သည် ကိုယ်စီ ကိုယ်ငှ မိမိကိုယ်သို့ ရောက်အောင် ကပ်၍ ဆောင်ထိုက်သော ဩပနေယျိကဂုဏ်, ပညာရှိပုဂ္ဂိုလ်တို့သည် ကိုယ်စီ ကိုယ်ငှ သိအပ်သော ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်နှင့် ပြည့်စုံပါပေ၏။

အဟော ဝတ မေ ဓမ္မံ သုဏေယျုံ၊ ဤပရိသတ် အပေါင်း သူတော် ကောင်းတို့သည် ယခု ငါဟောမည့် တရားကို ကြားနာကြပါကုန်မူ ကောင်း လေစွ။

သုတ္တာ စ ပန ခမ္မံ အာဇာနေယျံ၊ ကြားနာပြီးလျှင် တရားကို သီလကို ဟောသောအရာ၌ သီလကို၊ သမာဓိကို ဟောသောအရာဝယ် သမာဓိကို၊ ပညာကို ဟောသောအရာ၌ ပညာကို ပိုင်းပိုင်းခြားခြား သိကြပါကုန်မူ ကောင်းလေစွ....။

အာဇာနိတွာ စ ပန တထတ္တာယ ပဋိပဇ္ဇေယျံ၊ ဤကား သီလ ဤကား သမာဓိ ဤကား ပညာ ဟု တရားနာရင်း သိရှိကြပြီးလျှင် သီလကို ဟောသော အရာ၌ ထိုဒေသနာဝယ် လာရှိသော သီလတရား၊ သမာဓိကို ဟောသော အရာ ထိုဒေသနာဝယ် လာရှိသော သမာဓိတရား၊ ပညာကို ဟောသောအရာ ထို ဒေသနာအတွင်း လာရှိသော ပညာတရားကို မိမိတို့ သန္တာန်သို့ ရောက်အောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ပါကုန်မူ ကောင်းလေစွ ဟု အကြံဖြစ်၍ တရား ဟောသည် ဖြစ်အံ့၊ ချစ်သားရဟန်းတို့....ဤသို့ သဘောရှိသော တရားတော် ၏ သွာက္ခာတ အစရှိသော ကျေးဇူးဂုဏ်ကို အာရုံပြု၍ရင်း၊ ငါ၏ တရားကို ကြားနာကုန်မူ ကောင်းလေစွ၊ ကြားနာပြီးလျှင် အလုံးစုံ သိရှိကြမူ ကောင်း လေစွ၊ သိရှိကြသည့်အတိုင်း သီလ သမာဓိ ပညာ သိက္ခာ သုံးပါးကို ကျင့်ကြံ ကြပါကုန်မူ ကောင်းလေစွ ဟု အကြံဖြစ်၍ တရားဟောသော ရဟန်း၏ တရား ဟောခြင်းမျိုးသည်သာလျှင် ရှေးရှေးဘုရားတို့ ချီးမွမ်းအပ်သည့် စင်ကြယ် သော ဓမ္မဒေသနာ ဖြစ်ချေသည်။

ချစ်သား ရဟန်းတို့....သင်တို့ နောင်ကြီး ဖြစ်သော မဟာကဿပ မထေရ်သူမြတ်သည် ဤဆိုအပ်ပြီးသောအတိုင်း တရားတော်၏ သွာက္ခာတ- တာ အစရှိသော ကျေးဇူးဂုဏ်ကို အာရုံပြုပြီးလျှင် တရားတော်ကို ဝေနေယျ သတ္တဝါတို့ ကြားနာမူ ကောင်းလေစွ....၊ ကြားနာပြီးလျှင် သိကုန်မူ ကောင်း လေစွ၊ သိပြီးလျှင် သိသည့်အတိုင်း သီလ သမာဓိ ပညာသို့ ရောက်အောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြပါမူ ကောင်းလေစွ ဟု တရားနာပရိသတ်တို့ အပေါ်ဝယ် ကရုဏာရှေ့ထား၍ တရားကို ဟောလေ့ရှိပါပေသည် ဟု သဗ္ဗညု မြတ်စွာဘုရားသည် စင်ကြယ်သော ဓမ္မဒေသနာ တရားဟောခြင်း,မစင်ကြယ် သော စိတ်နှလုံးရှိသူ၏ တရားဟောခြင်းတို့ကို စိတ်ဖြာခွဲခြား အကျယ်အားဖြင့် ပြတော်မူပြီးလျှင် အဆုံး၌—

ကဿပေန ဝါ ဟိ ဝေါ ဘိက္ခဝေ ဩဝဒိတဗ္ဗာမိ ယော ဝါ ပနဿ ကဿပသဒိသော၊ ဩဝဒိတေဟိ စ ပန ဝေါ တထတ္တာယ ပဋိပဇ္ဇိတဗ္ဗံ- ဟူ၍

ချစ်သား ရဟန်းတို့....ငါဘုရားသည် သင်ချစ်သားတို့အား သင်တို့၏ နောင်ကြီး ဖြစ်သော ကဿပဖြင့် နမူနာပြ၍သော်ငြင်း ရှင်မဟာကဿပနှင့် အလားတူသော သာသနာတော်ဝယ် သိက္ခာသီလကို မြတ်နိုးတော်မူသော ရဟန်းတပါးကို သက်သေအရာထား၍သော်ငြင်း သင်ချစ်သားတို့အား ငါဘုရား ဆုံးမလိမ့်မည်၊ ကရုဏာရှေ့ထား၍ ဆုံးမအပ်သော သင်ချစ်သားတို့သည် ငါဘုရား ဆုံးမအပ်သည့်အတိုင်း သီလ သမာဓိ ပညာ တည်းဟူသော သိက္ခာသုံးတန်ကို ကိုယ်စီ ကိုယ်ငှ ရအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ် ကြကုန် ဟူ၍ သဗ္ဗညုမြတ်စွာဘုရားသည် ရှင်မဟာကဿပမထေရ်သူမြတ်ကို သက်သေထား၍ ကြီးစွာသော ကရုဏာတရားဖြင့် ဩဝါဒစကားကို သနား ပေးအပ်တော်မူခဲ့ပါသည် အရှင်ဘုရား။

စန္ဒူပမသုတ် ပြီး၏

---

## ကုလူပကသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန ကဿပသံယုတ္တေ
စတုတ္ထံ ကုလူပကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "တံ ကိံ
မညထ ဘိက္ခဝေ၊ ကထံ ရူပေါ ဘိက္ခု အရဟတိ ကုလူပကော
ဟောတုံ၊ ကထံ ရူပေါ ဘိက္ခု န အရဟာတိ ကုလူပကော
ဟောတု"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာသခင်သည် ကဿပသံယုတ်၌ စတုတ္ထသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားသော ကုလူပက သုတ္တန်မည်သော တရားဒေသနာတော်ကို အဘယ် အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ တံကိံမညထ ဘိက္ခဝေ၊ ကထံ ရူပေါ ဘိက္ခု အရဟတိ ကုလူပ-ကော ဟောတုံ၊ ကထံ ရူပေါ ဘိက္ခု န အရဟတိ ကုလူပကော ဟောတုံ အစရှိသည်ဖြင့်——

ချစ်သားရဟန်းတို့ ....ယခု ငါဘုရား မေးမြန်းမည့်စကားကို သင်ချစ်သားတို့ မည်သို့မှတ်ထင်ကြကုန်သနည်း၊ အဘယ်သို့သဘောရှိသော ရဟန်းသည် ဒါယကာတို့အိမ်သို့ ကပ်ရောက်သောပုဂ္ဂိုလ် ဖြစ်ခြင်းငှါထိုက်၍ အဘယ်သို့ သဘောရှိသော ရဟန်းသည် ဒါယကာတို့အိမ်သို့ ကပ်ရောက်ခြင်းငှါ မထိုက်ပါသနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့က ဘဂဝံမူလကာ နော ဘန္တေ ဓမ္မာ၊ ဘဂဝံနေတ္တိကာ ဘဂဝံပဋိသရဏာ အစရှိသည်ဖြင့်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်တို့ သိမြင်ရမည့်တရား အလုံးစုံတို့သည် ဘုန်းတော်ကြီးမြတ်တော် မူလှသော ရှင်ပင်ဘုရားလျှင် အစအမွန်အရင်းရှိကြပါကုန်သည်၊ ရှင်တော်ဘုရားလျှင် ရှေ့သွားရှိပါကုန်သည်၊ ရှင်တော်ဘုရားလျှင် ကိုးစားစရာ ရှိပါကုန်သည်၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၏ ဥာဏ်တော်ဝယ် ဤတရားဒေသနာတော် အကျယ်တဝင့် ထင်တော်မူပါ ဟောကြားတော်မူပါ၊ ရှင်တော်ဘုရား အထံတော်မှ ကြားနာရပြီးလျှင် များစွာသော ရဟန်းတော် အရှင်မြတ်တို့သည် မှတ်သားဆောင်ယူကြပါကုန်လိမ့်မည် ဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ယော ဟိ ကောစိ ဘိက္ခဝေ ဘိက္ခု ဧဝံစိတ္တော ကုလာနိ ဥပသင်္ကမတိ ဒေန္တုယေဝ မေ မာ နာဒံသု၊ ဗဟုကညေဝ မေ ဒေန္တု မာ ထောကံ၊ ပဏီတညေဝ မေ ဒေန္တု မာ လူခံ၊ သီဃညေဝ မေ ဒေန္တု မာ ဒန္ဓံ၊ သက္ကစ္စညေဝ မေ ဒေန္တု မာ အသက္ကစ္စံ အစရှိသည်ဖြင့်——

ချစ်သားရဟန်းတို့.... အမှတ်မထင် အကြင်ရဟန်းသည် ဤသို့သော စိတ်အကြံရှိ၍ ဒါယကာတို့ အိမ်သို့ ကပ်၏၊ ငါ့အား ဒါယကာတို့ လှူကြပါစေကုန်၊ မလှူဘဲမနေပါစေကုန်လင့်။ များများလှူကြပါစေကုန်၊ နည်းနည်းမလှူကြပါစေကုန်လင့်။ ကောင်းသည် မြတ်သည်ကိုသာလျှင် လှူကြပါစေကုန်၊ ကြမ်းတမ်းသည် ယုတ်ညံ့သည်ကို မလှူကြပါစေကုန်လင့်။ လျင်မြန်စွာ လှူကြပါစေကုန်၊ လေးလေးကန်ကန် မလှူကြပါစေကုန်လင့်။ ရိုသေစွာလှူကြပါစေကုန်၊ မရိုမသေ မလှူကြပါစေကုန်လင့်- ဟူ၍ စိတ်အကြံရှိကာ ဒါယကာတို့ အိမ်သို့ ကပ်ခဲ့၏။

ချစ်သားရဟန်းတို့....ထိုသို့သော စိတ်အကြံရှိ၍ ဒါယကာတို့ အိမ်သို့ ကပ်သော ရဟန်းအား မပေး မလှူဘဲလည်း ရှိတတ်ပေသည်၊ အနည်းငယ်မျှသာ လှူ၍ များစွာမလှူဘဲလည်း ဖြစ်တတ်ပေသည်၊ ကြမ်းတမ်းရုန့်ရင်းသည်ကိုသာ လှူ၍ မွန်မြတ် သိမ်မွေ့သည်ကို မလှူဘဲလည်း ရှိတတ်ပေသည်၊ နှေးကန်စွာလှူ၍ လျင်မြန်စွာ မလှူဘဲလည်း ရှိတတ်ပေသည်၊ မရိုမသေ လှူ၍ ရိုသေစွာ မလှူဘဲလည်း ရှိတတ်ပေသည်။

ထိုသို့ဖြစ်ရာ၌ ထိုရဟန်း၏ စိတ်သန္တာန်ဝယ် မခံသာအောင် နာကျင်မှုဖြစ်တတ်ပေသည်၊ မခံသာအောင် နာကြည်းသောစိတ်ကို အရင်းခံ၍ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းတည်း ဟူသော ဒုက္ခဒေါမနဿဝေဒနာကို ခံစားရသည်။

ချစ်သား ရဟန်းတို့....ဤသို့သဘောရှိသော ရဟန်းသည် ဒါယကာတို့ အိမ်သို့ ကပ်ရောက်တတ်သော ကုလူပကပုဂ္ဂိုလ် ဖြစ်ခြင်းငှါ မထိုက်တန်။

ချစ်သား ရဟန်းတို့....အမှတ်မထင် အကြင်ရဟန်းသည်မူကား လှူကြပါစေကုန်သတည်း၊ မလှူဘဲ မနေပါစေကုန်လင့် ဟူ၍၎င်း၊ များစွာ လှူပါစေကုန်သတည်း၊ အနည်းငယ် မလှူပါစေကုန်လင့် ဟူ၍၎င်း၊ မြတ်သည်ကိုသာလှူ၍ ရုန့်ရင်းကြမ်းတမ်းသည်ကို မလှူပါစေကုန်လင့် ဟူ၍၎င်း၊ လျင်မြန်စွာလှူ၍၊ နှေးကန်စွာ မလှူကြပါစေကုန်လင့် ဟူ၍၎င်း၊ ရိုသေစွာ လှူကြကုန်၍ မရိုမသေ မလှူကြပါစေကုန်လင့် ဟူ၍၎င်း၊ ဤအကြောင်းအရာ ဤသို့သော အဖြစ်မျိုးကို ဒါယကာတို့အိမ်ဝယ် အဘယ်မှာလျှင် ရနိုင်ပါအံ့နည်း၊ အကြောင်းညီညွတ်သလိုသာလျှင် လှူသည်လည်းရှိ၏၊ မလှူသည်လည်းရှိနိုင်ရာ၏။ ဤသို့စိတ်အကြံဖြစ်ပြီးလျှင် ဒါယကာတို့ အိမ်သို့ ကပ်ရောက်ခဲ့သည်။

ထိုသို့ ကောင်းမွန်သောစိတ် အကြံရှိသည်ဖြစ်၍ ဒါယကာတို့ အိမ်သို့ ကပ်ရောက်သောရဟန်းအား မလှူဘဲလည်း ရှိတတ်သည်၊ သို့ပင် မလှူစေကာမူ ထိုရဟန်းအား မလှူခြင်းဟူသော အကြောင်းကြောင့် စိတ်၏ နာကျင်မှု နာကြည်းမှုမဖြစ်နိုင်ပါ၊ စိတ်၏နာကျင်မှု နာကြည်းမှုမဖြစ်နိုင်သော အကြောင်းကြောင့် ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းတည်းဟူသော ဒုက္ခဒေါမနဿကို ထိုရဟန်းသည် မခံစားရ။

ချစ်သားရဟန်းတို့....ဤနည်း အဘူပင်လျှင် အနည်းငယ်သာ လှူ၍ များစွာ မလှူသည်နှင့်လည်း တွေ့ကြုံတတ်ပေသည်။

ရှန့်ရင်းကြမ်းတမ်းသည်ကိုသာလျှင် လှူ၍ သိမ်မွေ့နူးညံ့သည်ကို မလှူ သည်ကိုလည်း တွေ့တတ်ပေသည်၊

နှေးကန်စွာလှူ၍ လျှင်မြန်စွာ မလှူဘဲလည်း ရှိတတ်ပေသည်။

ရိုသေစွာလှူ၍ မရိုမသေ မလှူဘဲလည်းရှိတတ်ပေသည်။ သို့ပင် မရို မသေလှူစေကာမူလည်း မူလပဌမကပင် ယောနိသော မနသိကာရ အရင်းခံ ဖြင့် ဒါယကာတို့အိမ်သို့ ကပ်ရောက်သော ထိုရဟန်း၏ စိတ်သန္တာန်ဝယ် မခံသာမှု နာကြည်းမှု နာကျင်မှုမဖြစ်နိုင်ပါ၊ ထိုသို့စိတ်၏ နာကြည်းမှု နာကျင် မှုမဖြစ်နိုင်ခြင်း ဟူသော အကြောင်းကြောင့် ထိုရဟန်းသည် ကိုယ်၏ဆင်းရဲ ခြင်း စိတ်၏ဆင်းရဲခြင်းတည်း ဟူသော ဒုက္ခဒေါမနဿတို့ကို မခံစားရပါ။

ချစ်သား ရဟန်းတို့....ဤသို့သော သဘောရှိ ရဟန်းသည်၊ ဒါယကာတို့ အိမ်သို့ကပ်ရောက်သော ကုလူပက ရဟန်းဖြစ်ခြင်းငှါ ထိုက်တန်ပေသည်။

ချစ်သား ရဟန်းတို့....သင်ချစ်သားတို့၏ နောင်ကြီးအရာဝယ် တည်သော မဟာကဿပ မထေရ်သူမြတ်သည် ဒါယကာတို့ အိမ်သို့ ကပ်ရောက်သောအခါ လှူကြပါစေကုန်သတည်း၊ မလှူဘဲ မနေကြပါစေကုန်လင့်။ များများလှူကြ ပါစေကုန်သတည်း၊ နည်းနည်းမလှူကြပါစေကုန်လင့်။ မြတ်သည် ကောင်း သည်ကိုသာ လှူကြပါစေကုန်၊ ယုတ်သည်ညံ့သည်ကို မလှူကြပါစေကုန်လင့်။ လျှင်မြန်စွာ လှူကြပါစေကုန်၊ နှေးကန်စွာ မလှူကြပါစေကုန်လင့်။ ရိုသေစွာ လှူကြပါစေကုန်သတည်း၊ မရိုမသေမလှူကြပါစေကုန်လင့် ဟူသော ဤ သဘောမျိုးကို ဒါယကာတို့အိမ်ဝယ် အဘယ်မှာလျှင် အခါခပ်သိမ်းရနိုင်ပါ အံ့နည်း၊ မရနိုင်သည်သာတည်း....။ ကောင်းသည်ကို လှူသည်လည်းရှိပေအံ့၊ ယုတ်ညံ့သည်ကို လှူသည်လည်းရှိပေအံ့၊ များစွာလှူသည်လည်း ရှိပေအံ့၊ အနည်းကို လှူသည်လည်း ဖြစ်ပေအံ့၊ ဤသို့စသည်ဖြင့် ယောနိသော မနသိကာရ အရင်းခံ၍ ဒါယကာတို့ အိမ်သို့ ကပ်ခဲ့ပေသည်၊ ဒါယကာအိမ်သို့ ချဉ်းကပ်လေ့ရှိပါပေသည်။

ချစ်သား ရဟန်းတို့....ဤသို့ ကောင်းမွန်သော ယောနိသော မနသိ- ကာရ စိတ်အကြံရှိ၍ ဒါယကာတို့ အိမ်သို့ ကပ်ရောက်သော သင်တို့ နောင်ကြီး

ရှင်မဟာကဿပအား တရံတခါ ဒါယကာတို့ မလှူသည်နှင့်လည်း တွေ့ကြုံခဲ့ပေသည်၊ သို့စေကာမူ ရှင်မဟာကဿပ၏ စိတ်သန္တာန်ဝယ် နာကျင်မှု နာကြည်းမှု မဖြစ်ခဲ့ပါ။ ထိုသို့ စိတ်၏ နာကျင်မှု နာကြည်းမှု မဖြစ်ခဲ့ခြင်းဟူသော အကြောင်းကြောင့် သင်တို့နှောင်ကြီး ရှင်မဟာကဿပ၏ ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်း တည်းဟူသော ဒုက္ခ ဒေါမနဿ ဝေဒနာတို့ကို မခံစားရပါ။

ထို့အတူပင်လျှင် တရံတခါ အနည်းငယ်သာလှူ၍ များစွာမလှူသည်နှင့်လည်း တွေ့ကြုံခဲ့ပေသည်၊ တရံတခါ ရုန့်ရင်းကြမ်းတမ်းသည်ကိုသာ လှူ၍ မွန်မြတ်သိမ်မွေ့သည်ကို မလှူသည်နှင့်လည်း တွေ့ကြုံခဲ့ပေသည်၊ တရံတခါ နှေးကန်စွာ လှူ၍ လျင်မြန်စွာ မလှူသည်နှင့်လည်း တွေ့ကြုံခဲ့ပါပေသည်၊ တရံတခါ မရိုမသေလှူ၍ ရိုသေစွာ မလှူခြင်းနှင့်လည်း တွေ့ကြုံခဲ့ပါပေသည်။

သို့စေကာမူ ရှေးဦးကပင်လျှင် ယောနိသောမနသိကာရ အရင်းခံရှိပြီးဖြစ်သောကြောင့် သင်တို့နှောင်ကြီးဖြစ်သော မဟာကဿပသည် ဤသို့ မရိုမသေလှူမှုကို အကြောင်းပြု၍ စိတ်၏ နာကြည်းခြင်း မဖြစ်ပါ၊ စိတ်၏ နာကျင်ခြင်း နာကြည်းခြင်း မဖြစ်သော ကြောင့် သင်တို့နှောင်ကြီး ဖြစ်သော ရှင်မဟာကဿပမထေရ်သည် မရိုမသေလှူမှုကို အစွဲပြု၍ ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်း တည်းဟူသော ဒုက္ခ ဒေါမနဿကို မခံစားရပါ။

ကဿပေန ဝါ ဟိ ဝေါ ဘိက္ခဝေ ဩဝဒိဿာမိ ယော ဝါ ပနဿ ကဿပသဒိသော၊ ဩဝဒိတေဟိ စ ပန ဝေါ တထတ္တာယ ပဋိပဇ္ဇိတဗ္ဗံ။

ချစ်သား ရဟန်းတို့.... သင်ချစ်သားတို့အား ငါဘုရားသည် သင်တို့၏ နှောင်ကြီးအရာဝယ် တည်သော မဟာကဿပကို သက်သေထူ၍သော်၎င်း မဟာကဿပနှင့် အလားတူ သိက္ခာသုံးပါးကို လိုလားတော်မူသော အရှင်တပါးပါးနှင့် သက်သေထူ၍သော်၎င်း သင်ချစ်သားတို့အား ငါဘုရားသည် ဆုံးမလိမ့်မည်၊ သို့ကရုဏာရှေ့ထား၍ ဆုံးမစကားပြောကြားအပ်သော သင်ချစ်သားတို့သည် မိမိတို့၏ ဝတ္တရားကို သိရှိကာ ထိုသို့သော အဆုံးအမ ဩဝါဒဝယ် ပါရှိသည့် သီလ သမာဓိ ပညာ သိက္ခာဘုရားတို့ကို တိုးပွါးအောင်သာလျှင် သင်ချစ်သားတို့ ကျင့်ရမည် ဟု ဤကုလူပကသုတ္တန် ဒေသ

နာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ဓမ္မပ္ပဋိဂ္ဂါဟက ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကုလူပကသုတ် ပြီး၏

---

## ဒုတိယ သြဝါဒသုတ်

ပုစ္ဆာ။ ။တတ္ထေဝါဝုသော ဘဂဝတာ ဒုတိယသြဝါဒသုတ္တံ ကတ္ထ ကေန သဒ္ဓိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အာယသ္မတာ မဟာကဿပေန သဒ္ဓိံ "သြဝဒ ကဿပ ဘိက္ခူ၊ ကရောဟိ ကဿပ ဘိက္ခူနံ ဓမ္မိံ ကထံ၊ အဟံ ဝါ ကဿပ ဘိက္ခူ သြဝဒေယျံ တွံ ဝါ၊ အဟံ ဝါ ဘိက္ခူနံ ဓမ္မိံ ကထံ ကရေယျံ တွံ ဝါ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုကဿပသံယုတ်၌ပင်လျှင် ဒုတိယ သြဝါဒသုတ် မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်နှင့် အတူတကွ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်ဝယ် တတိယ မဟာသာဝက ဖြစ်တော်မူသော အရှင်မဟာကဿပမထေရ်မြတ်နှင့် အတူတကွ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်းအရပ်ဝယ် ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ အရှင်မဟာကဿပ မထေရ်သူမြတ်သည် ဘုရားထံမှောက် သွားရောက်၍ ရှိသေစွာ ရှိခိုးဦးညွှတ်ပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေဆဲ ရှိပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် သြဝဒ ကဿပ ဘိက္ခူ၊ ကရောဟိ ကဿပ ဘိက္ခူနံ ဓမ္မိံ ကထံ-အစရှိသည်ဖြင့်——

ချစ်သား ကဿပ....သင် ချစ်သားသည် ရဟန်းတော်တို့ကို ဆုံးမလော့၊ ချစ်သားကဿပ....သင်ချစ်သားသည် ရဟန်းတော်တို့အား တရားနှင့် ယှဉ်သော စကားကို ဟောကြားလော့၊ ချစ်သား ကဿပ....ငါဘုရားပင် ဖြစ်စေ သင် ချစ်သားပင် ဖြစ်စေ ရဟန်းတော်တို့ကို ဆုံးမရချေမည်၊ ငါဘုရားသော်ငင်း သင်ချစ်သားသော်ငင်း ရဟန်းတော်တို့အား တရားနှင့် ယှဉ်သော စကားကို ဟောကြားရပေလိမ့်မည် ဟု တိုက်တွန်းမိန့်ကြားတော်မူလတ်ပါသည်။

ထိုအခါ မဟာကဿပ မထေရ်သည်မြတ်သည်–ဒုဗ္ဗစာ ခေါ ဘန္တေ ဧတရဟိ ဘိက္ခူ ဒေါဝစဿကရဏေဟိ ဓမ္မေဟိ သမန္နာဂတာ အက္ခမာ အပ္ပဒက္ခိဏဂ္ဂါဟိနော အနုသာသနိံ–အစရှိသည်ဖြင့်....

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ယခုအခါ ရဟန်းတို့သည် အဆိုအဆုံးမခက်လှပါကုန်သည်၊ အဆုံးမခက်ကြောင်း မကောင်းသော အကုသိုလ်တရားတို့နှင့်လည်း ပြည့်စုံကြပါကုန်သည်၊ အဆုံးအမ သြဝါဒကို မရိုမသေ နာယူလေ့ ရှိကြပါကုန်သည်၊ ဆုံးမသည်ကိုလည်း မခံယူကြပါကုန်။

ယဿ ကဿစိ ဘန္တေ သဒ္ဓါ နတ္ထိ ကုသလေသု ဓမ္မေသု၊ ဟိရီ နတ္ထိ။ သြတ္တပ္ပံ နတ္ထိ။ ဝီရိယံ နတ္ထိ။ ပညာ နတ္ထိ ကုသလေသု ဓမ္မေသု။

ဘုန်းတော်ကြီးမြတ်သော်မူလှသော မြတ်စွာဘုရား....သီတင်းကြီးပင် ဖြစ်စေ သီတင်းလတ်ပင် ဖြစ်စေ သီတင်းငယ်ပင် ဖြစ်စေ အမှတ်မထင် အကြင်ပုဂ္ဂိုလ်အား ကုသိုလ်တရားတို့၌ သဒ္ဓါတရားလည်းမရှိ၊ ဟိရီတရားလည်းမရှိ၊ သြတ္တပ္ပတရားလည်း မရှိ၊ ဝီရိယတရားလည်း မရှိ၊ ပညာတရားလည်း မရှိ။ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်အား အကြင် အကြင်သို့ သဘောရှိသော နေ့တွေ ရက်တွေ လတွေသာ ရောက်ခဲ့၏၊ တနေ့မှ တနေ့ တရက်မှ တရက်သို့ ပြောင်းတိုင်း ပြောင်းတိုင်းပင်လျှင် ထိုပုဂ္ဂိုလ်အား ကုသိုလ်တရားတို့၌ ယုတ်လျော့ခြင်းကိုသာလျှင် အလိုရှိအပ်ပါသည်၊ တိုးပွါးခြင်းကို အလိုမရှိအပ်ပါ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... လောကဥပမာအားဖြင့် လပြည့်ကျော်ပက္ခ လဆုတ်ပက္ခဝယ် အကြင်အကြင်သို့သောနေ့ အကြင် အကြင်သို့သော ရက်တို့သည် တဆင့်ထက် တဆင့် ဘနေ့ထက် တနေ့ လွန်မြောက်ရောက်ခဲ့ပါကုန်သည်၊ ထိုသို့ တနေ့ထက် တနေ့ တရက်ထက်

တရက် ပြောင်းတိုင်း ပြောင်းတိုင်း ရောက်တိုင်း ရောက်တိုင်းပင်လျှင် ကောင်းကင်မှာရှိသော လရထားအား အဆင်းအားဖြင့်ရှင်း အဝန်းအားဖြင့်ရှင်း အရောင်အားဖြင့်ရှင်း လုံးပတ်သဏ္ဍာန်အားဖြင့်ရှင်း တနေ့တခြား လျော့ပါး ဆုတ်ယုတ်တော့သည်သာလျှင်တည်း။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ထိုအတူပင်လျှင် အမှတ်မထင် အကြင်ပုဂ္ဂိုလ်အား ကုသိုလ်တရား၌ သဒ္ဓါ ဟိရီ သြတ္တပ္ပ ဝီရိယ ပညာ တည်းဟူသော ဤတရားငါးပါးတို့ ထင်ရှားမရှိပါ၊ ထိုသို့ သဒ္ဓါ ဟိရီ သြတ္တပ္ပ ဝီရိယ ပညာ တည်းဟူသော တရားငါးပါး မရှိသော ပုဂ္ဂိုလ်အား ရောက်တိုင်း ရောက်တိုင်းသောနေ့ ရောက်တိုင်း ရောက်တိုင်းသော ရက်တို့သည် ရောက်တိုင်း ရောက်တိုင်းသော နေ့ညဥ့်တို့မှာပင်လျှင် ကုသိုလ်တရားတို့ အဘွက် ဆုတ်နစ်ခြင်းကိုသာလျှင် အလိုရှိအပ်ပါပေသည်၊ တိုးပွါးခြင်းကို အလိုမရှိအပ်ပါ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤပုဂ္ဂိုလ်ကား သဒ္ဓါတရား ခေါင်းပါးသော ပုဂ္ဂိုလ်ဘည်းဟူသော စကားသည် ဆုတ်ယုတ်ခြင်းကို ဖော်ပြသော စကားပင် ဖြစ်ပါတော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤသူကား ဟိရီတရား ခေါင်းပါးသော ပုဂ္ဂိုလ်တည်း။ ဤသူကား သြတ္တပ္ပတရား ခေါင်းပါးသော ပုဂ္ဂိုလ်တည်း။ ဤသူကား လွန်လ ဝီရိယမရှိ ပျင်းရိသော ပုဂ္ဂိုလ်တည်း။ ဤသူကား ပညာမရှိ ဒုပ္ပညပုဂ္ဂိုလ်တည်း။ ဤသူကား အမျက်ထွက်သော ပုဂ္ဂိုလ်တည်း။ ဤသူကား ရန်ငြိုးဖွဲ့သော ပုဂ္ဂိုလ်တည်း ဟူသော စကားသည် တရားကိုယ်စင်စစ်၊ အမှန်စစ်သည်ရှိသော် ယုတ်လျော့ခြင်း ဆုံးရှုံးခြင်းကို သက်သေထင်ရှား ဖော်ပြသော စကားပင် ဖြစ်ပါတော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤပုဂ္ဂိုလ်အား အဆုံးအမ သြဝါဒ ပေးမည့် ရဟန်းတော်တို့ မရှိ ဟူ၍ သူတပါးတို့ အပြောခံရခြင်းသည် စင်စစ်အားဖြင့် ထိုအပြောခံရသော ပုဂ္ဂိုလ်၏ သူတော်ကောင်းတရားမှ ဆုတ်ယုတ်ခြင်း ဆုံးရှုံးခြင်းကို ဖော်ပြခြင်းသာလျှင် ဖြစ်ပါတော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြဘ်စွာဘုရား....အမှတ် မထင် အကြင် ပုဂ္ဂိုလ်အား ကုသိုလ်ဘရားတို့၌ သဒ္ဓါတရား ဟိရီတရား သြတ္တပ္ပတရား

ဝီရိယတရား ပညာတရား တည်းဟူသော ဤငါးပါးသော တရားတို့ ထင်ရှား ရှိပါပေ၏၊ ထိုသို့ ကုသိုလ်ကောင်းမှု ပြုဘို့ရန် သဒ္ဓါ ဟိရီ ဩတ္တပ္ပ ဝီရိယ ပညာ တည်းဟူသော တရားငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ရောက်တိုင်းရောက် တိုင်းသောညဉ့် ရောက်တိုင်း ရောက်တိုင်းသောနေ့တို့သည် ရောက်တိုင်း ရောက်တိုင်းသော နေ့ညဉ့်တို့မှာပင်လျှင် ကုသိုလ်တရားတို့၏ တိုးပွါးခြင်းကို သာလျှင် အလိုရှိအပ်ပါပေသည်၊ ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းကို အလို မရှိအပ်ပါ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... လောက ဥပမာ အားဖြင့် လဆန်း ပက္ခဝယ် ကောင်းကင်မှသွား လရထားအတွက် တရက်မှ တရက် တညဉ့်မှ တညဉ့်သို့ ပြောင်းလေ ပြောင်းလေ အဆင်းအားဖြင့်၎င်း အဝန်းအားဖြင့်၎င်း အရောင်အားဖြင့်၎င်း လုံးပတ်အားဖြင့်၎င်း တိုး၍တိုး၍ သာ ပွါးစည်းလေရာ သကဲ့သို့၊ ထို့အတူ အမှတ်မထင် အကြင်ပုဂ္ဂိုလ်အား သဒ္ဓါ ဟိရီ ဩတ္တပ္ပ ဝီရိယ ပညာ တည်းဟူသော တရား ငါးပါးတို့ ထင်ရှားရှိပါပေ၏၊ ထိုတရားငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ရောက်တိုင်း ရောက်တိုင်းသော နေ့ ရောက်တိုင်း ရောက်တိုင်းသော ညဉ့်တို့သည် ရောက်တိုင်း ရောက်တိုင်း သော နေ့ညဉ့်တို့မှာပင်လျှင် အကုသိုလ်တရားတို့၌ တိုးပွါးခြင်းကိုသာလျှင် အလိုရှိအပ်ပါပေ၏၊ ယုတ်လျော့ခြင်းကို အလိုမရှိအပ်ပါ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤသူကား သဒ္ဓါ တရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တည်း ဟူ၍ အပြောအဆို ခံရခြင်းသည် စင်စစ် ဧကန် အမှန်အားဖြင့် သူတော်ကောင်းတရား ကုသိုလ်တရားတို့ မယုတ်လျော့ ခြင်း တိုးပွါးခြင်းကိုသာလျှင် ထင်လင်းစွာ ဖော်ပြသော စကားပင် ဖြစ်ပါ တော့သည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ဤသူကား ဟိရီနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ဤသူကား ဩတ္တပ္ပနှင့် ပြည့်စုံသောပုဂ္ဂိုလ်၊ ဤသူကား ဝီရိယနှင့် ပြည့်စုံသောပုဂ္ဂိုလ်၊ ဤသူကား ပညာကြီးသောပုဂ္ဂိုလ်၊ ဤသူကား အမျက်မထွက်သော ပုဂ္ဂိုလ်၊ ဤသူကား ရန်ငြိုးမဖွဲ့သောပုဂ္ဂိုလ်၊ ဤသူ့ အပေါ်မှာ စောင့်ရှောက်မည့် ဆုံးမမည့် ကံမြစ်မည့် ဆရာကောင်း သမား ကောင်း ရဟန်းတော် အရှင်သူမြတ်တို့သည် များစွာ ထင်ရှား ရှိကြကုန်၏ ဟူ၍ အပြောအဆို ခံရခြင်းသည် သူတော်ကောင်းတရားအတွက် ကောင်းမှု

တရားအတွက် ထိုသူအဘို့ရာ မဆုတ်ယုတ်ခြင်း တိုးပွါးခြင်းကိုပင် ထင်စွာ ဖော်ပြသော စကားစင်စစ် ဖြစ်ပါတော့သည် ဟု ရှင်မဟာကဿပ လျှောက်ထားသောအခါ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်သည်လည်း—

သာဓု သာဓု ကဿပ၊ ယဿ ကဿစိ ကဿပ သဒ္ဓါ အတ္ထိ ကုသလေသု ဓမ္မေသု။ ဟိရီ အတ္ထိ။ ဩတ္တပ္ပံ အတ္ထိ။ ဝီရိယံ အတ္ထိ။ ပညာ အတ္ထိ ကုသလေသု ဓမ္မေသု-အစရှိသည်ဖြင့် သာဓု ကောင်းခြီး ပေးတော်မူကာ ရှင်မဟာကဿပ ဟောတော်မူသည့် အစဉ်အတိုင်းပင်လျှင် တလုံးတပါဒမကျန် ရှင်မဟာကဿပ ဟောခဲ့သော အစဉ်ကို ချင့်ပြုသော အားဖြင့် အကြွင်းမဲ့ လိုက်၍ ဟောတော်မူခဲ့ပါသည်။

ဤသို့လျှင် ဤဒုတိယ သြဝါဒသုတ္တန် ဒေသနာတော်မြတ်ကို ရာဇဂြိုဟ် ပြည်အရပ်ဝယ် တတိယသာဝက ဖြစ်တော်မူသော မဟာကဿပမထေရ် သူမြတ်နှင့် တကွ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒုတိယ သြဝါဒသုတ် ပြီး၏

---

## တတိယ သြဝါဒသုတ်

ပုစ္ဆာ။ ။တတ္ထေဝါဝုသော ဘဂဝတာ တတိယသြဝါဒသုတ္တံ ကတ္ထ ကေန သဒ္ဓိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အာယသ္မတာ ယေဝ မဟာကဿပေန သဒ္ဓိံ "သြဝဒ ကဿပ ဘိက္ခူ။ ကရောဟိ ကဿပ ဘိက္ခူနံ ဓမ္မိံ ကထံ၊ အဟံ ဝါ ·ကဿပ ဘိက္ခူ သြဝဒေယျံ တွံ ဝါ။ အဟံ ဝါ ဘိက္ခူနံ ဓမ္မိံ ကထံ ကရေယျံ တွံ ဝါ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုကဿပသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော တတိယသြဝါဒသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု

မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်နှင့် အတူတကွ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်၌ပင်လျှင် အရှင်မဟာကဿပ မထေရ် မြတ်နှင့် အတူတကွ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညု မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်း၌ ကိန်း အောင်း မွေ့လျော် နေတော်မူသောအခါ ရှေးနည်းအတူ မဟာကဿပ မထေရ် သူမြတ်သည် ဘုရားထံမှောက် သွားရောက်၍ ရိုသေစွာ ရှိခိုးပြီးလျှင် သင့်တင့် သော အရပ်၌ ထိုင်နေတော်မူပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဩဝါဒ ကဿပ ဘိက္ခူ၊ ကရောဟိ ကဿပ ဘိက္ခူနံ ဓမ္မိံ ကထံ-အစရှိသည်ဖြင့်——

ချစ်သား ကဿပ....သင်ချစ်သားသည် ရဟန်းတော်တို့ကို ဆုံးမပါ လော့၊ ချစ်သား ကဿပ....သင် ချစ်သားသည် ရဟန်းတော်တို့အား တရားနှင့် ယှဉ်သော စကားကို ဟောကြားပါလော့၊ ငါဘုရားသော်၎င်း သင်ချစ်သား သော်၎င်း ရဟန်းတော်တို့ကို ဆုံးမရာ၏၊ ငါဘုရားသော်၎င်း သင် ချစ်သား သော်၎င်း ရဟန်းတော်တို့ကို တရားနှင့် ယှဉ်သော စကားကို ဟောကြားရာ၏ ဟု တိုက်တွန်း မိန့်မှာတော်မူလတ်သောအခါ မဟာကဿပ မထေရ်သူမြတ် သည် ရှေးနည်းအတူပင်လျှင်——

ဒုဗ္ဗစာ ခေါ ဘန္တေ ဧတရဟိ ဘိက္ခူ ဒေါဝစဿကရဏေဟိ မမ္မေဟိ သမန္နာဂတာ အက္ခမာ အပ္ပဒက္ခိဏဂ္ဂါဟိနော အနုသာသနိံ-ဟု——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ယခုအခါ ရဟန်း တို့သည် အဆိုရ အဆုံးမရ ခက်လှပါကုန်သည်၊ အဆိုအဆုံးမ ခက်ခြင်းကို ပြုတတ်သည့် အကုသိုလ်တရားတို့နှင့် ပြည့်စုံကြပါပေကုန်သည်၊ မရိုမသေ အဆုံးအမ ဩဝါဒကို ယူကြပါကုန်သည်၊ အဆုံးအမ ဩဝါဒကိုပင် ပေးသော် လည်း မခံယူကြပါကုန် ဟု ပြန်ပြောင်း လျှောက်ထားသည်တွင် သဗ္ဗညု မြတ်စွာဘုရားသည် တထာဟိ ပန ကဿပ ပုဗ္ဗေ ထေရာ ဘိက္ခူ အာရညိကာ စေဝ အဟေသုံ အာရညိကတ္တဿ စ ဝဏ္ဏဝါဒိနော-အစရှိသည်ဖြင့်——

ချစ်သား ကဿပ ....အကြောင်းသော်ကား ရှေးအခါဝယ် မထေရ်သူမြတ် ဖြစ်ကြသော ရဟန်းတော်အရှင်သူမြတ်တို့သည် ကိုယ်တိုင်က တောကျောင်းနေ၍ တောကျောင်းနေခြင်း၏ ကျေးဇူးစကားကိုလည်း ဟောကြားကြပေကုန်သည်၊ ကိုယ်တိုင်က ဆွမ်းခံ၍ ဆွမ်းခံခြင်း၏ ကျေးဇူးစကားကိုလည်း ဟောကြားကြပေကုန်သည်၊ ကိုယ်တိုင်က ပံသုကူ သင်္ကန်းကို ဆောင်၍ ပံသုကူ သင်္ကန်းကို ဆောင်ရခြင်း၏ ကျေးဇူးစကားကိုလည်း ဟောကြားကြပေကုန်သည်၊ ကိုယ်တိုင်က တိစီဝရိက် ဓုတင်ဆောင်၍ တိစီဝရိက် ဓုတင်ဆောင်ခြင်း၏ ကျေးဇူးစကားကိုလည်း ဟောကြားကြပေကုန်သည်၊ ကိုယ်တိုင်ကပင်လျှင် အလိုနည်း၍ အလိုနည်းခြင်း၏ ကျေးဇူးစကားကိုလည်း ဟောကြားကြပေကုန်သည်။

ချစ်သား ကဿပ....ရှေးဖြစ်သော မထေရ်သူမြတ်တို့သည် မိမိကိုယ်တိုင်က ရောင့်ရဲလွယ်၍ ရောင့်ရဲလွယ်ခြင်း၏ ကျေးဇူးစကားကိုလည်း ဟောကြားကြပေကုန်သည်၊မိမိကိုယ်တိုင်က အာရုံငါးပါးမှဆိတ်ငြိမ်ပြီးလျှင် အာရုံငါးပါးမှ ဆိတ်ငြိမ်ခြင်း၏ ကျေးဇူးစကားကိုလည်း ဟောကြားကြပေကုန်သည်၊ မိမိတို့ကိုယ်၌က ရောနှောခြင်း မရှိကြပဲ မရောနှောခြင်း အသံသဂ္ဂတရား၏ ကျေးဇူးစကားကိုလည်း ပြောကြားကြပေကုန်သည်၊ မိမိကိုယ်၌က သမ္မပ္ပဓာန် လုံ့လ ဝီရိယနှင့် ပြည့်စုံကြကုန်သည် ဖြစ်၍ သမ္မပ္ပဓာန် လုံ့လ ဝီရိယနှင့် ပြည့်စုံခြင်း၏ ကျေးဇူးစကားကိုလည်း ဟောကြားကြပေကုန်သည်။

ချစ်သား ကဿပ....ရှေးဖြစ်သော မထေရ်သူမြတ်တို့သည် ဤဆိုအပ်ပြီးသောအတိုင်း အာရညကင်ဓုတင်, ပိဏ္ဍပါတ်ဓုတင်, ပံသုကူဓုတင်, တိစီဝရိက် ဓုတင်ဆောင်၍ ကိုယ်တိုင်က အလိုနည်း ကိုယ်တိုင်က ရောင့်ရဲလွယ် ကိုယ်တိုင်ကပင် ဆိတ်ငြိမ် ကိုယ်တိုင်ကပင် မရောနှော ကိုယ်တိုင်ကပင် လုံ့လအားထုတ်မှုရှိကြ၍ သူတပါးတို့အားလည်း လုံ့လ အားထုတ်မှုရှိအောင် လုံ့လအားထုတ်မှုရှိခြင်း၏ ကျေးဇူးစကားကို ဟောကြားကြပေကုန်သည်။

သို့ဟောကြားသော ရဟန်းတော်မထေရ်သူမြတ်ကို မထေရ်ကြီး ဖြစ်သော ရဟန်းတော်အရှင်သူမြတ်တို့က ဟေ ဘိက္ခု-ကြွတော်မူပါဘုရား၊ ကောနာမာယံ ဘိက္ခု-အရှင်ဘုရားသည် မည်သို့ အမည်ရှိတော်မူပါသနည်း၊ ဘဒ္ဒကော ဝတာယံ ဘိက္ခု-အို အရှင်တို့....ဤအရှင်သူမြတ်သည်ကား ကောင်းပါပေစွ တကား၊ သိက္ခာ ကာမော ဝတာယံ ဘိက္ခု-ဤအရှင်သူမြတ်သည် သိက္ခာ

သုံးပါးကို လိုလားတော်မူပါလေစေ၊ ဟေ့ ဘိက္ခု၊ ဤဒိ အာသနံ နိသီဒါဟိ- ကြွတော်မူပါ အရှင်ဘုရား၊ ဤနေရာ ထိုင်တော်မူပါ ဟူ၍ ခရီးဦးကြိုဆိုခြင်း နေရာပေးခြင်း ပင့်ဖိတ်ခြင်း အမှုကို ပြုကြပါသည်။

ထိုသို့ ဓုတင်ဆောင်ခြင်း အစရှိသည်ကို လိုက်နာ ကျင့်ကြံသော ရဟန်းအား မထေရ်ကြီးတို့က နေရာထားခြင်း အခွင့်အရေးပေးခြင်းကို မြင်ရသော သီတင်းငယ်တို့သည် ဒိဋ္ဌာနုဂတိ မြင်သည်ကို အစဉ်လိုက်၍ ထိုသို့ ဓုတင် ဆောင်ခြင်း အလိုနည်းခြင်း အစရှိသော အမှုကို ပြုကြပေကုန်သည်။

ချစ်သား ကဿပ....ထိုသို့ ပြုခြင်းသည် ထိုရဟန်းတို့ အဘို့ရာ ရှည်စွာသော နေ့ညဥ့်ပတ်လုံး စီးပွါးချမ်းသာ အလို့ငှါသာလျှင် ဖြစ်ပေတော့သည်။

ချစ်သား ကဿပ....ယခုအခါမှာမူ မထေရ်ကြီး ဖြစ်ကုန်သော ရဟန်းတော် အရှင်သူမြတ်တို့သည် ကိုယ်တိုင်ကလည်း အာရညကင် ဓုတင် မဆောက်တည်ကြ၊ သူတပါးအားလည်း အာရညကင်ဓုတင် ဆောက်တည်ခြင်း၏ ကျေးဇူး စကားကို မပြောဆိုကြ၊ ကိုယ်တိုင်က ပိဏ္ဍပါတ်ဓုတင် ပံသုကူဓုတင် တိစီဝရိက်ဓုတင်ကို မဆောင်ကြ၊ သူတပါးတို့အားလည်း ထိုဓုတင်ကို ဆောင်ရခြင်း၏ ကျေးဇူးစကားကို မဟောကြ မပြောကြ၊မိမိတို့ကိုယ်တိုင်ကလည်း အလို မနည်းကြ၊ အလိုနည်းခြင်း၏ ကျေးဇူးစကားကိုလည်း မဟောကြ မပြောကြ၊ မိမိတို့ ကိုယ်တိုင်က ရောင့်ရဲလွယ်မှု မရှိကြ၊ ရောင့်ရဲလွယ်ခြင်း၏ ကျေးဇူးစကားကို မဟောကြ မပြောကြ၊ မိမိတို့ကိုယ်တိုင်က လူဒါယကာတို့နှင့် မရောနှောမှု မရှိကြဘဲ သောကော ရောကော နေကြသဖြင့် မရောနှောခြင်း၏ ကျေးဇူးစကားကိုလည်း မဟောကြ မပြောကြ၊ မိမိတို့ ကိုယ်တိုင်က အာရုံငါးပါးမှ ဆိတ်ငြိမ်ခြင်းမရှိကြဘဲ အာရုံငါးပါးမှ ဆိတ်ငြိမ်ခြင်း၏ ကျေးဇူး စကားကိုလည်း မဟောကြ မပြောကြ၊ မိမိကိုယ်တိုင်က သမ္မပ္ပဓာန် လေ့လ ဝီရိယလေးပါးနှင့် မပြည့်စုံကြဘဲ သူတပါးတို့အားလည်း သမ္မပ္ပဓာန်လေးပါး လုံ့လဝီရိယနှင့် ပြည့်စုံခြင်း၏ ကျေးဇူးကို မဟောကြား မပြောကြားကြကုန်။

ချစ်သား ကဿပ....ယခုအခါ များစွာသော မထေရ်သူမြတ်တို့က အကြင်သူသည် ထင်လည်း ထင်ရှား၏၊ ကျော်လည်း ကျော်ကြား၏၊ အခြံအရံ ပရိသတ်လည်း များ၏၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး တို့ကို ရလွယ်သော ဘုန်းရှင် ကံရှင်လည်း ဖြစ်ပေ၏၊ ထိုသို့ ဘုန်းကံ ကြီးမား

ထင်ရှားသော ပုဂ္ဂိုလ်ကို့မှ မထေရ်ကြီးဖြစ်သော ပုဂ္ဂိုလ်တို့က ဧဟိ ဘိက္ခု ကြွတော်မူပါ အရှင်ဘုရား....၊ ကော နာမာယံ ဘိက္ခု- အရှင်ဘုရား အမည်တော်သည် ဘယ်သို့ ခေါ်ပါသနည်း၊ ဘဒ္ဒကော ဝတာယံ ဘိက္ခု-ဤအရှင်သူမြတ်သည် ကောင်းလေစွ၊ သဗြဟ္မစာရိကာမော ဝတာယံ ဘိက္ခု-ဤအရှင်သူမြတ်သည် သီတင်းသုံးဘော်တို့၏ အကျိုးကို လိုလားပါပေစွ၊ အစရှိသည်ဖြင့် ချီးမြှောက်ကာ ပင့်ကာ ပြောဆိုကြပေသည်။

ချစ်သား ကဿပ....ထိုအခြင်းအရာကို မြင်ကြသော သီတင်းငယ်တို့သည် ရှေးဆိုအပ်ပြီးသည့်အတိုင်း အာရညကင် ဓုတင်တို့ကို ဆောက်တည်ဖို့ရန် စိတ်မညွတ်ကြဘဲ ထင်ရှားဘို့ ကျော်ကြားဘို့ ပစ္စည်းလေးပါး လာဘ်လာဘ များဘို့သာလျှင် ကျင့်ကြံကြကုန်သည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာဖြင့် တတိယ သာဝက ဖြစ်တော်မူသော မဟာကဿပ မထေရ်မြတ်နှင့် တကွ ဤတတိယ ဩဝါဒသုတ္တန် ဒေသနာတော်မြတ်ကို ပညတ်ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

တတိယ ဩဝါဒသုတ် ပြီး၏

---

## သဒ္ဓမ္မပ္ပတိရူပကသုတ်

ပုစ္ဆာ။ ။တဒတ္ထဝါဝုသော ဘဂဝတာ ပရိယောသာနံ သဒ္ဓမ္မပ္ပတိရူပကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ယေဝ မဟာကဿပံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ မဟာကဿပေါ ဘဂဝန္တံ ဧတဒဝေါစ "ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော၊ ယေန ပုဗ္ဗေ အပ္ပတရာနိ စေဝ သိက္ခာပဒါနိ အဟေသုံ၊ ဗဟုတရာ စ ဘိက္ခူ အညာယ သဏ္ဌဟိံသု။ ကော ပန ဘန္တေ ဟေတု ကော ပစ္စယော၊ယေနေတရဟိ ဗဟုတရာနိ စေဝ သိက္ခာပဒါနိ အပ္ပတရာ စ ဘိက္ခူ အညာယ သဏ္ဌဟန္တီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ဧဝဉ္စေတံ ကဿပ ဟောတိ သတ္တေသု ဟာယမာနေသု သဒ္ဓမ္မေ အန္တရဓာယမာနေ ဗဟုတရာနိစေဝ သိက္ခာ-

ပဒါနိ ဟောန္တိ၊ အပ္ပတရာစ ဘိက္ခူ အညာယ သဏ္ဌဟန္တီ”တိ
ဝေမာဒိနာ ဘာဂဝတာ ဘာသိတံ။

အမေး။ ။ထိုကဿပသံယုတ်၌ပင်လျှင် နောက်ဆုံးဖြစ်သော သဒ္ဓမ္မ-ပ္ပတိရူပက သုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် တတိယ မဟာသာဝက ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်သူမြတ်ကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ရှင်မဟာကဿပ မထေရ်သူမြတ်သည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော-အစရှိသည်ဖြင့်——

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ရှေးအခါက သိက္ခာပုဒ်တော်တို့သည် အနည်းငယ်မျှသာ ရှိပါကုန်လျက် များစွာသော ရဟန်းတော်တို့သည် အရဟတ္တဖိုလ်၌ တည်ခဲ့ကြပါကုန်သည်၊ ထိုသို့ ရှေးအခါဝယ် သိက္ခာပုဒ် အနည်းငယ်မျှရှိလျက် များစွာသော ရဟန်းတော်တို့ အရဟတ္တဖိုလ်၌ တည်ရခြင်း အကြောင်းကား အဘယ်အကြောင်းပါနည်း ဘုရား။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ယခုအခါမှာမူ သိက္ခာပုဒ်တော်တွေကား များပြားပါလျက် အနည်းငယ်မျှသော ရဟန်းတော်တို့ သည်သာလျှင် အရဟတ္တဖိုလ်၌ တည်ကြပါပေကုန်သည်၊ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်းဘုရား လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဧဝမ္ဘူတံ ကဿပ ဟောတိ သတ္တေသု ဟာယမာနေသု သဒ္ဓမ္မေ အန္တရဓာယမာနေ-အစရှိသည်ဖြင့်——

ချစ်သား ကဿပ....သတ္တဝါတို့ ဆုတ်ယုတ်လတ်သည်ရှိသော် သူတော်ကောင်း တရား သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ် ကွယ်ပလိုလတ်သည်ရှိသော် ဤသို့နှင့်နှင့် သိက္ခာပုဒ်တွေများပြား၍ နည်းပါးစွာသော ရဟန်းတော်တို့သည်သာလျှင် အရဟတ္တဖိုလ်၌ တည်မှုဖြစ်ကြတော့သည်။

ချစ်သား ကဿပ....အကြင်မျှလောက် ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးပါး၏ သဒ္ဓမ္မအတုအယောင်တွေ ဤလောကဝယ် မပေါ်သေး၊ ထိုမျှလောက် သဒ္ဓမ္မသုံးဖြာ သာသနာတော် သုံးရပ်သည် ဤလောကဝယ် မကွယ်ပသေး၊ သဒ္ဓမ္မ အတုအယောင်တွေ ပေါ်လာသောအခါ သဒ္ဓမ္မသုံးဖြာ ဤသာသနာတော်မြတ်ကြီးသည် ကွယ်ပလိမ့်မည်။

ချစ်သား ကဿပ....လောကဥပမာအားဖြင့် ရွှေ၏ အတုအယောင် မပေါ်သေးသမျှ ကာလပတ်လုံး ရွှေစင်အစစ်သည် ထွန်းလင်းတောက်ပ ထင်ရှားသကဲ့သို့ ထို့အတူ သဒ္ဓမ္မ ပတိရူပက ခေါ်သော သူတော်ကောင်းတရား အတုအယောင်တွေ မပေါ်သေးသမျှ ကာလပတ်လုံး ပရိယတ္တိသဒ္ဓမ္မ အစစ်အမှန် ပဋိပတ္တိသဒ္ဓမ္မ အစစ်အမှန် ပဋိဝေဓသဒ္ဓမ္မ အစစ်အမှန်တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်သည် ဤလောကဝယ် ထွန်းလင်းတောက်ပ ထင်ရှားရှိနေလိမ့်မည်၊ သဒ္ဓမ္မ အတုအယောင်တွေ ပေါ်ပေါက်လာသောအခါ ရွှေတုပေါ်လာသောအခါ ရွှေစစ်မြေအတွင်းသို့ မြုပ်သဖြင့် ပျောက်ကွယ်ဘိသကဲ့သို့ ထိုအတူပင်လျှင် သဒ္ဓမ္မအတုအယောင်တွေ ပေါ်လာသောအခါ သဒ္ဓမ္မအစစ်ဖြစ်သော သဒ္ဓမ္မသုံးဖြာ သာသနာသည် ကွယ်ပပေလတ္တံ့။

န ခေါ ကဿပ ပထဝီဓာတု သဒ္ဓမ္မံ အန္တရဓာပေတိ....ချစ်သားကဿပ စင်စစ်သော်မူ အောက်မဟာပထဝီမြေကြီးက သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်ကို ကွယ်ပစေသည် မဟုတ်၊ ကမ္ဘာကို ဖျက်သောရေ ကမ္ဘာကို ဖျက်သောမီး ကမ္ဘာကို ဖျက်သော လေကပင်သော်လည်း သဒ္ဓမ္မသုံးဖြာ သာသနာ သုံးရပ်ကို ကွယ်ပစေသည် မဟုတ်။

ချစ်သား ကဿပ....အစစ်အမှန်အားဖြင့် သံ၏ အတွင်းမှ သံချေးကပင် သံကို ဖျက်ဘိသကဲ့သို့ ထိုအတူပင်လျှင် ဤသာသနာတော်အတွင်းမှ အလဇ္ဇီဒုဿီလပုဂ္ဂိုလ် မင်္ဂဖိုလ်မရ ကိစ္စမပြီး အချည်းနှီးသော ပုဂ္ဂိုလ်တို့ကပင်လျှင် ဤသဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်ကို ဖျက်ဆီးကြပေလိမ့်မည်၊ ဤသဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်ကို ကွယ်ပစေလိမ့်မည်။

ဥပမာအားဖြင့် ချစ်သား ကဿပ....ပကတိ လှေအပေါ်ဝယ် များစွာသော ကုန်တို့ကို ထပ်ကာ ထပ်ကာ ဖြည့်သည်ရှိသော် ထိုလှေသည် ရေအတွင်း

သို့ နစ်မြုပ်ဘိသကဲ့သို့ ဤသဒ္ဓမ္မသံုးဖြာ သာသနာတော်မှာမူ ထိုကဲ့သို့ မဟုတ်ပါပေ၊ သဒ္ဓမ္မသံုးဖြာ သာသနာ တည်းဟူသော လှေအတွင်းမှာကား သာသနာတရားတို့ကို ထပ်ကာ ထပ်ကာ ဖြည့်လေ ဖြည့်လေ တင့်တယ်လျက် ရှိပေသည်၊ သဒ္ဓမ္မသံုးဖြာ သာသနာသံုးရပ်ကို ဖြည့်ကျင့်သော ပုဂ္ဂိုလ် ဖြည့်စွမ်းသော ပုဂ္ဂိုလ်မရှိလျှင် ဤသဒ္ဓမ္မသံုးဖြာ သာသနာသံုးရပ်သည် ကွယ်ပတော့သည်။

ချစ်သား ကဿပ .... သာသနာ ကွယ်ပကြောင်း မကောင်းသောတရားတို့ကား ငါးပါးရှိပေသည်၊ ငါးပါးဟူသော်ကား–ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမ တည်းဟူသော ဆရာဒကာ ပရိသတ် လေးပါးတို့သည် (၁) ဘုရား၌ မရိုသေ၊ (၂) တရား၌ မရိုသေ၊ (၃) သံဃာ၌ မရိုသေ၊ (၄) သိက္ခာ၌ မရိုသေ၊ (၅) သမာဓိ၌ မရိုသေ။ ဤသို့ ဘုရား တရား၊ သံဃာ သိက္ခာ သမာဓိ တည်းဟူသော ငါးပါး၌ ပရိသတ်လေးပါး တည်းဟူသော ဆရာဒကာတို့ မရိုသေခြင်းသည်လည်း သဒ္ဓမ္မသံုးဖြာ သာသနာသံုးရပ် ကွယ်ပခြင်း၏ အကြောင်းပင် ဖြစ်တော့သည်။

ချစ်သား ကဿပ....သဒ္ဓမ္မသံုးဖြာ သာသနာသံုးရပ် မကွယ်ပကြောင်း အခွန့်ရှည်စွာ တည်တွန့်ကြောင်းတို့ကား ငါးပါးတို့ ဖြစ်တော့သည်။ ငါးပါးတို့ဟူသည်မှာ—

ချစ်သား ကဿပ....ဤသာသနာတော်၌ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတည်းဟူသော ပရိသတ်လေးဖြာ ငါဘုရား၏ တပည့်သား သာဝကတို့သည် ဘုရား၌ ရိုသေခြင်း ရှိပါပေကုန်၏၊ တရား၌ ရိုသေခြင်း ရှိပါပေကုန်၏၊ သံဃာ၌ ရိုသေခြင်း ရှိပါပေကုန်၏၊ သိက္ခာသီလ၌ ရိုသေခြင်း ရှိပါပေကုန်၏၊ သမာဓိ၌ ရိုသေခြင်း ရှိပါပေကုန်၏။

ချစ်သား ကဿပ....ဤသို့ ပရိသတ် လေးပါး ဆရာဒကာ နှစ်ဦးသားတို့ ဘုရား တရား သံဃာ သိက္ခာ သမာဓိ ဤငါးဌာနတို့၌ ရိုသေခြင်း ကျိုးနွံခြင်း တည်းဟူသော အကြောင်းတရား ငါးပါးတို့သည် သာသနာအခွန့်ရှည်စွာ တည်ခြင်း၏ အကြောင်း သာသနာ မပျောက်မပျက်ခြင်း၏ အကြောင်း သာသနာ မကွယ်မပခြင်း၏ အကြောင်းပင် ဖြစ်တော့သည် ဟု သဗ္ဗညုမြတ်စွာ

ဘုရားသည် ဤသဒ္ဓမ္မပ္ပတိရူပက သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆို အပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် မဟာကဿပ မထေရ်သူမြတ်ကို အကြောင်း ပြု၍ ကရုဏာရှေ့ထား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သဒ္ဓမ္မပ္ပတိရူပကသုတ် ပြီး၏

ကဿပသံယုတ် ပြီးပြီ။

---

## လာဘသက္ကာရသံယုတ်

### မိဋ္ဌကသုတ်

ပုစ္ဆာ။ ။တေနာဂုသော။ပ။ သမ္မာသမ္ဗုဒ္ဓေန လာဘသက္ကာရသံယုတ္တေ ပဌမံ သံဂီတံ မိဋ္ဌကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မာဟုလေ ဘိက္ခူ အာရဗ္ဘ “ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရသိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ။ သေယျထာပိ ဘိက္ခဝေ မိဠ္ဌကာ ဂူထာဒီ ဂူထပူရာ ပုဏ္ဏာ ဂူထဿ၊ ပုရတော စဿ မဟာဂူထပုဉ္ဇော၊ သာ တေန အညာ မိဠ္ဌကာ အတိမညေယျ “အဟမှိ ဂူထာဒီ ဂူထပူရာ ပုဏ္ဏာ ဂူထဿ၊ ပုရတော စ မျာယံ မဟာဂူထပုဉ္ဇော”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ။ပ။ ထိုမြတ်စွာဘုရားသခင်သည် လာဘသက္ကာရ သံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ ပဌမသုတ် အဖြစ်ဖြင့် သံဂါယနာတင်ထားခဲ့သော မိဋ္ဌက သုတ် မည်သော တရားဒေသနာ တော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့ သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရသိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ-အစရှိ သည်ဖြင့်—

ချစ်သား ရဟန်းတို့....လာဘ်လာဘပူဇော်သက္ကာရ အရှိန်အဝါအကျော် အစော ဟူသမျှသည် ကြမ်းတမ်းလှပေ၏၊ ခက်ထန်လှပေ၏၊ ရုန့်ရင်းလှပေ၏၊ အတုမရှိ လွန်မြတ်သော ယောဂလေးတန် ကုန်ရာဖြစ်သည့်အရဟတ္တဖိုလ်နိဗ္ဗာန် ၏ အန္တရာယ်ကို ပြုတတ်ပေ၏။

သေယျထာပိ ဘိက္ခဝေ မီဠှကာ ဂူထာဒီ ဂူထပူရာ ပုဏ္ဏာ ဂူထဿ။

ချစ်သား ရဟန်းတို့....လောကဥပမာနှင့် နှိုင်းဘွယ်ရာအားဖြင့် မစင် အညစ်အကြေးတို့ကို သုံးဆောင်သဖြင့် တကိုယ်လုံး မစင်ပြည့်၍ နေသော နွားချေးပိုး ကျွဲချေးပိုး အစရှိသော အညစ်အကြေးကို စားသော ပိုးကောင် တကောင် ရှိရာသည်၊ ထိုနွားချေးပိုး ကျွဲချေးပိုး အစရှိသော အညစ်အကြေး ကိုသာ သုံးဆောင်ရသော ပိုးသတ္တဝါသည် နှစ်ဖက်သော ရှေ့လက်တို့ဖြင့် အညစ်အကြေးပုံ အစုအဝေး၏ အထက်၌ တည်၍ရင်း နောက်ခြေနှစ်ချောင်း တို့ဖြင့် ပကတိမြေအပြင်၌ ရပ်တည်၍ရင်း အခြားတပါးသော အညစ်အကြေး စားသည့် ပိုးသတ္တဝါတို့ကို ကြုံးဝါးသည့်ပမာ——

အဟမှိ ဂူထာဒီ ဂူထပူရာ ပုဏ္ဏာ ဂူထဿ-ငါတမူကား အညစ်အကြေး တို့ကို ဝအောင် သုံးဆောင် စားသောက်ပြီးသူ ဖြစ်ပေသည်၊ နောက်ရက် နောက်နေ့တို့၌လည်း စားသုံးဘို့ရန် အလို့ငှါ ငါ၏ရှေ့ဝယ် ဤအညစ်အကြေး ပုံကား ထင်ရှားစွာ ရှိပေ၏ ဟု ပြောဆိုသကဲ့သို့——

ထို့အတူပင်လျှင် ချစ်သား ရတန်းတို့....ဤလောက၌ အချို့သော ရဟန်း သည် လာဘ်ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစောတို့ဖြင့် လွှမ်းမိုး အပ်သည်ဖြစ်၍ ထိုလာဘ်လာဘ အရှိန်အဝါ အကျော်အစောတို့သည် ထို ရဟန်း၏ သန္တာန်ဝယ် ကုသိုလ်စိတ်တို့ကို ကုန်ခန်းစေအပ်သည်ဖြစ်၍ နံနက် အခါဝယ် သင်္ကန်းကို ရုံ၍ ရွာတွင်းနိဂုံးတွင်းသို့ ဆွမ်းခံဝင်လေရာ၏။

ထိုရဟန်းသည် ထိုရွာနိဂုံး၌ အလိုရှိတိုင်း နံနက်စာကိုလည်း စားသုံးပြီး ဖြစ်လေရာ၏။ နောက်ရက် နောက်ရက် အလို့ငှါလည်း ဆွမ်းဒါယကာတို့က ပင့်ဘိတ်ပြီး ဖြစ်လေရာ၏၊ ယနေ့ နေ့စာအလို့ငှါလည်း ထိုရဟန်း၏ သပိတ် အတွင်းဝယ် ဆွမ်းအပြည့်ရှိသည် ဖြစ်လေရာ၏။

ချစ်သား ရဟန်းတို့....ထိုလာဘ်လာဘ ပူဇော်သက္ကာရနှင့် ပြည့်စုံသော လာဘ်လာဘကိုသာ ဂရုကတ ပြုလေ့ရှိသော ထိုရဟန်းသည် ကျောင်းတိုက် အရံသို့ သွားရောက်ပြီးလျှင် ရဟန်းသံဃာတော်အပေါင်းတို့၏ အလယ်၌——

ငါဟမူကား အလိုရှိတိုင်း ဆွမ်းကို သုံးဆောင်ခဲ့ရလေပြီ၊ နောက်ရက် နောက်ရက် အလို့ငှါလည်း ဒါယကာတို့က ဆွမ်းဘိတ်အပ်လေပြီ၊ ယနေ့အဘို့ သုံးဆောင်ရန်အတွက်လည်း ဤသပိတ်အတွင်းဝယ် ဆွမ်းအပြည့်ရှိလေပြီ၊ ငါတမူကား သင်္ကန်း ဆွမ်း ကျောင်း ဆေး လေးပါးသော ပစ္စည်းတို့ကို ရလွယ်သူ ဘုန်းကြီးမားသောသူ ဖြစ်ပေ၏၊ ဤရဟန်းတို့သည်တမူကား ဘုန်းကံနည်းပါး လာဘ်လာဘရှားသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပေကုန်၏၊ သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို လွန်စွာရခဲသော ပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်၏ ဟု အရာမဟုတ်သည်၌ ကြုံးဝါး၍ နေပေ၏။

ချစ်သား ရဟန်းတို့....ထိုရဟန်းသည် ထိုလာဘ်လာဘ ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစောဖြင့် လွှမ်းမိုး နှိပ်စက်အပ်သော စိတ်နှလုံးရှိသည် ဖြစ်၍ ထိုလာဘ်လာဘ ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစောသည် ထိုရဟန်း၏ သန္တာန်ဝယ် ကုသိုလ်စိတ်အလျှင်ကို ကုန်စေ ခန်းစေ ကျွမ်းစေ အပ်သော စိတ်ရှိသည်ဖြစ်၍ မိမိမှတပါး ချစ်ခင်မြတ်နိုးအပ်သော သီလရှိသော လဇ္ဇီပေသလရဟန်းတော်အရှင်သူမြတ်တို့ကို မထီမဲ့မြင်မှု အထင်အမြင်သေးမှု ကို ပြုလေရာ၏။

တံ ဟိ တဿ ဘိက္ခဝေ မောဃပုရိသဿ ဟောတိ ဒီဃရတ္တံ အဟိ-တာယ ဒုက္ခာယ။

ချစ်သား ရဟန်းတို့....ထိုသို့ လာဘ်လာဘ ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစော ဘုန်းကံကြီးမားမှုကို အကြောင်းပြု၍ လဇ္ဇီပေသလ ရဟန်းတော် အရှင်သူမြတ်တို့ကို မထီမဲ့မြင်မှု အထင်အမြင်သေးမှုကို ပြုခြင်းသည် မဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီးသော ထိုယောကျ်ားအဘို့ရာ ရှည်လျားစွာသော သံသရာကာလပတ်လုံး အစီးအပွါးမဲ့အလို့ငှါ ဆင်းရဲတရား များသည် ထက် များရန် အလို့ငှါသာလျှင် ဖြစ်လေရာ၏။

ဧဝံ ဒါရုဏော ခေါ ဘိက္ခဝေ လာဘသက္ကာရသိလောကော။

ချစ်သား ရဟန်းတို့....လာဘ်ပူဇော်သက္ကာရ အရှိန်အဝါ အကျော် အစောသည် ဤဆိုအပ်ပြီးသော နည်းလမ်းအတိုင်း ကြမ်းလည်းကြမ်းတမ်းလှပေ၏၊ ထက်သည်း ထက်မြက်လှပေ၏၊ ရှန့်လည်း ရှန့်ရင်းလှပေ၏၊ ထိုလာဘ် လာဘ ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစောတို့သည် ကုန်ခန်းစေအပ်

သော ကုသိုလ်စိတ် ရှိသော ထိုပုဂ္ဂိုလ်အဘို့ရာမှာ အတုမရှိသော ယောဂ လေးတန် ကုန်ရာမှန်သည့် နိဗ္ဗာန်နှင့် အရဟတ္တဖိုလ်သို့ ရောက်ခြင်း ရခြင်း၏ အန္တရာယ်ကိုလည်း ပြုတတ်ပေ၏။

တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ၊ "ဥပ္ပန္နံ လာဘသက္ကာရသိလောကံ ပဇဟိဿာမ၊ န စ နော ဥပ္ပန္နော လာဘသက္ကာရသိလောကော စိတ္တံ ပရိယာဒါယ ဌဿတီ"တိ၊ ဧဝံ ဟိ ခေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ။

ထိုသို့ လာဘ်ပူဇော်သက္ကာရ အရာဝယ် အပြစ်အာဒီနဝ များလှလေသောကြောင့် ချစ်သားရဟန်းတို့....ငါတို့သည် ဖြစ်ပေါ် ဖြစ်ပေါ်လာတိုင်းသော လာဘ်ပူဇော်သက္ကာရအစုကို သူတပါးတို့အား သံသရာဝယ် ရိက္ခာပါအောင် နိဗ္ဗာန်ရောက်အောင် ဆွဲဆောင်သောပမာ စွန့်လှူကြပါကုန်အံ့၊ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းသော လာဘ်လာဘ ပူဇော်သက္ကာရ အမျိုးမျိုးအဝါ အကျော်အစော ဟူသမျှသည် ငါတို့၏ ကုသိုလ်စိတ် အလျှင်ကို ထက်ဝန်းကျင် ကုန်စေ၍ မတည်ပါစေလင့် ဟု အကြံပြုပြီးလျှင် ထိုသို့ ပူဇော်သက္ကာရ လာဘ်လာဘတို့ကား မိမိ၏ စိတ်ကို ထက်ဝန်းကျင် သိမ်းချုပ်၍ ကုသိုလ်စိတ်တွေကို ထက်ဝန်းကျင် ကုန်ခန်းစေ၍ မတည်နိုင်အောင် သင်ချစ်သားတို့ ကြိုးပမ်းအားထုတ်ရမည် ဟု ဤမိဠှကသုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် အရပ်ဝယ် များစွာသောတရားနာ ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မိဠှကသုတ် ပြီး၏

---

## ကေပုတ္တကသုတ်

ပုစ္ဆာ။ ။ဘန္တေ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကေဟိ သံဂီတံ ကေပုတ္တကသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကထေသိ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရသိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ၊ သဒ္ဓါ ဘိက္ခဝေ ဥပါသိကာ ကေပုတ္တကံ ပိယံ မနာပံ ဧဝံ သမ္မာ

အာယာစမာနာ အာယာစေယျုံ တာဒိသော တာတ ဘဝါဟိ၊
ယာဒိသော စိတ္တော စ ဂဟပတိ ဟတ္ထကော စ အာဠ
ဝကော''တိ ဝေမာဒိနာ ဘာဂဝတာ ဘာသိတံ။

အမေး။ ။ထိုလာဘသက္ကာရသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော ကေပုတ္တကသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရသိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရာယ ယောဂက္ခေမဿ အဓိဂမာယ- အစရှိသည်ဖြင့်——

ချစ်သားရဟန်းတို့....လာဘ်လာဘ ပူဇော်သက္ကာရ အရှိန်အဝါအကျော် အစော ဟူသမျှသည် ကြမ်းတမ်းလှပေ၏၊ ထက်မြက်လှပေ၏၊ ရှန့်ရင်း လှပေ၏၊ အဘုမရှိ မြတ်သော ယောဂလေးတန် ကုန်ရာမှန်သည့် အရဟတ္တဖိုလ် နိဗ္ဗာန်၏ အန္တရာယ်ကိုလည်း ပြုတတ်ပေ၏။

ချစ်သား ရဟန်းတို့....သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာ ဒါယိ ကာမသည် တဦးတည်းသော ချစ်လှစွာသော စိတ်နှလုံးကို ပွါးစေတတ်သည့် သားကို ကောင်းစွာ တောင့်တလိုပါမူ ဤပုံ ဤပန်း တောင့်တလေရာသည်၊ တယောက်တည်းသော သားအတွက် အကောင်းဆုံး အမြတ်ဆုံးသော တောင့်တခြင်း နည်းမျိုးဖြင့် တောင့်တ ရည်သန်ခဲ့လျှင် ဤပုံ ဤပန်း ရည် သန်ခဲ့ရာသည်။

အဘယ်သို့ တောင့်တရာသနည်း ဟူမူကား "ချစ်သား....စိတ္တသူကြွယ် သည်၎င်း ဟတ္ထာဠဝက သီတင်းသည်သည်၎င်း အကြင်သို့ သဘောရှိသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့် ပြည့်စုံပါပေ၏၊ ချစ်သား....သင်ချစ်သား သည်လည်း ထိုစိတ္တသူကြွယ် ဟတ္ထာဠဝကသီတင်းသည်တို့ကဲ့သို့ပင်လျှင် သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံသော သူတယောက် ဖြစ်ပါလော့" ဟူ၍

တောင့်တမှု တောင့်တလေရာ၏၊ သားဘယောက်အပေါ် တောင်းပန်မှု တောင်းပန်လေရာ၏။

သော ဘိက္ခဝေ တုလာ ဇေတံ ပမာဏံ မမ သာဝကာနံ ဥပါသကာနံ ယဒိဒံ စိတ္တော စ ဂဟပတိ ဟတ္ထကော စ အာဠဝကော။

ချစ်သား ရဟန်းတို့....ငါဘုရား၏ တပည့်သား သာဝကတို့ဘွင် စိတ္တ သူကြွယ်နှင့် ဟတ္ထက အာဠဝက သီတင်းသည် ဤသူနှစ်ဦးသားတို့သည် ဤသာသနာတော်မြတ်ဝယ် ချိန်ခွင်သဖွယ် ဥပမာနှိုင်းပြုဘွယ် ဖြစ်ကြပေကုန်၏၊ နှိုင်းခိုင်းဘွယ်ရာ ချိန်ခွင်ပမာ ဖြစ်ကြပါပေကုန်သည်။

ချစ်သား ရဟန်းတို့....ထိုဘယောက်ဘည်းသော သား၏ မိခင် ကျေးဇူးရှင်သည် ထိုချစ်လှစွာသော သားကို——

သစေ ခေါ တွံ တာတ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇသိ၊ တာဒိသော တာတ ဘဝါဟိ၊ ယာဒိသာ သာရိပုတ္တမောဂ္ဂလ္လာနာ။

အို ချစ်သား....အသင်ချစ်သားသည် အိမ်ရာဘည်ထောင် လူ့ဘိုဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ အကယ်၍ ရဟန်းပြုခဲ့ပါမူ မြတ်စွာဘုရား သာသနာတော်ဝယ် ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန် မဟာထေရ် သူမြတ်ဘို့ကဲ့သို့ အရိုအသေ အလေးအမြတ် ပြုအပ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿန ကျေးဇူးဂုဏ်နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ဖြစ်ဘော်မူပါလေ့ ဟူ၍ တောင်းပန်ရာ၏၊ တောင့်တရာ၏။

ချစ်သား ရဟန်းတို့...ဤငါဘုရား၏ တပည့်သား သာဝက ရဟန်းတော် အပေါင်းတို့တွင် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန် ဤမထေရ် သူမြတ် နှစ်ပါးဘို့သည် ဤသာသနာအဘွင်းဝယ် ချိန်တွယ်ဘွယ်ရာ နှိုင်းခိုင်း ဘွယ်ရာ ချိန်ခွင်ပမာ နှိုင်းယှဉ်ဘွယ်ရာပင် ဖြစ်ကြတော့သည်။

ချစ်သား ရဟန်းတို့....ထိုတယောက်တည်းသော သား၏ မိခင် ကျေးဇူး ရှင်သည် ထိုမိမိသား အပေါ်ဝယ်——

မာ စ ခေါ တွံ တာတ သေခံ အပ္ပတ္တမာနသံ လာဘသက္ကာရသိ-လောကော အနုပါပုဏာတု-ဟူ၍——

ချစ်သား....ရဟန်းအဖြစ်သို့ရောက်သော သင်ချစ်သားကို သိက္ခာသုံးပါးကို ကျင့်နေစဉ် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ မရောက်သေးခင် အသင်ချစ်သားကို ပစ္စည်းလေးပါး တည်းဟူသော လာဘ်လာဘ ပူဇော်သက္ကာရ အချိန်အခါ အကျော်အစောတို့သည် ချစ်သားထံသို့ မရောက်ပါစေလင့် ဟူ၍ တောင့်တမှု ဤသို့ တောင့်တခြင်းသည် အမြတ်ဆုံးသော တောင့်တခြင်းပင် ဖြစ်တော့သည်။

အကြောင်းသော်ကား ချစ်သား ရဟန်းတို့....အရဟတ္တဖိုလ်သို့ မရောက်သေး....သိက္ခာသုံးပါးကို ကျင့်နေဆဲမျှသာ ဖြစ်သေးသော ထိုရဟန်းကို အကယ်၍ ပစ္စည်းလေးပါး လာဘ်လာဘ ပူဇော်သက္ကာရ အချိန်အခါ အကျော်အစောတို့သည် များစွာ ရောက်ရှိလာကုန်သည် ဖြစ်အံ့၊ ထိုလာဘ်လာဘအစုသည် ထိုရဟန်း၏ အဘို့ရာ ရဟန်းတရားကို အားထုတ်ခြင်း၏ အန္တရာယ် ဖြစ်စေနိုင်သည်။

ဇံ ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရသိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော နည်းလမ်းအတိုင်း လာဘ်လာဘ ပူဇော်သက္ကာရ အချိန်အခါ အကျော်အစော ဟူသမျှသည် ရုန့်ရင်းလှဘိ၏၊ ထက်မြက်လှဘိ၏၊ ကြမ်းတမ်းလှဘိ၏၊ ယောဂလေးတန် ကုန်ရာမှန်သည့် အရဟတ္တဖိုလ် နိဗ္ဗာန်၏ အန္တရာယ်ကိုလည်း ပြုတတ်ပေ၏။

ထိုသို့ အန္တရာယ်ကို ပြုတတ်လေသောကြောင့် ချစ်သားတို့....သင်ချစ်သားတို့သည် ဖြစ်ပေါ် ဖြစ်ပေါ်လာတိုင်းသော လာဘ်လာဘ ပူဇော်သက္ကာရ အစုအဝေးကို ငါတို့သည် စွန့်ပယ်ကုန်အံ့၊ ငါတို့၏ ကုသိုလ်စိတ် အစဉ်ကို ဖြစ်ပေါ် ဖြစ်ပေါ်လာသော လာဘ်လာဘ ပူဇော်သက္ကာရတို့က သိမ်းကြုံးကာ ကုန်ခန်းစေကာ မတည်စေကုန်အံ့ ဟု သင်ချစ်သားတို့သည် ခိုင်ခန့်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယကို ကြိုးပမ်းအားထုတ်ကြရမည် ဟု ဤကေပုတ္တက အမည်ရသော သုတ္တန်ဒေသနာဘော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကေပုတ္တကသုတ် ပြီး၏

## ကေဠိတုသုတ်

ပုစ္ဆာ။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါယကေဟိ သံဂီတံ ကေဠိတုသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထိတ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရသိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ။ သဒ္ဒါ ဘိက္ခဝေ ဥပါသိကာ ဧကံ ဧကပုတ္တံ ပိယံ မနာပံ ဧဝံ သမ္မာ အာယာစမာနာ အာယာစေယျ 'တာဒိသာ အယျေ ဘဝါဟိ၊ ယာဒိသာ ခုဇ္ဇုတ္တရာ စ ဥပါသိကာ ဝေဠု-ကဏ္ဍကိယာ စ နန္ဒမာတာ'တိ။ ဧသာ ဘိက္ခဝေ တုလာ ဧတံ ပမာဏံ မမ သာဝိကာနံ ဥပါသိကာနံ၊ ယဒိဒံ ခုဇ္ဇုတ္တရာ စ ဥပါသိကာ ဝေဠုကဏ္ဍကိယာ စ နန္ဒမာတာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုလာဘသက္ကာရသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော ကေဠိတုသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ပင်လျှင် များစွာသော တရားနာ ရဟန်းတော်တို့ကို အကြောင်းပြု၍ မာရ်မင်း၏ ပဌမစစ်တပ် ဖြစ်သော ပဉ္စည်း လေးရပ် အဘွင်းဝယ် မနစ်မွန်းကြစေခြင်း အလို့ငှါ ဒါရုဏော ဘိက္ခဝေ လာဘ-သက္ကာရသိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ပစ္စည်းလေးရပ် လာဘ်လာဘ ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစော ဟူသမျှသည် ကြမ်းတမ်းလှပေ၏၊ ထက်မြက်လှ ပေ၏၊ ရှန့်ရင်းလှပေ၏၊ အတုမရှိ မြတ်သော ယောဂလေးတန် ကုန်ရာမှန်သည့် အရဟတ္တဖိုလ် နိဗ္ဗာန်၏ အန္တရာယ်ကို ပြုတတ်ပေ၏။

ချစ်သား ရဟန်းတို့....သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာ ဒါယိကာမသည် ချစ်ခင်နှစ်သက်အပ်သော တယောက်တည်းသော သမီးကို ကောင်းစွာ တောင့်တပါမူ ဤပုံ ဤပန်း တောင့်တလေရာ၏။

အို ချစ်သမီး....ဤလောကဝယ် ခုဇ္ဇုတ္တရာ မည်သော ဥပါသိကာ, ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာအမည်ရှိသော ဥပါသိကာတို့သည် သီလ သမာဓိ ပညာဂုဏ်နှင့် ဤသာသနာဝယ် ပြည့်စုံကြသကဲ့သို့ သင်ချစ်သမီးသည်လည်း ထိုခုဇ္ဇုတ္တရာ ဥပါသိကာ နန္ဒမာတာ ဥပါသိကာတို့အတူ ချီးမွမ်းအပ်သော သီလ သမာဓိ ပညာဂုဏ်နှင့် ပြည့်စုံသူ ဖြစ်ပါလေ၊ ဟူ၍ ဤသို့ တောင့်တမူ တောင့်တလေရာ၏၊ ဤသို့ ဆုတောင်းမူ ဆုတောင်းလေရာ၏၊

ဧသာ ဘိက္ခဝေ တုလာ၊ ဧတံ ပမာဏံ။ ချစ်သား ရဟန်းတို့....ဤငါဘုရား၏ သာသနာဝယ် ခုဇ္ဇုတ္တရာ အမည်ရှိသော ဥပါသိကာ, ဝေဠုကဏ္ဍကီမြို့သူ ဖြစ်သော နန္ဒမာဘာ ဥပါသိကာ ဤသူနှစ်ယောက်တို့သည် ဤငါဘုရား၏ တပည့်သား သာဝိကာမ အပေါင်းတို့တွင် ချိန်ခွင်ပမာ နှိုင်းခိုင်းဘွယ်ရာ နှိုင်းပြိုင်ဘွယ်ရာ ချိန်တွယ်စရာ ဥပမာ ဖြစ်ကြပေ၏။

ချစ်သား ရဟန်းတို့....ထိုဘယောက်တည်းသော သမီး၏အရှင် မိခင်သည်——

သစေ ခေါ တံ့ အယျေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇသိ၊ ဘာဒိသာ အယျေ ဘဝါဟိ၊ ယာဒိသာ ခေမာ စ ဘိက္ခုနီ ဥပ္ပလဝဏ္ဏာ စ——

အို ချစ်သမီး....သင်ချစ်သမီးသည် အကယ်၍ အိမ်ရာတည်ထောင်လူ့ဘောင်ကို စွန့်ခွါ၍ အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်းပြုခဲ့သည် ရှိသော် သာသနာတော်မြတ် အတွင်းဝယ် အဂ္ဂသာဝိကာ နှစ်ဦး ဖြစ်တော်မူကြသည့် ခေမာထေရီ, ဥပ္ပလဝဏ်ထေရီ မထေရ်မ သူမြတ်တို့သည် ချီးမွမ်းအပ်သော သီလ သမာဓိ ပညာဂုဏ်နှင့် ပြည့်စုံတော်မူကြသကဲ့သို့ ထိုအတူ သင်ချစ်သမီးသည်လည်း ခေမာထေရီ, ဥပ္ပလဝဏ်ထေရီတို့ကဲ့သို့ ချီးမွမ်းအပ်သော သီလ သမာဓိ ပညာဂုဏ်နှင့် ပြည့်စုံသူ ဖြစ်ပါလေ့ ဟူ၍ တောင့်တမူ တောင့်တလေရာ၏၊ ဤသို့ တောင့်တမှုသာလျှင် မှန်ကန်၍ နည်းလမ်းကျသော တောင့်တမှု တောင့်တခြင်း နည်းမျိုး ဖြစ်နိုင်ပေသည်။

ချစ်သား ရဟန်းတို့...ထိုတယောက်တည်းသော သမီး၏အရှင် မွေး သမိခင်သည် မာ စ ခေါ တုံ့ အယျေ သေခံ အပ္ပတ္တမာနသံ လာဘသက္ကာရ- သိလောကော အနုပါပုဏာတု-ဟူ၍——

အို ချစ်သမီး...သာသနာဝန်ထမ်း ရဟန်းမိန်းမပြု၍နေသော သင် ချစ် သမီးကို သိက္ခာသုံးပါးကို ကျင့်နေဆဲ ကျင့်၍မပြီးမီ အရဟတ္တဖိုလ်သို့ မရောက် သေးမီ အဘွင်း ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး တည်းဟူသော မာရ်မင်း ပဌမစစ်တပ် ဖြစ်သော လာဘ်လာဘ ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစော တို့သည် သင်ချစ်သမီး၏ သန္တာန်သို့ မရောက်ပါစေလင့် ဟူ၍ တောင့်တမှု ကောင်းသော တောင့်တခြင်း ဖြစ်ပေ၏။

အကြောင်းသော်ကား သိက္ခာသုံးပါးကို ကျင့်နေဆဲ အရဟတ္တဖိုလ်သို့ မရောက်သေးမီ ဖြစ်သော ထိုဘိက္ခုနီသို့ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း လေးရပ် လာဘ်လာဘ ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစောတို့ ရောက် လာလျှင် ထိုရောက်လာသော လာဘ်လာဘ ပူဇော်သက္ကာရ အစုသည် အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်၏ အန္တရာယ် အလို့ငှါ ဖြစ်တတ်ပေသည်။

တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ။

သို့ရကား ချစ်သား ရဟန်းတို့...ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းသော လာဘ်လာဘ ပူဇော်သက္ကာရကို ငါတို့သည် စွန့်ပယ်ကြပါကုန်အံ့၊ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းသော လာဘ်လာဘ ပူဇော်သက္ကာရသည် ငါတို့၏ ကုသိုလ်စိတ် အသျှဉ်ကို ထက်ဝန်းကျင် မကုန်ပါစေလင့်၊ ထက်ဝန်းကျင် မကုန်စေနိုင်အောင် မခန်းစေနိုင်အောင် မကျွမ်းစေနိုင်အောင် သမ္မပ္ပဓာန် လုံ့လ ဝီရိယ လေးပါး ဖြင့် ငါတို့သည် ရဟန်းတရား ပွါးများ အားထုတ်အံ့ ဟူ၍ ဤသို့လျှင် သင် ချစ်သားဘို့သည် ကျင့်ကြံကြိုးကုတ် အားထုတ်ကုန်ရာ၏ ဟူ၍ ဤကေဓိတု သုတ္တန် အမည်ရသော ဓမ္မဒေသနာတော်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာ သော ဓမ္မပ္ပဋိဂ္ဂါဟက ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကေဓိတုသုတ် ပြီး၏
လာဘသက္ကာရသံယုတ် ပြီးပြီ။

## ရာဟုလသံယုတ်

ပုစ္ဆာ။ ။ရာဟုလသံယုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ရာဟုလံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ ရာဟုလော ဘဂဝန္တံ ဧတဒဝေါစ "သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု၊ ယမဟံ ဘဂဝ-တော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျ"န္တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "တံ ကိံ မညသိ ရာဟုလ၊ စက္ခုန္နိစ္စံ ဝါ အနိစ္စံ ဝါ တိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ 'ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာ'တိ။ နော ဟေတံ ဘန္တေ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

အမေး။ ။ရာဟုလသံယုတ် မည်သော သုတ္တန်ဒေသနာတော်အပေါင်းကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဖြစ်အပျက်ကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်ဝယ် ရာဟုလာ မထေရ်မြတ်ကို အကြောင်းပြု၍ ရာဟုလာ မထေရ်သူမြတ်အား ဝိပဿနာတည်းဟူသော ကလလရေကြည် ရင့်သန် ထက်သန် ပွါးများစေခြင်းအလို့ငှါ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်အရပ်ဝယ် သီတင်းသုံးနေတော်မူစဉ် ရှင်ရာဟုလာ မထေရ်သူမြတ်သည် ဘုရားထံမှောက် သွားရောက်၍ သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဘုရားသားတော်သည် အကြင်သို့ သဘောရှိသော ရှင်တော်ဘုရား၏ တရားကို အောက်မေ့ကာ အဖော်မမှီး တကိုယ်တည်းဖြစ်၍ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီးလျှင် မမေ့

မလျော့ မပေါ့မဆသော သတိတရားရှိသည်ဖြစ်၍ ကိလေသာတို့ကို ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယလေးပါး ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်နှလုံး ရှိသည်ဖြစ်၍ ရဟန်းတရားနှင့် နေနိုင်ရာပါ၏။

ထိုသို့ တရားနှလုံးသွင်းဘို့ရန် အကျဉ်းချုပ်အားဖြင့် ဘုရားတပည့်တော်အား ဓမ္မဒေသနာ တရားစကားကို ဟောကြားတော်မူပါ ဟု တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် တံ ကိံ မညသိ ရာဟုလ အစရှိသည်ဖြင့်——

ချစ်သား ရာဟုလာ....ယခု ငါဘုရား မေးမည့် စကားကို သင်ချစ်သား မည်သို့ မှတ်ထင်သနည်း၊ စက္ခုဒွါရသည် နိစ္စလော၊ အနိစ္စလော။

အနိစ္စ ဖြစ်ပါသည် ရှင်ပင်ဘုရား။

အကြင် စက္ခုဒွါရသည် အနိစ္စဘည်း၊ ထိုအနိစ္စ စင်စစ် ဧကန် အမှန်ဖြစ်သော စက္ခုဒွါရကို သုခဟူ၍တည်း သင်ချစ်သား မှတ်သလော၊ ဒုက္ခဟူ၍တည်း သင်ချစ်သား မှတ်သလော ဟု မေးမြန်းတော်မူပါသည်။

ဒုက္ခ ဟူ၍ မှတ်ပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ အစရှိသည်ဖြင့်——

ချစ်သား ရာဟုလာ....အကြင်စက္ခုဒွါရ စက္ခုပသာဒ ခေါ်သော မျက်စိအကြည်ဓာတ်သည် မြဲလည်း မမြဲ၊ ဆင်းလည်း ဆင်းရဲ၏၊ ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြားလည်း ဖြစ်ပွါးတတ်ပေ၏၊ ထိုသို့ မြဲလည်း မမြဲ ဆင်းလည်း ဆင်းရဲ ဖောက်လွှဲ ဖောက်ပြန် ခုတမျိုး ခုတမျိုး သဏ္ဌာန်ပြောင်းကာ ဖြစ်တတ်သည့် စက္ခုဒွါရ စက္ခုပသာဒတည်းဟူသော အကြည်ဓာတ်ကို တော် မမ-ဤမျက်စိသည် ငါ၏ ဥစ္စာပင်တည်း ဟူ၍ တဏှာအားဖြင့်၎င်း၊ သောဟမသ္မိ-ဤမျက်စိပင်လျှင် ငါတည်း ဟု မာနအားဖြင့်၎င်း၊ သောမေ အတ္တာ-ငါ၏ အတ္တလိပ်ပြာ ဟူသည် ဤမျက်စိပင်တည်း ဟု ဒိဋ္ဌိစွဲအားဖြင့်၎င်း ရှုခြင်းငှါ ထိုက်တန်သလော ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ နောဟေတံ ဘန္တေ-ဟု ရာဟုလာ မထေရ်သူမြတ်သည်——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ထိုစက္ခုဒွါရ စက္ခုပသာဒ မျက်စိအကြည်ဓာတ်ကို ငါ၏ ဥစ္စာ, ငါ, ငါ၏ အတ္တ လိပ်ပြာ ဟူ၍

တဏှာ မာန ဒိဋ္ဌိတို့ဖြင့် ရှုခြင်းငှါ မသင့်ပါ ဘုရား ဟု ပြန်ပြောင်းလျှောက်ထားပါသည်။

ဤနည်းဖြင့် စက္ခုဒွါရဝယ် အနိစ္စ ဒုက္ခ အနတ္တ၊ နေတံ မမ နေသော ဟမသ္မိ န မေသော အတ္တာ-ဟူ၍ ရှုရမည့် အခြင်းအရာကို ပြတော်မူခဲ့ပါသည်။

ထို့အတူပင် သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရ တည်းဟူသော ဒွါရခြောက်ပါး တို့၌လည်း အသီးအသီး အနိစ္စ ဒုက္ခ အနတ္တ အားဖြင့်ရင်း နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာ-ဟူ၍ရင်း ရှုကြည့်ရန်ကိုလည်း ဖော်ပြတော်မူခဲ့ပါသည်။

ထို့အတူ အာရုံခြောက်ပါး ဝိညာဉ်ခြောက်ပါး ဖဿခြောက်ပါး ဝေဒနာခြောက်ပါး သညာခြောက်ပါး စေတနာခြောက်ပါး တဏှာခြောက်ပါး ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် အာကာသဓာတ် ဝိညာဏဓာတ် တည်းဟူသော ဓာတ်ခြောက်ပါး ခန္ဓာငါးပါးတို့၌လည်း အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ရင်း နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော-အတ္တာဟူ၍ရင်း ရှုကြည့်ဘို့ရန် ဟောကြားတော်မူခဲ့ပါသည် ။

ဤသို့လျှင် ရာဟုလသံယုတ္တ အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ် အပေါင်းကို လျှောက်ဆိုအပ်ပြီးသော အဠုပ္ပတ္တိကြောင့် သာဝတ္ထိပြည်အရပ်ဝယ် ရာဟုလာအရှင်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ရာဟုလသံယုတ် ပြီး၏

---

## လက္ခဏသံယုတ်

### အင်္ဂုတ္တိုရ်သုတ်

ပုစ္ဆာ။ ။လက္ခဏသံယုတ္တေ ပနာဝုသော ပေါရာဏကေဟိ မမ္မသံဂါဟကတ္ထေရေဟိ ပဌမံ သံဂီတံ အင်္ဂုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အာယသ္မန္တဉ္စ လက္ခဏံ အာယသ္မန္တဉ္စ မဟာမောဂ္ဂလ္လာနံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ လက္ခဏော ဘဂဝတာ သမ္မုခေ အာယသ္မန္တံ မဟာမောဂ္ဂလ္လာနံ

တေဒဝေါစ "ဣဓာယသ္မာ မဟာမောဂ္ဂလ္လာနေော ဂိဇ္ဈကူဋ္ဌာ ပဗ္ဗတာ ဩရောဟန္တော အညတရသ္မိံ ပဒေသေ သိတံ ပါတွာကာသိ၊ ကော နု ခေါ အာဝုသော မောဂ္ဂလ္လာန ဟေတု၊ ကော ပစ္စယော သိတဿ ပါတုကမ္မာယာ"တိ။ •အာယသ္မာ စ ဘန္တေ မဟာမောဂ္ဂလ္လာနော "ဣဓေဟံ အာဝုသော ဂိဇ္ဈကူဋ္ဌာ ပဗ္ဗတာ ဩရောဟန္တော အဒ္ဒသံ အဋ္ဌိကသင်္ခလိကံ ဝေဟာသံ ဂစ္ဆန္တိံ"တိ ဝေမာဒိနာ အာရောစေသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "စက္ခုဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ၊ ဉာဏဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ၊ ယတြဟိ နာမ သာဝကော ဧဝရူပံ ဉဿတိ ဝါ ဒက္ခတိ ဝါ သက္ခိံ ဝါ ကရိဿတီ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။လက္ခဏသံယုတ်၌ ရှေးသံဂါယနာတင် မထေရ်မြတ်တို့သည် ရှေးဦးစွာ သံဂါယနာ တင်ထားခဲ့သော အဋ္ဌိသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ငယ် အရှင်လက္ခဏ မထေရ်သူမြတ် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ် နှစ်ပါးတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါ ဥရုဝေလကဿပ မထေရ်သူမြတ်၏ တပည့်တထောင်တို့အနက် ဓာပါး အပါအဝင် ဖြစ်တော်မူသော အရှင်လက္ခဏ မထေရ်သူမြတ်နှင့် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ် နှစ်ပါးတို့သည် ဂိဇ္ဈကုဋ်တောင်ယံ၌ သီတင်းသုံး နေတော်မူကြပါသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန် မဟာထေရ်သူမြတ်သည် နံနက်ထအခါဝယ် သပိတ် သင်္ကန်းကို ယူတော်မူ၍ အရှင်လက္ခဏထံသို့ သွားရောက်၍ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွဘို့ရန် ခေါ်တော်မူခဲ့ပါသည်။

အရှင်လက္ခဏ မထေရ်သူမြတ်နှင့် အရှင်မဟာမောဂ္ဂလ္လာန် မဟာထေရ် သူမြတ် နှစ်ပါးတို့သည် ဂိဇ္ဈကုဋ်တောင်မှ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွ တော်မူသောအခါ ဂိဇ္ဈကုဋ်တောင်ယံ တခုသော နေရာဝယ် ရှင်မဟာ မောဂ္ဂလ္လာန် မထေရ်သူမြတ်သည် စဉ်းငယ် ပြုံးရွှင်ခြင်းအမှုကို ပြုတော်မူခဲ့ပါ သည်။

ထိုအခါ အရှင်လက္ခဏ မထေရ်သူမြတ်က ကော နု ခေါ အာဝုသော မေဂ္ဂလ္လာန ဟေတုကော ပစ္စယော သိတဿ ပါတုကမ္မာယ "ငါ့ရှင် မောဂ္ဂလ္လာန် စဉ်းငယ်ပြုံးရွှင်ခြင်းကို ထင်စွာပြုခြင်း၏အကြောင်းကား အဘယ်ပါနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ရှင်မဟာမောဂ္ဂလ္လာန် မဟာထေရ်သူမြတ်က အကာလော ခေါ အာဝုသော လက္ခဏ ဧတဿ ပဉှဿ၊ ဘဂဝတော မံ သန္တိကေ ဧတံ ပဉ္ဟံ ပုစ္ဆ ဟူ၍ "ငါ့ရှင် လက္ခဏ....ဤအမေး ပုစ္ဆာ ပြဿနာကို ယခုအခါ ဖြေဆိုရန် အချိန် မကျရောက်သေး၊ သဗ္ဗညုဘုရားထံမှောက် ရောက်တော့မှသာလျှင် ဤအမေးပုစ္ဆာ ပြဿနာကို မေးပါ ဟူ၍ ပြောဆိုခဲ့ပါသည်။

ထိအခါ ရှင်လက္ခဏနှင့် ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်တို့သည် ရာဇဂြိုဟ်ပြည်အတွင်း ဆွမ်းခံလှည့်လည်တော်မူပြီး၍ ဆွမ်းခံရာမှ ဖဲခဲ့သည် ရှိသော် ဘုရားထံမှောက် ကြွရောက်တော်မူကြ၍ မြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးပြီးလျှင် တင့်အပ်လျော်ကပ်သော အရပ်၌ နေတော်မူကြပါသည်။

ထိုသို့ တင့်အပ်လျော်ကပ်သော အရပ်၌ နေတော်မူပြီးသော ရှင် လက္ခဏ မထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာဘုရား၏ မျက်မှောက်တော်၌ "ဤ ယခုအခါဝယ် နံနက်အခါက ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာစဉ် ရှင် မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် တခုသောနေရာအရပ်ဝယ် စဉ်းငယ် ပြုံးရွှင်ခြင်း အမှုကို ပြုတော်မူခဲ့ပါသည်၊ ထို အရှင်မဟာမောဂ္ဂလ္လာန် မထေရ် သူမြတ်၏ ထိုသို့ ပြုံးရွှင်တော်မူခြင်းကို ထင်စွာပြုခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း" ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန် မဟာထေရ် သူမြတ်က ဣဓာဟံ အာဝုသော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အဒ္ဒသံ အင္ဂုကသခ်လိကံ ဝေဟာသံ ဂစ္ဆန္တိံ အစရှိသည်ဖြင့်—

ငါ့ရှင် လက္ခဏ....ဂိဇ္ဈကုဋ်တောင်ယံမှ ငါတို့ ဆင်းလာသောအခါ ကောင်းကင် အရပ်ဝယ် လှည့်လည် ကျက်စား သွားလာ၍ နေသော အသား ဟူ၍ စိုးစဉ်းမျှ မရှိ၊ အရိုးစု သက်သက်မျှ ဖြစ်သော သတ္တဝါတဦးကို ငါမြင်ရ သည်၊ ထိုအရိုးစုမျှ ဖြစ်သော သတ္တဝါကို ယက္ခမျိုး ဖြစ်သော ငှင်းတတို့သည် ငှင်း ကျီးဘို့သည်ငှင်း စွန်ရဲတို့သည်ငှင်း နံရိုးတို့၏ အကြားမှ ထိုးကြ ဆွကြ ဖဲ့ကြ ဆိတ်ကြပါကုန်သည်၊ ထိုအရိုးစု သတ္တဝါသည် နာကျင်သော အသံကို အဖန်ဖန်အထပ်ထပ် ဟစ်ကြွေးခဲ့ပါသည်။

ငါ့ရှင် လက္ခဏ....အရိုးစု သတ္တဝါကို မြင်ရသော ငါ၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံ ဖြစ်လေသည်——

အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊
ဧဝရူပေါပိ နာမ သတ္တော ဘဝိဿတိ။

ဤသို့ သဘောရှိသော သတ္တဝါမျိုးလည်း လောက၌ ရှိသေးသကိုး.... ဤသို့ သဘောရှိသော ယက္ခမျိုးလည်း လောကမှာ ရှိသေးသကိုး၊ ဤသို့ သဘောရှိသော အတ္တဘောကို ရခြင်းမျိုးသည်လည်း လောက၌ ထင်ရှား ရှိဘိတကား၊ အံ့ဘွယ်ရှိပါပေစွ၊ မဖြစ်စဘူး အထူး ဖြစ်ပါပေစွ ဟု ငါ၏ စိတ် သန္တာန်ဝယ် ဤသို့ အကြံ ဖြစ်ခဲ့သည် ဟု ပြန်ကြားမိန့်တော်မူခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသခင်သည် စက္ခုဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ၊ ဉာဏဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ အစရှိ သည်ဖြင့်——

ချစ်သား ရဟန်းတို့....သာဝက ဖြစ်သော ရှင်မဟာမောဂ္ဂလ္လာန်မထေရ် သူမြတ်သည် ငါဘုရားမြင်သည့်ပမာ ဤသို့ သဘောရှိသော အရိုးစုပြိတ္တာ ကိုလည်း ကိုယ်တိုင်ပင် မြင်၍ ကိုယ်တိုင်ပင် သိနိုင်ပါပေ၏၊ ငါဘုရားအတွက် သက်သေလည်း ဖြစ်နိုင်ပါပေ၏။

အို ချစ်သားရဟန်းတို့....ငါ၏ သားတော်တို့သည် ထင်ရှားရှိသော ဉာဏ်မျက်စိ ထင်ရှားရှိသော ဉာဏ်အမြင်ရှိကြ၍ နေတော်မူကြကုန်ဘိ တကား။

ချစ်သား ရဟန်းတို့....ရှေးအခါကပင်လျှင် ငါဘုရားသည်လည်း အရိုးစု ပြိတ္တာ သတ္တဝါကို မြင်ခဲ့ပေသည်၊ သို့စေကာမူ ဝေနေယျ သတ္တဝါတို့အား

ငါဘုရားသည် ဤအရိုးစုပြိတ္တာအကြောင်းကို မဟောကြားခဲ့ပေ၊ အကယ်၍ ငါဘုရား ဟောကြားစေကာမူ ဤလူအပေါင်းတို့သည်ကား ယုံကြည်ကြမည် မဟုတ်၊ မယုံကြည်ကြခဲ့သည်ရှိသော် အကျိုးမဲ့အလို့ငှါ ဆင်းရဲအလို့ငှါသာ လျှင် ဖြစ်လေရာ၏။

ချစ်သား ရဟန်းတို့....ဤမောဂ္ဂလ္လာန်မြင်ခဲ့သော ငါဘုရား ရှေးက မြင်ရပြီး ဖြစ်သော ထိုအရိုးစု ပြိတ္တာ သတ္တဝါသည် ဤရာဇဂြိုဟ်ပြည် အရပ်၌ ပင်လျှင် နွားသတ်ယောကျ်ားဖြစ်ခဲ့ဘူးသည်။

ထိုသတ္တဝါသည် နွားကို သတ်ပြီးလျှင် အရိုးမှာကပ်၍ ရှိသောအသားကို မျှပင် မကျန်ထစ်ကာ လှီးကာ ရောင်းစားခဲ့ခြင်းဟူသော အကြောင်းကြောင့် ငရဲဘုံ၌ နှစ်ပေါင်းများစွာ နှစ်အရာပေါင်းများစွာ နှစ်အထောင်ပေါင်းများစွာ နှစ်အသောင်းပေါင်းများစွာ နှစ်အသိန်းပေါင်းများစွာ ကျင်လည်ကျက်စား ဒုက္ခကို ခံစားပြီး မှ ထိုနွားကို သတ်ခဲ့သော ပါဏာတိပါတ အပရာပရိယ အကုသိုလ်ကံ စေတနာ အစွမ်းကြောင့် ဤယခုအခါဝယ် ဤသို့သဘော ရှိသော အရိုးစုသတ္တဝါဖြစ်၍ နေပေသည် ဟု ဤအဋ္ဌိသုတ္တန်ဒေသနာတော် မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အဋ္ဌိသုတ် ပြီး၏

---

## ပိဏ္ဍသုတ်

ပုစ္ဆာ။ ။တေနာဝုသော ဇာနတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန လက္ခဏသံယုတ္တေ တတိယံ သံဂီတံ ပိဏ္ဍသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထစ္ဆ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အာယသ္မန္တဥ္စ လက္ခဏံ အာယသ္မန္တဥ္စ မဟာမောဂ္ဂလ္လာနံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ လက္ခဏော ဘဂဝတော သမ္မုခေ အာယသ္မန္တံ မဟာမောဂ္ဂလ္လာနံ ဧတဒဝေါစ "ဣဓာယသ္မာ မဟာမောဂ္ဂလ္လာနော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အညတရသ္မိံ ပဒေသေ သိတံ ပါတွာ-

ကာသိ၊ ကော နုခေါ အာဝုသော မောဂ္ဂလ္လာနဟောတု၊ ကော ပစ္စယော သိတဿ ပါတုကမ္မာယာ”တိ။ အာယသ္မာ စ ဘန္တေ မဟာမောဂ္ဂလ္လာနော“ဣဓာဟံ အာဝုသော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အဒ္ဒသံ မံသပိဏ္ဍံ ဝေဟာသံ ဂစ္ဆန္တံ၊ တမေနံ ဂိဇ္ဈာပိ ကာကာပိ ကုလလာပိ အနုပတိတွာ အနုပတိတွာ ဝိတစ္ဆေန္တိ ဝိရာဇေန္တိ။ သာ သုဒံ အဋ္ဋဿရံ ကရောတိ”တိ ဧဝမာဒိနာ အာရောစေသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “စက္ခု-ဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ၊ ဉာဏဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ၊ ယတြဟိ နာမ သာဝကော ဧဝရူပံ ဉဿတိ ဝါ ဒက္ခတိ ဝါ သက္ခိံ ဝါ ကရိဿတီ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။သိတော်မူ။ပ။ ထိုမြတ်စွာဘုရားသခင်သည် လက္ခဏ သံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်ဘို့ တတိယသုတ် အဖြစ်ဖြင့် သံဂါယနာ တင်၍ထားခဲ့သော ပိဏ္ဍသုတ် မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် အရှင်လက္ခဏ မထေရ်သူမြတ် အရှင်မောဂ္ဂလ္လာန်မထေရ်သူမြတ်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူ အပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်း၌ ကိန်း အောင်း မွေ့လျော် သီတင်းသုံးနေတော်မူသောအခါ ရှင်လက္ခဏ မထေရ်သူ မြတ်နှင့် ရှင်မောဂ္ဂလ္လာန် မထေရ်သူမြတ် နှစ်ပါးတို့သည် ဂိဇ္ဈကုဋ်တောင်ယံ ဝယ် သီတင်းသုံး နေထိုင်တော်မူကြဆဲ ဖြစ်ပါသည်။

ထိုအခါ အရှင်မောဂ္ဂလ္လာန် မထေရ်သူမြတ်သည် နံနက်ထအခါ သပိတ် သင်္ကန်းကို ယူတော်မူ၍ ရှင်လက္ခဏထံမှောက်သို့ သွားရောက်တော်မူပြီးလျှင် အာယာမာဝုသော လက္ခဏ ရာဇဂဟံ ပိဏ္ဍာယ ပဝိသိဿာမ-အစရှိသည်ဖြင့် “ငါ့ရှင် လက္ခဏ....လာပါ သွားကြကုန်စို့.... ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံ

ဝင်ကြကုန်အံ့” ဟု ပြောဆိုညီညွတ်တော်မူကြပြီးလျှင် ဂိဇ္ဈကုဋ်တောင်ယံမှ ရာဇဂြိုဟ်ပြည်ဘက်သို့ ဆင်းသက် ကြွတော်မူခဲ့ကြပါသည်။

ထိုအခါ လမ်းခရီးအကြား တခုသော အရပ်ဒေသသို့ ရောက်သောအခါ ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် စဉ်းငယ် ပြုံးရွှင်ခြင်း အမူကို ပြုတော်မူပါသည်။

ထိုအခါ အရှင်လက္ခဏ မထေရ်သူမြတ်က ကော နု ခေါ အာဝုသော မောဂ္ဂလ္လာန ဟေတု၊ ကော ပစ္စယော သိတဿ ပါတုကမ္မာယ-ဟု “ငါ့ရှင် မောဂ္ဂလ္လာန်....ပြုံးရွှင်ခြင်းကို ထင်စွာပြုခြင်း၏ အကြောင်းကား အဘယ်ပါ နည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်က အကာလော ခေါ အာဝုသော လက္ခဏ ဧတဿ မဥ္စဿ “ငါ့ရှင်လက္ခဏ.... ဤအမေး ပဉ္စာ ပြဿနာကို ဖြေဆိုဘို့ရန် အခါမရောက်သေး၊ မြတ်စွာဘုရား၏ ထံတော်ကျမှ ဤအမေး ပဉ္စာ ပြဿနာကို မေးမြန်းပါလော့” ဟု ပြောဆိုခဲ့ပါသည်။

ထိုအခါအရှင်လက္ခဏမထေရ်သူမြတ်နှင့်အရှင်မဟာမောဂ္ဂလ္လာန်မထေရ် သူမြတ်တို့သည် ရာဇဂြိုဟ်ပြည်အတွင်းဝယ် ဆွမ်းခံကြွတော်မူပြီး၍ ဆွမ်းခံ ရာမှာ ဖဲခဲ့ပြီးလျှင် ဘုရားထံမှောက် သွားရောက်ကြ၍ ရှိသေစွာ ရှိခိုးပြီးလျှင် အပြစ်ခြောက်ပါး လွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေတော်မူကြ ပါသည်။

ထိုအခါ အရှင်လက္ခဏ မထေရ်သူမြတ်က ဣဓာယသ္မာ မဟာမောဂ္ဂလ္လာ- နော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အညတရသ္မိံ ပဒေသေ သိတံ ပါတွာကာသိ အစရှိသည်ဖြင့် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် ဂိဇ္ဈကုဋ်တောင်ယံမှ ဆင်းသက်တော်မူစဉ်အခါက တခုသော အရပ်ဝယ် ပြုံး ရွှင်ခြင်း အမူကို ပြုတော်မူခဲ့ပါပေသည်၊ အို ငါ့ရှင် မောဂ္ဂလ္လာန်....ပြုံးရွှင်ခြင်း ကို ပြုခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း ဟု မေးမြန်းတော်မူပါ သည်။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်က ဣဓာဟံ အာဝုသော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော. အဒ္ဒသံ မံသပိဏ္ဍံ ဝေဟာသံ ဂစ္ဆန္တံ-အစရှိ သည်ဖြင့်——

ငါ့ရှင် လက္ခဏ....ငါတို့သည် ဂိဇ္ဈကုဋ်တောင်ယံမှ ဆင်းသက်၍ လာသော အခါ တခုသော အရပ်ဒေသသို့ အရောက်တွင် ကောင်းကင်သို့ ထိုမှ ဤမှ သွားလာ၍ နေသော အသားတုံး အသားဆိုင်ကို ငါမြင်ရပေသည်၊ ထို အသားတုံး အသားဆိုင်ကို ထိုထို့ဤဤအရပ်သို့ ပြေးသွား သွားလာနေ သည်ကို ယက္ခမျိုး ဖြစ်ကြသော ငှင်းလတို့သည်ငှင်း ကျီးတို့သည်ငှင်း သိန်း စွန်ရဲတို့သည်ငှင်း ထိုးကြ ဆိတ်ကြပါသည်၊ ထိုအသားတုံး ပြိတ္တာသည် နာကျင်လှသော အသံကို ပြင်းထန်စွာ ပြုခဲ့ပါသည်။

ငါ့ရှင် လက္ခဏ.... ထိုအခါ ငါ၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံအစည် ဖြစ်ခဲ့ပါပေသည်၊ ဤသို့ သဘောရှိသော သတ္တဝါများလည်း ရှိပေသေး၏ တကား၊ ဤသို့ သဘောရှိသော ယက္ခမျိုးလည်း ရှိပေသေးစွတကား၊ ဤသို့ သဘောရှိသော အတ္တဘောကို ရခြင်းသည်လည်း ရှိပေသေးစွတကား၊ လက် ဖျစ်တီး၍ အံ့ခြီးဘွယ် ထိုက်ပေစွ၊ မဖြစ်စဘူး အဖြစ်ထူးပေစွ ဟု အကြံ ဖြစ်ခဲ့ ပါသည် ဟု ရှင်မဟာမောဂ္ဂလ္လာန် ပြန်ကြားတော်မူလတ်သည်ရှိသော် သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို ခေါ်တော်မူ၍ စက္ခုဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ၊ ဉာဏဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ငါဘုရား၏ တပည့်သား သာဝက ဖြစ်ပါသော ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်သည် ဤသို့ သဘောရှိသော ပေတ ဂိုဏ်းဝင် သတ္တဝါကို ကိုယ်တိုင်လည်း သိ ကိုယ်တိုင်လည်း မြင်ပါပေသည်၊ ငါ ဘုရား၏ အတွက် သက်သေအရာလည်း တည်နိုင်ပါပေ၏။

ချစ်သား ရဟန်းတို့....ငါဘုရား၏ တပည့်သား သာဝကတို့သည် ဖြစ်ပေါ် သော ဉာဏ်ပညာမျက်စိ ဖြစ်ပေါ်သော အသိဉာဏ်ရှိကြ၍ နေကြပါပေ ကုန်၏ ဟု ချီးမွမ်းတော်မူပြီးလျှင် ပုဗ္ဗေဝ မေ သော ဘိက္ခဝေ သတ္တော ဒိဋ္ဌော အဟောသိ-အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ထိုအသားဆိုင် အသားတုံး ဖြစ်သော ပြိတ္တာ သတ္တဝါကို ငါဘုရားသည် ရှေးအခါ မဟာဗောဓိပင်ရင်း သဗ္ဗညုတဉာဏ်ကို ရတော်မူသော အခါကပင်လျှင် ကိုယ်တိုင် ဒိဋ္ဌ ထင်ထင် မြင်ဘူးခဲ့ပေပြီ၊ သို့ စေကာမူ ငါဘုရားသည် ဝေနေယျ သတ္တဝါတို့အား ဤအကြောင်းကို မဟော

ကြားခဲ့ချေ၊ အကယ်၍ ငါဘုရား ဟောကြားစေကာမူ ငါဘုရား၏ စကားကို ယုံကြည်ကြမည် မဟုတ်ချေ။ အကြင်ပုဂ္ဂိုလ်တို့အား ယုံကြည်ခြင်း ကင်းမဲ့၏၊ ထိုပုဂ္ဂိုလ်တို့အား များစွာသော နေ့ညဉ့်ပတ်လုံး မယုံကြည်ခြင်းကို အကြောင်းပြု၍ အကုသိုလ်တရားတို့ ပွါးကာ ပွါးကာဖြင့် အကျိုးစီးပွါးမဲ့အလို့ငှါ ဆင်းရဲရန် အလို့ငှါသာလျှင် ဖြစ်ပေရာ၏။

ချစ်သား ရဟန်းတို့.... ဤ ယခု မောဂ္ဂလ္လာန် မြင်ရသော အသားစု အသားစိုင် သတ္တဝါ ပြိတ္တာသည် ရှေးလူဖြစ်စဉ် အခါ ဤရာဇဂြိုဟ်ပြည်အရပ်၌ပင်လျှင် ငှက်ခတ်မုဆိုး ဖြစ်ခဲ့သည်၊ ထိုသို့ ငှက်ခတ်မုဆိုး ဖြစ်စဉ်ဘဝက များစွာသော ငှက်တို့ကို အမွေးအတောင်ကိုနှုတ် အရေကို ဆုတ်ပြီးလျှင် သွေးသံရဲရဲ အသားခဲကိုသာလျှင် ရောင်းဝယ်၍ ရှည်လျားစွာသော နေ့ ညဉ့်ပတ်လုံး အသက်မွေးမှု ပြုခဲ့သည်၊ ထိုသို့ ငှက်ခတ်မုဆိုး ပြုလုပ်ခဲ့မှု တည်းဟူသော အကုသိုလ်ကံကြောင့် ထိုသတ္တဝါသည် ငရဲ၌ နှစ်ပေါင်းများစွာ နှစ်အရာပေါင်းများစွာ နှစ်အထောင်ပေါင်းများစွာ နှစ်အသိန်းပေါင်းများစွာ ကျက်ခဲ့ရ ကျင်လည်ခဲ့ရ ဒုက္ခဝေဒနာကို ခံစံခဲ့ရပြီးလျှင် ထိုငှက်တို့ကို သတ်ခဲ့ခြင်းတည်းဟူသော ပါဏာတိပါတ အပရာပရိယ အကုသိုလ်ကံ အကြွင်းကြောင့် ဤယခုသဘောရှိသော အသားစိုင် အသားတုံး အတ္တဘောကို ရရှိ၍ နေပေသည် ဟု ဤပိဋကသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် ရာဇဂြိုဟ်ပြည်အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပိဋကသုတ် ပြီး၏

---

**အသိလောမသုတ်**

ပုစ္ဆာ။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ မေ့သံဂါဟကေဟိ မဟာထေရေဟိ သံဂီတံ အသိလောမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အာယသ္မန္တဉ္စ လက္ခဏံ အာယသ္မန္တဉ္စ မဟာမောဂ္ဂလ္လာနံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ လက္ခဏော ဘဂဝတော သမ္မုခေ အာယသ္မန္တံ မဟာ-

> မောဂ္ဂလ္လာနံ ဧတဒဝေါစ “ကော နု ခေါ အာဝုသော မောဂ္ဂလ္လာန ဟေတု၊ ကော ပစ္စယော သိတဿ ပါတုကမ္မာယာ”တိ။ အာယသ္မာ စ ဘန္တေ မဟာမောဂ္ဂလ္လာနတ္ထေရော “ဣဓာဟံ အာဝုသော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အဒ္ဒသံ အသိလောမံ ဝေဟာသံ ဂစ္ဆန္တံ”တိ ဧဝမာဒိနာ အာရောစေသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ စက္ခုဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ၊ ဉာဏဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ။ (ပေယျာလ) ဧသော ဘိက္ခဝေ သတ္တော ဣမသ္မိံယေဝ ရာဇဂဟေ သူကရိကော အဟောသီ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုလက္ခဏသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော အသိလောမသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်ဝယ် ရှင်လက္ခဏ မထေရ်သူမြတ်နှင့် ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်တို့ကိုပင် အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

ရှေးဆိုအပ်ပြီးသော အတိုင်း ရှင်လက္ခဏမထေရ်သူမြတ်နှင့် ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်တို့ ဂိဇ္ဈကုဋ်တောင်ယံမှ ဆင်းကြွတော်မူလတ်သော အခါ တခုသော အရပ်၌ ရှင်မဟာမောဂ္ဂလ္လာန် ပြုံးရွှင်တော်မူသည်ကို ရှင်လက္ခဏက ပြုံးရွှင်ခြင်း၏ အကြောင်းကို မေးမြန်းလတ်သည်ရှိသော် ယခုအခါ ဤအမေးပုစ္ဆာ ပြဿနာကို ဖြေဆိုရန် အချိန်မဟုတ်သေး ဘုရားထံမှောက် ရောက်မှ ဤအမေးပုစ္ဆာ ပြဿနာကို မေးမြန်းပါလော့ ဟု မိန့်ကြားတော်မူပြီးလျှင် မထေရ်သူမြတ် နှစ်ပါးတို့ ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းခံရာမှ ဖဲခဲ့၍ ဘုရားထံမှောက် ရောက်ရှိကြသောအခါ ရှင်လက္ခဏမထေရ်သူမြတ်က အရှင်မောဂ္ဂလ္လာန်မထေရ်သည် ဂိဇ္ဈကုဋ်တောင်ယံမှ ဆင်းကြွစဉ်က တခုသော

အရပ်ဝယ် ပြုံးရွှင်ခြင်း အမှုကို ပြုတော်မူခဲ့ပါသည်၊ ထိုသို့ ပြုံးရွှင်ခြင်းကို ပြုခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်က ငါ့ရှင်လက္ခဏ.... ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်စဉ် အခါကာလ ကောင်းကင်ယံဝယ် အရွှေ အနောက် တောင် မြောက် လူးလာသွား၍ နေသော သန်လျက်အမွေးတကိုယ်လုံး ပေါက်ရောက်၍ နေသော ယောကျ်ား တယောက်ကို မြင်ရပါသည်။

ထိုယောကျ်ား၏ သန်လျက်မွေးတို့သည် ထိုယောကျ်ား၏ ကိုယ်မှပင် ကောင်းကင်သို့ ပျံတက်ကာ တက်ကာဖြင့် တဖန် ပြန်၍ ထိုယောကျ်ား၏ ကိုယ်ဝယ် အကြိမ်ကြိမ် အဖန်ဖန် ကျလျက်ရှိပါသည်။

ထိုသို့ သန်လျက်သွားတို့ မိမိကိုယ်ဝယ် အကြိမ်ကြိမ်အဖန်ဖန် ကျရောက်ခြင်းဖြင့် သည်းထန်စွာသော ဒုက္ခဝေဒနာကို ခံစားရသော ထိုယောကျ်ားသည် နာကျင်သောအသံကို အဖန်ဖန် ဟစ်ကြွေးခဲ့ပါသည်။

ငါ့ရှင် လက္ခဏ....ထိုသတ္တဝါကို မြင်ရသော ငါ၏ စိတ်သန္တာန်ဝယ် အံ့ဘွယ်ရှိပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပေစွ၊ ဤသို့ သဘောရှိသော သတ္တဝါမျိုးလည်း ထင်ရှားရှိပေစွ တကား၊ ဤသို့ သဘောရှိသော ပြိတ္တာမျိုးသည်လည်း ထင်ရှားရှိပေစွတကား၊ ဤသို့ သဘောရှိသော အတ္တဘောကို ရခြင်းသည်လည်း ထင်ရှားရှိပေစွတကား ဟူ၍ အံ့အဲခြင်း ဖြစ်ခဲ့ရသည် ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရှေးဆိုအပ်ပြီးသော အတိုင်း စက္ခုဘူတာဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... သာဝကစဉ်လျက် ဤသို့ သဘောရှိသော သတ္တဝါကို ကိုယ်တိုင်သိ ကိုယ်တိုင်မြင်၍ ငါဘုရား၏အတွက် သက်သေအရာ တည်နိုင်ပါပေ၏၊ ငါဘုရား၏ သာဝကတို့သည် ဖြစ်ပွါးသောဉာဏ်ရှိကြကုန်သည်ဖြစ်၍ ဖြစ်ပွါးသော ပညာမျက်စိ ရှိကြကုန်သည်ဖြစ်၍ နေကြပေကုန်၏။

ချစ်သားတို့....ရှေးအခါ သဗ္ဗညုတဉာဏ်တော်ကို ရစဉ်ကပင် ငါဘုရားသည် ထိုအသိလောမ မည်သော ပြိတ္တာသတ္တဝါကို မြင်ခဲ့ရပြီ၊ သို့စေကာမူ လူတို့အား ထိုအကြောင်းကို ငါဘုရား မဟောကြားခဲ့၊ အကယ်၍ ငါဘုရား

ဟောကြားစေကာမူ ယုံကြည်ကြမည် မဟုတ်ချေ၊ ထိုမယုံကြည်သော ပုဂ္ဂိုလ် တို့အား ဟောကြားလျှင် မယုံကြည်ခြင်းကို အကြောင်းပြု၍ အကုသိုလ်တရား ပွါးများကာဖြင့် အစီးအပွါးမဲ့ဘို့ရန် ဆင်းရဲတရား တိုးတက်များပြားဘို့ရန် သာလျှင် ဖြစ်ချေရာသည်။

ချစ်သား ရဟန်းတို့....ဤ ယခု မောဂ္ဂလ္လာန် မြင်ခဲ့ရသည့် အသိလောမ အမည်ရသည့် သန်လျက်အမွေး တကိုယ်လုံး ရောက်သည့် ပြိတ္တာသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်အရပ်ဝယ် ရှေးလူဖြစ်စဉ်အခါက အစာကျွေး၍ ဝက်တို့ကို မွေးမြူပြီးလျှင် ထက်လှစွာသောသံလျက်ဓား နှစ်ဘက်သွားဖြင့် ခုတ်ထစ် သတ်ဖြတ်၍ ရှည်လျားစွာသော နှစ်တို့ကာလပတ်လုံး အသက်မွေးမှု ပြုခဲ့ သည်။

ထို ဝက်ထိုးသမား ဝက်သတ်သမား သတ္တဝါသည် ထိုဝက်တို့ကို သတ်ခဲ့ ခြင်းတည်းဟူသော ပါဏာတိပါတ ဒုစရိုက် အကုသိုလ်ကံ အစွမ်းကြောင့် ငရဲဘုံဝယ် အနှစ်ရာပေါင်းများစွာ အနှစ်ထောင်ပေါင်းများစွာ အနှစ်သိန်း ပေါင်းများစွာ ကျက်ခဲ့ရ နာကျင်ခဲ့ရ ဒုက္ခဝေဒနာ ခံစားခဲ့ရပြီးမှ ထိုအကုသိုလ် ကံ ကြွင်းကြောင့် ယခုအခါဝယ် သန်လျက်အမွေး တကိုယ်လုံး ပေါက်ရောက် သည့် အသိလောမ ပြိတ္တာဖြစ်ရသည် ဟု ဤအသိလောမ သုတ္တန်ဒေသနာ တော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် ရာဇဂြိုဟ်ပြည် အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အသိလောမသုတ် ပြီး၏

---

## သူစိလောမသုတ်

ပုစ္ဆာ။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေ- ဟိ သံဂီတံ သူစိလောမသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထန္တိ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။တတ္ထေဝ ဘန္တေ ရာဇဂဟေ အာယသ္မန္တဉ္စ လက္ခဏံ အာယ- သ္မန္တဉ္စ မဟာမောဂ္ဂလ္လာနံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ လက္ခဏော ဘဂဝတော သမ္မုခေ တထေဝ အဝေါစ။

အာယသ္မာ စ ဘန္တေ မဟာမောဂ္ဂလ္လာနေော တထေဝ အာရော-
စေသိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "စက္ခုဘူတာ ဝတ ဘိက္ခဝေ
သာဝကာ ဝိဟရန္တိ၊ ဉာဏဘူတာ ဝတ ဘိက္ခဝေ သာဝကာ
ဝိဟရန္တိ၊ (ပေယျာလ) ဧသော ဘိက္ခဝေ သတ္တော ဣမသ္မိံ-
ယေဝ ရာဇဂဟေ သူတော အဟောသီ"တိ ဝေမာဒိနာ
ဘဂဝတာ ဘာသိတာ။

အမေး။ ။ထိုလက္ခဏသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာ
ထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော သုစိလောမသုတ် မည်သော တရား
ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု
မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်း
ပြု၍ အဘယ်သို့သော အတ္ထုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအား
ဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် အရှင်လက္ခဏမထေရ်နှင့် အရှင်
မဟာမောဂ္ဂလ္လာန် မထေရ်တို့ကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်
ပါသည်။

ရှေး၌ လျှောက်ဆိုအပ်ပြီးသောအတိုင်း ရှင်လက္ခဏ မထေရ်သူမြတ်နှင့်
ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သူမြတ်တို့ ရာဇဂြိုဟ်ပြည်တွင်းမှ ဂိဇ္ဈကုဋ်
တောင်ယံသို့ ဆွမ်းခံကြွလာတော်မူသောအခါ တခုသော အရပ်၌ ရှင်မဟာ
မောဂ္ဂလ္လာန် ပြုံးရွှင်တော်မူသည်ကို ရှင်လက္ခဏ မထေရ်မြတ်က ပြုံးရွှင်ခြင်း
၏ အကြောင်း မေးမြန်းတော်မူသည်တွင် ရှေးအတူ ပြောကြား၍ ရာဇဂြိုဟ်
ပြည်အတွင်း ဆွမ်းခံရာမှ ဖဲတော်မူခဲ့ပြီးလျှင် ဘုရားထံမှောက် ရောက်လတ်
သောအခါ ရှင်လက္ခဏ မထေရ်သူမြတ်က "အို အရှင်ဘုရား မောဂ္ဂလ္လာန်....
အရှင်ဘုရားသည် ဂိဇ္ဈကုဋ် တောင်ယံမှ ဆင်းသက်စဉ်ကာလဝယ် တခုသော
နေရာ၌ ပြုံးရွှင်ခြင်းကို ပြုတော်မူခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း
ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ အရှင်မောဂ္ဂလ္လာန် မထေရ်သူမြတ်က ငါ့ရှင်လက္ခဏ....ငါသည်
ဂိဇ္ဈကုဋ်တောင်ယံမှ ဆင်းသက်စဉ်ကာလဝယ် တခုသော အရပ်ဒေသ၌

တကိုယ်လုံး အပ်အမွေးပေါက်သည့် သူစိလောမ ပြိတ္တာ သတ္တဝါကို မြင်ခဲ့ရပါသည်။

ထိုသတ္တဝါ၏ ကိုယ်မှ များစွာသော အပ်အမွေးတို့သည် ကောင်းကင်သို့ ပျံတက်ပြီးလျှင် ထိုသူစိလောမ ပြိတ္တာ၏ ကိုယ်ခန္ဓာပေါ် သို့ပင်လျှင် ကျကြပါသည်၊ ထိုပြိတ္တာ သတ္တဝါသည် ကြီးစွာသော ဒုက္ခဝေဒနာ ခံစားရသဖြင့် နာကျင်သော အသံကို မခံသာအောင် ဟစ်ကြွေးခဲ့ပါပေသည်။

ငါ့ရှင် လက္ခဏ....ဤအခြင်းအရာကို မြင်ရသော ငါ့စိတ်သန္တာန်ဝယ် အံ့ဘွယ်ရှိပေစွ၊ မဖြစ်စဘူး အထူး ဖြစ်ပါပေစွ၊ ဤသို့ သဘောရှိသော သတ္တဝါ ဤသို့သဘောရှိသောပြိတ္တာ ဤသို့သဘောရှိသော အတ္တဘောကို ရခြင်းမျိုး သည်လည်း လောကဝယ် ထင်ရှားရှိပါပေစွဘကား ဟု စိတ်အကြံ ဖြစ်ခဲ့ပါသည် ဟု ပြန်ကြားတော်မူပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရှေးနည်းအတူပင်လျှင် စက္ခုဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ၊ ဉာဏဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ-အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ငါဘုရား၏ တပည့်သား သာဝကတို့သည် ရောက်အပ်သော ဉာဏ်မျက်စိ ထင်ရှားရှိကြသော ဉာဏ်အမြင်ရှိကြ၍ နေနိုင်ကြပေကုန်၏၊ ဤသို့ သဘောရှိသော ပေတဂိုဏ်းဝင် သတ္တဝါကို ကိုယ်တိုင်သိ ကိုယ်ဘိုင်မြင်၍ ငါဘုရား၏အတွက် သက်သေကိုပင် ထူနိုင်ကြပေ၏။

ချစ်သား ရဟန်းတို့....ငါဘုရားသည် ရှေးအခါ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူစကပင် ဤသို့ တကိုယ်လုံး အပ်အမွေးပေါက်သည့် သူစိလောမ ပြိတ္တာကို မြင်ခဲ့ရလေပြီ၊ သို့စေကာမူ လူဘို့အား ထိုသတ္တဝါအကြောင်းကို ငါဘုရား မဟောကြားခဲ့ချေ၊ အကယ်၍ ငါဘုရား ဟောကြားစေကာမူ လူဘို့က ယုံကြည်ကြမည် မဟုတ် ဖြစ်ချေသည်၊ မယုံကြည်သော ပုဂ္ဂိုလ်တို့အား အကယ်၍ ငါဘုရား ဟောကြားလျှင် မယုံကြည်ခြင်းလျှင် အရင်းရှိသည့် အကုသိုလ်ဘရားတို့ တိုးပွါးသဖြင့် အစီးအပွါး မဲ့ဘို့ရန် ဆင်းရဲတရား များဘို့ရန် သာလျှင် ဖြစ်ချေရာသည်။

ချစ်သား ရဟန်းတို့....ယခု မောဂ္ဂလ္လာန် မြင်ခဲ့ရသည့် အပ်အမွေးရောက်သော သူစိလောမ ပြိတ္တာသည် ရှေးလူဖြစ်စဉ်အခါ ဤရာဇဂြိုဟ်ပြည်အရပ်၌

ပင်လျှင် နွားတို့ကို သံချွန်ဖြင့် ထိုးကာ ဆွကာ မောင်းခဲ့သော လှည်းသမား နွားသမားတဦး ဖြစ်ခဲ့ပေသည်။

နွားတို့အား မခံသာအောင် တံပြာ၏ထိပ်ဝယ် သံချွန်တပ်၍ အကြိမ်ကြိမ် အထပ်ထပ် ထိုးခဲ့ ဆွခဲ့ နှိပ်စက်ခဲ့ခြင်း တည်းဟူသော ဒုစရိုက် အကုသိုလ် မကောင်းမှုကံကြောင့် များစွာသော နှစ်အရာ များစွာသော နှစ်အထောင် များစွာသော နှစ်အသိန်းတို့ ကာလပတ်လုံး ငရဲ၌ ကျက်ခဲ့ရ ဆင်းရဲဒုက္ခကို ခံစံခဲ့ရပြီးလျှင် ထိုအကုသိုလ်ကံ အကြွင်းကြောင့် ယခုအခါ ဤသို့ သဘောရှိသော အတ္တဘောကို ရရှိ၍ နေပေသည် ဟု ဤသူစိလောမသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် ရာဇဂြိုဟ်ပြည် အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သူစိလောမသုတ် ပြီး၏

---

## ပါပဘိက္ခုစသော ငါးသုတ်

ပုစ္ဆာ။ ။တတ္ထေဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ သံဂီတာနိ ပါပဘိက္ခုသုတ္တာဒီနိ ပဉ္စသုတ္တာနိ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတာနိ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ အာယသ္မန္တဉ္စ လက္ခဏံ အာယသ္မန္တဉ္စ မဟာမောဂ္ဂလ္လာနံ အာရဗ္ဘ ဘာသိတာနိ။ အာယသ္မာ ဘန္တေ လက္ခဏော ဘဂဝတော သမ္မုခေ ပုဗ္ဗေ ဝုတ္တာနယေနေဝ အာရောစေသိ။ အာယသ္မာ စ ဘန္တေ မဟာမောဂ္ဂလ္လာနော "ဣဓာဟံ အာဝုသော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အဒ္ဒသံ ဘိက္ခုံ ဝေဟာသံ ဂစ္ဆန္တံ။ အဒ္ဒသံ ဘိက္ခုနိံ ဝေဟာသံ ဂစ္ဆန္တိံ။ အဒ္ဒသံ သိက္ခမာနံ ဝေဟာသံ ဂစ္ဆန္တိံ။ အဒ္ဒသံ သာမဏေရံ ဝေဟာသံ ဂစ္ဆန္တံ။ အဒ္ဒသံ သာမဏေရိံ ဝေဟာသံ ဂစ္ဆန္တိံ။ တဿာ သင်္ဃာဋိပိ အာဒိတ္တာ သမ္ပဇ္ဇလိတာ သဇောတိဘူတာ၊ ပတ္တောပိ အာဒိတ္တော သမ္ပဇ္ဇလိတော သဇောတိဘူတော၊ ကာယဗန္ဓနမ္ပိ အာဒိတ္တံ သမ္ပဇ္ဇလိတံ

သဇ္ဈောတိဘူတံ၊ ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိပရာယနော သဇ္ဈောတိဘူတော၊ သာ သုဒံ အဇ္ဈဿ ကရောတိ"တိ ဝေ-ယျာကရဏံ ဘာသိတံ။ တသ္မိံ ဘဝနေ ဝေဒလ္လသ္မိံ "စက္ခု-ဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ ဉာဏဘူတာ ဝတ ဘိက္ခဝေ သာဝကာ ဝိဟရန္တိ။ (ပေယျာလ)။ ယော ဘိက္ခဝေ ဘိက္ခု ကဿပဿသမ္မာသမ္ဗုဒ္ဓဿ ပါဝစနေ ပါပ-ဘိက္ခု အဟောသိ။ သော ဘိက္ခဝေ ဘိက္ခုနီ ကဿပဿ သမ္မာသမ္ဗုဒ္ဓဿ ပါဝစနေ ပါပဘိက္ခုနီ အဟောသိ။ သော ဘိက္ခဝေ သိက္ခမာနာ ကဿပဿ သမ္မာသမ္ဗုဒ္ဓဿ ပါဝစနေ ပါပသိက္ခမာနာ အဟောသိ။ သော ဘိက္ခဝေ သာမဏေရော ကဿပဿသမ္မာသမ္ဗုဒ္ဓဿ ပါဝစနေ ပါပသာမဏေရော အဟောသိ။ သော ဘိက္ခဝေ သာမဏေရီ ကဿပဿ သမ္မာ-သမ္ဗုဒ္ဓဿ ပါဝစနေ ပါပသာမဏေရီ အဟောသိ"တိ ဝေ-ယျာကရဏံ ဘဂဝတာ ဘာသိတာနိ။

အမေး။ ။ထိုလက္ခဏသံယုတ်၌ ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော ပါပဘိက္ခုသုတ် အစရှိသော ငါးခုသော သုတ္တန်ဒေသနာတော်တို့ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်ဝယ် ရှင်လက္ခဏ မထေရ်သူမြတ်နှင့် ရှင်မောဂ္ဂလ္လာန် မထေရ်သူမြတ်တို့ကိုပင် အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ရှေးဆိုအပ်ပြီးသော အတိုင်း ရှင်လက္ခဏမထေရ်သူမြတ်သည် ဘုရားရှင်၏ မျက်မှောက်ဝယ် ရှင်မောဂ္ဂလ္လာန်မထေရ်သူမြတ်ကို ဂိဇ္ဈကုဋ်တောင်အဆင်းတွင် ပြုံးရွှင်ခြင်း၏ အကြောင်းရင်းကို မေးမြန်းတော်မူလတ်သောအခါ ရှင်မဟာမောဂ္ဂလ္လာန်မထေရ်သူမြတ်သည်——

ငါ့ရှင် လက္ခဏ....ငါသည် ဂိဇ္ဈကုဋ်တောင်ယံမှ ဆင်းသက်စဉ်ကာလ၀ယ် ကောင်းကင်အရပ်၌ အရှေ့မှအနောက် အနောက်မှအရှေ့ တောင်မှမြောက် မြောက်မှတောင်သို့ လူးလာစုံဆန် ပြန်ပြန်ရှောက်၍ သွားနေသော ရဟန်း တပါးကို မြင်ခဲ့ရပါသည်။ ဘိက္ခုနီမတပါးကို မြင်ရပေသည်။ သိက္ခမာန်တပါး ကို မြင်ရပေသည်။ သာမဏေတပါးကို မြင်ရပေသည်။ သာမဏေရီမ တပါးကို မြင်ရပေသည်။

ငါ့ရှင် လက္ခဏ....ထိုရဟန်း၊ ထိုဘိက္ခုနီမ၊ ထိုသိက္ခမာန်၊ ထိုသာမဏေ၊ ထိုသာမဏေရီမတို့၏ ကိုယ်၀ယ် ၀တ်ဆင်၍ ထားအပ်သော သင်္ကန်းသည် လည်း အလျှံတပြောင်ပြောင် တောက်လောင်၍ပင် နေပေ၏၊ ခါးပန်းသည် လည်း အလျှံတပြောင်ပြောင် တောက်လောင်၍နေပေ၏။ လက်၀ယ်စွဲကိုင်၍ ထားသော သပိတ်သည်လည်း အလျှံတပြောင်ပြောင် တောက်လောင်၍သာ နေပေ၏၊ ခန္ဓာကိုယ်ဘခုသုံးလည်း မီးဟုန်းဟုန်း တပြောင်ပြောင် တောက် လောင်၍သာ နေပါပေ၏။

ငါ့ရှင် လက္ခဏ....ထိုအခြင်းအရာကို မြင်ရသော ငါ၏စိတ်သန္တာန်၀ယ် အံ့ဘွယ်ရှိပါပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပါပေစွ၊ ဤသို့ သဘောရှိသော သတ္တ၀ါ ဤသို့သဘောရှိသော ပြိတ္တာ ဤသို့ သဘောရှိသော ခန္ဓာကိုယ် အတ္တဘောကို ရခြင်းမည်သည် ရှိပေသေးစွတကား ဟု အံ့ဩခြင်း ဖြစ်ခဲ့ရပါ သည် ဟု ပြန်ကြားမိန့်ဆိုတော်မူပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ရှေးနည်းအတူပင်လျှင် စက္ခုဘူတာ ၀တ ဘိက္ခဝေ သာ၀ကာ ၀ိဟရန္တိ-အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ငါဘုရား၏ တပည့်သား သာ၀ကတို့သည် ရောက် အပ် သိအပ်သော ဉာဏ်ချက်စိ ရှိတော်မူကြ၍ နေကြပါပေကုန်စွ၊ ရောက်အပ် သော ဉာဏ်ပညာရှိ၍ နေကြပါပေကုန်စွ၊ အကြောင်းသော်ကား သာ၀က စဉ်လျက် ဤသို့ သဘောရှိသော ပြိတ္တာသတ္တ၀ါ ငါးမျိုးကို မြင်နိုင်တုံဘိ၏၊ သိနိုင်တုံဘိ၏၊ ငါဘုရား၏ သက်သေအရာ တည်နိုင်ပါပေ၏။

ချစ်သား ရဟန်းတို့....ရှေးအခါကပင် သဗ္ဗညုတဉာဏ်တော်ကို ရစဉ်က ငါဘုရားသည် စကြာ၀ဠာ တိုက်ပေါင်းများစွာကို ဉာဏ်ပညာ ကွန်ရွက်တို့ဖြင့် ဖြန့်ကျက်၍ ကြည့်ရှုတော်မူစဉ်အခါကာလ၀ယ် ဤယခု မောဂ္ဂလ္လာန် မြင်ရ သော ရဟန်းပြိတ္တာသတ္တ၀ါကိုရင်း ဘိက္ခုနီမ ပြိတ္တာ သတ္တ၀ါကိုရင်း သိက္ခမာန်

ပြီးတ္တာ သဘ္တဝါကိုင်း သာမဏေပြီးတ္တာ သတ္တဝါကိုင်း သာမဏေရီပြီးတ္တာ သဘ္တဝါကိုင်း မြင်ခဲ့ရလေပြီ၊ သို့စေကာမူ လူတို့အား ငါဘုရားမဟောကြား ခဲ့၊ အကယ်၍ ဟောကြားစေကာမူ ထိုလူတို့သည် ယုံကြည်ကြမည် မဟုတ်ကြ ချေ၊ မယုံကြည်သော ပုဂ္ဂိုလ်တို့အား မယုံကြည်ခြင်းကို အကြောင်းပြု၍ အကုသိုလ်ဘာရား ပွါးစီးကာဖြင့် အစီးအပွါး မဲ့တို့ရန် ဆင်းရဲတရား ပွါးများဘို့ ရန်သာလျှင် ဖြစ်ရာချေသည်။

ချစ်သား ရဟန်းတို့....ယခု မောဂ္ဂလ္လာန် မြင်ခဲ့သော ရဟန်းပြီးတ္တာ ရဟန်းမိန်းမပြီးတ္တာ သိက္ခမာန်ပြီးတ္တာ သာမဏေပြီးတ္တာ သာမဏေရီပြီးတ္တာ ဤပြီးတ္တာ ငါးဦးဘို့သည်ကား ကဿပမြတ်စွာဘုရား၏ သာသနာတော်ဝယ် ယုဘ်မာသော ရဟန်း, ယုတ်မာသော ဘိက္ခုနီမ, ယုတ်မာသော သိက္ခမာန်, ယုဘ်မာသော သာမဏေ, ယုတ်မာသော သာမဏေရီတို့ ဖြစ်ခဲ့ကြပြီ။

ထိုငါးဦးသော ပုဂ္ဂိုလ်ဘို့သည် ထိုမကောင်းမှု အကုသိုလ်ကံကြောင့် အပါယ်ာရဲ၌ နှစ်အရာပေါင်းများစွာ အထောင်ပေါင်းများစွာ အသိန်းပေါင်း များစွာ ကျက်ခဲ့ရ ဆင်းရဲခဲ့ရပြီးလျှင် ထိုအကုသိုလ်ကံကြွင်းကြောင့် ယခု အခါ ဤသို့ သဘောရှိသော အဝတ်ရော အစားရော တကိုယ်လုံး မီးဟုန်းဟုန်း တပြောင်ပြောင် တောက်လောင်သည့် အတ္တဘောကို ရရှိခြင်း ဖြစ်သည်ဟု ရာဇဂြိုဟ်ပြည်အရပ်ဝယ် ဤပါပဘိက္ခုအစရှိသော သုတ္တန်ငါးရပ်တို့ကို လျှောက်ဆိုအပ်ပြီးသော အဠုပ္ပတ္တိကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

ပါပဘိက္ခုစသော ငါးသုတ် ပြီး၏
လက္ခဏသံယုတ် ပြီးပြီ။

---

## ဩပမ္မသံယုတ်
### နခသိခသုတ်

ပုစ္ဆာ။ ။ဩပမ္မသံယုတ္တေ အာဝုသော ပေါရာဏကေဟိ မဟာကဿပ-မဟာထေရေဟိ သံဂီတံ နခသိခသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထိတံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မာသမ္ဗုဒ္ဓေ ဘိက္ခူ အာရဗ္ဘ "တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နု ခေါ ဗဟုတရံ၊ ယော စာယံ မယာ

ပရိတ္တော နခသိခါယံ ပံသု အာရောပိတော၊ ယာ စာယံ
မဟာပထဝီ”တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ဩပမ္မသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော နခသိခသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော, သဗ္ဗညုမြတ်စွာဘုရားသခင် သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့ သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ရဟန်းတို့ကို အ ကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရားသည် လက်သည်းတော်ဖျားဝယ် ဘန်ခိုး တော်၏ အာနုဘော်အားဖြင့် အနည်းငယ်မျှသော မြေမှုန့်ကို တင်ထား၍ ရဟန်းတော်အရှင်မြတ်များအား ဒိဋ္ဌထင်ထင် ပြည့်နှိုက်တော်မူပြီးလျှင်—

တံ ကိံ မညထ ဘိက္ခဝေ၊ ကတမံ နု ခေါ ဗဟုတရံ။

ချစ်သား ရဟန်းတို့....ယခု ငါဘုရားမေးမည့် စကားကို သင်ချစ်သားတို့ မည်သို့ မှတ်ထင်ကြကုန်သနည်း၊ သင်ချစ်သားတို့ ထိုင်နေသည့် အောက်မဟာ ပထဝီမြေကြီးနှင့် ငါဘုရား၏ လက်သည်းတော်ဖျားဝယ် ယခုတင်၍ ထားအပ် သော မြေမှုန့်သည် အဘယ်က များသနည်း ဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ များစွာသော ရဟန်းတော်တို့က ဘုန်းတော်ကြီးမြတ်တော်မူလှ သော မြတ်စွာဘုရား.... အောက်မဟာပထဝီမြေကြီးကသာလျှင် များလှပါပေ ၏၊ မဟာပထဝီမြေကြီးနှင့် နှိုင်းစာလျှင် ရှင်တော်ဘုရား လက်သည်းတော် ဖျားဝယ် ယခုဘင်၍ ထားအပ်သော မြေမှုန့်သည်ကား အရေအတွက်ပင် မြောက်၍ မလောက်အောင် ရှိပါတော့သည်၊ အရေအတွက် ဂိုဏ်းတွင် စာရင်းမဝင်လောက်အောင် ရှိပါတော့သည် ဟု လျှောက်ထားကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဧဝမေဝ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ မနုဿေသု ပစ္စာဇာယန္တိ-အစရှိသည်ဖြင့်—

ချစ်သား ရတန်းတို့....ဤနည်းအတူပင်လျှင် အကြင်ပုဂ္ဂိုလ်တို့သည် လူ့ပြည်မှ စုတေ၍ တဖန် လူ့ပြည် သို့မဟုတ် နတ်ပြည် သုဂတိ ဘုံဘဝသို့ သွားရောက်ကြကုန်၏၊ ထိုသို့ လူ့ပြည်မှ စုတေ၍ လူ့ပြည် နတ်ရွာ တည်း

ဟူသော သုဂတိ ဘုံဘဝသို့ သွားရောက်ကြသည့် သတ္တဝါတို့သည်ကား ငါဘုရား လက်သည်းတော်ဖျားဝယ် ယခု တင်၍ထားသော မြေမှုန့်ပမာ နည်းပါးလှစွာကုန်၏၊ စင်စင်သော်ကား လူ့ပြည်မှ စုတေကြ၍ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် တည်းဟူသော အောက် အပါယ်သို့ သွားကြသည့် သတ္တဝါတို့က သာလျှင် အောက်မဟာပထဝီမြေကြီးပမာ များလှစွာကုန်၏။

တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ။

ချစ်သား ရဟန်းတို့....သို့ရကား သင်ချစ်သားတို့သည် ငါတို့ကား မမေ့ မလျော့ မပေါ့ မတန်သော အပ္ပမာဒ တရား လက်ရှိထား၍ ကုသိုလ်တရားကို ပွါးများအားထုတ်ကာ နေကြကုန်အံ့ ဟူ၍ သိက္ခာတရား ပွါးများကြိုးကုတ် အားထုတ်ရာ၏ ဟူ၍ ရဟန်းတော် အရှင်သူမြတ်တို့နှင့်တကွ အတုတကွ ပရိသတ်လေးပါးတို့အား အပ္ပမာဒတရား လက်ရှိထားရန် အလို့ငှါ လက်သည်းတော်ဖျား တင်၍ထားအပ်သော မြေမှုန့်ကို ဥပမာပြ၍ ဤနခသိခသုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ငယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ကရုဏာရှေ့ထား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

နခသိခသုတ် ပြီး၏။

---

**အာဏိသုတ်**

ပုစ္ဆာ။ ။တဒတ္ထဝ အာဝုသော ပေါရာဏကေဟိ ဓမ္မသံဂါဟကမဟာထေရေဟိ သံဂီတံ အာဏိသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဥ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ဘူတ ပုဗ္ဗံ ဘိက္ခဝေ ဒသာရဟာနံ အာနကော နာမ မုဒိင်္ဂေါ အဟောသိ၊ တဿ ဒသာရဟာ အာနကေ ဃဋိတေ အညံ အာဏိံ ဩဒဟိံသု၊ အဟု ခေါ သော ဘိက္ခဝေ သမယော ယံ အာနကဿ မုဒိင်္ဂဿ ပေါရာဏံ ပေါက္ခရဖလကံ

အန္တရဓာယိ၊ အာဏာသုတ်ဴဝ အဝသိဿိ”တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ထိုသြပမ္မသံယုတ်၌ပင်လျှင် ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာ တင်ထားခဲ့သော အာဏာသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဘူတပုဗ္ဗံ ဘိက္ခဝေ ဒသာရဟာနံ အာနကော နာမ မုဒိင်္ဂေါ အဟောသိ–အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....ရှေး၌ ဖြစ်ဘူး အကြောင်းထူးသည်ကား တိုင်းသား ပြည်သူ ဗိုလ်လူတို့ အပေါ်မှ ဆယ်ခိုင့်တခိုင် အခွန်ကို ရယူလေ့ရှိသဖြင့် ဒသာရဟာ အမည်ရသော တရားစောင့်သော မင်းဘို့၏ လက်ထက်အခါဝယ် ဂင်္ဂါရေပြင်မှ အစဉ်သဖြင့် မျောလာခဲ့သော ပုဇ္ဇန်လက်မဖြင့် ပြီးသော စည်ကြီး တခု ရှိခဲ့သည်၊ ထိုပုဇ္ဇန်လက်မဖြင့် ပြီးသော စည်ကို တီးလတ်သည်ရှိသော် ဆယ့်နှစ်ယူဇနာ အတွင်းဝယ် ငြင်းငြင်းသာသာ အသံကို ကြားနိုင်ခဲ့ပေသည်။

ချစ်သား ရဟန်းတို့....ထိုအာနက မည်သော ပုဇ္ဇန်လက်မ စည်ကြီး ကာလ ရှည်လျား၍ တီးဖန် များလတ်သည်ရှိသော် စည်၏ ကိုယ်ထည် စည်ခွက်သည် တဖြေး တဖြေး ပျက်ခဲ့သတ်, ပွဲခဲ့လတ်, ပေါက်ခဲ့လတ်သည်ရှိသော် ဒသာရဟာ မင်းတို့သည် ထိုစည်ပေါက်ကွဲသည့် နေရာဝယ် ရွှေပြား ငွေပြား စသည့်တို့ကို အစား ဖာခဲ့ ထေးခဲ့ကြပါသည်။

ချစ်သား ရဟန်းတို့....ကာလရှည်လျား ကြာမြင့်လတ်သည်ရှိသော် ထိုအာနက မည်သော ပုဇ္ဇန်လက်မ စည်၏ မူလ စည်လုံး စည်ကိုယ် ဖြစ်သော ပုဇ္ဇန်လက်မကိုယ်အလုံး ပျောက်၍ နောက်ထပ် ဖာအပ် ထေးအပ်သော ရွှေပြားငွေပြားတည်းဟူသော စည်ကိုယ်လုံးသာ ကြွင်းကျန်လေတော့သည်၊

ထိုအခါ၌ ထိုအာနက မည်သော စည်ကို တီးလတ်သည်ရှိသော် အနည်းငယ်မျှ သာလျှင် အသံမြည်နိုင်တော့သည်။

ချစ်သား ရဟန်းတို့...ဤနည်းအတူပင်လျှင် နောင်အနာဂတ် ကာလ၌ လည်း ရဟန်းတော်တို့သည် အကြင် ငါဘုရားဟောကြားအပ်သည့် တထာ- ဂတဘာသိတဖြစ်သော တရားဒေသနာသုတ္တန်တော်တို့သည် သဒ္ဒါအားဖြင့် လည်း နံနက်ကုန်၏၊ အနက်အားဖြင့်လည်း နံနက်ကုန်၏၊ လောကုတ္တရာဖြစ် သော မဂ်ဖိုလ်နိဗ္ဗာန်နှင့်လည်း စပ်ကုန်၏၊ သတ္တ ဇီဝ ပုဂ္ဂိုလ်သတ္တဝါ စသည်မှ ဆိတ်သုဉ်းသော သုညတသဘောနှင့်လည်း စပ်ယှဉ်ကုန်၏။

ထိုသို့ သဘောရှိသော ငါဘုရား ဟောကြားအပ်သည့် သုတ္တန်တရား တို့ကို တရားဟောပုဂ္ဂိုလ်တို့ ဟောကြားအပ်သည်ရှိသော် ရိုသေစွာ နာကြား ကြတော့မည် မဟုတ်၊ ညည်းတွားရ၍ နာကောင်းသည် ဟူ၍ မမှတ်ထင်ကြ၊ ထိုတရားကို ရွတ်ဆိုဟောကြားသည်ရှိသော် နားထောင်ကြမည် မဟုတ်၊ ထို တရားကို သင်ကောင်းသည် နာကောင်းသည် ဟူ၍ မျှပင် မှတ်ထင်ကြတော့ မည် မဟုတ်ချေ။

ထိုနောက် အနာဂတ် ကာလဝယ် ရဟန်းတော်တို့သည် အကြင်သို့ သဘောရှိသော သုတ်ဆန်း ဂါထာဆန်းတို့ကို ကဗျာဆရာ စာရေးဆရာ ပညာရှိ ကဝိတို့သည် ဖွဲ့သီကုံးအပ်ကုန်၏၊ ဆန်းပြားသောအက္ခရာ ဆန်းပြား သော ပုဒ်ဗျည်း တို့နှင့် ပြည့်စုံပေကုန်၏၊ သာသနာပြင်ပ ဗာဟိရက ပုဂ္ဂိုလ် တို့ ဖွဲ့သီအပ်သည့် သာဝက ဘာသိတမျိုး ဖြစ်သည့် နာပျော်ဘွယ်ရှိသော ထိုသို့သဘောရှိသော ဂါထာဆန်း သုတ်ဆန်းတို့ကိုသာလျှင် နောင်အနာဂတ် ကာလဝယ် ရိုသေစွာ ကြားနာကြကုန်လတ္တံ့၊ ထိုသို့သဘောရှိသော ဂါထာ ဆန်း သုတ်ဆန်းကို ဟောကြားမှသာလျှင် နားထောင်ကြကုန်လတ္တံ့၊ ထိုသို့ သဘောရှိသော ဂါထာဆန်း သုတ်ဆန်းကိုမှ နာကောင်းသည် သင်ကောင် သည် မှတ်ကောင်းသည် ဟူ၍ မှတ်ထင်ကြကုန်လတ္တံ့။

ချစ်သား ရဟန်းတို့...ဤနည်းဖြင့် ငါဘုရားဟောကြားအပ်သည့် နက် လည်း နက်နဲလှသော သဒ္ဒါအနက် အဓိပ္ပါယ်ရှိသော လောကုတ္တရာအကျိုးနှင့် လည်းစပ်သော သတ္တဇီဝပုဂ္ဂိုလ်မှ ဆိတ်သုဉ်းသည်ကိုဖော်ပြတတ်သည့် သုညတ သဘောနှင့်လည်း စပ်ယှဉ်သော ငါဘုရားသည် လေးသခေါ်နှင့် ကမ္ဘာတသိန်း

ကာလကြာအောင် ပါရမီ စာဂ စရိယတို့ကို ဆည်းပူးမှ ဟောကြားနိုင်သည့် နက်နဲသောတရားတော်တို့သည် ကွယ်ပကုန်လိမ့်မည်။

သို့ရကား....ချစ်သား ရဟန်းတို့ ငါတို့သည်တမူကား ဘုရားဟော စင်စစ် ကေန် ဖြစ်သည့် သဒ္ဒါအားဖြင့်လည်း နက်နဲ အနက်အားဖြင့်လည်း နက်နဲ, လောကုတ္တရာဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန် တည်းဟူသော အကျိုးနှင့်လည်း စပ်ယှဉ်, သတ္တ ဇီဝ ပုဂ္ဂလတို့မှ တကယ်ဆိတ်သုဉ်းသည်ကို ဖော်ပြသည့် သုညတသဘောနှင့် စပ်ယှဉ်သော ဤဘုရားဟောသုတ္တန်တို့ကို ဟောကြားအပ်သည်ရှိသော် ရိုသေစွာ ငါတို့သည် နာကြားကုန်အံ့၊နားထောင်ကြကုန်အံ့၊ ဤသို့ သဘောရှိသော တရားတော်ကိုမှ သင်ကောင်းသည် နာကောင်းသည် မှတ်ထင်ကောင်းသည် မှတ်ထင်ကြကုန်အံ့ ဟူ၍ သင်ချစ်သားတို့သည် သာသနာတော် အစွန့်ရှည်ရေးကို ရှေးရှုသဖြင့် လေ့လာကြိုးကုတ် အားထုတ်ကြရမည်ဟု ဤအာဏိမည်သော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် အရပ်ဝယ် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အာဏိသုတ် ပြီး၏
ဩပမ္မသံယုတ် ပြီးပြီ။

---

## ဘိက္ခုသံယုတ်

### နဝသုတ်

ပုစ္ဆာ။ ။ဘိက္ခုသံယုတ္တေ အာဝုသော ဘဂဝတာ နဝသုတ္တံ ကတ္ထ ကံ
အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ နဝံ ဘိက္ခုံ အာရဗ္ဘ ဘာသိတံ။
အညတရော ဘန္တေ နဝေါ ဘိက္ခု ပစ္ဆာဘတ္တံ ပိဏ္ဍပါတ-
ပဋိက္ကန္တော ဝိဟာရံ ပဝိသိတွာ အပ္ပေါသုက္ကော တုဏှီဘူတော
သင်္ကသာယတိ၊ န ဘိက္ခူနံ ဝေယျာဝစ္စံ ကရောတိ စီဝရ-
ကာရသမယေ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "မာ ခေါ တုမှေ
ဘိက္ခဝေ ဧတဿ ဘိက္ခုနော ဥဇ္ဈာယိတ္ထ ဧသော ခေါ
ဘိက္ခဝေ ဘိက္ခု စတုန္နံ ဈာနာနံ အာဘိစေတသိကာနံ ဒိဋ္ဌဓမ္မ
သုခဝိဟာရာနံ နိကာမလာဘီ အကိစ္ဆလာဘီ အကသိရ-
လာဘီ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

အမေး။ ။ဘိက္ခုသံယုတ်၌ ရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့ သံဂါယနာတင်ထားခဲ့သော နဝသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ကြီးမြတ်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင် သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့ သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် အညတရ သီတင်းသုံး ရဟန်းငယ် ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှ ဇေတဝန်ကျောင်း၌ ကိန်း အောင်း မွေ့လျော် နေတော်မူသောအခါ အညတရ မထင်ရှားသော သီတင်း ငယ် ရဟန်းတပါးသည် ဆွမ်းခံရာမှ ဖဲခဲ့ပြီးလျှင် မိမိကျောင်းတွင်းသို့ ဝင်၍ ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေတော်မူခဲ့ပါသည်၊ ရဟန်းတော်တို့ သင်္ကန်းချုပ် လုပ်သော အခါ၌လည်း ဝေယျာဝစ္စ အမှုကြီး အမှုငယ်တို့ကို ကူ၍ မပြုဘဲ ရှိခဲ့ပါသည်။

ထိုအခါ များစွာသော ရဟန်းတော်အပေါင်းတို့ သဗ္ဗညုမြတ်စွာဘုရား ထံမှောက် သွားရောက်ပြီးလျှင် "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာ ဘုရား....ဤမည်သော ကျောင်းတိုက်မှ ရဟန်းငယ်တပါးသည် ဆွမ်းခံရာမှ ဖဲခဲ့ပြီးလျှင် မိမိကျောင်းတွင်းသို့ဝင်၍ ကြောင့်ကြမဲ့ ဆိတ်ဆိတ်ငြိမ်ငြိမ် နေ လျက်ရှိပါပေသည်၊ ရဟန်းတော်တို့ သင်္ကန်းချုပ်လုပ်သော အခါ၌လည်း ဝေယျာဝစ္စ အကူအညီ တစုံတရာမျှ မပြုဘဲ ရှိခဲ့ပါသည် ဟု လျှောက်ထားပါ သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတပါးကို စေလွှတ်၍ ထို ရဟန်းငယ်ကို ရှေ့တော်မှောက်သို့ ခေါ်တော်မူပြီးလျှင် "ချစ်သားရဟန်း.... ဤရဟန်းတို့ လျှောက်ဆိုတိုင်း မှန်ပါသလော" ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ရဟန်းငယ်က—

အဟမ္ပိ ခေါ ဘန္တေ သကံ ကိစ္စံ ကရောမိ၊

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဘုရားတပည့် တော်သည်လည်း မိမိ၏ကိစ္စဖြစ်သော ရဟန်းအလုပ်ကို ကြိုးပမ်းအားထုတ်၍ နေပါသည်ဘုရား ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းငယ်၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်ပွါးသော စျာန်စိတ် မဂ်စိတ် ဖိုလ်စိတ် တည်းဟူသော စိတ်အစဉ်ကို ကိုယ်တော်မြတ်၏ စိတ်အစဉ်ဖြင့် သိမြင်ပြီး၍ မာ ခေါ တုမှေ ဘိက္ခဝေ ဧတေသ ဘိက္ခူနေ ဥဇ္ဈာယိတ္ထ အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....သင်ချစ်သားတို့သည် ဤသီတင်းငယ် ရဟန်းငယ်အား ငြူစူစောင်းမြောင်းမှု မပြုကြကုန်လင့်။

ဧသော ခေါ ဘိက္ခဝေ ဘိက္ခု စတုန္နံ စျာနာနံ အာဘိစေတသိကာနံ ဒိဋ္ဌဓမ္မသုခဝိဟာရာနံ နိကာမလာဘီ အကိစ္ဆလာဘီ အကသိရလာဘီ အစရှိသည်ဖြင့်—

ချစ်သားတို့....ဤရဟန်းငယ်သည်ကား အရွယ်ပင်ငယ်သော်လည်း လွန်ကဲသော စိတ် (မဟဂ္ဂုတ်စိတ်)၌ ယှဉ်ကုန်သော ဒိဋ္ဌဓမ္မ ပစ္စက္ခဘဝ၌ ချမ်းသာစွာနေနိုင်ကြောင်း ဖြစ်သော ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် တည်းဟူသော စျာန်လေးပါးတို့ကို အလိုရှိတိုင်း ဝင်စားနိုင် ပြန့်ပြန့်ပြောပြော လေ့လေ့လာလာ ရရှိသော ပုဂ္ဂိုလ် ဖြစ်ပေသည်။

ဤဘွင်မျှမကသေး၊ အကြင်အရဟတ္တဖိုလ် အလို့ငှါ အမျိုးကောင်းသား ပုဂ္ဂိုလ်တို့သည် ဤငါဘုရားသာသနာဝင်ရောက်၍ ရဟန်းပြုကြပေကုန်၏၊ ထိုသို့သဘောရှိသော အရဟတ္တဖိုလ်တည်းဟူသော သာသနာတော်၏ အထွဋ်အထိပ် အမြတ်ဆုံးဖြစ်သော တရားကိုယ်လည်း ဤရဟန်းငယ်သည် ခုဘဝမှာပင် မျက်မှောက်ပြု၍ နေပေပြီ ဟု မိန့်ကြားတော်မူပြီးလျှင် ထိုရဟန်းငယ်အား ချီးမွမ်းတော်မူသော အနေဖြင့်—

နယိဒံ သိထိလမာရဗ္ဘ၊ နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဒုက္ခပ္ပမောစနံ။
အယဉ္စ ဒဟရော ဘိက္ခု၊ အယမုတ္တမပုရိသော။
ဓာရေတိ အန္တိမံ ဒေဟံ၊ ဇေတွာ မာရံ သဝါဟိနိ°-ဟု—

ဤနဝမည်သော သုတ္တန်ဒေသနာတော်မြတ်ကို ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ္တိကြောင့် မထင်ရှားသော အရဟတ္တဖိုလ်ပေါက် ရောက်ပြီးသော ရဟန်းငယ်

ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

နဝသုတ် ပြီး၏

**နိဒါနဝဂ္ဂသံယုတ် ပါဠိတော် အမေးအဖြေ ပြီးပြီ။**

**သံယုတ်ပါဠိတော် ပဌမအုပ် ပြီး၏**

---

(ခန္ဓဝဂ္ဂ, သဠာယတနဝဂ္ဂ, မဟာဝဂ္ဂ သံယုတ်ပါဠိတော် အမေးအဖြေ များကို ဒုတိယအုပ်၌ ဆက်လက် ရှုတော်မူကြပါကုန်)။